www.burmeseclassic.com



# JAMES M. CAIN

## The Postman Always Rings Twice

# မောင်စိုးသူ

## အတုံ့အလှည့်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့အရေး သုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မောင်မိုးသူ

# အတုံ့အလှည့်

**The Postman Always Rings Twice**

*by*

JAMES M. CAIN

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်(၅၁)၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၈၀

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၁၃၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၅၁၀၉၀၉

ပုံနှိပ်ခြင်း
ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၀၉ ခုနှစ်။
အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ်
Sky ပုံနှိပ်တိုက်
အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
စွယ်တော်ပုံနှိပ်တိုက်
အမှတ်-(၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဇင်၊ ကုံကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဝင်းမြင့်ဦး

တန်ဖိုး
၁၆၀၀ ကျပ်

မိုးသူ၊ မောင်　　　　　　　　　　　　　　　　၈၉၅.၈၃

အတွံ့အလှည့် / မောင်မိုးသူ။ - ရန်ကုန်။
ကုံကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်။
စာမျက်နှာ-၁၈၀၊ ၁၃×၂၀ စင်တီမီတာ။
မူရင်းအမည် - The Postman Always Rings Twice
(၁) ဘာသာပြန်သူ - မောင်မိုးသူ
(၂) အတွံ့အလှည့်



# မူရင်းစာရေးဆရာ
# JAMES M.CAIN

အမေရိကန် စာရေးဆရာ သတင်းစာဆရာ James M.Cain ဟာ သူ့ခေတ် သူ့အခါမှာ အလွန်ထင်ရှားတဲ့ စာရေးဆရာတစ်ဦး ဖြစ်ပါတယ်။ ကိန်းကို အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ်၊ အနာပိုလစ်မြို့ ကက်တိုလစ်မိသားစုမှ ၁၈၉၂ ခု ဇူလိုင်လ ၁ ရက်နေ့မှာ မွေးဖွားပါတယ်။ သူ့ဖခင်မှာ ထင်ရှားတဲ့ ကျောင်းဆရာဖြစ်ပြီး မိခင်က အော်ပရာအဆိုတော်တစ်ဦး ဖြစ်ပါတယ်။ ကိန်းဟာ မိခင်ထံက တေးဂီတအမွေကို ဆက်ခံရရှိခဲ့ပုံရပြီး သူရေးတဲ့ ဝတ္ထုတချို့မှာ အော်ပရာသီချင်းများကို ထည့်သွင်းရေးသားခဲ့တာကို တွေ့ရပါတယ်။ သူကိုယ်တိုင်လည်း တေးသီချင်း သီဆိုသူအဖြစ် အသက်မွေးမှုပြုရန် ကြိုးစားခဲ့သော်လည်း သူ့မိခင်က သူ့အသံဟာ အော်ပရာအဆိုတော် ဖြစ်လောက်အောင် မမိကြောင်း ထောက်ပြ ပြောဆိုခဲ့လို့ တေးဆိုမှုကို လက်လျှော့ခဲ့ပါတယ်။ ၁၉၁၇ ခုနှစ်၊ ကောလိပ်ကျောင်းက

www.burmeseclassic.com



ဘွဲ့ရပြီးနောက် ကိန်းဟာ တပ်မတော်မှာ စစ်မှုထမ်းဆောင်ခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ စစ်မှုထမ်းစဉ်အတွင်း ကိန်းဟာ တပ်မတော် မဂ္ဂဇင်း၊ ဂျာနယ်မှာ တာဝန်ယူ ဆောင်ရွက်ခဲ့တယ်။

စစ်ပြီးတဲ့နောက် ကိန်းဟာ သတင်းစာဆရာအဖြစ် အသက်မွေးတယ်။ **နယူးယောက်ဝေါလ်မှာ** အယ်ဒီတာ့အာဘော်များ ရေးသားပြီး၊ အမေရိကန် မာကျူရီမှာ ဆောင်းပါးများ ရေးခဲ့တယ်။ နယူးယောက်တိုင်း သတင်းစာတွင် ခေတ္တမျှ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီးနောက် ရုပ်ရှင်လောကအတွင်းမှာ ဇာတ်ညွှန်းများ ရေးသားခဲ့ပါတယ်။ ထို့နောက်မှ ဝတ္ထုများ စတင်ရေးသားခဲ့ခြင်း ဖြစ်ပါတယ်။ ဟောလိဝုဒ်မှာ နှစ်ပေါင်း အတော်ကြာ ဇာတ်ညွှန်း ရေးသားခဲ့ပေမယ့် အထောက်အထားများအရ သူ့အမည် ပါတဲ့ ဇာတ်ညွှန်းမှာ သုံးပုဒ်သာ ရှိပါတယ်။

ကိန်းရဲ့ ပထမဆုံး လုံးချင်းဝတ္ထု 'The Postman Always Rings Twice' ကို ၁၉၃၄ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။

သူရဲ့ ပထမဆုံး လုံးချင်းစာအုပ်ဟာ အမေရိကန် စာပေလောကကို တုန်ခါသွားစေပြီး ကိန်းရဲ့ အောင်မြင်ကျော်ကြားမှုဟာ တစ်ရှိန်ထိုး ဖြစ်လာပါတော့တယ်။

ကိန်းဟာ-

'The Postman Always Rings Twice'

'Doble Identity' (အခန်းဆက်ဝတ္ထု ဖြစ်သည်)

'Mildred, Pierce'

'Serenade'

အပါအဝင် ဝတ္ထုများ၊ ဆောင်းပါးပေါင်းချုပ်များ အပါအဝင် စာအုပ်ပေါင်း ၅၀ ကျော် ရေးသားထုတ်ဝေခဲ့တယ်။

ကိန်းဟာ ၁၉၁၉ ခုနှစ်မှာ မေရီကာလော့နှင့် လက်ထပ်ပါတယ်။ သူတို့နှစ်ဦး ကွာရှင်းပြတ်စဲပြီးနောက် အယ်လီနာနှင့် လက်ထပ်ခဲ့တယ်။ ကိန်းမှာ ကိုယ်ပိုင် သားသမီး ထွန်းကားခြင်း



မရှိပေမယ့် အယ်လီနာရဲ့ ပထမအိမ်ထောင်မှ ပါလာတဲ့ ကလေးနှစ်ယောက်ကို သားသမီးရင်းသဖွယ် ရင်းနှီးကျွမ်းဝင်မှု ရှိတယ်။ ကိန်းဟာ ၁၉၄၄ ခုနှစ်မှာ ရုပ်ရှင်မင်းသမီး အယ်လင်းဗရင်ဂလ်နှင့် တတိယ အိမ်ထောင်ပြုတယ်။ သူတို့နှစ်ဦးရဲ့ အိမ်ထောင်ရေးကလည်း အဆင်မပြေခဲ့လို့ ၂ နှစ်အကြာမှာ ကွာရှင်းခဲ့ကြတယ်။ ထို့နောက် စတုတ္ထအိမ်ထောင်အဖြစ် အော်ပရာ အဆိုတော် ဖလောရင့်မိုက်ဘက်နှင့် အိမ်ထောင်ပြုတယ်။ ၁၉၆၆ ခုနှစ် ဖလောရင့် ကွယ်လွန်သည်အထိ ဖြစ်တယ်။

ကိန်းဟာ အမေရိကန်စာပေလောကမှာ ၁၉၃၀ မှ ၄၀ အတွင်း အလွန်ကျော်ကြားတဲ့ စာရေးဆရာ ဖြစ်ခဲ့ပါတယ်။ ကိန်းဟာ စာအုပ်များစွာ ဆက်လက်ရေးသားခဲ့ပေမဲ့ ၁၉၄၀ ရှေ့ပိုင်းက စာအုပ်များလောက် ကျော်ကြားထင်ရှားခြင်း မရှိတော့ပါ။

ကိန်းကိုယ်တိုင် ဇာတ်ညွှန်း ရေးသားခြင်းနှင့် မအောင်မြင်ခဲ့ပေမယ့် သူ့ဝတ္ထုများက ရုပ်ရှင် ရိုက်ကူးအောင်မြင် ကျော်ကြားကြပါတယ်။

၁၉၃၄ ခုနှစ်မှာ သူ့ဝတ္ထု 'The Baby in the Ice box' ကို ပြင်သစ်ဒါရိုက်တာ ရပ်မာဗီယာက ရိုက်ကူးခဲ့တယ်။

၁၉၃၆ ခုနှစ်မှာ ဒါရိုက်တာ ပီယာရှာနပ်က 'The Postman' ကို ရိုက်ကူးခဲ့ပြီး၊

၁၉၄၃ ခုနှစ် အီတလီမှာ ဒါရိုက် လူစီနိုဗစ်ကောင်တီက 'The Postman' ကို ရိုက်ပြန်ပါတယ်။

၁၉၄၄ ခုနှစ်တွင် အမေရိကန် ဟောလိဝုဒ်မှ ဒါရိုက်တာ အကျော်အမော် ဘီလီဝိုင်းလ်ဒါးက 'Double Identity' ကို ရိုက်ကူးပါတယ်။ ၁၉၄၅ ခုနှစ်မှာ ဒါရိုက်တာ မိုက်ကယ်ကားတစ်က 'Mildred Pierce' ကို ရိုက်တယ်။ ၁၉၅၆ မှာ ဒါရိုက်တာ အန်တော်နီမန်းက 'Serenade' ကို ရိုက်တယ်။

၁၉၈၁ ခုနှစ်မှာ ဒါရိုက်တာ ဘော့နေပယ်လ်ဆန်က 'The Postman' ကို ရိုက်ပြန်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com



'The Postman' ဇာတ်လမ်းကို ဟောလိဝုဒ်က သုံးလေးကြိမ်၊ အခြားနိုင်ငံများက တိုက်ရိုက်သော် လည်းကောင်း၊ မှီငြမ်း၍သော် လည်းကောင်း ရုပ်ရှင်အဖြစ် ရိုက်ကူးကြပါတယ်။

ကိန်းကို ၁၉၇၀ ခုနှစ်တွင် အမေရိကန် မှုခင်းစာရေးဆရာအသင်းမှ ဂုဏ်ထူးဆောင် (Grand Master Award) ကို ချီးမြှင့်ခဲ့ပါတယ်။

ကိန်းဟာ အသက် ၈၅ နှစ် (၁၉၇၇ ခုနှစ် အောက်တိုဘာ ၂၇ ရက်နေ့) မှာ အရက်သမားကြီးအဖြစ် ကွယ်လွန်ပါတယ်။




## သူ့စာအုပ်

## THE POSTMAN ALWAYS RINGS TWICE

ဒီဝတ္ထုဟာ ၁၉၃၄ ခုနှစ် ပထမအကြိမ် ထုတ်ဝေလိုက်တာနဲ့ အုတ်အော်သောင်းတင်း ကျော်ကြားသွားတဲ့ စာအုပ် ဖြစ်ပါတယ်။ ၂၀ ရာစုနှစ်ရဲ့ အရေးအပါဆုံး မှုခင်းဝတ္ထုတစ်ပုဒ်ဖြစ်တယ်လို့ သတ်မှတ်ခြင်း ခံရတဲ့ စာအုပ် ဖြစ်ပါတယ်။ ဝတ္ထုဟာ စာမျက်နှာ ၂၀၀ ကျော် (အင်္ဂလိပ်ဘာသာ)နဲ့ ဖြစ်လို့ တိုတိုလေးပဲ ဆိုရမှာပါ။ ဒါပေမဲ့ အရေးအသားက ဖြောင့်ချက်ပေးတဲ့အနေဖြင့် ကာယကံရှင်ရဲ့ ပြောစကားနဲ့ ရေးထားတာဖြစ်တဲ့အတွက် အဲဒီခေတ်တုန်းက ဒီလို အရေးအသားဟာ အဆန်းတကြယ် ဖြစ်သွားခဲ့ပါတယ်။

ဒီဝတ္ထုကို ၄ ကြိမ်တိုင်တိုင် ရုပ်ရှင်ရိုက်ကူးခဲ့ရပြီး ၁၉၄၆ ခုနှစ်က ရိုက်ကူးတဲ့ကားဟာ အကောင်းဆုံးလို့ သတ်မှတ်ခံရပြီး ရုပ်ရှင်သမိုင်းမှာ အရေးပါတဲ့ ရုပ်ရှင်ဇာတ်ကားအဖြစ် အသိအမှတ် ပြုခြင်း ခံရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထု ဇာတ်လမ်းကိုတော့ အစအဆုံး ဘာသာပြန်ထားတာ ပါတဲ့အတွက် မရေးသားတော့ပါဘူး။

ဒီဝတ္ထုရဲ့ ခေါင်းစဉ် ဖြစ်တဲ့ 'The Postman Always Rings Twice' နာမည်က ပြဿနာပါ။

ဒီဝတ္ထုထဲမှာ ဘယ်စာပို့သမား (Postman) မှ မပါပါဘူး။ အဖြစ်အပျက်မှာလည်း မပါပါဘူး။ တခြား စာရေးဆရာတစ်ဦး ဖြစ်တဲ့ ဝီလျံမာလင်က ကိန်းဟာ ဒီနာမည်ကို ၁၉၂၇ က ဖြစ်ပွားတဲ့ ရှသ်စနိုက်ပါ ဆိုတဲ့ အမျိုးသမီး လူသတ်မှုကို အကြောင်းပြုပြီး ယူထားပုံရတယ်လို့ ဆိုပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လူသတ်သမ ရှသ်စနိုက်ပါဟာ သူမရဲ့ ခင်ပွန်းသည်ကို သတ်ပြီးနောက် အသက်အာမခံကြေး လာပို့တဲ့ စာပို့သမားကို အဲဒီစာ သူမဆီ တိုက်ရိုက်ရောက်ရှိစေအောင် စာပို့သမားကို တံခါး နှစ်ခါ ခေါက်ဖို့ ညွှန်ကြားထားခဲ့တယ်လို့ ဆိုပါတယ်။

Double Identity စာအုပ်ရဲ့ အမှာစာမှာ စာရေးဆရာ ကိန်းက သူဟာ 'Postman Always Rings Twice' ဝတ္ထု ခေါင်းစီးကို ဇာတ်ညွှန်းရေးဆရာ ဗင်းဆင့်လောရင့်စ်နှင့် တိုင်ပင်စကားစပ်မိရာက ဒီခေါင်းစဉ် ရတာလို့ ဆိုပါတယ်။ သူတို့ စကားစပ်က 'စာပို့သမားဟာ ထုံးစံအရ တံခါး နှစ်ခါ ခေါက်ရတယ်' လို့ ပြောတာလေ။ ဒါနဲ့ ကိန်း ရေးနေတဲ့ ဝတ္ထုရဲ့ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်တယ်လို့ ပြောဆိုကြပြီး ဒီခေါင်းစဉ်ကို ယူခဲ့တာလို့ ဆိုပါတယ်။ တကယ်တမ်း ပြောရမယ်ဆိုရင် စာပို့သမား (Postman) ဆိုတာ ဘဝကံကြမ္မာ ဒါမှမဟုတ် ဘုရားသခင်ပါပဲ။ ဒါကြောင့် ပထမအကြိမ် တံခါးခေါက်တာ မကြားပြန်ရင် နောက်တစ်ခါ ခေါက်စမြဲပဲလို့ ယူကြတာကိုး။

ဝတ္ထုဇာတ်ကြောင်းကိုတော့ ဆက်လက် ဖတ်ရှုကြပါတော့။

# ဤဝတ္ထုနှင့် မောင်မိုးသူ

ဒီဝတ္ထု 'Postman' ကို မောင်မိုးသူ တက္ကသိုလ်ကျောင်းသားဘဝက ဖတ်ဖူး၊ ကြိုက်ဖူးတဲ့ ဝတ္ထု ဖြစ်ပါတယ်။ ဒီဝတ္ထုကို ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကား သုံးကားလောက် ကြည့်ဖူးတယ်လို့ ထင်ပါတယ်။ ဒီစာအုပ်လောက်တော့ မကြိုက်လှဘူး။

ဒီစာအုပ်ရဲ့ အဘိဓမ္မာက မကောင်းမှု လုပ်တဲ့ သူတွေ ကြုံရ ဆုံရတဲ့ ဒုက္ခဝေဒနာကို အကြောင်းပြုပြီး ကံ၊ ကံ၏အကျိုးဆက်၊ ကံပြုလုပ်ခြင်း၊ အဲဒီပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ် တွေ့ကြုံနေရတဲ့ ရလဒ် စတဲ့ သဘောတရားကို ဖွဲ့ဆိုတာ ဖြစ်တဲ့အတွက် ဗုဒ္ဓဘာသာအမြင် သဘောတရားနဲ့ မြန်မာမှုပြုပြီး မိုးရေးမယ်ဆိုရင် ကောင်းမယ်လို့ စိတ်ကူးရပါတယ်။ ဒါနဲ့ ဒီဝတ္ထုကို 'ဖဲသုံးချပ်သမား' ဆိုတဲ့ နာမည်နဲ့ ဝတ္ထု ရေးပါတယ်။ လုံးချင်းဝတ္ထုပါ။ ဟိုဘက်ခေတ်ကမို့ ကြော်ငြာတောင် ထည့်ဖူးသလား မသိပါဘူး။ 'ဖဲသုံးချပ်သမား' ဝတ္ထုကို အခန်းတစ်ခန်းက လွဲရင် အားလုံး အစအဆုံး ရေးပြီးသား ဖြစ်ပါတယ်။ အဲဒီချန်ထားတဲ့ အခန်းကတော့ သပိတ်သွတ်တရားဖြစ်ဖြစ်၊ သက်ပျောက်တရားဖြစ်ဖြစ်၊ သေဆုံးသွားပြီ ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ အသုဘမှာ ဘုန်းတော်ကြီးက ဟောကြားတဲ့ တရားတချို့ ထည့်ချင်လို့၊ မေးဦးမယ် မြန်းဦးမယ်၊ ဆရာတော်တစ်ပါးပါးကို လျှောက်ဦးမယ် ဆိုပြီး မရေးဘဲ ချန်ထားခဲ့တာပါ။ ဒီလို ဒီလိုနဲ့ ထားလိုက်ကာ နောက်ဆုံးတော့ စာမူတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



လုံး ပျောက်ဆုံးသွားပါတော့တယ်။ ဘာကြောင့် ဘယ်လို ပျောက်မှန်း မသိပါ။ မောင်မိုးသူရဲ့ စာရေးဆရာဘဝမှာ 'ဖဲသုံးချပ်သမား' ဆိုတဲ့ မူရင်းဝတ္ထုတစ်ပုဒ်၊ 'မာဖီးယားနှင့် ပေါ်ပီယန်း' ဆိုတဲ့ ဘာသာပြန်ဝတ္ထုတစ်ပုဒ်၊ အဲဒီနှစ်ပုဒ်စလုံးကို ပျောက်သွားတာ၊ ကိုယ့်ကိုယ်ကို မကျေနပ်၊ ဒဏ်ပေးတဲ့အနေနှင့် နောက် တစ်ကြိမ် အစအဆုံး ဘာသာပြန်လိုက်ပါတယ်။ (ငယ်လည်း ငယ်သေးတာပေါ့ လေ။)

အဲ... 'ဖဲသုံးချပ်သမား' ကိုတော့ ပြန်မရေးချင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောင်မိုးသူဟာ ဖြစ်သာမဖြစ်တာ နိုဗဲလ် ဆိုတဲ့ ဝတ္ထုကြီး မျိုး ရေးချင်တာ၊ ကမ္ဘာကျော် ဝတ္ထုကြီးတွေလည်း မရ အရရှာပြီး ဖတ်ခဲ့တယ်။ ဒါကြောင့် 'ဖဲသုံးချပ်သမား' ဝတ္ထုကို ရေးရာမှာ၊ ဇာတ်ဆောင်စရိုက်၊ ဇာတ် အဖွဲ့က နိုဗဲလ်ဝတ္ထုတစ်ပုဒ်လို ကြိုးစားရေးပြီးကာမှ အမိုးဝတ္ထုပဲ ဖြစ်နေလေ တော့၊ အလကားပါပဲ ဆိုပြီး မရေးချင်တော့ဘူး။ တစ်ခါတုန်းက 'မိုးပိတောက် တို့ ယန်တော်မမီ' ဆိုတဲ့ ဝတ္ထုကို ဇာတ်ဆောင်စရိုက်၊ ဇာတ်ကွက်၊ ဇာတ်အဖွဲ့က စပြီး ကြိုးစားရေးဖူးပါတယ်။ ဒါပေမဲ့ အဲဒီဝတ္ထုကလည်း 'Nelson Algram' ရဲ့ ဝတ္ထု၊ 'Walkon the wildside ဝတ္ထုက ကျောရိုးယူထားတာ ဖြစ်လေ တော့ အလကားပဲ၊ ပင်ကိုရေးမှ မဟုတ်တာ။ ဒါကြောင့် 'ဖဲသုံးချပ်သမား'ကို မြန်မာလို နောက်တစ်ကြိမ် ပြန်ဖို့ မကြိုးစားတော့ပါဘူး။

ဒါပေမဲ့ 'Postman' ဟာ မောင်မိုးသူရဲ့ ရင်ထဲ၊ ဦးနှောက်ထဲမှာ စွဲငြိနေတာကတော့ ပျောက်မသွားဘူး ဖြစ်နေတယ်။ မောင်မိုးသူဟာ ဘာသာပြန် ဝတ္ထုတွေ ၂၅ အုပ်လောက် ပြန်ဖူးပါတယ်။ 'Postman' ကိုတော့ မပြန်ဖြစ် ခဲ့ဘူး။ အဲ အသက်လည်း ရ၊ ပျင်းလည်း ပျင်းလာတော့ လုံးချင်းဝတ္ထုတစ်ပုဒ်ကို ဘာသာပြန်ဖို့ အားမထုတ်ချင်တော့ဘူးလေ။

အဲဒီအချိန်မှာ မြတ်နိုင်နဲ့ မောင်မျိုး(ကြောင်နှစ်ကောင်) တို့ လာကြပါ တယ်။ သူတို့က 'မှခင်းရောင်စုံ' ဆိုတဲ့ မဂ္ဂဇင်းတစ်အုပ် ထုတ်ကြမယ်။ မောင်မိုးသူကို ဘာသာပြန် အခန်းဆက်ဝတ္ထုတစ်ပုဒ် ပြန်ပေးဖို့ နားပူနားဆာ လုပ်ပါတယ်။ တစ်အုပ်လုံးကို တစ်ခါတည်း ဆက်တိုက် ဘာသာပြန်စရာ မလိုဘဲ တစ်လမှ တစ်ကြိမ်ပဲ ရေးရမှာဆိုတော့ ရေးနိုင်ကောင်းရဲ့ ဆိုပြီး လက်ခံ ဘာသာပြန်ပေးခဲ့ပါတယ်။



'Postman' ဝတ္ထုဟာ 'မှခင်းရောင်စုံ' မဂ္ဂဇင်းမှာ လေးလလား၊ ငါးလလား မသိပါဘူး၊ ရပ်သွားပါတယ်။ အဲ... မောင်မိုးသူလည်း သက်သာ တာပေါ့ ဆိုပြီး နားနေလိုက်ပါတယ်။

အဲဒီနောက်မှာ... မောင်မိုးသူရဲ့ ဘာသာပြန်ဝတ္ထုတွေကို အကုန်လုံး ဖတ်ဖူး၊ ကြိုက်လည်း ကြိုက်တဲ့ မဝိုင်း(ကုံကော်ဝတ်ရည်စာပေ)က ပြီးအောင် ပြန်ပေးပါဆိုပြီး တိုက်တွန်းပါတယ်။ မောင်မိုးသူက ပျင်းတယ်ဆိုပြီး ရေးပါ။ လစဉ် အခန်းဆက်ဆိုရင် တော်သေး ဆိုပြီး၊ 'မပော်သဓာ'မဂ္ဂဇင်း မှာ ထည့်တယ်။ အဲဒါလည်း လေး ငါးလမှာပဲ ရပ်သွားပြန်ပါတယ်။ မောင်မိုးသူ လည်း ရပ်သွားတာပေါ့။ ဖွဲမလျှော့တဲ့ မဝိုင်းက ဆက်ပြန်ပေးဖို့ တိုက်တွန်းလို့ တစ်ပတ်တစ်ခါ လာယူ ပြန်ပေးမယ် ဆိုပြီး ပြောမိရဲ့။ တကယ်တမ်းမှာတော့ သုံး လေးပတ် ဆက်ပြန်ပြီး မောင်မိုးသူ ရပ်သွားပြန်ပါတယ်။ ၂၀၀၂ ခုနှစ် လောက်က စပြီး စရေး အဲလေ... စပြန်ခဲ့တဲ့ 'Postman' ဟာ အကြာကြီး ကြာခဲ့ပါတယ်။ အသက် ၇၂ နှစ် ပြည့်ပြီး ၇၃ နှစ်ထဲ ရောက်လာတော့မှ ဘာပဲပြောပြော မဂ္ဂဇင်းတွေမှာ စဖတ်မိတဲ့ စာဖတ်ပရိသတ်အတွက်တော့ ဘာသာပြန်တဲ့သူ တစ်ယောက်အနေနဲ့ တာဝန်ရှိတယ်ဆိုပြီး ဆက်ဘာသာပြန် ပါတယ်။ ၂၀၀၂ ခုနှစ်လောက်က စခဲ့တဲ့ 'Postman' ဝတ္ထုဟာ ၂၀၀၉ ခု နှလိုင်လ ၄ ရက်နေ့မှာ ပြန်ဆိုပြီးစီးသွားပါတော့တယ်။

ဒါပေမဲ့ ၂၀၀၂ မှ ၂၀၀၉ အတွင်း ထုံ့ပိုင်းထုံ့ပိုင်း ဘာသာပြန်ခဲ့တာ ဖြစ်လေတော့ ဘာသာပြန်ပြီး စာမူ ကွန်ပျူတာ ပထမကော်ပီကို ထုတ်ပေးဖို့ ပြောပြီး တစ်ခါမှ မလုပ်ဖူးတဲ့ ကိုယ်တိုင် အစအဆုံး ပြန်ဖတ်ပါတယ်။

မောင်မိုးသူဟာ ဘာသာပြန်ခဲ့တာ စာအုပ် ၂၅ အုပ်လောက် ရှိပါတယ်။ အားလုံး စကားပြေ အရေးနဲ့ ဘာသာပြန်ခဲ့ပါတယ်။ တစ်ခါမှ ပြောစကားနဲ့ ဘာသာမပြန်ဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ဒီဝတ္ထုကတော့ ဝတ္ထု အစမှ အဆုံး ဇာတ်ကောင် ဖြစ်တဲ့ 'ဖရင့်ချိန်ဘား'က ဖြောင့်ချက်ပေးသလို ပြောစကား (ဒိုင်ယာလော့)နဲ့ ရေးထားတာ ဖြစ်လေတော့ ပြောစကားနဲ့ ပြန်ဆိုမှသာ ဒီဝတ္ထု ရဲ့ ရသကို ပြည့်ပြည့်ဝဝ ခံစားနိုင်မယ်လို့ ယူဆယုံကြည်တဲ့အတွက် ဒီဝတ္ထုကို ပြောစကားနဲ့ပဲ ဘာသာပြန်လိုက်တာ ဖြစ်ပါတယ်။

ကမ္ဘာ့စာပေမှာလည်း စာရေးဆရာ ကိန်းရဲ့ 'Postman' ဝတ္ထုဟာ တစ်ပုဒ်လုံး ပြောစကား ဒိုင်ယာလော့နဲ့ ရေးလိုက်တာ ဖြစ်တဲ့အတွက် ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ရေးလို့လည်း ရသားပဲ၊ ပိုပြီးတော့ ဇာတ်ကောင်၊ ဇာတ်ရုပ်နဲ့ စာဖတ်သူ နီး ကပ်ကပ် တွေ့ထိ ခံစားနိုင်ပါပေတယ် ဆိုပြီး ကမ္ဘာ့စာပေမှာလည်း အပြောင်း အလဲ အကွေ့အပြောင်းတစ်ခု ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါကြောင့် မောင်မိုးသူ လည်း မူရင်းဝတ္ထု 'ရသ' ပိုပြီးရအောင် ပြောစကား(ဒိုင်ယာလော့)နဲ့ပဲ ဘာသာ ပြန်လိုက်တာ ဖြစ်ပါတယ်။

အဲ… ဝတ္ထုအမည်ကိစ္စ…

မူခင်းရောင်စုံ မဂ္ဂဇင်းနဲ့ မပေါ့သစာ မဂ္ဂဇင်းတို့မှာ မောင်မိုးသူက 'Postman Always Rings Twice' ကို 'စာပို့သမားဆိုတာ တံခါး နှစ်ခါ ခေါက်စမြဲ' တိုက်ရိုက်ပဲ မြန်မာပြန်ခဲ့ပါတယ်။ ဒါပေမဲ့ လုံးချင်းဝတ္ထုအဖြစ် ထုတ်မယ်ဆိုတော့ ဝတ္ထုတစ်ပုဒ်ရဲ့ ခေါင်းစီးနဲ့ မတူဘူး ဖြစ်နေပါတယ်။ ပြီး တော့ အင်္ဂလိပ်ဘာသာ အင်္ဂလိပ်စာနဲ့ 'စာပို့သမားဆိုတာ တံခါး နှစ်ခါ ခေါက်စမြဲ' ဆိုတဲ့ စာလုံးဟာ မူရင်းဝတ္ထုနဲ့ 'ခွပ်'ခနဲ အံဝင်ခွင်ကျ ဖြစ်ပေမဲ့ မြန်မာလိုဆိုတော့ မတော်လှပေဘူးလို့ ယူဆပါတယ်။ ဒါနဲ့ပဲ ဝတ္ထုရဲ့ အဘိဓမ္မာ သဘောနဲ့လည်း ကိုက်လောက်တဲ့ ဝတ္ထုနာမည်နဲ့လည်း တူလောက်တဲ့ 'အတုံ့ အလှည့်' ဆိုတဲ့ နာမည်ပေးလိုက်ပါတယ်။

မူရင်းစာရေးဆရာရဲ့ အတ္ထုပ္ပတ္တိအကျဉ်းနဲ့ မူခင်းဝတ္ထုအကြောင်း ကမ္ဘာ့ စာပေမှာ ရိုက်ခတ်ခဲ့ကြောင်းကိုလည်း ထိုက်တန်သလောက် ရှာဖွေပြီး စုစည်း ဖော်ပြပေးလိုက်ပါတယ်။

စာဖတ်ပရိသတ်များ နားလည် ကျေနပ်ကြမယ်လို့ ယုံကြည်ပါတယ်။

စာဖတ်သူများကို လေးစားလျက်…

**မောင်မိုးသူ**

၂၈-၈-၂၀၀၉

## - ၁ -

…တို့က သူတို့ရဲ့ ကောက်ရိုးကားပေါ်က ကန်ချလိုက်တော့ အချိန်အားဖြင့် …တည့်ချိန်လောက် ရှိပြီပေါ့။

ကျုပ်က ဒီကောက်ရိုးကားပေါ် မနေ့ညက နယ်စပ်မှာ ခိုးတက်ခဲ့တာ။ …ပေါ် ကောက်ရိုးပုံအောက် ရောက်တာနဲ့ တစ်ခါတည်း ကျိုးသွားခဲ့တာပဲ …။ သုံးပတ်လုံးလုံး မက္ကဆီကို၊ တီရာဂျာနာမှာ နေခဲ့ရတော့ ပင်ပန်းလှပြီ။ …အိပ်ချင်နေခဲ့တာပေါ့။ အိပ်လိုက်ကတည်းက တုံးခနဲ ပျော်သွားတာ။

ကားဆရာတွေက ကားအင်ဂျင် အေးအောင် ခဏနားချိန်မှာ မိသွား…။ သူတို့ကလည်း ကားနားတော့ ကားကို လှည့်ပတ်ကြည့်တယ် ထင်ပါရဲ့။

ကောက်ရိုးပုံကြားက ကျုပ် ခြေထောက်ကို တွေ့သွားတော့တာကိုး။ … သူတို့က ကျုပ်ကို ကားပေါ်က ဆွဲချပြီး ကန်ချကြတော့တာပါပဲ။

ကျုပ်က ဟန်တွေ ပန်တွေ၊ အိုက်တင်တွေ လုပ်ကြည့်ပါသေးတယ်။ …ဘူးဗျ။ ငနဲသားတွေ မျက်နှာက တကယ့်ကျောက်တုံး ကျောက်ရုပ်။

ဒီတော့ ကျုပ် ဘာမှ မတတ်နိုင်တော့ဘူးပေါ့။ အဲ… သူတို့က …ကောင်းရှာပါတယ်။ ကျုပ် သောက်ဖို့တဲ့၊ စီးကရက် တစ်ဘူး ပေးသွား…။ …တော့ ကျုပ် ဘာတတ်နိုင်မှာလဲ။ စားဖို့ သောက်ဖို့ကလေးများ ရ…မလား …း လမ်းပေါ်အတိုင်း ရှေ့ဆက် လျှောက်ခဲ့ရတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ကျုပ် ဝက်သစ်ချနှစ်ပင် စားသောက်ဆိုင်ကို တွေ့တာ
ဆိုင်က အသေးစား ရိုးရိုးပါဗျာ။ ကယ်လီဖိုးနီးယားပြည်နယ်က ဟိုင်း
လမ်းမကြီးတွေရဲ့ နံဘေးမှာ ထောင်နဲ့ သောင်းနဲ့ ချီပြီး ရှိနေတဲ့ ဆိုင်မျိုး
အလွယ်စား ဆိုင်မျိုးလေ။ ဆင်းဒဝစ်ဆိုင် ဆိုပါစို့။ စားစရာရောင်းတဲ့ အခန်း
က တစ်ခန်း၊ လူနေတာက တစ်ခန်း၊ နံဘေးမှာက ဓာတ်ဆီပန့်။ နောက်ဘက်
မှာက ကားတွေ ထားတဲ့ ဝင်း။ ဒါမျိုးချည်းပါပဲ။

ကျုပ်က ဟုတ်ဟုတ်သလဲ အိုက်တင်နဲ့ ဆိုင်ထဲကို ဝင်လိုက်တော့ ဂရိ
ကို တန်းတွေ့တာ။ ဂရိငနဲ ဆိုတာ ဂရိအမျိုးသား ငနဲသားကို ပြောတာလေ

ကျုပ်က ခပ်တည်တည်နဲ့-

"ကာဒီလက်ကားတစ်စင်းနဲ့ လူတစ်ယောက်များ မလာဘူးလား"
လို့ ဖိန့်လိုက်တယ်။

"ဒီ ကာဒီလက်ကားနဲ့ ပုဂ္ဂိုလ်က ကျုပ်ကို ဒီဆိုင်မှာ လာခေါ်မယ်
ချိန်းထားလို့"

"ဒီမှာ နံနက်စာ စားကြဖို့ ချိန်းထားတယ်ပေါ့"

ဂရိငနဲက-

"ဒီနေ့တော့ မလာဘူး၊ မလာသေးဘူး" တဲ့။

သူက ကျုပ်ကို စားပွဲတစ်ခုမှာ နေရာချပေးတယ်။ ပြီးတော့ ကျုပ်
ဘာစားမလဲ လို့ မေးတယ်။

ကျုပ်က လိမ္မော်ရည်တစ်ခွက်၊ ပြောင်းဖူးပေါက်ပေါက်၊ ကြက်ဥကြော်
နဲ့ အသားကင်၊ ကော်ဖီပေါ့။

ခဏကြာတော့ လိမ္မော်ရည်၊ ပြောင်းဖူးပေါက်ပေါက် လာချတယ်

ကျုပ်က-

"နေဦးနော်၊ ကျုပ် စေ့စေ့စပ်စပ်ပဲ ပြောထားမယ်။ ကျုပ် ပြောတဲ့
ငနဲ ပေါ်မလာရင်... လာတာတော့ လာမှာပါ။ ကျုပ်ကိုတော့ ယုံ။ ဒီငနဲက
ကျုပ်ကို ကျွေးဖို့ ခေါ်ထားတာဗျ။ ကျုပ်မှာက ငွေသိပ်ပေါတာ မဟုတ်ဘူး"

"ရပါတယ်၊ စားပါ"

ဒါဆိုလည်း ပြီးတာပဲပေါ့လေ။ ကျုပ်က ကာဒီလက်နဲ့ ငနဲအကြောင်း
ရှိုးစရာ မလိုတော့ဘူးပေါ့။



ခဏကြာတော့ ဒီငနဲက တစ်ခုခု လိုချင်မှန်း ရိပ်မိလာရတယ်လေ။
ရိပ်မိဆို သူက-

"မောင်ရင်လေး၊ ဘာအလုပ်တွေများ လုပ်သလဲ"

"အိုး... အလုပ်လား။ ဟိုဟာလုပ်၊ ဒီဟာလုပ်ပေါ့ဗျာ။ ဘာဖြစ်လို့လဲ"

"မောင်ရင့် အသက်က ဘယ်လောက် ရှိပြီလဲ"

"၂၄ ပါ"

"အေး... အခု လောလောဆယ် ကျုပ်ဆိုင်မှာ မောင်ရင့်လို လူငယ်
တစ်ယောက် လိုနေတယ်"

"ခင်ဗျားရဲ့ ဆိုင်က အမိုက်စားပဲဗျ"

"အေး... ဟုတ်တယ်၊ လော့စ်အိန်ဂျလိစ်ကို ဘာမှ ရှုပ်ရှုပ်ထွေးထွေး
မရှိဘူး။ တကယ့်ကို သန့်သန့်ရှင်းရှင်း ရှိတဲ့ဆိုင်"

"ဟုတ်မှာပါ။ ညပိုင်းမှာလည်း အဆင်ပြေပုံပါပဲ"

"ပြေပါတယ်။ ဒါထက် မောင်ရင် ကားတွေ ဘာတွေ နိုက်တတ်
ပြင်တတ်သလား"

"ပြင်တတ်တာပေါ့ဗျာ။ ကျုပ်က မက္ကင်းနစ်အဖြစ် မွေးလာတဲ့လူဗျ"

ဂရိငနဲက ဒီဆိုင်အကြောင်း၊ ဒီနေရာအကြောင်း၊ ဘယ်လောက်
သန့်ပြန့်ပြီး လေကောင်းလေသန့် ရကြောင်း၊ နေရထိုင်ရ ကောင်းကြောင်း၊
အဆင်ပြေကြောင်းပေါ့ဗျာ။ ဒါပေမဲ့ ဘာဖြစ်လို့လဲတော့ မသိဘူး။ သူ့ဆိုင်မှာ
အကူအလုပ်သမားတွေက ကြာရှည်မမြဲကြောင်း ပြောတယ်လေ။ သူ့ကားတွေ
ကို ကျုပ် လိုက်နှားထောင်ပေးရတာပေါ့။ တစ်ချိန်တည်းမှာ လာချတဲ့ အစား
အသောက်တွေကို အငမ်းမရ စားနေမိပါတယ်။

"ကဲ... မောင်ရင်လေး... ဒီမှာ လုပ်မလား၊ နေမလား"

အဲဒီအချိန်မှာ ကျုပ်က စားစရာတွေကို အကုန် စားပြီးပြီ။ အစာပိတ်
ကော်ဖီသောက်။ ပြီးတော့ သူ တိုက်တဲ့ စီးကရက်ကို ဖွာရင်း-

"ကျုပ်ဘက်ကလည်း ပြောစရာ တချို့ ရှိတယ်ပေါ့ဗျာ။ ဒါလည်း
ကျုပ် စဉ်းစားပါဦးမယ်။ အားလုံး အဆင်ပြေသွားမှာပါ"

အဲဒီအချိန်မှာပဲ အမျိုးသမီးကို ကျုပ် မြင်လိုက်တာ။ အမျိုးသမီးက
နောက်ဘက် မီးဖိုချောင်ထဲမှာ ရှိနေပုံရတယ်။ အခု ထွက်လာတာ ကျုပ်
စားပြီးသောက်ပြီး ပန်းကန်တွေ သိမ်းဖို့ လာတာ ဖြစ်ရမယ်။ အမျိုးသမီးက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကိုယ်ထည် လှတာကလွဲရင် အချောကြီး အလှကြီးလို့ ပြောလို့ရမယ့် အထဲမှာ မပါပါဘူး။ မျက်နှာပေးက တစ်မျိုး။ နှုတ်ခမ်းက ချွန်ပြီး လုံးနေတာ။

ဂရိုင်နဲက-

"ဒါ ကျွန်တော့်မိန်းမပဲ"

အမျိုးသမီးက ကျုပ်ကို မကြည့်ပါဘူး။ ကျုပ်က ဂရိုင်နဲကို ခေါင်းညိတ်ပြတယ်။ အသိအမှတ်ပြုတဲ့ သဘောပေါ့။

လက်ထဲက စီးကရက်ကို ခါလိုက်တယ်။ အမျိုးသမီးက စားပြီးသား ပန်းကန်တွေကို သိမ်းကျုံးပြီး သယ်သွားတယ်။ ဒီအထိ ဂရိုင်နဲနဲ့ ကျုပ်တို့အတွက် ဘာမှ ပြဿနာ မရှိဘူး။ အမျိုးသမီးဟာ ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့ ထင်စရာတောင် မရှိဘူး။

ကျုပ် ဆိုင်ထဲက ထွက်လာခဲ့တယ်။

ဒါပေမဲ့ ၅ မိနစ်လောက် အကြာမှာ ဆိုင်ထဲ ပြန်ရောက်လာတယ်။ ကာဒီလက်နဲ့ လာမယ့် ငနဲအတွက် မှာစရာ ရှိလို့ပါ၊ ဘာညာပေါ့။

အဲဒီအချိန် နာရီဝက်လောက်အတွင်းမှာ အလုပ်အကြောင်း၊ ကျုပ်ကို ပေးမယ့် အလုပ်အကြောင်း စကားပြောဖြစ်ကြပါတယ်။

နောက်ဆုံးတော့ ကျုပ်က ဓာတ်ဆီပန့်မှာ ဆီထည့်တဲ့ အလုပ် လုပ်ရမယ်။ ဘီးပေါက်ပြီး ရောက်လာတဲ့ ကားတွေကို ဘီးဖြုတ်၊ ဘီးလဲ လုပ်ပေးရမယ်ပေါ့။

ဂရိုင်နဲက-

"မင်းနာမည် ဘယ်လို ခေါ်သလဲ"

"ဖရင့်ချိန်းဘားပါ"

"ကျုပ်နာမည်က နစ်ပါပါဒါကစ်"

နောက်တော့ ကျုပ်တို့ နှစ်ယောက် လက်ဆွဲ နှုတ်ဆက်လိုက်တယ်။

ကျုပ် နေရမယ့် ဓာတ်ဆီပန့်ဘက် ရောက်တော့ ဂရိုင်နဲရဲ့ သီချင်းဆိုသံကို ကြားရတယ်။ အသံက အသံကောင်းဗျ။

ကျုပ် နေတဲ့ ဓာတ်ဆီပန့်ဘက်က လှမ်းကြည့်ရင် ဆိုင်ရဲ့ မီးဖိုချောင်ကို အတိုင်းသား မြင်နေရတယ်။

- ၂ -

နေ့ခင်းကြီး ၃ နာရီလောက်မှာ ကားဆရာတစ်ယောက်က ဖုတ်ပူမီးတိုက် ရောက်လာတယ်။ စက်ပစ္စည်းတစ်ခု စိုသွားလို့ပေါ့။ အပူပေးပေးပါပေါ့။ ဒါနဲ့ ကျုပ်လည်း မီးဖိုချောင်ဘက် သွားရတာပေါ့။

အဲဒီမှာ အမျိုးသမီးနဲ့ တွေ့တယ်။

"ခင်ဗျားတို့ကတော့ တဖွာယ် ကောင်းကောင်းကြီးကို ချက်တတ် ပြုတ်တတ်ကြတာပဲ"

"ဘာပြောတယ်... ခင်ဗျားတို့ ဆိုတာ ဘာလို့ ပြောတာလဲ"

"ဘာပြောရမှာလဲ။ ခင်ဗျားနဲ့ မစွတာပါပါဒါကစ်။ အဲ... ခင်ဗျားနဲ့ နစ်တို့ပေါ့။ မနက်စာ ကျုပ် စားရကတည်းက သိပြီဗျ။ တကယ် အချက်အပြုတ် ကောင်းပဲ"

"အို..."

"ဒါထက် အဝတ်တစ်စလောက် မရနိုင်ဘူးလား။ ဒီပစ္စည်းကို မီးဖိုမှာ အပူပေးနေတုန်း ကိုင်ချင်လို့"

"ရှင် တကယ် ပြောနေတာလား"

"တကယ်ပေါ့ဗျ"

"ရှင်က ကျွန်မကို မက္ကဆီကန်မလို့ ထင်နေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မထင်ပေါင်ဗျာ"

"ရှင် ထင်ပါတယ်။ အေးလေ… အဲဒီလို ထင်တာ ရှင်က ပထမဆုံး လူမှ မဟုတ်တာ။ ဒီမယ်ရှင့်… သေသေချာချာ မှတ်ထား။ ကျွန်မဟာ ရှင့်လိုပဲ လူဖြူပဲ သိလား။ ကျွန်မမှာ ဆံပင်တွေက မည်းနေတယ်။ ကြည့်လိုက်ရင် မက္ကဆီကန်မနဲ့ တူသလိုလို ရှိတယ်။ ဒါပေမဲ့ လူဖြူစစ်စစ်ရှင့်။ ရှင်တို့လို လူဖြူစစ်စစ်။ ဒါကို ကောင်းကောင်းမှတ်ထား။ ရှင် ဒီမှာ အဆင်ပြေပြေ နေချင်ရင် အဲဒါကို မှတ်ထား။

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ခင်ဗျားက မက္ကဆီကန်ရုပ်လည်း မပေါက်ပါဘူး"

"ထားပါ။ ကျွန်မ တစ်ခါပဲ ပြောမယ်နော်။ ကျွန်မဟာ လူဖြူစစ်စစ်"

"အင်းပါ… ခင်ဗျားက မက္ကဆီကန်နဲ့ ဘာမှ မတူဘဲဟာ။ မက္ကဆီကန်မ တွေဆိုတာ တင်ကြီးကြီး၊ ခြေထောက်တုတ်တုတ်၊ ရင်သားက တောင်လိုမြင့်၊ အသားက ဝါထိန်ထိန်၊ ဆံပင်က ကြမ်းကြမ်းထော်ထော် ဆီရွှဲရွှဲ။ ခင်ဗျားပုံမျိုးမှ မဟုတ်တာ။ ခင်ဗျားက ပိန်ပိန်ပါးပါး၊ သေးသေး။ အသားက ဖြူတယ်ဗျာ။ ဆံပင်က နုနုအိအိ ကောက်ကောက်၊ တကယ်တမ်း ဆံပင်က ညိုတာပါ။ မည်းတာမှ မဟုတ်တာ။ အဲ… တစ်ခုပဲ ရှိတယ်။ ခင်ဗျားကို မက္ကဆီကန်နဲ့ တူတယ်လို့ ပြောစရာက တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ ခင်ဗျားရဲ့ သွားတွေ ပဲဗျ။ မက္ကဆီကန်တွေရဲ့ သွားတွေဟာ ဖြူဖွေးနေတာပဲ။ ခင်ဗျားရဲ့ သွားတွေ ကလည်း ဖြူဖွေးနေတာပဲ"

"ကျွန်မ လက်မထပ်ခင်တုန်းက နာမည်က စမစ်လေ။ စမစ် ဆိုတဲ့ နာမည်ကလည်း မက္ကဆီကန်နဲ့ မတူပါဘူးနော်"

"မတူပါဘူးဗျာ"

"နောက်ပြီးတော့ ကျွန်မက ဒီနားတစ်ဝိုက်က မဟုတ်ဘူးရှင့်။ အိုင်အိုဝါ ပြည်နယ်က လာတာ"

"ခင်ဗျား နာမည်က စမစ်နော်။ ရှေ့နာမည်ကရော…"

"ကိုရာ တဲ့၊ ကျွန်မကို ရှင် ကိုရာ လို့ ခေါ်ချင်ခေါ်ပါ"

ဒီမှာတင် ကျုပ် အခြေအနေ အားလုံးကို သိသွားပါတော့တယ်။

ကျုပ် မီးဖိုချောင်ထဲကို လာတာ စွန့်စားမှုပဲ။ မနက်စာ ချက်ပြုတ် ကောင်းတာ ဘာမှ မဟုတ်ဘူး။ ဆံပင်မည်းတာကလည်း အရေးမကြီးဘူး။



ဂရိုင်နဲ့နဲ့ ယူထားလို့ သူ့ကို အဖြူမ မဟုတ်ဘူးလို့ ထင်သွားမှာ စိုးတာကိုး။ ကျုပ်ကများ သူ့ကို မစ္စက်ပါပါဒါကစ် လို့ ခေါ်လိုက်မှာ စိုးရိမ်နေပုံပါပဲ။

"ကိုရာ…တဲ့လား၊ ဒါဆိုရင်လည်း ကိုရာပေါ့ဗျာ။ ခင်ဗျားကလည်း ကျုပ်ကို ဖရင့်လို့ ခေါ်ပေါ့"

ဒီမှာတင် အမျိုးသမီးက အဲလေ… ကိုရာက ကျုပ် စကပ်ပစ္စည်း မီးပြနေတာကို လာကူပါတယ်။ ကိုရာက ကျုပ်နဲ့ နီးနီးလေး ကပ်လာတာ။ သူ့ကိုယ်နံ့တောင် ရတယ်။ ဒါနဲ့ ကျုပ်ကလည်း သူ့နားနား ကပ်ပြီး ပြောလိုက်တယ်။ လေသံနဲ့ပါ။ တိုးတိုးလေးပါ။

"အင်း… ဘယ်က ဘယ်လိုဖြစ်ပြီး ဒီဂရိုင်နဲကြီးကို လက်ထပ်ဖြစ်လာ တာလဲ ဟင်"

ကိုရာက အပ်နဲ့ ထိုးခံလိုက်ရသလို ဆတ်ခနဲ ခုန်ဆုတ်လိုက်တယ်။

"အဲဒါ ရှင့်ကိစ္စလား။ ရှင့်အပူ တစ်ပြားသားမှ မပါဘူး"

"ကျုပ်ကိစ္စပေါ့။ အများကြီး ပါတာပေါ့"

"ရော ရော… ရှင့်ပစ္စည်း ရပြီ ရပြီ"

"ကျေးဇူးပဲ"

ကျုပ် မီးဖိုချောင်ထဲက ပြန်ထွက်လာတယ်။ ကျုပ် လိုချင်တာ ရပြီလေ။

ကျုပ်က ကိုရာရဲ့ အလစ်၊ ကိုရာရဲ့ အငိုက်မှာ တစ်ချက် တွယ်လိုက် ပြီပဲ။ ထိထိမိမိ တွယ်လိုက်တာမို့ အထိနာသွားတာ သေချာတယ်။ တိုက်ပွဲက စလိုက်ပြီ ဆိုတော့ ခုအချိန်က စပြီး ကျုပ်နဲ့ သူနဲ့ ကြားမှာပဲ ရှိတော့တယ်။

ကိုရာက ခေါင်းညိတ်ချင်မှ ညိတ်မယ်။ ဒါပေမဲ့ အီးလေးအားလေး တော့ လုပ်မှာ မဟုတ်ဘူး။ ကျုပ် ဘာကို ဆိုလိုတယ် ဆိုတာ သူ သိပါတယ်။ ဒီမိန်းမကလည်း ချက်ဆို နားခွက်က မီးတောက်ပြီးသားပါ။

အဲဒီနေ့ ညစာ စားကြတော့ ဂရိုင်နဲကြီး နစ်က အမျိုးသမီးကို မကျေနပ်ဘူး။ အကြောင်းက ကျုပ်ကို အာလူးကြော် ထပ်ထည့်မပေးလို့လေ။

နစ်ကို ကြည့်ရတာက ကျုပ်ကို ဒီမှာ ပျော်စေချင်တယ်။ နေစေချင်ပုံ ရတယ်။ အရင့်အရင်သော အကူအလုပ်သမားတွေလို ကသောကမျော ထွက် သွားမှာ စိုးရိမ်ပုံရပါတယ်။

နစ်က–

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးကွ၊ များများစားနိုင်တယ်။ ထပ်ထည့်ပေးမှပေါ့"

"နံ့သေးက မီးဖိုပေါ် ရှိနေတာပဲ။ ကိုယ့်ဘာသာ ထယူလည်း ရသားပဲ"

ကျော်ကပဲ ကြားဝင်ပြီး-

"ရပါတယ်၊ ရပါတယ်။ ကျွန်တော် မလိုသေးလို့ပါ"

မရောဘူး။ ဂရိုင်နဲ့ကြီးက ဒါပဲ ဖိတိုက်တွန်းနေတယ်။

ဒီနေ့သော ဦးနေတက် နည်းနည်းရှိရင် သိလောက်ပါတယ်။ ရိုပ်မိလောက်ပါတယ်။ နောက်ကွယ်မှာ တစ်ခုခုတော့ ရှိနိုင်တယ်ပေါ့လေ။ ကိုရာဟာ ငနဲသားတစ်ယောက်ကို ကိုယ့်ဘာသာ ယူစားခိုင်းမယ့် မိန်းမစားမှ မဟုတ်တာ။ အသိသာကြီးပဲ။ ဒါပေမဲ့ နစ်ကတော့ ထူပါတယ်။ ထပ်ထည့်မပေးတာဘဲ တဖျစ်တောက်တောက် ပြောနေလေရဲ့။

စားနေကြတာ မီးဖိုချောင်ထဲက စားပွဲမှာ။ နစ်က စားပွဲတစ်ဖက်ထိပ်။ တစ်ဖက်ထိပ်မှာက ကိုရာ။ ကျုပ်က အလယ်က။ ကျုပ် ကိုရာကို မကြည့်ပါဘူး။ ဒါပေမဲ့ ကိုရာရဲ့ အဝတ်အစားကိုတော့ မြင်နေရတယ်။ အဝတ်အစားက ဟို… နပ်စ်တွေ ဝတ်တာမျိုး၊ အဖြူရောင် ယူနီဖောင်းလေ။ သွားနိုက်ဆိုင်မှာ ဝတ်တဲ့ ဝတ်စုံမျိုး။ ပေါင်မုန့်ဖိုမှာ ဝတ်တတ်တဲ့ ဝတ်စုံမျိုးလေ။ နည်းနည်းတော့ ကြေနေပြီ။ နည်းနည်းလည်း ပေနေပြီ။ သိပ်မဝေးတော့ ကိုရာဆီက ကိုယ်နံ့ ကိုလည်း ကျုပ် ရတယ်။

ကိုရာက စိတ်မရှည်သလို ဆောင့်ကြီးအောင့်ကြီးနဲ့-

"ကဲ ကဲ… တော်ပါတော့"

ကိုရာ အာလူးကြော် ထယူတယ်။ ထလိုက်တော့ လှုပ်ရှားမှုကြောင့် ဂါဝန်က ခါလှုပ်သွားတယ်လေ။ ကိုရာရဲ့ ခြေတံကို မြင်ရတယ်။

ကျုပ်ကို အာလူးကြော် ထည့်ပေးပါတယ်။ ကျုပ်က မစားနိုင်တော့ဘူး။

ဒီတော့ ကိုရာက-

"ကဲ… ကြည့်၊ ခု ထည့်ပေးပြန်တော့လည်း မစားတော့ဘူး မဟုတ်လား"

နစ်က-

"အေးလေ… ဘာဖြစ်ဖြစ် အာလူး ယန်းကန်က ရောက်နေပြီပဲ။ သူ စားချင် စားနိုင်တာပေါ့"



"ကျွန်တော် မစားနိုင်တော့လို့ပါ။ နံနက်စာ စားတာ များသွားလို့"

နစ်ကတော့ တိုက်ပွဲကြီး တစ်ပွဲ အနိုင်ရသွားတဲ့ပုံမျိုး။ ဒါကြောင့်လည်း ကိုရာအပေါ်မှာ ခွင့်လွှတ်လိုက်ပုံမျိုးပါပဲ။ လူကောင်ကြီးကြီးတွေရဲ့ သဘာဝ အတိုင်းပါပဲ။ စိတ်ရင်းက ကောင်းပုံပါ။

သူက-

"ကိုရာက ဒီလိုပါပဲ။ သဘောကောင်းပါတယ်။ ကိုရာက ကျုပ်ရဲ့ ငှက်ဖြူလေးလေ။ ကျုပ်ရဲ့ ချိုးဖြူငှက်ကလေးပေါ့"

နစ်ဟာ ကျုပ်ကို မျက်စိ တစ်ချက် မှိတ်ပြပြီး အပေါ်ထပ် တက်သွားပါ တယ်။

စားပွဲမှာ ကျုပ်နဲ့ ကိုရာ နှစ်ယောက်တည်း။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် စကားတစ်ခွန်းမှ မပြောကြပါဘူး။

နစ် အပေါ်ထပ်က ပြန်ဆင်းလာတော့ ပုလင်းကြီးတစ်လုံးနဲ့ ဂစ်တာ တစ်လက် ပါလာပါတယ်။

နစ်က ဖန်ခွက်ထဲ အရက်ငှဲ့ပြီး တိုက်ပါတယ်။ အရက်က ဂရိုဝိုင်တွေ လေ။ ချိုချိုပျစ်ပျစ်ကြီး… အော်ဂလီကို ဆန်သွားတာပဲ။

နစ်ကတော့ တစ်ခွက် မော့ပြီး သီချင်းဆိုပါတယ်။

နစ်ရဲ့ အသံက အသံကြီး။ တင်နာသံမျိုး။ အသံရှိန် မြင့်လာတဲ့အခါမှာ အဆိုတော် ကရူဆိုလိုပဲ။ ရှိုက်သံ ထည့်နိုင်သေး။

ဒါပေမဲ့ ကျုပ်က သူ့အသံကို နားမထောင်နိုင်တော့ပါဘူး။ ဗိုက်ထဲက အော်ဂလီဆန်လာပြီး မူးဝေလာတယ်လေ။ နစ်က ကျုပ်ရဲ့ ဖြူဖပ်ဖြူရော် မျက်နှာကို မြင်သွားပုံရတယ်။ ကျုပ်ကို အပြင် ခေါ်ထုတ်လိုက်တယ်။

"အပြင်ဘက် လေအေးအေးတိုက်တဲ့ နေရာမှာ မောင်ရင်လေး နေသာ သွားမှာပါ။ အစားများလို့ ဖြစ်မှာ"

"ရပါတယ်… ရပါတယ်"

"နေစမ်းပါ၊ ထိုင်။ ငြိမ်ငြိမ်နေ။ စကားမပြောနဲ့"

"ရပါတယ်ဗျာ။ ခင်ဗျားသာ အထဲ ပြန်ဝင်ပါ။ နံနက်စာ မှာကတည်းက ကျွန်တော် စားတာ များသွားလို့ပါ။ ရပါတယ်။ ကောင်းသွားမှာပါ"

နစ် အထဲ ပြန်ဝင်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကျုပ်လည်း မိုက်ထဲ ရှိသမျှ အစာတွေကို အန်ထုတ်ပစ်လိုက်မိပါတယ်။ ဆိုးလိုက်တဲ့ အနံ့ဗျာ။ နံနက်စာတွေလား၊ အာလူးကြော်တွေလား၊ ဝိုင်တွေလား။

ကျုပ် ရင်ထဲ… ကျုပ် ဗိုက်ထဲမှာ ဆန္ဒ၊ အလိုဆန္ဒက ဒီအမျိုးသမီးကို လိုချင်တပ်မက်မှုပါပဲ။ အဲဒီအလိုဆန္ဒက ဘယ်လောက်များ ကြီးမားနေသလဲဆိုရင် ကျုပ် အစာအိမ်ထဲမှာ ဘာဆိုဘာမှ မထားနိုင်တော့လောက်အောင်ပါပဲ။

❑

နောက်တစ်နေ့ကျတော့ ဆိုင်ရဲ့ ဆိုင်းဘုတ်က ပြုတ်ကျ မြေခနေပါတော့တယ်။ ညသန်းခေါင်လောက်ကပဲ လေပြင်းတိုက်တာ။ လင်းအားကြီးလောက်မှာ လေပြင်းထန်လွန်းလို့ ဆိုင်းဘုတ်ကို ဖြုတ်ချ လွှင့်စဉ်ပစ်လိုက်ပုံရတယ်။

နစ်က ပြုတ်ကျနေတဲ့ ဆိုင်းဘုတ်ကို ကြည့်ပြီး-

“ဆိုးလိုက်တာဗျာ… ကြည့်ပါဦး”

ကျုပ်က-

“ဟုတ်တယ်ဗျာ၊ ညတုန်းက လေတော်တော်ပြင်းတာ။ ကျုပ်ဖြင့် အိပ်လို့မရဘူး။ တစ်ညလုံးကို အိပ်မရတာ”

“ဟုတ်တယ်၊ လေက တစ်ညလုံး တိုက်နေတာ။ ဒါပေမဲ့ ကြည့်ပါဦးဗျာ။ ကျုပ်ဆိုင်းဘုတ်ကို စုတ်ပြတ်သွားပြီဗျ”

ကျုပ်က ဆိုင်းဘုတ်ကို အနားကပ် ကြည့်လိုက်တယ်။ နစ်ကလည်း ကျုပ်နဲ့ လိုက်ပြီး ဆိုင်းဘုတ်ကို ကြည့်တယ်။

ကျုပ်က-

“နေပါဦး၊ ဒီဆိုင်းဘုတ်ကို ခင်ဗျား ဘယ်လို ရခဲ့တာလဲ”

“ဒီနေရာ၊ ဒီဆိုင်ကို ဝယ်ကတည်းက ပါလာတာလေ၊ ဘာဖြစ်လို့လဲ”

“ဆိုင်းဘုတ်ကြီးက စုတ်ချာလွန်းလို့ပါ။ ဒီလို ဆိုင်းဘုတ်မျိုးနဲ့တော့ ဘယ်မှာ စီးပွားဖြစ်မှာလဲ”

အဲဒီအချိန်မှာ ဆီထည့်ဖို့ ကားတစ်စီး လာလို့ ကျုပ် ဆီသွားထည့်ပေးပါတယ်။ ငနဲသားကြီး စဉ်းစားပါစေပေါ့။



ကျုပ်က သူ့အနား ရောက်တော့ နစ်က ဆိုင်းဘုတ်ကို ကြည့်နေတုန်းပဲ။ ဆိုင်းဘုတ်က ဆိုင်ရှေ့ ပြုတ်ကျနေတာ။ ဆိုင်းဘုတ်မှာ တပ်ထားတဲ့ မီးလုံး သုံးလုံးက ကြေမွနေပြီ။ ဆိုင်းဘုတ်မှာ ပါတဲ့ ပလပ်ကို ယူပြီး ကျုပ် တပ်ကြည့်တော့ မီးလုံးထက်ဝက်လောက်ကလည်း မလင်းတော့ဘူး။

နစ်က-

“မီးလုံးအသစ်တွေ ပြန်တပ်ပြီး တက်ချိတ်လိုက်ကွာ။ သုံးလို့ ရပါသေးတယ်”

“ဖြစ်ပါတယ်၊ ခင်ဗျားက သူဌေးပဲ၊ ဆိုင်ရှင်ပဲဟာ”

“နေပါဦး၊ ဒီဆိုင်းဘုတ်က ဘာဖြစ်နေလို့လဲ”

“ဆိုင်းဘုတ်ကြီးက ခေတ်အောက်နေပြီဗျ။ ဒီဘက်ခေတ်မှာ ဒီလို မီးလုံးနဲ့ ဆိုင်းဘုတ်မျိုး ဘယ်သူမှ မသုံးတော့ဘူး။ နီယွန်မီးချောင်းနဲ့ ဆိုင်းဘုတ်မျိုးပဲ သုံးကြတော့တာ။ နီယွန် ဆိုင်းဘုတ်ကမှ ထင်ထင်ရှားရှား ရှိတာဗျ။ ဒီဆိုင်းဘုတ်မှာ ရေးထားတာလည်း ဘာမှ ဆွဲဆောင်မှု မရှိဘူး။ ကြည့်လေ၊ ဘာမှ မထူးခြားဘူး။ ဝက်သစ်ချနှစ်ပင်… တဲ့။ ဘာမှ မထူးခြားဘူး။ ဆိုင်းဘုတ်ကို ကြည့်ပြီး ဘယ်သူမှ ကားရပ်ပြီး ဝင်စားချင်စိတ် ရှိမှာ မဟုတ်ဘူး။ ဒီဆိုင်းဘုတ်ဟောင်းကြီးက ခင်ဗျားအတွက် ပိုက်ဆံကုန်တာပဲ ရှိတာ။ ခင်ဗျားက သေလို့သာ…”

နစ်က စိတ်မဝင်စားသလိုဟန်နဲ့-

“ပြင်ပြီး ပြန်တင်လိုက်ရင် အိုကေသွားမှာပါ”

ကျုပ်က မနေဘူး။

“ဆိုင်းဘုတ် အသစ်တစ်ခု လုပ်လိုက်ပါလား”

အဲဒီလို ပြောပြီး နစ် ထွက်သွားတယ်။ သိပ်မကြာဘူး။ နစ် စာရွက်တစ်ရွက် ကိုင်ပြီး ပြန်ရောက်လာတယ်။ ငနဲကြီးက ဆိုင်းဘုတ်အသစ်ကို သူ့ဘာသာ ဆွဲပြီး ပြန်လာတာကိုး။

ဆိုင်းဘုတ်ကို အနီ၊ အဖြူ၊ အပြာ ခဲတံရောင်စုံနဲ့ တစ်ခါတည်း အရောင်ခြယ်ပြီးသားလေ။

ဆိုင်းဘုတ်က-

**ဝက်သစ်ချနှစ်ပင် စားသောက်ဆိုင်**

**စားစရာ သောက်စရာ ရှိတယ်။**

www.burmeseclassic.com

www.burmeseclassic.com



**တည်းခိုစရာ ရှိတယ်။**

**အင်န်ပါပါဒါကစ်။**

ကျုပ်က ကြည့်ပြီး-

"ကောင်းဗျာ၊ ဒါမှ ခရီးသွားတွေကို တန်းခနဲ ဖမ်းမိသွားမှာ"

ကျုပ်က စကားလုံးတချို့ သတ်ပုံပြင်၊ ဟိုနေရာ ဒီနေရာရွှေ့… ။

နစ်ကလည်း စာလုံးတွေမှာ အတွန့်အကောက်လေးတွေ လိုက်ထည့်။

ကျုပ်က-

"နစ်… ဆိုင်းဘုတ်ဟောင်းကြီးကို ဘာဖြစ်လို့ တင်နေဦးမှာလဲ။ ခင်ဗျား မြို့သွားပြီး ဒီဆိုင်းဘုတ် လုပ်ခိုင်းလိုက်ပါလား။ ဆိုင်းဘုတ်သစ်က တကယ်ကို လှမှ လှ၊ မိမှ မိပဲ။ ဒါ အရေးကြီးတယ်နော်။ ဆိုင်းဘုတ်ဆိုတာ ဆိုင်တစ်ဆိုင်ရဲ့ အဓိက ဖမ်းစားချက်ဗျ"

နစ်က-

"ဟုတ်တယ်ဟေ့၊ ကျုပ် ဆိုင်းဘုတ်အသစ် လုပ်မယ်။ မြို့ သွားမယ်"

❑

လော့စ်အိန်ဂျလိမြို့က မိုင် ၂၀ လောက် ဝေးတာပါ။ ဒါပေမဲ့ နစ်က သူ့ကိုယ်သူ ပါရီမြို့ကို သွားမယ့်အတိုင်းပဲ။ ရှိုးစမိုး ထုတ်ပါတယ်။ နံနက်စာ စားပြီးတာနဲ့ သူက ထွက်သွားပါတော့တယ်။

နစ် ထွက်သွားတာနဲ့ ကျုပ်က ဆိုင်ရှေ့တံခါးကို သော့ခတ်ပိတ်လိုက်တယ်။ စောစောက ငနဲတစ်ယောက် စားသွားတဲ့ ပန်းကန်ကို ယူပြီး မီးဖိုချောင်ဘက် ကူးခဲ့တယ်။ မီးဖိုချောင်မှာ ကိုရာ ရှိတယ်လေ။

"ဒီမှာ စောစောက လူ စားသွားတဲ့ ပန်းကန်"

"ဟုတ်လား၊ ကျေးဇူးပဲ"

ကျုပ်က ပန်းကန်ကို စားပွဲပေါ် ချလိုက်တယ်။ ပန်းကန်ထဲက ဖွန်းခက်ရင်းတစ်စုံက တချွင်ချွင် မြည်ရိုက် ထွက်လာတယ်။

ကိုရာက-

"ကျွန်မလည်း အပြင်ထွက်မလို့ဘဲ။ ဒါပေမဲ့ ချက်စရာ ပြုတ်စရာလေး ရှိနေတာနဲ့ မထွက်ဖြစ်တော့တာ"



"ကျုပ်မှာလည်း လုပ်စရာတွေ အများကြီးပါပဲ"

"ဒါထက် ရှင် နေကောင်းသွားပြီလား"

"ကောင်းသွားပါပြီ"

"ဟုတ်တယ်၊ တစ်ခါတလေတော့ ဘာမဟုတ်တာလေးကြောင့်လည်း ဖြစ်တတ်တာပဲ။ ရေအပြောင်းအလဲ သောက်မိတာမျိုးကြောင့်လည်း ဖြစ်တတ်တာပဲ"

"နံနက်စာ စားတာ များသွားတာကြောင့်လည်း ဖြစ်နိုင်ပါတယ်"

ကိုရာက နားစွင့်လိုက်ပြီး-

"ဘာသံပါလိမ့်"

အပြင်ဘက်က တံခါးကို လှုပ်ခါတဲ့ အသံပါပဲ။

ကျုပ်က-

"တစ်ယောက်ယောက် အထဲဝင်ချင်လို့ တံခါးကို လှုပ်နေတာ ထင်ပါရဲ့"

"ရှင် တံခါးကိုများ သော့ခတ်ခဲ့မိလို့လား ဖရင့်"

"အင်း… သော့ခတ်ခဲ့မိသလား မသိဘူး"

ကိုရာက ကျုပ်ကို ကြည့်တယ်။ မျက်နှာက နည်းနည်း ဖြူရော်ရော် ဖြစ်သွားတယ်။ ကိုရာက မီးဖိုချောင်နဲ့ ညေ့ခန်းကြားက ဆင်နွှားရွက်အနားထိ သွားပြီး အပြင်ကို လှမ်းကြည့်တယ်။ ပြီးတော့ စားသောက်ခန်းဘက် ထွက်တယ်။ တစ်မိနစ်လောက်ပဲ ကြာတယ်၊ ပြန်ဝင်လာတယ်။

"သူတို့ ထွက်သွားကြပြီလေ"

"ဟုတ်လား၊ ကျုပ်က ဘာဖြစ်လို့တံခါးကို သော့ခတ်မိသလဲ မသိဘူး"

"ဟုတ်လား၊ ကျွန်မလည်း သော့ပြန်မဖွင့်ခဲ့မိဘူး"

ကိုရာက စားသောက်ဆိုင်ဘက် ထွက်မယ်အလုပ် ကျုပ်က တားလိုက်တယ်။

"ဒီအတိုင်းပဲ သော့ခတ်ထားလိုက်ကြရအောင်"

ကိုရာက ကျုပ်ကို ကြည့်တယ်။

"အင်းလေ… သော့ခတ်ထားလိုက်တော့ ဘယ်သူမှ ဝင်မလာနိုင်တော့ဘူးပေါ့လေ။ ကျွန်မ ချက်စရာ ပြုတ်စရာတွေ ရှိသေးတယ်။ ပြီးရင် အခန်းကို သန့်ရှင်းရေး လုပ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုရာက လှုပ်ရှားမယ်အလုပ်မှာ ကျုပ်က ကိုရာ့ကို ဆွဲယူပွေ့ဖက်လိုက်တယ်။ ကိုရာရဲ့ နှုတ်ခမ်းကို ဖိကိုက်မိတယ်။ ကိုရာရဲ့ နှုတ်ခမ်းက ထွက်လာတဲ့ သွေးစရန့်ကို ရတယ်။

ကျုပ် ကိုရာကို ပွေ့ချီပြီး အပေါ်ထပ်ကို ခေါ်သွားလိုက်တယ်။

❑

**- ၇ -**

နောက်ထပ် နှစ်ရက်လောက်အထိ ကျုပ်က ဗုန်းဗုန်းလဲနေတော့တာ။

ဒါပေမဲ့ နစ်က ကျုပ်ကို စိတ်ဆိုးနေတယ်လေ။ ဒီတော့ ကျုပ် အနားယူမနေသာဘူးပေါ့။ လုပ်ကိုင်လှုပ်ရှားနေရတော့တာပေါ့။

နစ်က ကျုပ်ကို စိတ်ဆိုးရတဲ့ အကြောင်းက ဒီလိုလေ။

ကျုပ်က မီးဖိုချောင်နဲ့ စားသောက်ခန်းအကူးက ဆင်နားရွက်တံခါးက စပရိန်ကို ကောင်းကောင်းလုပ်မထားလို့တဲ့။ အဲဒီဆင်နားရွက်တံခါးရဲ့ စပရိန်က သန်နေလို့ တွန်းလိုက်ရာမှာ ပြန်ကန်ပြီး ကိုရာရဲ့ နှုတ်ခမ်းကို ရိုက်မိသွားတာတဲ့။

ဒါကြောင့် နှုတ်ခမ်းကြီး ရောင်ကိုင်းနေတာလို့ ကိုရာက ပြောလိုက်တာကိုး။ မပြောလို့လည်း မဖြစ်ဘူးလေ။ ကိုရာရဲ့ နှုတ်ခမ်းက တကယ့်ကို ရောင်ကိုင်းနေတာ။ ဒီတော့ တစ်ခုခုတော့ ပြောမှ ဖြစ်မှာပေါ့။

အဲဒါတွေ အားလုံးရဲ့၊ အဲလေ··· အဲဒီနှုတ်ခမ်း ရောင်ရတဲ့ အဖြစ်က ဆင်နားရွက်တံခါး စပရိန် သန်နေလို့ပဲပေါ့။ ဒီတော့ အားလုံး ကျုပ် အပြစ်ပေါ့။ ကျုပ်က ပြင်မထားလို့၊ စပရိန်အားကို လျှော့မထားလို့ပေါ့။

ဟုတ်ကဲ့··· ကျုပ်က အဲဒီဆင်နားရွက်တံခါးရဲ့ စပရိန်ကို အားလျော့အောင် လုပ်ပြီး ပြန်တပ်ပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လို့ နစ် တကယ်တမ်း စိတ်ဆိုးစိတ်ခုနေတဲ့ အကြောင်းရင်းက ဆိုင်းဘုတ်ကိစ္စဗျာ။ ဆိုင်းဘုတ်ကိစ္စကို နစ်က အရမ်း အရမ်း စိတ်ဝင်စားနေတာလေ။ ဒီတော့ ဒီဆိုင်းဘုတ်ကိစ္စ၊ ဆိုင်းဘုတ်အသစ် တင်ကြမယ် ဆိုတဲ့ စိတ်ကူးဟာ သူ့ရဲ့ ကိုယ်ပိုင်စိတ်ကူး မဟုတ်ဘဲ ကျုပ်စိတ်ကူးလို့ ကျုပ်က ပြောလိုက်မှာ စိုးရိမ်နေတယ်။

ဆိုင်းဘုတ်အသစ်ကလည်း စံပဲ။ တကယ့်စံပဲ။

နစ် သွားပြီးအပ်တဲ့ တစ်နေ့တည်းနဲ့ နေ့ချင်းပြီး ရခဲ့တာ မဟုတ်ဘူး။ ဆိုင်းဘုတ် လုပ်တဲ့ သူတွေက ဒီဆိုင်းဘုတ်တစ်ခုကို ၃ ရက်တောင် အချိန်ယူပြီး လုပ်ကြရတာ။ ရပြီဆိုတဲ့ နေ့ကျတော့ ကျုပ်ပဲ သွားယူခဲ့ပြီး ဆိုင်းဘုတ်သစ် တင်ကြရတာကိုး။

ဆိုင်းဘုတ်အသစ်မှာ နစ် ကိုယ်တိုင် စာရွက်ပေါ်မှာ ထည့်ချင်တာတွေ ရေးပေးလိုက်တဲ့အတိုင်းအပြင် စာပိုတွေ အများကြီး ပါလာသေး။

ဆိုင်းဘုတ်မှာ ဂရိအလံနဲ့ အမေရိကန်အလံ ပါတယ်။ လက်ဆွဲနှုတ်ဆက်နေတဲ့ လက်နှစ်ဖက် ပါတယ်။ စားသုံးသူတွေရဲ့ စိတ်တိုင်းကျ ဖြစ်စေရမယ် ဆိုတာ ပါတယ်။

နီယွန်မီးချောင်းနဲ့ လုပ်ထားတဲ့ ဆိုင်းဘုတ်အရောင်တွေကလည်း စုံသလားမမေးနဲ့။ အနီ ပါတယ်၊ အပြာပါတယ်၊ အဖြူ ပါတယ်။

ကျုပ်တို့ နစ်ယောက်သား နေစောင်းအောင် စောင့်ပြီး နေစောင်းလို့ အမှောင်ပျိုးတာနဲ့ မီးဖွင့်လိုက်တော့ ဆိုင်းဘုတ်သစ်ဟာ ခရစ္စမတ်သစ်ပင်လို လင်းထိန်တောက်ပ ရွှန်းလက်သွားတော့တာကိုး။

"ကျုပ် တစ်သက်နဲ့ တစ်ကိုယ် ဆိုင်းဘုတ်တွေ မြင်ဖူးလှပါပြီဗျာ။ ဒီလောက်လှတဲ့ ဆိုင်းဘုတ် တစ်ခါမှ မတွေ့ဖူးဘူး"

"နစ်ရေ… ခင်ဗျားကိုတော့ လက်ဆွဲ နှုတ်ဆက်ပြီး ချီးကျူးရတော့မှာပဲ"

"ဟုတ်ပ… ဟုတ်ပ"

ကျုပ်တို့နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ကြပါတယ်။

ကျုပ်တို့ နှစ်ယောက် မိတ်ဆွေ ပြန်ဖြစ်သွားပါတယ်။

❑



နောက်နေ့ကျတော့ ကျုပ် ကိုရာနဲ့ တစ်မိနစ်လောက် နှစ်ယောက်သား တွေ့ခွင့်ရတယ်။ ကျုပ်က ကိုယ်ရာရဲ့ ခြေသလုံးကို လက်သီးနဲ့ ဆတ်ခနဲ ထိုးလိုက်တာ လဲပြိုကျတော့မလိုအထိ ဖြစ်သွားတယ်။

"ရှင် ဘယ်လိုဖြစ်ပြီး ခုလို ဖြစ်သွားရတာလဲ"

ကိုရာက ကျားသစ်မတစ်ကောင်လို မာန်ဖီပြီး ရန်တွေ့တယ်။

ကျုပ်ကတော့ အဲဒါကိုပဲ သဘောကျနေတယ်လေ။

"ကိုရာ… ဘယ့်နှယ်နေသေးလဲ ဟင်"

"အကြောင်ကျားပဲ"

အဲဒီအချိန်က စပြီး ကိုရာရဲ့ ကိုယ်နံ့ကို ကျုပ် ထပ်ရလာပြန်တော့တယ်။

❑

တစ်နေ့တော့ နစ်ဆီကို ဖုန်းလာတယ်။ ကားလမ်းမ တစ်နေရာမှာ ဆီပြတ်သွားသလား မသိဘူးတဲ့။ ကားဆရာတစ်ယောက် ဖုန်းလှမ်းဆက်တာပါ။ နစ် ဘယ်ပျာကယာပဲ ဘာဖြစ်သလဲ ဆိုတာ သိဖို့၊ ပြင်ပေးဖို့ ကားပေါ်တက် ထွက်သွားပါလေရော။

နစ် ကားမောင်းထွက်သွားချိန်မှာ ကျုပ်က အခန်းထဲမှာ ရှိပါသေးတယ်။ နစ်ရဲ့ ကားမောင်းထွက်သံလည်း ဆုံးရော ကျုပ်က မီးဖိုချောင်ဘက် ပြေးသွားဖို့ လှည့်လိုက်တာကိုး။ ဒါပေမဲ့ အခန်းဝမှာ ရောက်နှင့်နေတာက ကိုရာလေ။

ကျုပ် ကိုရာအနားကို သွားတယ်။ ကိုရာရဲ့ နှုတ်ခမ်းကို ကြည့်တယ်။ တကယ်တော့ ဒါဟာ ကိုရာရဲ့ နှုတ်ခမ်းကို အနီးကပ် ပြန်ကြည့်ခွင့်ရတာ ထပ်မဆုံးအကြိမ်ပါပဲ။ နှုတ်ခမ်းက အရောင်တော့ ကျသွားပါပြီ။ ဒါပေမဲ့ သွားရာညိုညိုလေးတွေတော့ ရေးတေးတေး ရှိနေပါပဲ။

အဲဒီနှုတ်ခမ်းကို ကျုပ်က လက်ချောင်းလေးတွေနဲ့ အသာလေး ပွတ်သပ်လိုက်တယ်။ နှုတ်ခမ်းသားလေးတွေက နူးညံ့ပြီး စိုစွတ်နေပါတယ်။ ဒီတော့ အဲဒီနှုတ်ခမ်းလေးတွေကို ကျုပ် နမ်းပါတယ်။ ခပ်ဖွဖွလေးပါပဲ။ အဲဒီလို နူးညံ့တဲ့ ညင်သာတဲ့ အနမ်းမျိုး အရင်က စိတ်ကူးထဲတောင် မရှိဘူး။ ခုတော့ ဖွဖွလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရာက နစ် ပြန်မလာမချင်း အခန်းထဲမှာ နေပါတယ်။

နစ်က တစ်နာရီလောက် ကြာတာ။ အဲဒီ တစ်နာရီလောက်မှာ ကျုပ်တို့ ဘာမှ မလုပ်ကြဘူး။ အိပ်ရာထဲ အတူလှဲ အတူတွဲပြီး ငြိမ်ငြိမ်လေးကို နေကြတာ။ ကိုရာက ကျုပ်ရဲ့ ဆံပင်တွေထဲကို လက်ချောင်းတွေ ထိုးဖွပြီး မျက်နှာကြက်ကိုပဲ မော့ကြည့်နေတယ်။ တစ်ခုခု စဉ်းစားနေသလိုပဲ။

"ရှင် ဘယ်ရီသီးမုန့် ကြိုက်သလား ဟင်"

"မပြောတတ်ဘူးလေ၊ ကြိုက်တယ် ထင်တာပဲ"

"ကျွန်မ ဘယ်ရီသီးမုန့် လုပ်ပြီး ကျွေးဦးမယ်"

❑

"ဖရင့် သတိထားနော်။ သစ်ရွက်ကလေးတွေ နင်းမိဦးမယ်"

"မိမိကွာ..."

ကျုပ်တို့ ကားလေးဟာ ကားလမ်းနံဘေး တောစပ်ထဲကို ကွေ့ဝင်မောင်းလိုက်တယ်။ ကိုရာက ကျုပ်ကို သတိပေးနေတာလေ။

ဖြစ်ပုံက ဒီလိုပါ။

တစ်နေ့ နစ်က ဆိုင်မှာ အသားကုန်နေလို့ မြို့ဈေးသွားပြီး အသားသွားဝယ်ဖို့ ကိုရာနဲ့ ကျုပ်ကို လွှတ်တာကိုး။ ကိုရာက ဝယ်ရမယ့်လူ။ ကျုပ်က ကားမောင်း လိုက်ပို့ရတဲ့ လူပေါ့။ နစ်က မြို့အပြန် မှောင်လို့ ကားမောင်း မပြန်စေချင်လို့ ကျုပ်ကို လိုက်ပို့ခိုင်းတာ။

ကျုပ် ကားကို စက်နှိုး၊ ကိုရာကို တင်ပြီး မောင်းလာခဲ့တာ စောစောက ပြောတဲ့ တောအုပ်ကလေး အရောက် လမ်းနံဘေး တောအုပ်လေးထဲ မောင်းဝင်ချလိုက်တာလေ။ ကျုပ်က ကားရှေ့မီးတွေတောင် မပိတ်ရသေးပါဘူး။

ကိုရာက ကျုပ်ကို ဖက်မိလျက်သား ဖြစ်နေပါပြီ။ ကိုရာက-

"ကျွန်မတော့ ဒီလိုချည်းပဲ မနေနိုင်တော့ဘူး ဖရင့်"

"ကျုပ်လည်း အဲဒီလိုပါပဲ"

"ကျွန်မ မနေတတ်တော့ဘူး။ ကျွန်မ ရှင်နဲ့အတူ အရက်တွေ တစ်ဝကြီး အတူ သောက်နေချင်တယ်။ တမူးလေ၊ သိတယ်နော်"



"သိပါတယ်"

"ကျွန်မ ဒီဂရိုင်နဲကြီး နစ်ကိုလည်း မုန်းတယ်"

"ဒါဖြင့် သူ့ကို ဘာဖြစ်လို့ လက်ထပ်ယူခဲ့တာလဲ ဟင်။ အဲဒီအကြောင်း ကိုယ့်ကို ကိုရာ ဘာမှ မပြောရသေးဘူး။

"အင်းလေ... တကယ်တော့ ကိုရာက ဘာဆိုဘာမှ မပြောခဲ့တာဘဲလေ။ ဟုတ်တော့လည်း ဟုတ်တာပဲ။ ကျုပ်တို့က စကားပြောဖို့ အချိန်မှ မပေးခဲ့ကြတာဘဲ"

"ကိုရာ မကောင်းတဲ့ အိမ်မှာ အလုပ်ဆင်းရတယ်လေ။ သိမှာပါ။ လော့စ်အိန်ဂျယ်လိ မကောင်းတဲ့အိမ် ပြည့်တန်ဆာခန်းမှာ ၂ နှစ်လောက် နေရတဲ့ ဒုက္ခဟာ ဘယ်လောက်ကြီးသလဲ ဆိုတာ။

"ရွှေလက်ပတ်နာရီ ပတ်ထားတဲ့ ပထမဆုံး ကိုယ့်ကို စိတ်ဝင်စားတဲ့ လူနောက် ကောက်ခနဲ လိုက်သွားမိတာပဲပေါ့"

"ကိုရာ ဘယ်တုန်းက အိုင်အိုဝါက ထွက်လာခဲ့တာလဲ ဟင်"

"လွန်ခဲ့တဲ့ ၃ နှစ်လောက်ကပေါ့။ ကျွန်မက အလှမယ်ပြိုင်ပွဲတစ်ခုမှာ ဆုရတယ်လေ။ အထက်တန်းကျောင်းက ပြိုင်ပွဲပါ။ ဒက်စ်မိုနစ်စ်မြို့ကလေးကပါ။ အဲဒီမြို့မှာ ကျွန်မ နေတယ်လေ။ ပြိုင်ပွဲရဲ့ ဆုကတော့ ဟောလိဝုဒ်ကို အလည်သွားခွင့် ရတယ်လေ။ ဟောလိဝုဒ် ရောက်တော့ ကျွန်မကို ဓာတ်ပုံဆရာ ဆယ့်လေး ငါးယောက် ဝိုင်းရိုက်တာကို ခံရတယ်။ ဟန်ကိုကျလို့။ မကြာပါဘူး၊ ပြည့်တန်ဆာတန်း ရောက်တော့တာပါပဲ"

"ကိုယ့်ရပ်ရွာကို ဘာဖြစ်လို့ ပြန်မပြေးရတာလဲ"

"ရှက်လို့... မအောင်မြင်ရင် မပြန်ရဲလို့"

"ရပ်ရှင်ကော ရိုက်ဖြစ်ရဲ့လား"

"ရပ်ရှင်လား၊ အစမ်း ရိုက်ကြည့်ကြပါတယ်။ ကျွန်မ မျက်နှာကတော့ အဆင်ပြေပါသတဲ့။ ဒါပေမဲ့ စကားပြောလိုက်တော့ ကျွန်မအသံက ဓာတ်ပြသတဲ့လေ။ တောရွာဇနပုဒ်က အသံမျိုးတဲ့။ ပရိသတ်က ဝိုင်းဟားကြမှာတဲ့"

"အဲဒီနောက်တော့..."

"နောက် ၂ နှစ်လောက် ဟိုလူက ၈၊ ဒီလူက ၈၊ ပါတီတက်ပေးလို့ ဓိတ်၊ ဘယ်လိုပါတီမျိုးဆိုတာ ရှင် သိသလား ဖရင့်"

"အဲဒီနောက်..."

www.burmeseclassic.com

www.burmeseclassic.com



"ဖရင့်၊ ဘယ်လိုပါတီမျိုးတွေ ဆိုတာ ရှင် သိပါတယ်နော်"

"သိပါတယ်၊ ပြီးတော့…"

"အဲဒီမှာ နစ် ပေါ်လာတာပဲ။ သူက ကျွန်မကို ကူညီတယ်။ ဒီတော့ ကျွန်မက သူ့ကို တွယ်ထားရတာပေါ့။ ခုတော့ဖြင့် ကျွန်မ နစ်နဲ့ ဆက်မနေနိုင်တော့ဘူး။ သူ့ကို သည်းမခံနိုင်တော့ဘူး။ သူက ကျွန်မကို ငှက်ဖြူမလေးတဲ့လေ။ ကျွန်မက ငှက်ဖြူမလေးနဲ့ တူလို့လား ဟင်"

"ကျုပ်ကတော့ မင်းကို ကြောင်ရိုင်းမလေးလို့ပဲ ထင်တယ်"

"ဟုတ်တယ်၊ ရှင်က သိတယ်။ အဲဒါ ရှင့်ရဲ့ အားပဲ။ ကျွန်မ ရှင့်ကို တစ်ချိန်လုံး ဟန်ဆောင်နေဖို့ မလိုဘူး။ ရှင်က သန့်ရှင်းတယ်။ ရှင် လူဖြူပဲ။ ကျွန်မ ပြောတာ ရှင် နားလည်ပါတယ်နော်"

"နားလည်သလိုလိုပါပဲ"

"ရှင် နားမလည်ပါဘူး။ ဘယ်ယောက်ျား အမျိုးသားမှ မိန်းမတစ်ယောက်ရဲ့ ခံစားမှုကို နားမလည်နိုင်ပါဘူး။ ကိုယ် မကြည်ဖြူတဲ့ ယောက်ျားတစ်ယောက်နဲ့ အတူနေဖူးမှ၊ သူက ကိုယ့်ကို ထိနေ ကိုင်နေတာကို ခံရမှ ကျွန်မဟာ တကယ်တော့ ဖရင့် ထင်သလို ကြောင်ရိုင်းမ စစ်စစ်ကြီး မဟုတ်ပါဘူး။ ဒါပေမဲ့ နစ်ကိုတော့ ဆက်သည်းမခံနိုင်တော့ဘူး"

"ကိုရာ ဘာကို ဆိုလိုတာလဲ ဟင်။ နောက်နေတာလား"

"အိုး… ထားပါတော့။ ကျွန်မက ကြောင်ရိုင်းမပဲ ထားပါတော့။ ဒါပေမဲ့ သိပ်အဆိုးကြီး၊ အရိုင်းကြီးတော့ မဟုတ်ပါဘူး။ ကိုယ် ကြည်ဖြူတဲ့ လူနဲ့ဆိုရင် ရိုင်းမယ် မဟုတ်ပါဘူး"

"ကိုရာ… မင်းနဲ့ ကိုယ်တို့ နှစ်ယောက် ထွက်ပြေးကြရင်ကော"

"ကျွန်မ စဉ်းစားပါတယ်။ စဉ်းစားတာမှ အများကြီး စဉ်းစားတာ"

"တို့နှစ်ယောက် နစ်ကို ခေါက်ထားခဲ့မယ်လေ။ ထွက်ပြေးကြတာပေါ့"

"ဘယ်ပြေးမှာလဲ"

"ဘယ်ဖြစ်ဖြစ်ပေါ့၊ ဘာဂရုစိုက်စရာ ရှိတာ မှတ်လို့"

"ဘယ်ဖြစ်ဖြစ်… ဘယ်ဖြစ်ဖြစ် ဟုတ်လား၊ ဘယ်ရောက်မယ် ဆိုတာ ရှင် သိရဲ့လား"



"ဘယ်ရောက်ရောက်ပေါ့။ ကိုယ်တို့ သွားချင်တဲ့နေရာ သွားကြရုံပဲ ဟာ"

"မဟုတ်ဘူး၊ မဟုတ်သေးဘူး။ နောက်ဆုံး အတန်းထဲပဲ ရောက်မှာ"

"ကိုယ်က အတန်းထဲက အိမ်အကြောင်း ပြောတာ မဟုတ်ဘူးလေ။ ကိုယ်က လမ်းမကြီးတွေပေါ်မှာ ဂလေရိုက်ဖို့ ပြောနေတာ။ ပျော်စရာ သိပ်ကောင်းတယ် ကိုရာ။ လမ်းလယ်က ဘဝကို ဘယ်သူမှ ကိုယ့်လောက် မသိဘူး။ ကိုယ်က လမ်းပေါ်က အချိုးအကွေ့တွေ အားလုံး သိတယ်။ ဘယ်အကွေ့မှာ ဘယ်တက်နဲ့ လှော်ရမယ်ဆိုတာ သိတယ်။ ကိုယ်တို့ နှစ်ယောက်စလုံး ဒါပဲ လိုချင်ကြတာ မဟုတ်ဘူးလား ဟင်။ ဂျစ်ပစီစုံတွဲပေါ့နော်။ နှစ်ကိုယ်တော် လေလွင့်ခြင်းပေါ့… ဟုတ်ဘူးလား"

"ရှင်ကတော့ တကယ့် ဂျစ်ပစီပါပဲ၊ ဂလေပါပဲ။ ခြေအိတ်တောင် မရှိတဲ့ လူလေ"

"ကိုရာက ကိုယ့်ကို သဘောကျတယ် မဟုတ်လား"

"ကျွန်မကလား… သဘောကျရုံ မဟုတ်ဘူး၊ ချစ်တာ ချစ်တာ။ ကျွန်မကတော့ ရှင့်ကို ခြေအိတ်မပါရုံမကဘူး၊ ရှပ်အင်္ကျီ မပါလည်း ချစ်မှာပဲ။ ချစ်တာပဲ။ အင်္ကျီမပါတာ ပိုတောင် သဘောကျသေး။ ရှင့်လက်မောင်းတွေ၊ ပခုံးတွေကို ထိလို့ ကိုင်လို့ ရသေးတယ်လေ"

"ဘဝက ကြမ်းတော့ ခန္ဓာကိုယ်ကလည်း ကြမ်းရတော့တာပေါ့"

"ရှင်ဟာ အရပ်မြင့်တယ်၊ အကောင်ကြီးတယ်၊ သန်မာတယ်၊ ကျွန်မ ချစ်ပါတယ်"

"ဒါဆိုရင်…"

"ဒါပေမဲ့… မဖြစ်နိုင်ဘူး ဖရင့်။ ကိုယ် ပြောတဲ့ လမ်းမပေါ်ဆိုတာ ဘယ်လိုမှ ရောက်မှာ မဟုတ်ဘူး။ နောက်ဆုံးတော့ အတန်းပဲ ရောက်မှာပဲ။ ကျွန်မက အတန်းထဲ ရောက်မယ်။ ရှင်က ကြုံရာကျပန်း လုပ်ရမယ်။ ကားနေရာ ချပေးတဲ့ အလုပ်မျိုးလေ။ ဟိုလို ယူနီဖောင်းဝတ်စုံ ဝတ်ပြီး ကားနေရာ ချပေးတာမျိုးလေ။ အဲဒီဝတ်စုံမျိုးနဲ့ ရှင့်ကို တွေ့ရရင် ကျွန်မတော့ ငိုမိမှာပဲ"

"ဒါဆိုရင်…"

ကိုရာဟာ အကြာကြီး ငြိမ်ပြီး ထိုင်နေတယ်။ ကျုပ်လက်ကို သူ့လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာမှ-

"ဖရင့်… ရှင် ကျွန်မကို ချစ်ရဲ့လား"

"ချစ်တယ်"

"ကျွန်မကို ချစ်တဲ့ အချစ်က ဘာပဲလုပ်ရ လုပ်ရ ဆိုတဲ့ အချစ်မျိုးလား"

"ဟုတ်တယ်"

"လမ်းကတော့ တစ်လမ်း ရှိတယ်"

"ကိုရာ စောစောက ပြောတော့ ကြောင်ရိုင်းမတစ်ကောင် မဟုတ်ဘူး ဆို"

"ဟုတ်တယ်၊ ကျွန်မ ပြောပါတယ်။ ကျွန်မ တကယ် ပြောတာပါ ဖရင့်"

တကယ်တော့ ကျွန်မဟာ ရှင် ထင်ထားသလို မဟုတ်ဘူး။ ကျွန်မ အလုပ်လုပ်ချင်တယ်။ ကျွန်မက တစ်စုံတစ်ယောက် ဖြစ်ချင်တယ်။ ဒါပါပဲ။

ဒါပေမဲ့ အဲဒီလို တစ်စုံတစ်ယောက် ဖြစ်ဖို့ ဆိုတာကလည်း အနှစ် မပါဘဲ မဖြစ်နိုင်ဘူးလေ။ ရှင် နားလည်ရဲ့လား ဖရင့်။

ဘာပဲပြောပြော မိန်းကလေးတစ်ယောက်အတွက်တော့ မဖြစ်နိုင်တာ အသေအချာပဲ။ ကျွန်မ အမှားတစ်ခု လုပ်ခဲ့မိပြီးပြီ။ ဒီအခြေအနေ ရောက်မှ တော့ ကြောင်ရိုင်းမအဖြစ် တစ်ကြိမ်တော့ လုပ်မှ ဖြစ်တော့မယ်။ ဒါပေမဲ့ တကယ်တော့ ကျွန်မဟာ ကြောင်ရိုင်းမ မဟုတ်ပါဘူး ဖရင့်ရယ်"

"အဲဒီအလုပ်က သေဒဏ်နော်"

"လွတ်အောင် လုပ်နိုင်ရင် မခံရပါဘူး။ ရှင်က လူလည်ပါ ဖရင့်။ ကျွန်မတောင် ရှင့်ကို တစ်ချက်ကလေးမှ လှည့်လို့ မရခဲ့တာ။ ရှင် နည်းလမ်း တစ်ခုခုကို ရအောင် ကြံနိုင်မှာ၊ ရှာနိုင်မှာပါ။ အဲဒီလို လွတ်သွားတဲ့ လူတွေ အများကြီးပါ။

ဒုက္ခသုက္ခတို့က လွတ်အောင် ကြောင်ရိုင်းမတစ်ကောင်လို လုပ်ကြတာ ကျွန်မဟာ ပထမဆုံး မိန်းမ မဟုတ်ပါဘူး ရှင်ရယ်"

"နစ်ဟာ ကျုပ်အပေါ်မှာ ဘာမှ အပြစ်မလုပ်ခဲ့ဘူး။ သူက လူကောင်း ပဲ"

"သူက လူကောင်း၊ ဟုတ်လား။ လူကောင်းတော့ လူကောင်းပါပဲ။ အဲဒီလူကောင်း ဆိုတာကြီးနဲ့ ပေါင်းနေရတာက မသတီဘဲနဲ့ ပေါင်းနေရတာ။



သူကတော့ စည်းစိမ်နဲ့ပေါ့။ ကျွန်မမှာ ဘာမှ မရှိဘူး။ ရှင့်မှာ ဘာမှ မရှိဘူး။ ကျွန်မလည်း မီးဖိုချောင်ထဲက မထွက်ရဘဲ တစ်ချိန်လုံး ချက်ပြုတ်နေရတာ ဟုတ်လား။ ဒီပိုင်ဆိုင်မှု အားလုံးရဲ့ ထက်ဝက်ဟာ ကျွန်မ ပိုင်ထိုက်ပါတယ်"

"ကိုရာ ပြောသလိုပုံက တရားမျှတသလိုလိုကြီးပဲ"

"ဟုတ်တယ်လေ၊ ဟုတ်တယ်လေ။ နည်းလမ်းသာ မှန်သွားရင် ဘယ်သူ သိမှာ မှတ်လို့။ ရှင်နဲ့ ကျွန်မ၊ ကျွန်မနဲ့ ရှင်ပဲ သိတယ်"

"ကျွန်မနဲ့ ရှင်… ဟုတ်လား"

"ဟုတ်တယ်လေ ဖရင့်၊ တကယ့်အရေးကြီးတာက ကျွန်မနဲ့ ရှင်ပဲ။ ရှင်နဲ့ ကျွန်မတို့ နှစ်ယောက်အတွက်ပဲ အရေးကြီးတာပဲ။ ဘာမှ လမ်းမတွေပေါ် မှာ ဂလေရိုက်နေစရာ မလိုတော့ဘူး။ ဒါ ရှင်နဲ့ ကျွန်မတို့အတွက်ပဲ"

"ကိုရာ… မင်းဟာ တကယ် ကြောင်ရိုင်းမပဲကွာ။ ကိုယ်တောင် ခု မင်း စဉ်းစားသလို စဉ်းစားမိသလို ဖြစ်နေပြီ"

"ကျွန်မကို နမ်းစမ်းပါ ဖရင့်"

ကျုပ် ကိုရာကို နမ်းပါတယ်။

ကိုရာ့ မျက်လုံးအစုံက အပြာရောင် ကြယ်နှစ်ပွင့်လို လင်းလက်နေ သလို။

❑

www.burmeseclassic.com

www.burmeseclassic.com

## - ၄ -

ကျွန်တော်က-

"ရေငွေး မရှိဘူးလား"

ကိုရာက-

"ရေချိုးခန်းထဲက ရေပူစက်က ဘာဖြစ်နေလို့တုံး"

"နှစ်က ရေချိုးခန်းထဲမှာလေ"

"အို… ဒါဆိုရင်လည်း မီးဖိုပေါ် ရေနွေးကရားထဲက နည်းနည်းပေး တော့မှာပေါ့။ နှစ်ကတော့ ရေချိုးခန်း ရေပူစက်ထဲက ရေအကုန် ရေချိုး သုံးတော့တာပဲ"

ကျွန်တော်နှင့် ကိုရာ ဘယ်လို ပြောကြမလဲ၊ ဆိုကြမလဲ ဆိုတာကို ဇာတ်တိုက်နေကြခြင်းပါ။

အချိန်က ည ၁၀ နာရီ ရှိပါပြီ။ ဆိုင်လည်း ပိတ်ပါပြီ။ နှစ်က ရေချိုးခန်း ထဲ ရောက်နေပါပြီ။ ထုံးစံအတိုင်း စနေနေ့ည ရေချိုးခန်းထဲ အကြာကြီး ရေချိုးနေတယ်။ ကျွန်တော်က အပေါ်ထပ်အခန်း ရှိရာသို့ ရေနွေး သယ်သွားရ ဖြစ်တယ်။ ဒီနောက်မှ သတိရသွားတယ်။ မော်တော်ကားက အပြင်မှာ ထား တာ သတိရပြီး မော်တော်ကား ရှိရာကို သွားရမလား။ အဲဒီကားပေါ်မှာ စောင့်ပြီး လူသူလေးပါး လာရင် ကိုရာအတွက် ဟွန်းတီးပြီး အချက်ပေးရမယ်။



ကိုရာရဲ့ တာဝန်က နှစ်တစ်ယောက် ရေချိုးခန်း ရေစိမ်ကန်ထဲ ရောက် တဲ့အထိ စောင့်ရမယ်။ အဲဒီအချိန်မှာ ရေချိုးခန်းထဲ ဝင်ပြီး မျက်နှာသုတ်ပဝါ ယူပြီး နှစ်ရဲ့ နောက်ကျောဘက် ရောက်အောင် သွားရမယ်။ ပြီးမှ နှစ် ခေါင်းကို ကျုပ် လုပ်ပေးထားတဲ့ သံဂေါ်လီထုပ်နဲ့ ရိုက်ဖို့ပဲလေ။ ဒီလက်နက် က ရိုးရိုးလေးပါ။ သကြားအိတ် ရှည်မျောမျောထဲမှာ သံဂေါ်လီလုံးတွေ ထည့် ထားတာပါပဲ။ စ တုန်းကတော့ အဲဒီ ရိုက်တဲ့အလုပ်ကို ကျုပ် လုပ်ဖို့ပါပဲ။ ဒါပေမဲ့ ရေချိုးခန်းထဲကို ကျုပ်က မုတ်ဆိတ်ရိတ်မား ကျန်နေလို့ ဝင်ရတာလို့ ပြောရင် နှစ်က ဟုတ်လား၊ ဘာလားနှင့် ကူညီရာပေး လုပ်တာမျိုး သကာ ကောင်း ဖြစ်နိုင်သေးတယ်လေ။ ကိုရာ ဝင်သွားလို့ကတော့ ဘာမှ သံသယ ရှိစရာ မလိုတော့ဘူး။ ကိုရာက နှစ် ခေါင်းကို ပြင်းပြင်းထန်ထန် ရိုက်လိုက် ရင် နှစ်ဟာ မူးမေ့သွားမှာပဲ။ အဲဒီအချိန်မှာ ကိုရာက နှစ် ခေါင်းကို ရေထဲမှာ နှစ်ထားရမယ်။ ရေနစ်ပြီး သေသွားတဲ့အထိပေါ့။ ဒီနောက်တော့ ကိုရာက ရေကန်က ရေပိုက်ခေါင်းကို နည်းနည်းဖွင့်ထားခဲ့ပြီး ရေတွေ အပြင်ကျနေပါ စေပေါ့။ ပြီးမှ ရေချိုးခန်းအတွင်းက ချက်ကို ချ၊ နောက် ပြတင်းပေါက်က တစ်ဆင့် အပြင်ဘက်က ကျုပ် အသင့်ထောင်ထားတဲ့ လှေကားက ဆင်းလာဖို့ပဲ။

ကျုပ်နဲ့ တွေ့ရင် ကျုပ်ရဲ့ ဂေါ်လီအိတ် ပေးပြီး ကိုရာက မီးဖိုချောင်ထဲ ပြန်သွား၊ ကျုပ်က သံဂေါ်လီတွေကို သူ့သေတ္တာထဲ ပြန်ထည့်၊ အိတ်ကိုတော့ ဖွင့်ပစ် ဖျောက်ဖျက်ပစ်ရုံပေါ့။ ပြီးမှ မော်တော်ကားကို ဂိုဒေါင်ထဲ ပြန်သွင်း၊ ပြီးရင် အိမ်ပေါ်တက်၊ စောစောက ပြောတဲ့အတိုင်း မုတ်ဆိတ်ရိတ်ပေါ့။

ကိုရာက မီးဖိုချောင်ထဲက စောင့်နေရမယ်။ ဘယ်လောက်ထိ စောင့်ရ မလဲ ဆိုရင် အပေါ်ထပ် ရေချိုးခန်းထဲ လျှံကျနေတဲ့ ရေတွေက မီးဖိုချောင်ထဲ မိုးယိုကျလာတဲ့အထိပေါ့။

အဲဒီလို ရေတွေ ကျလာတော့မှ ကိုရာက ကျုပ်ကို အော်ခေါ်၊ ရေချိုး ခန်းထဲက ရေတွေ ကျတယ်ပေါ့။ ရေချိုးခန်း ကျုပ်တို့ ရောက်သွားတော့ တံခါးက အတွင်းက ချက်ထိုးထားတယ်။ ပိတ်ထားတယ်။ အပြင်က လှမ်းခေါ် တယ်။ မရဘူး။ ဒါနဲ့ ရေချိုးခန်းတံခါးကို အတင်းဖျက်ပြီး ဝင်။ အထဲကျတော့ နှစ်ကို တွေ့၊ အဲဒီမှာ ဆရာဝန်ကို လှမ်းခေါ် အကြောင်းကြားပေါ့။

နောက်ဆုံး ကျုပ်တို့ တွေးမိတာ၊ အဖြေရှာလို့ ရတာက နှစ်ဟာ ရေကန်ထဲမှာ ရေစိမ်ဖို့ လှဲအချမှာ ချော်လဲပြီး ရေကန်ပေါင်နဲ့ ဆောင့်မိး သတိလစ်သွားရာက ရေချိုးကန်ထဲမှာ ရေနစ်ပြီး သေဆုံးသွားတယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီစိတ်ကူးက ကျုပ် ရတာဗျ။ ကျုပ်က သတင်းစာတစ်စောင် ဖတ်မိသွားတာ။ ဆောင်းပါးလိုဟာမျိုးပေါ့ဗျာ။ အဲဒီဆောင်းပါးမှာ မတော်တ သေဆုံးမှု တော်တော်များများဟာ ရေချိုးခန်း၊ ရေချိုးကန်မှာ ဖြစ်တာတဲ့ အဲဒီက စိတ်ကူး ရခဲ့တာ။

ကိုရာက ရေနွေး လှမ်းပေးရင်း-

"သတိထား ကိုင်နော်၊ ပူသေးတယ်"

"ကျေးဇူးပဲ"

ရေနွေးကို ကိုရာက ဇလုံထဲ ထည့်ပေးတာပါ။ ကျွန်တော်က ရေနွေး ဇလုံကို ယူပြီး ကျွန်တော့်အခန်းထဲက ဗီရိုပေါ်မှာ တင်တယ်။ ပြီးမှ မုတ်ဆိတ် ရိတ်ပစ္စည်းစုံကို ဖြန့်ခင်းတယ်။ နောက် သတိရပြီး အောက်ကို ဆင်းတယ် အပြင်ထွက်ပြီး ကားရှိရာကို သွားတယ်။ ကားပေါ်မှာ တက်ပြီး ထိုင်တယ် ဒါမှ လမ်းမကိုလည်း မြင်ရမယ်။ ရေချိုးခန်းကိုလည်း မြင်ရနိုင်တယ်။ ရေချိုး ခန်းဆီက ဂရိုင်နဲ နစ်ရဲ့ သီချင်းဆိုသံ ထွက်လာတယ်။

မဖြစ်ဘူး။ နားကို သေသေချာချာ စွင့်ပြီး နားထောင်မှ၊ နစ် ဘာသီချင်း များ ဆိုနေပါလိမ့်။ အဲ... 'မားသား မာချရီး' သီချင်းပါလား။

နစ်က ပထမတစ်ကျော့ ဆိုတယ်။ နောက်တော့ ထပ်ခါတလဲလဲ ကျော့ကျော့ပြီး ဆိုနေတော့တာ။ မီးဖိုချောင်ဘက် လှမ်းကြည့်တယ်။ ကိုရာ မီးဖိုချောင်မှာ ရှိနေတယ်။

ဟိုလမ်းကွေ့အချိုးက ထရပ်ကားတစ်စင်း၊ ကားတစ်စင်း ဆွဲပြီး လာတယ်။ ကျွန်တော်က ဟွန်းသံကို နားစွင့်နေလိုက်မိတယ်။ တစ်ခါတစ်ရံ အဲဒီလို အဝေးပြေးကားသမားတွေက ဒီဆိုင်မှာ ရပ်ပြီး တစ်ခုခုကို မှာစားတတ် တယ်။ သူတို့က ရပ်ပြီ ဆိုမှတော့ မဖွင့်မချင်း တဝုန်းဝုန်းနဲ့ကို ထုရိုက်နေတာ တော့တာ။ ဒါပေမဲ့ ဒီကားကတော့ မရပ်ဘူး။ ဆက်မောင်းသွားတယ်။ နောက် ထပ် ကားတချို့ ကွေ့မှာ ပေါ်လာတယ်။ ပြီးတော့ ဖြတ်သွားကြတယ် ဘယ်ကားမှ မရပ်ဘူး။ ကျွန်တော်က မီးဖိုချောင်ဘက် ကြည့်လိုက်ပြန်တယ် ကိုရာကို မမြင်ရတော့ဘူး။ အိပ်ခန်းဘက်ဆီက မီးလင်းနေတာ မြင်ရတယ်

ဒီနောက် ရုတ်တရက် ဆိုသလို လှုပ်ရှားမှုတစ်ခုကို မြင်ရတယ် နောက်ဖေးဘက် အကွယ်က ထွက်လာတာ။ ကျုပ် အလန့်တကြားနဲ့ ဟွန်း



နှိပ်မိတော့မလို့။ မနိုပ်ခင်ကလေးမှ သေသေချာချာ မြင်လိုက်ရတာ ကြောင်ကြီး တစ်ကောင်ကိုး။ ညိုညိုထွားထွား ကြောင်ကြီး။ ကျုပ်ဖြင့် လန့်သွားတာပဲ။

ဒီအချိန်မှာ ကျုပ် မမြင်ချင်ဆုံးက ကြောင်ပဲ။ နောက် တစ်မိနစ်လောက် အကြာမှာ ကြောင်ကြီးက ပျောက်သွားတယ်။ ဟော... ပြန်ပေါ်လာပြန်ပြီ။ ကိုရွှေကြောင်က ရေချိုးခန်းအပြင်ဘက်က လှမ်းထောင်ထားတဲ့ လှေကားနား ကို လှည့်ပတ် အနံ့ခံနေလေရဲ့။ ကျွန်တော်က ဟွန်းကိုလည်း မနှိပ်ချင်ဘူးလေ။ ဘာဖြစ်လို့လဲ ဆိုတော့ ဘာမှ မဟုတ်တာ။ ကြောင်တစ်ကောင်ပဲဟာ။ ကြောင် တစ်ကောင်အတွက်နဲ့တော့ ဟွန်းမတီးချင်ဘူးလေ။ ဒါပေမဲ့ အဲဒီလှေကားနားမှာ တော့ ကြောင်ကို မရှိစေချင်ဘူး။ ဒါနဲ့ ကျုပ် ကားအပြင်ထွက်တယ်။ ပြီးတော့ နောက်ဘက် ပြန်သွားပြီး ကြောင်ကို မောင်းထုတ်ပါတယ်။

ကျုပ် ကားဆီကို ပြန်လာလို့ လမ်းထက်ဝက် မရောက်သေးဘူး။ ကိုရွှေကြောင်က လှေကားနား ပြန်လာပြီး တက်တယ်။ ဒါနဲ့ ကျုပ်က ကြောင်မောင်းရပြန်ရော။ ကြောင်က ဂိုဒေါင်ဘက်ကို ထွက်ပြေးတယ်။ ဒါနဲ့ ကျုပ် ကားဆီကို ပြန်လာဖို့ ယောင်တောင်တောင် ရပ်နေမိတယ်။ ကြောင်များ ပြန်လာလေဦးမလားလို့ ကြည့်မိနေတာပေါ့ နော်။

အဲဒီအချိန်ကလေးမှာ ရဲဆိုင်ကယ်တစ်စီး လမ်းကွေ့အတိုင်း ဝင်လာ တယ်။ မိုးတိုးမတ်တတ် ရပ်နေတဲ့ ကျုပ်ကို မြင်တော့ ဆတ်ခနဲ ကွေ့ဝင်လာပြီး ကျုပ်နဲ့ မော်တော်ကားကြားမှာ ဝင်ရပ်တယ်။ ရဲဆိုင်ကယ်က ကြားမှာ ကန့်လန့် ကြီး ရပ်လိုက်တော့ ကျုပ်က မော်တော်ကား ဟွန်းကို အချက်ပေး မတီးသာ ဘူးပေါ့။

ရဲသားက-

"ဟေ့လူ... ငြိမ်ငြိမ်နေ၊ ဘာလုပ်နေတာလဲ"

"မော်တော်ကား သိမ်းမလို့ဗျ"

"ဒါ မင်းကားလား"

"ကျုပ်အလုပ်ရှင်ရဲ့ ကားပါ"

"ဒါဆိုရင် အိုကေပါ။ ကျုပ်က ဟိုဟိုဒီဒီ လိုက်စစ်နေတာပါ"

ရဲသားကြီးက ဟိုဟိုဒီဒီ လှမ်းကြည့်ရင်း တစ်စုံတစ်ရာ မြင်သွားပုံရ တယ်။ သူက-

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ထူးထူးဆန်းဆန်း ဟိုမှာ ကြည့်စမ်း"

"ဘာများပါလိမ့်"

"ကြောင်… ကြောင်… လှေကားပေါ် တက်နေတယ်"

"ဟာ…"

"ကျုပ်က ကြောင်ကို ချစ်တယ်ဗျ။ ဒီကောင်တွေက တစ်မျိုးမဟုတ်တစ်မျိုး လုပ်နေရမှဗျ"

ရဲသားက သူ့လက်မှာ စွပ်ထားတဲ့ လက်အိတ်ကို ချွတ်တယ်။ ညရဲ့အလှကို ခံစားသလိုလို ဟိုကြည့် ဒီကြည့် ကြည့်တယ်။ ပြီးမှ ဆိုင်ကယ်ကို ခွတယ်။ ခြေထောက်နဲ့ နင်းပြီး စက်ကို နှစ်ချက် သုံးချက် နှိုးတယ်။ စက်နိုးသွားတော့ ဆိုင်ကယ်က ဝူးခနဲ ထွက်သွားရော။ သူ့ဆိုင်ကယ်လည်း မြင်ကွင်းက ပျောက်သွားရော ကျုပ်က ကားဟွန်းတီးဖို့ ပြေးသွားပါတယ်။ ဒါပေမဲ့နောက်ကျသွားပါပြီ။

ဆိုင်ဘက်ဆီက လျှပ်စီးလက်သလို မီးပန်းတွေ ထွက်လာပြီး ဆိုင်တစ်ခုလုံး အမှောင်ဖုံးသွားပါတော့တယ်။

ဆိုင်ဆီက ကိုရာရဲ့ သံကုန် အော်ဟစ်သံ ကြားရပါတယ်။

"ဖရင့်… ဖရင့်… တစ်ခုခုတော့ ဖြစ်သွားပြီ"

ကျုပ်က မီးဖိုချောင်ဆီ ပြေးတယ်။ ဒါပေမဲ့ အားလုံးက ပိန်းပိတ်အောင်မှောင်နေတာ။ ဘာဆိုဘာမှ မမြင်ရဘူး။ ဒီကြားထဲမှာက ကျုပ်အိတ်ထဲမှာဘာမီးခြစ်မှ မရှိဘူး။ ကျုပ်က အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ သွားနေရတာ။ ကျုပ်တို့ နှစ်ယောက်သား လှေကားမှာ ဆုံကြတယ်။ ကိုရာက အဆင်း၊ ကျုပ်က အတက်။ နှစ်ယောက်သားလည်း တိုက်မိရော ကိုရာက အော်ပြန်ရော။

ကျုပ်က-

"တိုးတိုး… တိုးတိုး… မအော်နဲ့လေ၊ မင်း လုပ်ခဲ့ရဲ့လား"

"လုပ်တော့ လုပ်တာပဲ။ မီးက ရုတ်တရက်ကြီး မီးပျက်သွားတော့အမှောင်ထဲမှာ သူ့ကို ရေကန်ထဲ မနှစ်ရသေးဘူး"

"ဒါဆို သူ့ကို အမြန်ဆယ်မှ ဖြစ်မယ်။ စောစောက ရဲသားတစ်ယောက်ရောက်လာတယ်။ အဲဒီရဲက ထောင်ထားတဲ့ လှေကားကို မြင်သွားတယ်"



"ဒါဆို ဆရာဝန်ကို ဖုန်းအရင်ဆက်မှ ဖြစ်မှပေါ့"

"မင်းပဲ ဖုန်းဆက်လိုက်တော့။ ကိုယ် သူ့ကို သွားဆယ်ဦးမယ်"

ကိုရာက အောက်ကို ဆင်းသွားပြီး ကျုပ်က အပေါ်တက်သွားတယ်။ ကျုပ်က အမှောင်ထဲမှာပဲ ရေချိုးခန်းထဲ သွားတယ်။ ရေချိုးကန်ကို ကြည့်တယ်။ ဂရိုင်နဲ နှစ်က ရေချိုးကန်ထဲမှာ လဲနေလေရဲ့။ ဒါပေမဲ့ ခေါင်းကရေကန်ထဲမှာ မြုပ်နေတာတော့ မဟုတ်ဘူး။ ကျုပ်က သူ့ကို မ ဖို့ ကြိုးစားရတာပေါ့။ မလွယ်ဘူး။ အချိန် အတော်ကိုကြာတယ်။ သူ့တစ်ကိုယ်လုံးကဆပ်ပြာတွေနဲ့ ချောနေတာ။ ကျုပ်က ရေချိုးကန်ထဲ ဆင်းပြီး မ ရတာ။ အဲဒီအချိန်လုံးမှာ ကိုရာက တယ်လီဖုန်း အော်ပရေတာဆီ ဆက်ပြီး ဆရာဝန်ဆီဆက်ပေးဖို့ ပြောနေတယ်။ အော်ပရေတာက ဆရာဝန်ဆီ ဆက်မပေးရှင်းဆီပဲ ဆက်ပေးလေရဲ့။

ကျုပ်က နှစ်ကို ရေထဲက ဆွဲ၊ ရေချိုးကန် အစွန်းမှာတင်၊ ပြီးမှ ကျုပ်ကိုယ်တိုင် ရေချိုးခန်းအပြင်ကို ထွက်၊ သူ့ကို ချိုင်းကနေ မနိုင့်တနိုင် မ ပြီးအိပ်ခန်း ရှိရာကို တရွတ်တိုက် ဆွဲခေါ် အိပ်ရာပေါ် တင်ရပါတယ်။

အဲဒီအချိန်မှာ ကိုရာ ရောက်လာပြီး မီးခြစ်ရှာ၊ ဖယောင်းတိုင်ရှာ၊ ဖယောင်းတိုင်ကို မီးထွန်း။ ပြီးမှ နှစ်ကို ပြုစုဖို့ လုပ်ရတာကိုး။ ကျုပ်က နှစ်ရဲ့ခေါင်းကို ရေစိုမျက်နှာသုတ်ပဝါနဲ့ ပတ်ပေးတယ်။ ကိုရာက နောက်ထပ်မျက်နှာသုတ်ပဝါတစ်ထည်နဲ့ လက်တွေ ခြေထောက်တွေ သုတ်ပေးပေါ့။

ကိုရာက-

"သူတို့က လူနာတင်ဆေးရုံကား လွှတ်ပေးမယ်တဲ့"

"ကောင်းတာပေါ့၊ ဒါထက် မင်း နှစ်ကို ရိုက်လိုက်တာ နှစ် မြင်သလား"

"မပြောတတ်ဘူး"

"မင်းက နှစ်ရဲ့ နောက်ကျောဘက်မှာ ရှိရဲ့လား"

"ရှိတယ် ထင်တာပဲ။ မြန်းစားကြီး မီးက ပျက် မှောင်မည်းသွားတာ။ နောက်တော့ ဘာတွေဖြစ်မှန်း မသိတော့ဘူး။ ရှင်က မီးကို ဘာလုပ်လိုက်တာလဲ"

"ကျုပ် ဘာမှမလုပ်ဘူး။ ဖျူစ် တစ်ခုခု ဖြစ်သွားတယ် ထင်တာပဲ"

"ဖရင့်… နှစ် သတိပြန်လည်မလာရင် ကောင်းမှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး... မဖြစ်ဘူး၊ သူ သတိပြန်လည်မှ သတိပြန်ရမှ ဖြစ်မယ်။ ...န်း သေသွားရင်မြင့် ကျုပ်တို့နှစ်ယောက် သွားပြီ။ ကျုပ် ပြောတယ် မဟုတ်... ...ရဲသားက ထောင်ထားတဲ့ လှေကားကို မြင်ပါတယ်လို့။ နှစ်သာ ဆုံး... သွားလို့တော့ ရဲက အားလုံး သိနိုင်လောက်ပြီလေ။ သူ ဆုံးသွားလို့ကတော့ ကျုပ်တို့ နှစ်ယောက် ကွိခနဲပဲ"

"ဒါပေမဲ့ နှစ်က ကျွန်မကို မြင်သွားရင်ကော။ နှစ် သတိပြန်လည်လာ... ရင် နှစ်က ဘာပြောမလဲ ဟင်"

"နှစ်က မြင်ချင်မှ မြင်မှာပါ။ ပြောချင်မှ ပြောမှာပါ။ ကျုပ်တို့က... တစ်ခုခု ဓာတ်လမ်းဆင်ပြီး ပြောရမှာပေါ့။ ဒါပဲ ရှိတာပဲ။ ကိုရာ ရေချိုးခန်းထဲ... အဝင်မှာ မီးပျက်သွားပြီး နှစ် ချော်လဲကျသွားတယ်။ ကိုရာ နှစ်ကို စကား... ပြောကြည့်တော့ စကားမေး မရတော့ဘူး။ အဲဒီမှာ မင်းက ကျုပ်ကို ဆေး... ခေါ်တယ်။ ဒါပဲ ပြောကြရုံပဲ။ နှစ် ဘာပဲပြောပြော ကိုရာကတော့ ခု ဓာတ်တိုက်... ထားတဲ့အတိုင်း ပြောဖို့ ရှိတာပဲ။ သူက ဘာပဲပြောပြော၊ သူက ဘာပဲမြင်မြင်... အဲဒါတွေဟာ သူ ကယောင်ချောက်ချားနဲ့ မြင်တာ၊ ပြောတာပဲ ဖြစ်တယ်ပေါ့"

"ဒါထက် ဆေးရုံကားကလည်း ဘာဖြစ်လို့ ခုထိ မလာရသေးတာလဲ"

"လာမှာပါ"

ခဏအကြာ ဆေးရုံကား ရောက်လာပါတယ်။ ဆေးရုံဝန်ထမ်းတွေ... နှစ်ကို ကပ်ပေါ်မှာ တင်ပြီး မ ခေါ်သွားကြတယ်။ ကိုရာက နှစ်ဘေးမှာ... လိုက်သွားရတာပေါ့။ ကျုပ်လည်း ဆိုင်ကယ်ကားကို မောင်းပြီး နောက်က... လိုက်ရတော့တာပေါ့။ ဆေးရုံကားဟာ လမ်းထက်ဝက်လောက် အရောက်မှာ... ရဲဆိုင်ကယ်က ကျုပ်တို့ကို မီလာပြီး ရှေ့ကနေ ဦးဆောင် လမ်းပြ မောင်းသွား... တယ်။ ရဲဆိုင်ကယ်နဲ့ ဆေးရုံကားက တစ်နာရီကို မိုင် ၇၀ နှုန်းလောက်... မောင်းကြတာ။ ကျုပ်ကားက ဘယ်လိုက်မီနိုင်ပါ့မလဲ။

ကျုပ်ကား ဆေးရုံရှေ့ ရောက်တော့ သူတို့က နှစ်ကို ဆေးရုံကားပေါ်က... ဆွဲချနေကြပြီ။ ရဲသားက ဆရာကြီးလုပ်ပြီး ညွှန်ကြားနေတာ။ ရဲသား... ကျုပ်လည်း မြင်ရော အံ့သြသွားပုံရပြီး စူးစူးစိုက်စိုက် ကြည့်တယ်။ စောစော... ပိုင်းက ကျုပ်နဲ့ ဆုံလိုက်တဲ့ ရဲသားကြီးပါပဲ။



ဆေးရုံဝန်ထမ်းတွေက နှစ်ကို ဆေးရုံကားပေါ်က ကပ်နဲ့ချ၊ တွန်းလှည်းပေါ် ပြောင်းတင်။ ပြီးတော့ ခွဲစိတ်ကုသခန်းထဲ သွင်းသွားကြတယ်။ ကိုရာနဲ့ ကျုပ်ကတော့ အပြင်ခန်းမထဲမှာ ထိုင်နေရတာပေါ့"

ခဏအကြာ သူနာပြုဆရာမတစ်ယောက် ထွက်လာပြီး ကျုပ်တို့အနားမှာ ထိုင်တယ်။ အဲဒီအချိန်မှာပဲ စောစောက ရဲသားကြီး ပြန်ပေါ်လာတယ်။

ဒီတစ်ခါတော့ သူနဲ့အတူ ရဲကြပ်ကြီးတစ်ယောက်လည်း ပါလာတယ်။ ရဲနှစ်ယောက်က ကျုပ်ကို ကြည့်နေကြတယ်လေ။

အဲဒီအချိန်မှာ ကိုရာက သူနာပြုဆရာမကို ရှင်းပြနေလေရဲ့။

ကိုရာက-

"ကျွန်မ ရေချိုးခန်းထဲ ဝင်ပြီး မျက်နှာသုတ်ပဝါ ယူမလို့လုပ်တုန်း မီးက ဖြုန်းခနဲ ပျက်သွားတယ်။ သေနတ်ပစ်လိုက်သလို အသံကြီး မြည်ပြီးကို ပျက်သွားတာ။ အသံက အကျယ်ကြီး။ အဲဒီနောက် နှစ် လဲကျသွားသံကို ကြားရတာပဲ။ နှစ်က မတ်တတ်ထပြီး ရေပန်းခလုတ်ကို ဖွင့်မလို့ လုပ်နေတုန်း လဲကျသွားတာ။ ကျွန်မ နှစ်ကို ခေါ်တယ်။ ဘာမှ ပြန်မထူးဘူး။ အဲဒီအချိန်မှာ အားလုံး မည်းမှောင်နေတာ။ ဘာဆိုဘာမှ မမြင်ရဘူး။ ဘာဖြစ်မှန်း မသိနိုင်ဘူးလေ။ ကျွန်မ စိတ်အထင်တော့ နှစ်များ ဓာတ်လိုက်သွားလေရော့လားပေါ့။ ကျွန်မလည်း လန့်ပြီး တအားအော်လိုက်တယ်။ အော်သံ ကြားလို့ ဖရင့် တက်လာတယ်။ ဖရင့်က နှစ်ကို မ ချီဖို့ လုပ်နေတုန်းမှာ ကျွန်မလည်း ဆေးရုံကားကို ဖုန်းဆက်ခေါ်တာပဲ။ ဆေးရုံကားသာ ရောက်မလာရင် ကျွန်မလည်း ဘာလုပ်ရမှန်း မသိဘူး။ ဆေးရုံကားက တကယ်ကို ရောက်လာတာ မြန်ပါတယ်"

သူနာပြုဆရာမက-

"ဆေးရုံကားတွေက ခုလို ညကြီးမိုးချုပ်မှာ ဖုန်းဆက်ခေါ်ရင် မြန်မြန် ရောက်တတ်ပါတယ်"

ကိုရာက-

"နှစ်များ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားမလား ဟင်"

သူနာပြုဆရာမက-

"သိပ်ပြင်းထန်မယ် မထင်ပါဘူး။ သူတို့ ဓာတ်မှန်ရိုက်ကြည့်နေကြပါတယ်။ ဓာတ်မှန်ထဲကို ကြည့်လိုက်ရင် အဖြေ တန်းသိမှာပါ။ ဒါပေမဲ့ ကျွန်မ အထင်တော့ ပြင်းပြင်းထန်ထန်ကြီး ဟုတ်မယ် မထင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား... ဒဏ်ရာ ပြင်းပြင်းထန်ထန် မရပါစေနဲ့"

ရဲတွေက တစ်ခွန်းမှ ဝင်မပြောကြဘူး။

ငုတ်တုတ်ထိုင်ပြီး ကျုပ်တို့ကို ကြည့်နေကြတယ်။

❑

အတော်ကြာတော့ နစ်ကို တွန်းလှည်းပေါ် တင်လာပြီး ခွဲစိတ်ခန်းထဲက အပြင် ထုတ်လာကြတယ်။ နောက် သူတို့က နစ်ကို ဓာတ်လှေကားဆီ တွန်းသွားကြတော့ ကိုရာရယ်၊ ကျုပ်ရယ်၊ သူနာပြုဆရာမရယ်၊ ရဲတွေရယ် အားလုံး ဓာတ်လှေကားထဲ လိုက်ကြရတာပေါ့။

အပေါ်ထပ် တစ်ထပ် ရောက်တော့ ဓာတ်လှေကားထဲက ထွက်ပြီး နစ်ကို အခန်းတစ်ခုထဲ ပို့တယ်။ ခုတင်ပေါ်ကို ပြောင်းပြီး ပွေ့တင်ပေးတယ်။ အခန်းထဲ ကျုပ်တို့လည်း စုပြုံလိုက်သွားရတာပေါ့။ အခန်းထဲမှာ ကုလားထိုင် လှစ်ခေ့ထိုင်ဖို့ ဘယ်ရှိမှာလဲ။ နစ်ကို ခုတင်ပေါ် တင်နေကြတုန်း သူနာပြုဆရာမက အပြင်ထွက် ကုလားထိုင် ယူပေးတယ်။ ဒါနဲ့ ထိုင်ကြရတာပေါ့။

အဲဒီအချိန်မှာ တစ်ယောက်ယောက်က တစ်စုံတစ်ရာ ပြောဖို့ လုပ်တယ်လေ။ သူနာပြုဆရာမက စကားမပြောဖို့ တားတယ်။ ငြိမ်သွားကြရော။

ဆရာဝန်တစ်ယောက် ဝင်လာတယ်။ နစ်ကို ကြည့်ပြီး ပြန်ထွက်သွားတယ်။ ကျုပ်တို့လည်း ဒီအတိုင်း ငုတ်တုတ် ထိုင်နေကြရတာ အကြာကြီးပဲ။ တော်ကြာမှ သူနာပြုဆရာမက နစ်အနား သွားတယ်။ ကြည့်တယ်။ ပြီးမှ-

"သူ သတိရလာတော့မယ် ထင်တယ်"

ကိုရာက ဆတ်ခနဲ ကျုပ်ကို လှည့်ကြည့်တယ်။ ကျုပ်က အမြန် မျက်နှာလွှဲလိုက်တယ်။ ရဲတွေက အနားတိုးလာတယ်။ နစ် ပြောတာကို ကြားရအောင်လို့ နေမှာပေါ့။ အဲဒီအချိန် နစ်က မျက်လုံး ပွင့်လာတယ်။

"သက်သာရဲ့လား။ နေသာရဲ့လား ဟင်"

နစ်က ဘာမှ မပြောဘူး။ မှုမဖြေဘူး။ ဘယ်သူမှလည်း ဘာမှ မပြောကြဘူးလေ။ တစ်ခန်းလုံးဟာ ငြိမ်သက်နေလို့ ကျုပ်ရဲ့ ရင်ခုန်သံကို ကျုပ်နားထဲမှာ ကြားရသလို ဖြစ်လာတယ်။ ကျုပ်က-



"နစ်... ဒီမယ်၊ ခင်ဗျား မိန်းမလေ။ မမှတ်မိတော့ဘူးလား။ ခင်ဗျားဗျာ မရှက်ဘူးလား။ မကြီးမငယ်နဲ့ မီးပျက်သွားတာနဲ့ ရေချိုးကန်ထဲမှာ ချော်လဲရတယ်လို့ ကလေးကျနေတာပဲ။ ခင်ဗျား မိန်းမက ခင်ဗျားအတွက် စိတ်ပူပြီး စိတ်ဆိုးနေတာ။ သူ့ကို စကားမပြောတော့ဘူးလား"

နစ်က တစ်ခုခု ပြောဖို့ ကြိုးစားပုံရပါတယ်။ ပြောလို့လည်း ရပုံမပေါ်ဘူး။

သူနာပြုဆရာမက ခေါင်းရင်းဘက်က နစ်ကို ယပ်ခတ်ပေးနေတယ်။ ကိုရာက နစ်ရဲ့လက်ကို ဆုပ်ကိုင်ပြီး ဖွဖွလေး ပုတ်ပေးနေတယ်။

နစ်က မိနစ်အတော်ကြာ မျက်စိမှိတ်ထားပြီး မှိန်းနေပုံရတယ်။ ပါးစပ်ဟဖို့ ကြိုးစားတယ်။ မျက်လုံးဖွင့်ပြီး သူနာပြုဆရာမကို ကြည့်တယ်။ ပြီးမှ-

"အားလုံး မှောင်သွားတာလား ဟင်"

ခဏအကြာ သူနာပြုဆရာမက နစ်ကို-

"နားလိုက်ပါဦး၊ စကားမပြောနဲ့"

ဆိုတော့ နစ် ပြန်ပြီး မျက်စိမှိတ်သွား၊ မှိန်းသွားတယ်။

ဒီတင် ကျုပ်က ကိုရာကို ခေါ်ပြီး အောက်ကို ဆင်းခဲ့တယ်။ နောက် ကားပေါ်တင်ပြီး ထွက်ခဲ့တာပေါ့။

ကျုပ်တို့ ထွက်လာလို့ ဆေးရုံဝင်း အပြင်ဘက် မရောက်သေးဘူး။ ရဲသားကြီးက သူ့ဆိုင်ကယ်ကို နှိုးပြီး ကျုပ်တို့နောက်ကို လိုက်လာတယ်။

ကိုရာက-

"သူ ကျွန်မတို့ကို မသင်္ကာဘူး ထင်တယ် ဖရင့်"

ကျုပ်က-

"ဒီရဲကြီးပဲပေါ့ကွ။ ကျုပ် အပြင်ဘက် ထွက်ပြီး စောင့်နေတုန်း မြင်သွား တွေ့သွားတာ။ အဲဒီကတည်းက သူ့စိတ်ထဲမှာ တစ်စုံတစ်ရာ သင်္ကာကင်း မရဘူး။ ကြည့်နေတာ။ ခုလည်း မသင်္ကာဘူးနဲ့ တူတယ်"

"ဒါဆို ကျွန်မတို့ ဘာလုပ်ကြမလဲ ဟင်"

"မပြောတတ်သေးဘူး။ အခြေအနေတွေအပေါ် တည်တာပဲ။ ရေချိုးခန်းဘက် ထောင်ထားတဲ့ လှေကားအပေါ်မှာလည်း တည်တယ်။ အဲဒီလှေကားက ဘာဖြစ်လို့ အဲဒီမှာ ထောင်ထားရတာလဲလို့။ ဒါထက် ဟိုဝေါလီကိုပဲကောင်"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်။ ခုထိ ကျွန်မကိုယ်ပေါ်က အိတ်ထဲမှာပဲပေါ့"

"ဘုရား… ဘုရား… စောစောတုန်းကများ မင်းကို ဖမ်းပြီး မင်းကိုယ်ပေါ်မှာ ရှာခဲ့ရင်တော့ သွားပြီ။ တို့ဘဝဟာ စုံးစုံးမြုပ်ပြီ"

ကျုပ် ဆောင်ထားတဲ့ မောင်းချများ ထုတ်ပေးပြီး ကိုရာကို ဂေါ်လီတွေ ထုပ်ထားတဲ့ အဝတ်အိတ်ကို ဖြေခိုင်းတယ်။ ပြီးမှ ဂေါ်လီတွေကို ထုတ်ရတယ်။ နောက် ကိုရာကို နောက်ခန်းက ခုံအောက်မှာ အဝတ်အိတ်ကို ထားခိုင်းလိုက်တယ်။ ကားနောက်ခန်း ထိုင်ခုံအောက်က အဝတ်အိတ်ဆိုတာ ဘာမှ မထူးဆန်းတော့ဘူးလေ။

ပြီးမှ ကိုရာကို-

"ကိုရာ နောက်ခန်းမှာပဲ ထိုင်ပြီး နောက်က ပါလာတဲ့ ဆိုင်ကယ်နဲ့ ရဲကို လှမ်းကြည့်နေ။ ကျုပ်က သံဂေါ်လီတွေကို တစ်လုံးချင်း လမ်းဘေးက ချုံတွေထဲကို ပစ်လိုက်မယ်။ ရဲကြီးများ သတိထားမိမလားလို့ စောင့်ကြည့်"

ကိုရာက စောင့်ကြည့်ပေးနေတယ်။ ကျုပ်က ကားကို ဘယ်လက်နဲ့ မောင်းပြီး ညာလက်နဲ့ သံဂေါ်လီတစ်လုံးကို ကားပြတင်းပေါက်ကတစ်ဆင့် လမ်းဘေး ချုံထဲ လှမ်းပစ်လိုက်တယ်။

"ရဲကြီး သတိထားမိပုံ ရသလား"

"မရဘူး"

ဒါနဲ့ သံဂေါ်လီ တစ်လုံးပြီး တစ်လုံးကို တစ်မိနစ်စီလောက် ခြားပြီးတော့ လမ်းဘေးကို လွှင့်ပစ်ပါတယ်။ ရဲကြီးက သတိထားမိပုံ မရပါဘူး။

❑

ကျုပ်တို့ ဆိုင်ရောက်တော့ မှောင်မည်းနေတုန်းပဲ။ ကျုပ်က ဘာမှ မလုပ်နိုင်ဘဲ ဒီအတိုင်း ထားခဲ့တာကိုး။ မိတ္တာသေတ္တာကို သွားတောင် မကြည့်မိဘူး။ ဖျူစ်တွေ ဘာတွေ အသစ်လဲဖို့ ဆိုတာ ဝေးရော။ ဆိုင်ဘက် ကားထိုးရပ်လိုက်တော့ ရဲဆိုင်ကယ်က ကျုပ်ရှေ့ကို အရင်ရောက်အောင် ရပ်လိုက်တယ်။ ပြီးမှ သူက ဆိုင်ကယ်ပေါ်က ဆင်းပြီး-

"ကျုပ် မီတာဖျူစ်သေတ္တာကို ကြည့်လိုက်မယ်"



ကျုပ်က-

"ကြည့်လေ… ကျုပ်လည်း ကြည့်မလို့ပဲ"

ကျုပ်တို့ သုံးယောက်လုံး အိမ်နောက်ဖေးပေါက်ကို အတူထွက်လာကြတယ်။ ရဲသားကြီးက သူ့လက်နှိပ်ဓာတ်မီးကို ဖွင့်ပြီး ထိုးကြည့်တယ်။ မီး ဖွင့်ဖွင့်လိုက်ချင်း ရဲသားကြီးက အသံ တစ်စုံတစ်ရာ ပြုလိုက်ပြီး ခေါင်းငုံ့ကြည့်တယ်။ မြေကြီးပေါ်မှာက ကြောင်ခြေထောက် လေးချောင်း မိုးပေါ်ထောင်ပြီး စန့်စန့်ကြီး သေနေတာ။

ရဲသားကြီးက-

"သနားစရာကောင်းလိုက်တာဗျာ၊ ကြောင်တော့ ပွဲချင်းပြီး သေနေပြီပဲ"

ရဲသားကြီးက ထောင်ထားတဲ့ လှေကားထိပ်အမိုးအောက်ကို လှမ်းပြီး လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တယ်။

ပြီးမှ-

"လက်စသတ်တော့ ဒီလိုကိုး။ ဟော့လူ… မောင်ရင် မှတ်မိတယ် မဟုတ်လား။ ကျုပ်တို့ ဒီကြောင် လှေကားတက်တာကို ကြည့်နေကြသေးတယ်လေ။ ကိုရွှေကြောင်က လှေကားထိပ်ကနေ ဖျူစ်သေတ္တာပေါ် လှမ်းအခုန်လိုက်မှာ ဖျူစ်က ပြတ်၊ ဓာတ်ကလိုက်ပြီး ကြောင်က သေရှာတာကိုး"

"ဟုတ်မယ် ဟုတ်မယ်။ ခင်ဗျား ဆိုင်ကယ် ထွက်သွားလို့ ဘာမှ ကြာလိုက်ဘူး။ သေနတ်သံလို ပေါက်ကွဲသံ ပေါ်ပြီး မီးပျက်သွားတာ။ ကျုပ် ကားကို အထဲသိမ်းချိန် မရလိုက်ဘူး"

"ဟုတ်မယ်၊ ကျုပ်ကိုလည်း လမ်းတစ်ဝက်လောက်မှာ အကြောင်းကြားလိုက်လို့"

"ခင်ဗျား ထွက်သွားတာ ဘာမှ မကြာသေးပါဘူး"

"ဩော်… ဖြစ်မှ ဖြစ်ရပါလေနော်။ ကြောင်များ လှေကားပေါ်ကနေ ဖျူစ်သေတ္တာပေါ် လှမ်းခုန်ရတယ်လို့။ ကြောင်ဆိုတာ လျှပ်စစ်ဓာတ်လိုက်တတ်တယ်လို့မှ မသိရှာဘဲကိုး"

"အင်းဗျာ… သနားပါတယ်"

"အင်းပေါ့လေ၊ ခုတော့ သေရှာပေါ့။ ကြောင်က ကြောင်ချော့ဖျား လှေကားပေါ် တက်မယ်လုပ်တုန်းက ကျုပ် သေသေချာချာ ကြည့်လိုက်မိသေး"

www.burmeseclassic.com

www.burmeseclassic.com



"အရောင်ကလည်း လှပါတယ်"

"အင်းလေ... ခုတော့ သေရှာပေါ့။ ကဲ ကဲ... ကျုပ်လည်း သွားတော့မယ်။ ခုတော့ အဖြစ်အပျက် အားလုံးဟာ ရှင်းသွားပါပြီ။ ဘာပဲပြောပြော ရဲ့ ဆိုတာကတော့ အစစအရာရာကို စစ်ဆေးကြည့်ရတာ မဟုတ်လား။ ခင်ဗျားလည်း နားလည်မှာပါ"

"ဟုတ်ကဲ့ နားလည်ပါတယ်"

"ကဲ... ဒါဆို သွားမယ်။ အမျိုးသမီးလည်း နှုတ်ဆက်ပါတယ်ဗျာ။ သွားမယ်"

ကိုရာက-

"ဟုတ်ကဲ့... ဟုတ်ကဲ့"

❑

## - ၉ -

ကျုပ်တို့ဟာ ကြောင်ကိုလည်း ဘာမှ မလုပ်ကြဘူး။ ဖျူစ်သေတ္တာကိုလည်း ဘာမှ မလုပ်ကြဘူး။ ဘာဆိုဘာမှ မလုပ်ကြတော့ဘူး။

ကျုပ်တို့နှစ်ယောက်သား အိပ်ရာထဲကို တန်းပြီး စမ်းပြီး တွားတက်ခဲ့ကြတယ်။ အိပ်ရာပေါ် ရောက်တာနဲ့ ကိုရာ ချုံးချုံးကျသွားတော့တာပဲ။

ကိုရာ အားပါးတရ ငိုလိုက်တယ်။ ပြီးတော့ ကိုရာရဲ့ တစ်ကိုယ်လုံးဟာ တုန်တုန်ယင်ယင် ဖြစ်နေရှာတယ်။

နာရီ တော်တော်ကြာမှ ကျုပ်က ကိုရာကို ငြိမ်သွားအောင် နှစ်သိမ့်အားပေးနိုင်တယ်။ ကိုရာဟာ ကျုပ်ရဲ့ ရင်ခွင်ထဲမှာ အဲဒီအတိုင်း အကြာကြီး ငြိမ်နေတယ်။ ပြီးမှ စကား စပြောတယ်။

"နောက်ထပ် ဒါမျိုး မလုပ်တော့ဘူး ဖရင့်"

"အမှန်ပဲပေါ့။ နောက်ထပ် ဘယ်တော့မှ မလုပ်တော့ဘူး"

"ကျွန်မတို့ ရူးသွားကြလို့နေမှာ။ တကယ်ကို ရူးသွားကြတာ"

"ကျုပ်တို့ ကံသီလို့ ကြံဖန်လွတ်လာကြတာ"

"ဒါတွေဟာ ကျွန်မ အပြစ်ပါ"

"ကိုယ့်အပြစ်လည်း ပါပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ကျွန်မ အပြစ်သက်သက်ပဲ။ ကျွန်မက အဲဒီလိုလုပ်ဖို့ တွေးမိတာ။ ရှင်က လုပ်မှ မလုပ်ချင်တာ။ မလုပ်ချင်လို့ တားတောင် တား သေးတာပဲ။ နောက်တစ်ခါဆိုရင် ကျွန်မ ရှင့်စကားကို နားထောင်ပါ့မယ် နော်။ ရှင်က အမြော်အမြင် ရှိသူပါ။ ကျွန်မလို အတုံး အ,အမှ မဟုတ်တာ"

"နောက်တစ်ခါဆိုတာ မရှိတော့ပါဘူးကွယ်"

"ဟုတ်တယ်။ နောက်တစ်ခါ မရှိတော့ပါဘူး"

"ကျုပ်တို့ လုပ်ရပ်တွေက တကယ်လို့ အောင်မြင်သွားတောင်မှ သူတို့ ရဲတွေ တွေးမိသွားမှာပဲ။ ရဲတွေဆိုတာ အမြဲ တွေးမိနေကြတာ။ ဒီတော့ ဆက်စပ်တွေးမိသွားမှာပဲ။ ဒါက ရဲတွေရဲ့ အလုပ်ပဲကိုး။ ကြည့်လေ၊ ဟို မော်တော်ဆိုင်ကယ်နဲ့ ရဲကို ကြည့်ပါလား။

"သူက တစ်ခုခု လွဲနေပြီဆိုတာ အနံ့ရတယ်။ သိနေတယ်။ အဲဒီမှာတင် ကိုယ်က ခြေဖျား လက်ဖျား အေးသွားတော့တာပဲ။ ဒီရဲကြီးကတော့ လမ်းမှာ ကိုယ် မတ်တတ်ရပ်နေတာ မြင်တာနဲ့ကို တန်းသိတာ။ သူ ဘယ်လောက် ရာဇဝတ်မှုကို အနံ့ခံကောင်းသလဲ၊ သိလွယ်သလဲလို့။ တကယ့်ကို ထမင်းစား ရေသောက် သိနေတာ။ တကယ်လို့ ဂရိလူမျိုးကြီး နှစ်များ ကိစ္စချောသွားရင် တော့ မိုးမဆုံး မြေမဆုံး ဒုက္ခရောက်ကုန်ကြတော့မှာပဲ"

"တကယ်တော့ ကျွန်မဟာ ငရဲ ကြောင်ရိုင်းမတစ်ကောင် မဟုတ် လောက်ပါဘူး နော် ဖရင့်"

"မဟုတ်ပါဘူးကွယ်၊ ကိုယ် ပြောသားပဲ"

"တကယ်တမ်း ကြောင်ရိုင်းမတစ်ကောင်သာ ဖြစ်မယ်ဆိုရင် ကျွန်မ အဲဒီလောက် လွယ်လွယ်ကူကူနဲ့ ကြောက်သွားမှာ မဟုတ်နိုင်လောက်ဘူးလေ။ အဲဒီတုန်းက ကျွန်မလေ တကယ့်ကို သိပ်ကြောက်သွားတာပဲ ဖရင့်"

"ကိုယ်လည်း အများကြီး ကြောက်သွားခဲ့တာဝါပဲ"

"အဲဒီတုန်းကလေ မီးပျက်သွားတဲ့ အချိန်မှာ ကျွန်မ ဘာကို အတမ်းတ မိဆုံးလဲ ဆိုတာ ရှင် သိလား ဟင် ဖရင့်။ ရှင့်ကိုပဲပေါ့၊ တကယ်တော့ ကျွန်မ က ကြောင်ရိုင်းမတစ်ကောင် မဟုတ်ပါဘူး။ အမှောင်ထဲမှာ ကြောက်သွားပြီး ရှင့်ကို တမ်းတနေမိတဲ့ ကောင်မလေးတစ်ယောက်သာပါ။ အမှောင်ထုကို ကြောက်တတ်တဲ့ ကောင်မလေး တစ်ယောက်ပါ"

"ကိုယ်လည်း ချက်ချင်း ရောက်လာတာပဲ မဟုတ်လား"



"အဲဒါကြောင့် ရှင့်ကို ချစ်နေရတာပေါ့။ ရှင်သာ မရှိရင် ကျွန်မတို့ ဘာဖြစ်သွားမလဲ ဆိုတာတောင် မတွေးဝံ့တော့ပါဘူး။ ရှင်ကသာ ခေါင်းထဲက အကြံထွက်ပြီး စဉ်းစားပေးပေလို့ပေါ့"

"အဲဒီစိတ်ကူးကတော့ မဆိုးဘူး ထင်ပါတယ်။ သူ့ဘာသာ ချော်လဲ တယ်လို့ ဆိုတာလေ"

"အဲဒါကို သူက ယုံတယ်နော်"

"ဒီလိုလေ၊ အဲဒါ ကိုယ့်ရဲ့ အတွေ့အကြုံအရ လုပ်ရတာမျိုးပဲ။ ပြဿနာ တစ်ခုခု ဖြစ်လို့ ရဲနဲ့ ရင်ဆိုင်တွေ့ရပြီဆိုရင် ရဲတွေကို တစ်ခုခု ပြောကိုပြောရ မယ်။ ဒါကတော့ အသေအချာပဲ။ ရဲ ဆိုတာ သူတို့ မရှင်းတာ၊ သိချင်တာ၊ ဇွက်လပ်ဖြစ်နေတာကို မေးကို မေးမယ်။ ကိုယ်ကလည်း ဖြေကို ဖြေရမယ်။ ပြောရမယ်။ ဒီတော့ အမှန်နဲ့ အနီးစပ်ဆုံးကို ပြောတာ အကောင်းဆုံးပဲ။ ကိုယ်က ဒီရဲတွေနဲ့ အတွေ့အကြုံက များလှပြီလေ"

"တကယ်ပဲ၊ ရှင်ကတော့ ပိုင်ပါပေတယ်။ ဖြေရှင်းတတ်ပါပေတယ်။ ကျွန်မရဲ့ ပြဿနာမှန်သမျှ ခုလိုပဲ အမြဲဖြေရှင်းပေးနေမှာပဲ မဟုတ်လား ဟင် ဖရင့်"

"ဒါကတော့ ကိုရာရယ်၊ ကိုရာတစ်ယောက်သာ ကိုယ့်ဘဝမှာ အဓိပ္ပာယ် ရှိတာ၊ တန်ဖိုးရှိတာပဲဟာ"

"ဟုတ်ပါပြီလေ၊ ကျွန်မလည်း ကျွန်မကိုယ် ကျွန်မ ကြောင်ရိုင်းမ တစ်ကောင် ဖြစ်ချင်ပုံမရပါဘူး"

"မင်းက ကိုယ့်အချစ်ကလေးပါ"

"အချစ်ကလေးတော့ ဟုတ်ပါရဲ့။ ထုံထုံထိုင်းထိုင်း အချစ်ကလေးပါ ဖရင့်ရယ်။ ဘာပဲပြောပြော ခုအချိန်ကစပြီး ကျွန်မ ရှင့်စကားကို နားထောင် ပါ့မယ်။ ရှင်က ကျွန်မရဲ့ ဦးနှောက်ပါပဲ။ ကျွန်မက ရှင် ခိုင်းတာ လုပ်ပါ့မယ်။ ကျွန်မက ကောင်းကောင်း အလုပ်လုပ်နိုင်ပါတယ် နော် ဖရင့်။ ကျွန်မတို့ နှစ်ယောက် အဆင်ပြေမှာပါ။ ဘက်ညီပါတယ်"

"ဟုတ်ပါတယ်ဗျာ… ဟုတ်ပါတယ်၊ ကိုယ်တို့နှစ်ယောက် ဘက်ညီ ပါတယ်"

"ဒါဆိုရင် ကျွန်မတို့ အိပ်ကြမှ ထင်တယ်"

"ကိုရာ… အိပ်လို့ ရနိုင်ရဲ့လား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ခုထက်ကြိမ်ဟာ ကျွန်မတို့ နှစ်ယောက် ပထမဆုံး အကြိမ် အတူအိပ်ရတာပဲနော် ဖရင့်"

"ကျေနပ်သဘောကျရဲ့လား ဟင်"

"စည်းစိမ်ပါပဲ။ တကယ့်ကို ခမ်းနားကြီးကျယ်တဲ့ စည်းစိမ်ပါပဲ"

"ဒါဆိုရင် ကိုယ့်ကို ဝွတ်နိုက် နှုတ်ဆက်အနမ်း နမ်းလေ"

"အမယ်လေးလေး... ရှင့်ကို အခုလို ဝွတ်နိုက်လို့ နှုတ်ဆက်တဲ့ အနမ်း နမ်းရတာကိုက ချိုမြိန်လိုက်တာနော်"

❑

နောက်နေ့ မနက် တယ်လီဖုန်းသံကြောင့် ကျုပ်တို့နှစ်ယောက် နိုးလာပါတယ်။ ကိုရာက အိပ်ရာထဲက ထပြီး ဖုန်းသွားကိုင်တယ်။ ခုတင်ဆီ ပြန်လာတော့ ကိုရာ မျက်လုံးတွေက အရောင်ထွက်နေတယ်။ ကိုရာက-

"ဖရင့်... စဉ်းစားစမ်း၊ ဘာများလဲလို့"

"ဘာများပါလိမ့်"

"နှစ်ရဲ့ ခေါင်းခွံက ကွဲသွားတာတဲ့"

"သိပ်ဆိုးသလား"

"မဆိုးလှပါဘူးတဲ့၊ ဒါပေမဲ့ ဆေးရုံမှာ နေရဦးမယ်တဲ့။ တစ်ပတ်လောက်တော့ နေရဦးမယ်။ ထားဦးမယ့်ပုံပါပဲ။ ဒါဆို ခုညလည်း ကျွန်မတို့ အတူတူ အိပ်နိုင်ပြီပေါ့"

"ဒါဆို အိပ်ရာထဲ ပြန်လာလေ"

"ဟယ်... အခုတော့ ဘယ်ဖြစ်မလဲ။ ကျွန်မတို့ ထမှပေါ့။ ဆိုင်ကို လည်း ဖွင့်ရဦးမယ်လေ"

"လာဆို လာစမ်း၊ မလာရင် ထရိုက်မှာ"

"အို... ဖရင့်၊ ရှင်က ရူးနေပြီ"

❑

တကယ့်ကို ပျော်စရာကောင်းတဲ့ ရက်တစ်ပတ်ပါပဲ။ အရာရာအားလုံးဟာ အဆင်ပြေလို့။ နေ့ခင်းနေ့လယ်ပိုင်းဆိုရင် ကိုရာက ဆေးရုံကို သွားတယ်။ ကျန်တဲ့ တစ်ချိန်လုံးမှာတော့ အမြဲ နှစ်ယောက် အတူတူ ရှိနေကြတာပဲလေ။



ဒါပေမဲ့ ကျုပ်တို့ သိပါတယ်။ ဆိုင်ကို အမြဲဖွင့်ထားတာပါ။ ဆိုင်ရဲ့ လုပ်ငန်းလည်ပတ်မှု၊ ရောင်းဝယ်မှုကိုလည်း မြင်ဦးမှကိုး။ ဒါမှ ဖြစ်မှာလေ။

ကံများကောင်းချင်တော့ တနင်္ဂနွေ ကျောင်းပိတ်ရက် တစ်ရက်မှာ အပျော်ခရီး ထွက်လာတဲ့ ကျောင်းသူ ကျောင်းသားလေး ၁၀၀ လောက် ဘတ်စ်ကားသုံးစင်းနဲ့ ဆိုင် ရောက်လာတယ်။ ပျော်ပွဲစားထွက်ကြမှာတဲ့။ တောထဲမှာ စားဖို့ ပါဆယ်ထုပ်တွေ အမြန်လာလုပ်ခိုင်းကြတယ်လေ။ ဒီကလေးတွေ မလာရင်တောင်မှ ဆိုင်ရဲ့ ဝင်ငွေဟာ သိပ်မလျော့ပါဘူး။ ဆိုင်က ရောင်းကောင်းပါတယ်။ ဆိုင်ရဲ့ ဝင်ငွေ နေ့စဉ်စာရင်း ကြည့်လိုက်ရင် ပြည့်လို့ လျှံလို့။ နေ့စဉ် ဝင်ငွေစာရင်း ကြည့်လို့တော့ ကျုပ်တို့အပေါ်မှာ ဘယ်လိုမှ သံသယဝင်စရာ မရှိ။

တစ်နေ့ကျတော့ ဆေးရုံကို ကိုရာ တစ်ယောက်တည်း မသွားဘဲ ကျုပ်ပါ လိုက်သွားတယ်။ ဆေးရုံက ပြန်လာကြတော့ ကမ်းခြေဘက် မောင်းချ လိုက်ကြတယ်။ ကမ်းခြေ အဝတ်လဲခန်းက ကိုရာကို ရေကူးဝတ်စုံ အဝါရောင်နဲ့ ဦးထုပ်နီလေး ပေးဆောင်းတယ်။ အဝတ်လဲခန်းထဲက ကိုရာ ထွက်လာတော့ ရုတ်တရက် ကျုပ်တောင် မြင်မြင်ချင်း မမှတ်မိဘူး။ တကယ့်မြီးကောင်ပေါက် အလေးမလေးကျနေတာပဲ။ တကယ်တော့ ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ် ကိုရာဟာ တကယ် မြီးကောင်ပေါက်ကလေး ရှိသေးတာပဲ ဆိုတာ ကျုပ် မြင်ရတာ။

ကျုပ်တို့ နှစ်ယောက်သား သဲပြင်ပေါ်မှာ ဆော့ကစားကြတယ်။ ရေထဲ ဆင်းပြီး လှိုင်းပုတ်တာ ခံကြတယ်။ ကျုပ်က ကျုပ်ခေါင်းကို လှိုင်းလာရိုက်တာ သဘောကျတယ်လေ။

ကျုပ်တို့နှစ်ယောက် မျက်နှာချင်းဆိုင် ရေအောက်မှာ လက်ချင်းကိုင် ထားမိကြတယ်။ ဒီနောက် ကျုပ် ကောင်းကင်ကို မော့ကြည့်လိုက်တယ်။ ခု အနေအထားမှာ မြင်စရာက မိုးကောင်းကင်ပဲ ရှိတယ်။ အဲဒီအချိန်ကလေးမှာ ကျုပ်က ဘုရားသခင်ကို စဉ်းစားမိတယ်။

❑

"ဖရင့်..."

"ရှာ..."

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန် သူ ပြန်လာတော့မယ်။ သူ ပြန်လာရင် ဘာတွေ ပြန်ဖြစ်မလဲ ဆိုတာ..."

"ကိုယ် သိပါတယ်"

"ဒါပဲ ရှိတာပဲလေ။ တစ်ခုပဲ ရှိတယ်။ သူ ပြန်ရောက်လာတဲ့ အချိန်မှာ ကိုယ်တို့နှစ်ယောက် ဒီမှာ မရှိတော့ဘူး ဆိုရင်တော့ တစ်မျိုးပေါ့"

"ရှင် အဲဒီလို ပြောပါ့မလားလို့ ကျွန်မက စောင့်နေတာ"

"ဟုတ်တယ်လေ၊ မင်းရယ်... ကိုယ်ရယ်... လမ်းမကြီးရယ်"

"ကလေးကချေ လမ်းတေလေတွေလိုပေါ့"

"လမ်းပျော် ဂျစ်ပစီလူမျိုးတွေလိုလေ။ ဘာပဲပြောပြော ကိုယ်တို့နှစ်ယောက် အတူတူ ရှိနေကြမှာ"

"ဟုတ်တယ်နော်၊ ကျွန်မတို့နှစ်ယောက် အတူတူ ရှိနေကြမှာ"

နောက်တစ်နေ့ မနက်ကျတော့ ကျုပ်တို့ ထုပ်ပိုးကြတယ်။ ကျုပ်တို့ ဆိုတာထက် ကိုရာက ထုပ်ပိုးတာပါ။ ဒီကြားရက်တွေထဲမှာ ကျုပ်က ဝတ်စုံ အသစ် တစ်စုံ ဝယ်တယ်။ အဲဒီဝတ်စုံကို ဝတ်လိုက်တာနဲ့ ကျုပ်အဖို့ ထုပ်လို့ ပိုးလို့ ပြီးပြီပေါ့။ ကိုရာက သူ့ပစ္စည်းတွေကို အိတ်တစ်လုံးထဲ ထည့်တယ်။ ပြီးတော့ အဲဒီအိတ်ကို ပိတ်ပြီး ကျုပ်ကို လှမ်းပေးတယ်။

"ဖရင့်... ဒါလေးကို ကားထဲ ထည့်လိုက်စမ်းပါနော်"

"မော်တော်ကား ဟုတ်လား"

"ကျွန်မတို့ မော်တော်ကား မယူခဲ့ကြဘူးလား"

"ကျုပ်တို့နှစ်ယောက်ရဲ့ ပထမဆုံး ညမှာ ထောင်ထဲ အိပ်ချင်ရင်တော့ ယူခဲ့ရုံပေါ့။ ဘယ့်နှယ် မော်တော်ကား ယူခဲ့လို့ရမှာလဲ။ လူတစ်ယောက်ရဲ့ မိန်းမကို ခိုးသွားတာက ဘာအမှုမှ ဖြစ်ချင်မှ ဖြစ်မယ်။ မော်တော်ကား ခိုးသွားရင်တော့ ကားခိုးမှုက တန်းနေတာပဲ"

"အိုး..."

ဘာပဲပြောပြော ကျုပ်တို့နှစ်ယောက် ထွက်လာကြပါတယ်။ ဘတ်စ်ကား ရပ်တဲ့ နေရာကိုက ၂ မိုင်လောက် ဝေးတာလေ။ ဒီတော့ ကျုပ်တို့က ကားကြုံ တားစီးရတော့မှာပဲပေါ့။ ကားတစ်စီး ဖြတ်မောင်းလာတာ တွေ့တိုင်း လမ်းပေါ် တက်၊ ကျုပ်တို့ နှစ်ယောက်သားက လက်မ တထောင်ထောင်နဲ့ ကားကြုံတင် ပေးဖို့ တားရတာကိုး။ ခက်တာက ကားတစ်စင်းကမှ ရပ်မပေးဘူး။ ယောကျ်ား



တစ်ယောက်တည်း ကားကြုံ တားစီးရတာ သိပ်မခက်ဘူး။ မိန်းကလေးတစ်ယောက် တည်းလည်း အကြောင်းကြောင်းကြောင့် ကားကြုံတားစီးရတာ မခက်လှပါ ဘူး။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် နှစ်ယောက် တွဲ ပြီး ကားကြုံတားစီးရတာ သိပ်မလွယ်လှဘူး။ ကားအစင်း ၂၀ လောက် တားပြီး ရပ်မပေးတာ တွေ့ရတော့ ကိုရာက လမ်းပေါ်မှာ ခြေစုံပစ် ရပ်လိုက် တော့တယ်။ ကျုပ်တို့ နှစ်ယောက်သား ကားတားလိုက်၊ ရပ်မပေးလိုက်၊ ဆက်လျှောက်လိုက်နဲ့ လာခဲ့ကြတာ ၂ ဖာလုံ၊ ၃ ဖာလုံလောက်တော့ ရောက် လောက်ပါပြီ။

ကိုရာက-

"ဖရင့်... ကျွန်မ မဖြစ်တော့ဘူး"

"ဘာဖြစ်လို့တုံး"

"ဘာဖြစ်ရမှာလဲ... ဒါပေါ့"

"ဘာ ဒါလဲ"

"ဒီလမ်းပေါ့ ဒီလမ်းပေါ်မှာ ဒီလိုကြီး..."

"ကိုရာ မောနေလို့ပါ၊ ပင်ပန်းနေလို့ပါ။ ဒီလို လုပ်ပါ။ ကိုရာ ဒီမှာပဲ ရပ်နေလေ။ ကိုယ် ကားတစ်စင်းစင်း ရအောင် ခေါ်ခဲ့ပြီး မြို့ထဲ ရောက်အောင် လိုက်ပို့နိုင်းမယ်။ စကတည်းက အဲဒီလို လုပ်ကြရမှာ၊ ဒါဆိုရင် အားလုံး ချောချောမောမောပဲ"

"မဟုတ်သေးဘူး ဖရင့်။ မဟုတ်သေးဘူး။ ကျွန်မ ပင်ပန်းနေလို့ မဟုတ်ဘူး။ ကျွန်မ ခရီးဆက်ဖို့ ဖြစ်ကို မဖြစ်နိုင်တော့တာ။ အဲဒါပဲ"

"ကိုယ်နဲ့ အတူတူ မနေချင်ဘူးလား ကိုရာ"

"အတူတူ နေချင်တယ်ဆိုတာ ရှင် သိပါတယ်"

"ကျုပ်တို့ ပြန်သွားလို့ မဖြစ်ဘူး နော်။ အဲဒါ ကိုရာ သိပါတယ်။ ပြီးတော့ ဟိုဟာလည်း ပြန်စလို့ ရနိုင်တာ မဟုတ်ဘူး။ ဘာမှမဖြစ်သလို အစက ပြန်စလို့ ရတော့တာ မဟုတ်ဘူးနော်။ ကိုရာ သိပါတယ်။ ကိုရာ လိုက်ခဲ့မှကို ဖြစ်မှာ"

"ကျွန်မဟာ တကယ့် တေလေဘဝကို မနေနိုင်ဘူးဆိုတာ ရှင့်ကို ပြောပြီးသားပါ။ ကျွန်မဟာ ဂျစ်ပစီလိုလည်း တကယ်တော့ မနေနိုင်ဘူး။ ခုလို လမ်းမပေါ်မှာ ကားကြုံလိုက်စီးဖို့ တားနေရတာကို ရှက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ခုန ကိုယ် ပြောပါတယ်။ မြို့ကို ရောက်အောင် ကားတစ်စီး သွားရှာပေးပါ့မယ်လို့၊ ကားကြုံ စောင့်တားစီးစရာ မလိုတော့ပါဘူး"

"အဲဒီနောက်…"

"မြို့ ရောက်တော့ ခရီးဆက်ရုံ ရှိတာပဲပေါ့"

"မဟုတ်သေးဘူး ဖရင့်။ ကျွန်မတို့နှစ်ယောက် ဟိုတယ်မှာ တစ်ည အိပ်ကြမယ်။ နောက်နေ့ကျရင် အလုပ်ထွက်ရှာရမယ်။ ရရာအလုပ် ဝင်လုပ်။ ရရာနေရာမှာ အိပ်ကြရုံပဲ ရှိတာပဲ"

"ကိုယ်တို့ အခု စွန့်ပစ်ခဲ့တာကလည်း ရရာအလုပ်၊ ရရာနေရာမှာ အိပ်ခဲ့ကြတာပဲ မဟုတ်လား"

"မတူသေးဘူး ဖရင့်၊ မတူဘူး"

"ကိုရာရယ်၊ ခဏနေရင် နေသားတကျ ဖြစ်သွားမှာပါ"

"ကျွန်မ သိသွားပြီ ဖရင့်၊ ကျွန်မ မလိုက်နိုင်တော့ဘူး၊ ဗွတ်ဘိုင်"

"ကိုယ် ပြောတာ နားထောင်ပါဦး ကိုရာ"

"ဗွတ်ဘိုင် ဖရင့်၊ ကျွန်မ ပြန်ပြီ"

ကိုရာက လမ်းပေါ်မှာ ချထားတဲ့ သူ့အိတ်ကို လှမ်းဆွဲတယ်။ ကျုပ်က လည်း ယောင်ယောင်မှားမှား လိုက်ဆွဲတယ်။ ဘာပဲပြောပြော ကိုရာ့လက်ထဲ ပြန်ပေးဖို့ပါ။ ဒါပေမဲ့ ကိုရာက အရင်ရသွားပြီး အိတ်ကို ကိုင်တယ်။ ပြီးတော့ နောက်ကြောင်း ပြန်လျှောက်သွားလေရဲ့။

ကျုပ်တို့ ခရီး စအတူထွက်လာစက ကိုရာက သိပ်လှတယ်။ အပြာရောင် ဝတ်စုံ၊ အပြာရောင် ဦးထုပ်ကလေး ကြော့လို့ ကော့လို့။ အခု အပြန်လမ်းကို လျှောက်သွားတဲ့ ကိုရာဟာ ချွတ်ခြုံကျနေပုံ ရတယ်။ စီးထားတဲ့ ရှူးဖိနပ်က လည်း ဖုန်တွေ ပေလို့။ လမ်းလျှောက်သွားတာကိုက ဒယီးဒယိုင်နဲ့။ အော်ငိုပြီး လျှောက်သွားနေတာကိုး။

အဲဒီအချိန်မှာ ရုတ်တရက်ကြီးပဲ ကျုပ်လည်း ငိုနေမိတာကိုး။ ဟုတ်တယ်… ကျုပ်လည်း ငိုတယ်။

❑

# - ၆ -

ကျုပ် တစ်ယောက်တည်းပဲ ကြုံတဲ့ ကားနဲ့ ဆန်ဘာနာဒီနိုမြို့ကလေးကို ရောက် လာတယ်။ ဒီမြို့ဟာ ဘူတာမြို့။ ဒီတော့ ကုန်တွဲတစ်တွဲပေါ် တက်၊ အရှေ့ဘက် ကို ခရီးဆက်မယ်ပေါ့။ ရည်ရွယ်တာက အဲဒီလို။ ဒါပေမဲ့ မလုပ်ဖြစ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဘီလိယက်ခုံ တစ်ခုံမှာ လူတစ်ယောက်နဲ့ ဆုံတယ် လေ။ သူနဲ့ ဘီလိယက် ထိုးဖြစ်သွားလို့ပါပဲ။ သူနဲ့ တစ်ပွဲ၊ နှစ်ပွဲလောက် ကစားပြီးတဲ့နောက် သူက သူ့အဖော် ဘီလိယက်သမားတစ်ဦး ခေါ်လာတယ် လေ။ နှစ်ယောက်စလုံးဟာ ဘီလိယက်ဝါသနာအိုးတွေ ဖြစ်ပေမယ့် ကျုပ် အတွက် အချဉ်တွေပါပဲဗျာ။ ရက်သတ္တနှစ်ပတ်၊ သုံးပတ်လောက် သူတို့နဲ့ အတူနေ၊ အတူကစားလိုက်ကြတာ သူတို့မှာ ရှိသမျှ ဒေါ်လာ ၂၅၀ အားလုံး ကျုပ်အိတ်ထဲ ရောက်လာတော့တာပါပဲ။ ဒီနောက်တော့ ဒီမြို့က အမြန်ဆုံး ခွာမှ။

လမ်းပေါ် ရောက်တော့ မက္ကဆီကာလီမြို့ဆီကို ထရပ်ကားကြုံစီးပြီး ထွက်လာခဲ့ပါတယ်။ တစ်ချိန်လုံး ကျုပ် ခေါင်းထဲမှာ ပေါ်နေတဲ့ အတွေးက ကျုပ်အိတ်ထဲက ဒေါ်လာ ၂၅၀ နဲ့ဆိုရင်၊ ဒီလောက် ငွေနဲ့ဆိုရင် ကျုပ်နဲ့ကိုရာ နှစ်ယောက်သား ပင်လယ်ကမ်းခြေ တစ်ခုခုကို သွား။ ဟော့ဒေါ့(ပေါင်မုန့်နဲ့ ဝက်အူချောင်းညှပ်)၊ ဒါမှမဟုတ်ရင် အသင့်စားစရာ တစ်ခုခု ရောင်းဖို့ ရုံးနိုး

www.burmeseclassic.com

www.burmeseclassic.com



လောက်နိုင်တယ်။ အဲဒီလို အစပျိုးပြီးမှ နောက်တစ်ဆင့် တစ်ဆင့် ကြီးမားတဲ့ အလုပ်ကို လှမ်းလို့ ရနိုင်လောက်တယ်။

ဒါနဲ့ ကျုပ်လည်း နောက်ကြောင်းပြန်ပြီး ကားကြုံစီးပြီး ဂလင်းအေးလ်ကို ပြန်လာခဲ့တယ်။ ဈေးနားရောက်တော့ ကားဆရာတွေ လိုအပ်ရာရာ ဝယ်ခြမ်းနေတုန်း ဈေးနားတစ်ဝိုက်များ ကိုရာနဲ့ တွေ့လေမလား ရှာစမ်းကြည့်နေမိသေးတယ်။ ဒါတင်မကပါဘူး။ ဆိုင်ကို လှမ်းပြီး ဖုန်း နှစ်ခါ သုံးခါလောက် ဆက်ကြည့်မိပါသေးတယ်။ အမြဲတမ်း ဖုန်းဖြေတဲ့သူက နစ်ပဲ ဖြစ်နေလို့ ပြန်ပြန်ချလိုက်ရတယ်လေ။

ဈေးနားတစ်ဝိုက် လမ်းသလားနေတုန်း လမ်းထောင့်က ဘိလိယက်ခုံမှာလည်း ဝင်ပြီး ဆော့မိသေးတာကိုး။ တစ်နေ့တော့ ဘိလိယက်ခုံတစ်ခုံမှာ ငနဲသားတစ်ယောက် တစ်ယောက်တည်း ဘိလိယက် လေ့ကျင့်နေတာ တွေ့ရတယ်လေ။ ဒီငနဲဟာ အစိမ်းတစ်ယောက်ပဲ ဆိုတာ မြင်ရုံနဲ့ သိနိုင်တာပဲလေ။ သူ့ရဲ့ ကျူကိုင်ပုံ ကြည့်တာနဲ့ သိနိုင်တယ်လေ။

ကျုပ်လည်း ကပ်ရက်ခုံမှာ တစ်ယောက်တည်း ဘိလိယက် လေ့ကျင့်နေလိုက်မိတယ်။ စိတ်ထဲမှာလည်း ဒေါ်လာ ၂၅၀ ဟာ ယောဒေါ် လမ်းဘေးခုံလေးနဲ့ ဆိုင်တစ်ဆိုင် ဖွင့်လို့ရနိုင်တယ်ဆိုရင် ဒေါ်လာ ၃၅၀ ဆိုရင်တော့ ပိုကောင်းမှာပေါ့။

ဒီတော့ ကျုပ်က အဲဒီငနဲကို–

"ကျုပ်တို့နှစ်ယောက် တစ်ပွဲလောက် စမ်းကစားကြည့်ရအောင်လား"

"ကျုပ်က သိပ်မကစားတတ်ဘူးဗျ"

"ဘိလိယက်ပဲဗျာ၊ ဒီလို ကစားကြရတာပဲ။ ဒါမှ လက်တက်မှာ"

"ခင်ဗျား လက်ကြည့်ရတာ ကျုပ်ထက် အများကြီးသာပုံပဲဗျ"

"အလကားလက်ပါဗျာ။ ဒီလို ဒီလိုပါပဲ"

"အင်းလေ··· အပျော်တမ်းပဲ ဆိုတော့ ကစားကြည့်ကြတာပေါ့"

ဒါနဲ့ ကျုပ်တို့ ကစားဖြစ်ကြပါတယ်။ ကျုပ်က သူ့ကို နှစ်ပွဲ၊ သုံးပွဲ အနိုင်ပေးလိုက်တယ်။ ဒါမှ ဒီငနဲ စိတ်ပါလာမှာကိုး။ ကစားနေတုန်းလည်း ကျုပ်က ခေါင်းတခါခါ လည်တခါခါ လုပ်ပြီး ကျုပ် ဘယ်လိုကြောင့်များ ရှုံးနေပါလိမ့်ပေါ့လေ။



"ခင်ဗျားက နိုင်နေပါပေါ့လား။ ကျုပ်က မရှုံးသင့်ဘူးဗျ။ ကျုပ် ဒီထက် ကောင်းကောင်း ထိုးနိုင်ရမယ်ဗျ။ လက်မနွေးသေးလို့ပဲ ထင်တယ်။ ပွဲနဲ့ နည်းနည်းတူအောင် တစ်ဒေါ်လာကြေးလောက် ကစားကြရအောင်လေ"

"အင်းလေ··· တစ်ဒေါ်လာကြေးလောက် ဆိုရင်တော့ သိပ်မရှုံးနိုင်လောက်ပါဘူး။ ကစားကြည့်ကြတာပေါ့"

ကျုပ်တို့ တစ်ပွဲ တစ်ဒေါ်လာကြေး ကစားဖြစ်ကြတယ်။ ကျုပ်က လေး ငါးပွဲ အရှုံးပေးလိုက်တယ်။ ကျုပ် ထိုးနေပုံက စိတ်လှုပ်ရှားပြီး ထိုးမရတဲ့ ပုံမျိုးလေ။ ထိုးနေတုန်းမှာလည်း လက်ဖဝါးကို လက်ကိုင်ပဝါ ထုတ်ထုတ်ပြီး သုတ်ပေးရသေး။ ချွေးပြန်လာလို့ပေါ့လေ။ ပြီးမှ–

"ခုထိ ကျုပ် လက်မှန် မပေါ်သေးဘူး ထင်တယ်ဗျ။ ကျုပ် ခင်ဗျားဆီက ပိုက်ဆံ မလိုချင်ပါဘူး။ ဒါပေမဲ့ ရှုံးတာလေး ပြန်ရအောင် တစ်ပွဲ ၅ ဒေါ်လာကြေး ကစားရအောင်ဗျာ။ ပြီးရင် တော်ကြတာပေါ့"

ကျုပ်တို့ ၅ ဒေါ်လာကြေး ကစားကြပြန်ပါရော။ ကျုပ်က လေး ငါးပွဲ အရှုံးပေးလိုက်ပြန်ရော။ ကျုပ်ရဲ့ အမူအရာ အကဲတင်ကတော့ နှလုံးရောဂါဖြစ်တော့မလိုလိုလေ။

ကျုပ်က မကျေမနပ်ဟန်နဲ့–

"ကျုပ် ကျေကို မကျေနပ်ဘူးဗျာ။ ကျုပ်လက် ဒီလောက် မညံ့ပါဘူး။ တစ်ပွဲ ၂၅ ဒေါ်လာကြေး ကစားမယ်ဗျ။ ဒါမှ အရှုံးပြန်ကာမိတော့မှာ။ ပြီးရင် ကျုပ်တို့ အရက်သောက်ကြတာပေါ့ဗျာ"

"၂၅ ဒေါ်လာကြေးကတော့ များလွန်းတယ်ဗျ"

"မများပါဘူး။ ခင်ဗျားက အနိုင်ပိုက်ဆံနဲ့ ကစားရတာပဲဟာ"

"အင်းလေ··· ဒါဆိုလည်း ကစားကြတာပေါ့"

အဲဒီအချိန်ကျမှ ကျုပ်က လက်ကုန်ထုတ်ပြီး ကစားပါတော့တယ်။ ကျုပ်က သူ မထိုးတတ်တဲ့ ထိုးပေါက်တွေ ထိုးတယ်။ ကျူရှင့် သုံးခုလုံး ထိပြီးမှ ဝင်အောင် ထိုးပြတယ်။ ဘောလုံးတွေကို ကြိုက်သလို ဆိုက်ပေးပြီး အမျိုးမျိုး ထိုးပြတယ်။ စက်စကရုဆွဲတယ်။ တစ်ခါများ ခုန်ပြီးတောင် ထိုးပြလိုက်သေး။ သူကတော့ ထုံးစံအတိုင်း အလွဲလွဲအမှားမှားတွေ ထိုးတယ်။ ကျူတွေ ဘာတွေတောင် ချော်ပြီး ထိုးလိုက်သေး။

www.burmeseclassic.com

www.burmeseclassic.com



ဘီလိယက်ခုံထဲက ကျုပ် ထွက်လာတော့ ကျုပ်အိတ်ထဲက ဒေါ်လာ ၂၅၀ အပြင် ကိုရာ ဈေးသွားမယ့်အချိန်ကို သိဖို့ ဝယ်ပတ်ထားတဲ့ ၃ ဒေါ်လာ တန် နာရီတစ်လုံးပါ အဆစ်ရှုံးသွားပါတော့တယ်။

အို… ဟုတ်ပါတယ်။ ကျုပ်ဟာ ဘီလိယက် အထိုးကောင်းတဲ့ ကျွမ်းကျင် သူတစ်ယောက် ဖြစ်တာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကျုပ်ဟာ တကယ်မကောင်း လို့ နိုင်အောင် မထိုးတတ်တဲ့ ဘီလိယက်သမားပဲ ဖြစ်နေတာကိုး။

❑

"ယော်… ဖရင့်"

လှည့်ကြည့်လိုက်တော့ ဂရိုင်နဲ့ကြီး နစ် လမ်းတစ်ဖက်က အမောတကော ကျုပ်ဆီကို ပြေးလာနေတာ။ ရှောင်ဖို့ အချိန်မရခင်မှာဘဲ အနားရောက်လာပါ တော့တယ်။ သူက-

"ဖရင့်ရာ… မင်းကတော့ တကယ့်လူပါပဲကွာ။ ဘယ်ပျောက်သွား တာလဲ။ ကျုပ်တစ်ယောက် မင်းကို အလိုအပ်ဆုံး အချိန်မျိုးမှာမှ ထွက်သွား ရတယ်လို့"

ကျုပ်တို့ နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်လိုက်ကြပါတယ်။ နစ် ခေါင်းမှာ ပတ်တီး ခုထိ ရှိတုန်း။ မျက်လုံးအကြည့်တွေကလည်း တစ်ရွေ ရယ်။ ဒါပေမဲ့ ဝတ်စားထားတာက အပျံစားမှ အပျံစား။ ဝတ်စုံအသစ် မရမ်းရောင် နက္ကတိုင်စည်း၊ အညိုရောင် အကောင်းစား ရှူးဖိနပ်စီးထားပြီး ဦးထုပ်အနက်ကို ဆောင်း။ လက်ထဲမှာလည်း ဆေးပြင်းလိပ်ကို စတိုင်ပါပါ ကိုင်လို့။

ကျုပ်က-

"နစ်ပါလား၊ ဘယ့်နှယ် နေသေးသလဲ ဆရာကြီး"

"ကျုပ်လား… ကောင်းပါဗျာ။ သူ့ထက် ကောင်းတာတော် သူ လောက် မကောင်းဘူး ထင်ပါရဲ့။ ဒါနဲ့ နေပါဦး၊ မောင်ရင်က ဘာလို့ ထွက်ပြေးသွားရတာလဲ။ ကျုပ် မောင်ရင့်ကို သိပ်စိတ်ဆိုးနေတာ သိလား တကယ်မျိုး ဆိုးတဲ့လူကွာ"



"ဒါတော့ နစ်ရယ်… ခင်ဗျားလည်း ကျုပ်အကြောင်း သိပါတယ်။ ကျုပ် ခြေထောက်မှာ ဗွေပေါက်နေတဲ့ လူမျိုးလေ။ တစ်နေရာရာမှာ နေလို့ ခင်မပူခင် ထပြေးတတ်တဲ့ လူစားလေ၊ လိမ့်သွားတာပေါ့"

"မောင်ရင်လေးကတော့လေ… တကယ့် အချိန်ကောင်းမှာ လျှာလိပ် သွားရတယ်လို့။ ထားပါလေ၊ ဒါထက် မောင်ရင် အခု ဘာလုပ်နေသလဲ။ ဘာမှ မလုပ်ဘူး မဟုတ်လား။ ငါ သိပါတယ် သာလိကာရယ်၊ လာ… ကျုပ် ဆိုင်အတွက် အသားဝယ်လိုက်ဦးမယ်။ ပြီးတော့ ဖြစ်ကြောင်းကုန်စင် ပြောပြ မယ်"

"ခင်ဗျားက တစ်ယောက်တည်းလား"

"ဘာအူကြောင်ကြောင် စကားတွေ လာပြောနေတာလဲ။ မင်းဆိုင်က ထွက်သွားမှတော့ ကျုပ်နဲ့ ကိုရာ တစ်ယောက်ယောက် ဆိုင်ကျန်ရစ်မှ တစ်ယောက် က ထွက်လို့ ရတော့မှာပေါ့။ တစ်ယောက်တည်းပဲပေါ့ကွ"

"ဒီလိုဆို သွားကြတာပေါ့လေ"

နစ်ဟာ အသားဆိုင်ထဲ ဝင်ပြီး အသားဝယ်တာ တစ်နာရီလောက် ကြာ ပါတယ်။ တစ်ချိန်လုံး နစ်ဟာ သူ့ခေါင်း ဒဏ်ရာက ဘယ်လို၊ ဆရာဝန်တွေ က သူ့ခေါင်းကွဲပုံကွဲနည်းမျိုး တွေ့ကို မတွေ့ဖူးဘူးလို့ ပြောပြီး တအံ့တသြ ဖြစ်ကြတဲ့အကြောင်း၊ ဖရင့် မရှိတော့ ရှာရတဲ့ အကူတွေလည်း တစ်ယောက်မှ အသုံးမကျပုံ၊ နှစ်ယောက်ပဲ ရခဲ့ပြီး ပထမတစ်ယောက်ဆိုရင် ခိုးပြီး အသုံးမကျ လို့ နောက်ရက်မှာပဲ ထုတ်ပစ်လိုက်ရတဲ့အကြောင်း၊ နောက်တစ်ယောက်က တော့ ၃ ရက် အကြာမှာပဲ ငွေဘုံးဖို့ ကြိုးစားလို့ ထုတ်ပစ်လိုက်ရတဲ့အကြောင်း၊ ကျုပ်ကိုသာ ပြန်ရမယ်ဆိုရင် သူက ဘာပဲလုပ်ရလုပ်ရလို့ နစ်က တစ်ချိန်လုံး ပြောပြပါတယ်။

နစ်က-

"ဒီမယ် ဖရင့်၊ ကျုပ် ပြောပြမယ်။ နက်ဖြန်ကျရင် ကျုပ်နဲ့ ကိုရာတို့ ဆန်တာဘာဘာရာကို သွားဖို့ စီစဉ်ထားတယ်ကွ။ ဘယ့်နှယ်ကွာ၊ ဒီအခန်း၊ ဒီဆိုင်ကလေးထဲပဲ တစ်သက်လုံး အောင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ။ အပြင်လေး ဘာလေး ထွက်ဦးမှပေါ့။ ဆန်တာဘာဘာရာမှာ ပွဲတော် (Fiesta) ကြီးတစ်ခု ရှိတယ်။ အဲဒါ မောင်ရင်ပါ လိုက်ခဲ့။ မနိုပ်ဘူးလားကွာ။ ဖရင့်၊ တို့နှစ်ယောက် ရဲ့ အကူလိုက်ခဲ့။ အဲဒီမှာ မောင်ရင် ကျုပ်ဆီ အလုပ်ပြန်လုပ်ဖို့ တိုင်ပင်စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောကြတာပေါ့။ ဘယ်လိုလဲ ဖရင့်။ ဆန်တာဘာဘာရာ ဖီးယက်စတာပွဲတော်ကို သဘောကျမှာပါ''

''ကြားဖူးပါတယ်၊ ကောင်းတယ်လို့၊ ကြီးကျယ်တယ်လို့''

''ကောင်းဆို၊ မိန်းကလေးတွေက လှတယ်ကွာ၊ တေးဂီတက ကောင်းတယ်၊ လမ်းမတွေပေါ်မှာ ကကြ ခုန်ကြတာ တကယ် ပျော်စရာကောင်းတဲ့ပွဲတော်ကွ။ လိုက်ခဲ့ပါကွ ဖရင့်ရ၊ ဘယ်လိုလဲ''

''အဲ… မပြောတတ်အောင်ဘဲဗျ''

''လုပ်မနေနဲ့ ကိုယ့်လူ၊ မောင်ရင့်ကို တွေ့ရဲ့သားနဲ့ ရအောင် ခေါ်မလာခဲ့ရင် ကိုရာကလည်း ကျုပ်ကို စိတ်ဆိုးမှာဗျ။ ကိုရာက မောင်ရင့်ကို ဆက်ဆံခဲ့ရာမှာ မာရေကျောရေ ရှိချင်သာ ရှိတာပါ၊ မောင်ရင့်ကို လူတော်လို့ ကိုရာက အသိအမှတ်ပြုပြီးသားပါ။ ဒီမယ် ဖရင့်၊ လိုက်သာ လိုက်ခဲ့စမ်းပါကွား တို့ သုံးယောက် သွားကြတာပေါ့။ ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ လို့''

''ကိုရာကပါ လိုလိုလားလား ရှိမယ်ဆိုရင် လိုက်တာပေါ့ဗျာ။ အိုကေပေါ့''

ကျုပ်တို့ နှစ်ယောက် ဆိုင်ပြန်ရောက်တော့ ဆိုင်ရဲ့ စားသောက်ခန်းထဲမှာ စားသောက်နေတဲ့ သူက ၉ ယောက်၊ ၁၀ ယောက်လောက် ရှိတယ်၊ ကိုရာကတော့ မီးဖိုချောင်ဘက်မှာ ပန်းကန်တွေ မြန်နိုင်သမျှ မြန်အောင် ဆေးနေလေရဲ့။ ဒါမှလည်း စားသောက်သူတွေကို မီအောင် လောက်အောင် ချပေးနိုင်မှာကိုး။

နစ်က လှမ်းအော်ပြီး–

''ဟေး ဟေး ကိုရာရေ… ဒီမှာ ကြည့်စမ်း၊ ကိုယ် ဘယ်သူ့ကို ခေါ်လာသလဲလို့''

ကိုရာက လှမ်းကြည့်လိုက်ပြီး–

''အလို ဘုရားရေ… သူက ဘယ်က ဘယ်လို ပေါ်လာတာလဲ''

''ဂလင်ပလေမှာ ကိုယ် တွေ့လို့ ဆွဲခေါ်လာခဲ့တာ၊ သူလည်း တို့ နှစ်ယောက်နဲ့အတူ ဆန်တာဘာဘာရာ လိုက်မှာကွ''

ကျွန်တော်က ကိုရာကို ကြည့်ပြီး–



''ဟဲလို… ကိုရာ၊ နေကောင်းရဲ့လား''

''ရှင်က အခု ဒီမှာ လူစိမ်း ဖြစ်နေပြီပေါ့''

ကိုရာဟာ သူ့လက်ကို အမြန်သုတ်လိုက်ပြီး ကျုပ်ကို လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။ ကိုရာရဲ့ လက်ဟာ ဆပ်ပြာနဲ့ ခပ်ချောချောပဲ။ ကိုရာဟာ နောက်ထပ် မှာကြားတဲ့ အစားအသောက် စာရင်း ယူပြီး မီးဖိုဘက် ပြန်ဝင်သွားတယ်။ နစ်ကတော့ ကျုပ်နဲ့အတူ စားပွဲမှာ ထိုင်လိုက်တယ်။ ထုံးစံအတိုင်းကတော့ နစ်ဟာ မှာကြားလိုက်တဲ့ အစားအသောက်တွေ ပြင်ဆင်ပေးဖို့ ကိုရာကို တူညီပြီး လုပ်ပေးနေကျပါ။ ဒါပေမဲ့ ခုကျတော့ သူ့မှာ ပူပူနွေးနွေး ပြစရာက ရှိနေတယ်လေ။ ကိုရာ တစ်ယောက်တည်း လုပ်ပါစေပေါ့။

နစ်က စားပွဲပေါ်ကို မှတ်တမ်းစာအုပ်ကြီး တစ်အုပ် ချလိုက်တယ်။ အထဲမှာက သူ့ဘဝရဲ့ မှတ်တမ်းမှတ်ရာ၊ အရေးကြီးတဲ့ အကြောင်းအရာ ဓာတ်ပုံတွေ ဖြတ်ညှပ်ကပ်ထားတာလေ။ သူတို့ရဲ့ လက်ထပ်စာချုပ် ပါတယ်။ လော့စ်အိန်ဂျယ်လိမြို့နယ်မှာ စားသောက်ဆိုင် ဖွင့်ဖို့ ချပေးတဲ့ လိုင်စင် ပါတယ်။ ဂရိစစ်တပ်မှာ သူ စစ်မှုထမ်းစဉ်က စစ်သားများနဲ့အတူ စုရိုက်ထားတဲ့ ဓာတ်ပုံ ပါတယ်။ ကိုရာနဲ့ သူတို့ လက်ထပ်ပြီးခါစမှာ ရိုက်ထားတဲ့ ဓာတ်ပုံပါတယ်။ ပြီးတော့မှ သူ ခေါင်းကွဲရတဲ့ ဖြစ်ရပ်သတင်းရဲ့ သတင်းစာဖြတ်ပိုင်းလေ။ မြို့နယ် သတင်းစာထဲမှာ ပါတဲ့ သတင်းဖြတ်ပိုင်းတွေပါပဲ။ သတင်းမှာက သူ့အကြောင်း မပါသလောက်ပါ။ ဓာတ်လိုက် သေသွားတဲ့ ကြောင်အကြောင်းသာ အများကြီး ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားတာ။ ဘာပဲပြောပြောလေ နစ် နာမည် ပါနေတာကတော့ အမှန်ပါပဲ။

သူ ခေါင်းကွဲပြီး ဂလင်ပလေဆေးရုံ တင်ရတဲ့အကြောင်း၊ ဒဏ်ရာ သိပ်မပြင်းထန်ဘဲ ပြန်လည်ကောင်းမွန်လာနိုင်တဲ့အကြောင်း၊ နောက်ထပ် တစ်ခုကတော့ လော့အိန်ဂျယ်လိ ဂရိအမျိုးသားတွေ ထုတ်ဝေတဲ့ သတင်းစာရဲ့ ဖြတ်ပိုင်း။

အဲဒီမှာတော့ နစ်က ဝတ်စုံအသစ်နဲ့ ဘာနဲ့။ သူ့အကြောင်း သူ့ဘဝကိုလည်း ရေးသား ဖော်ပြထားရဲ့။ နောက်ထပ် ကပ်ထားတာတွေကတော့ ဓာတ်မှန်တွေပါပဲ။ ဓာတ်မှန်တွေကတော့ အများကြီးရယ်။ ဆေးရုံမှာက နေ့တိုင်း သူ့ ခေါင်းကို ဓာတ်မှန်ရိုက်ပြီး အခြေအနေ တိုးတက်မှု မှတ်တမ်း ပြုခဲ့တာကိုး။ သူ့ရဲ့ မှတ်တမ်းစာအုပ်မှာ ဓာတ်မှန်တွေကို ကပ်ထားပုံက အသေ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဓာတ်ပုံ ကပ်သလို ထောင့်တွေတင် ကော်နှာလေးတွေနဲ့ ထိန်းထားတာ ကြည့်ချင်သူက ဓာတ်မှန်ကို ထုတ်၊ အလင်းရောင်မှာ ကြည့်။ နောက် ပြ... ထည့်လို့ရအောင် လုပ်ထားတာ။ ဓာတ်မှန်တွေ ပြီးတဲ့နောက်မှာတော့ ဆေး... က ပေးလိုက်တဲ့ ငွေစာရင်းရှင်းတမ်း ဘောက်ချာစာရွက်တွေ၊ ဆရာဝန်များရဲ့ ဆေးကုသခ၊ သူနာပြုဆရာမများရဲ့ အခကြေးငွေ အစ အားလုံး ပါတယ်။ နစ်ရဲ့ ခေါင်းကွဲရတဲ့ စုစုပေါင်း ကုန်ကျစရိတ်က ၃၂၂ ဒေါ်လာပါပဲ။ ယုံချင်ရင် ယုံပေါ့။

မှတ်တမ်းစာအုပ်ကိုလည်း ကြည့်ပြီးရော နစ်က-

"ကဲ... ဘယ့်နှယ် သဘောရလဲ ဖရင့်"

"ကောင်းမှကောင်းဗျာ။ အားလုံး စနစ်တကျ မှတ်တမ်းတင်ထားတဲ့ စာအုပ်ပါပဲ"

"အမှန်ပဲပေါ့။ ဒါပေမဲ့ မပြည့်စုံသေးဘူးကွ။ ဒီစာအုပ်ကို အနီတွေ အပြာတွေ၊ အဖြူတွေ ခြယ်ရဦးမယ်။ ဒီမယ် ကြည့်..."

နစ်က တချို့ စာမျက်နှာပေါ်မှာ အရောင်တွေခြယ်၊ အမေရိကန်အလံတို့ ဂရိအလံတို့ ထည့်ထားပြီး နိုင်ငံသားအဖြစ် အသိအမှတ်ပြုတဲ့ မှတ်တမ်း ရှိတဲ့ စာမျက်နှာမှာ အမေရိကန်အလံ၊ ဂရိစစ်သားတွေ စုရိုက်ထားတဲ့ ဓာတ်ပုံပါတဲ့ စာမျက်နှာတွေမှာတော့ ဂရိအလံပေါ့လေ။ ကျုပ်ကိုလည်း ကျန်တဲ့ နေရာတွေ မှာ၊ ဘယ်လိုပုံတွေ ထပ်ကပ်ဖို့ လိုသလဲလို့ မေးတယ်လေ။

ကျုပ်က ခေါင်းကွဲတဲ့ အဖြစ်အပျက် သတင်းစာဖြတ်ပိုင်းရဲ့ ထိပ်မှာ အနီ၊ အဖြူနဲ့ အပြာရောင်တွေနဲ့ ရေးထားတဲ့ ကြောင်တစ်ကောင်ရဲ့ အရုပ်ကို ခွဲ၊ ကြောင်အမြီးမှာ မီးတွေ ထွက်နေပါစေလို့ ဆိုတော့ နစ်က အတော်ကောင်း တဲ့ အကြံလို့ ပြောတယ်။ အဲဒီအချိန်လေးမှာပဲ ကျုပ်က ဖျတ်ခနဲ စဉ်းစား သွားတယ်။ သဘောပေါက်သွားတယ်။ ဘာဖြစ်လို့ နစ်တစ်ယောက် အရင် တုန်းကလို ပစ်စလက်ခတ် ဝတ်စားပုံမျိုး မဟုတ်တော့ဘဲ သားသားနားနား အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦးလို ဝတ်စားနေရတာလဲ ဆိုတာလေ။

ဒီဂရိအမျိုးသား နစ်ဟာ သတင်းစာထဲမှာ ခေါင်းကွဲတာ အပါခံရတဲ့ ပုဂ္ဂိုလ်။ ဒီလိုကိစ္စမျိုး ဆိုတာ နိစ္စဓူဝ ပေါက်ပန်းဈေးလူတွေ ဖြစ်နိုင်၊ ကြုံနိုင် တာမျိုးမှ မဟုတ်တာ။ အာဂလူ၊ တကယ့်လူ၊ အဓိကလူ၊ ဒါကြောင့် ဒီဂရိ



အမျိုးသားဟာ တခမ်းတနား ဝတ်ဆင်နေရတာပေါ့။ သူ့ဘဝမှာ အကြီးအကျယ် ကိစ္စကြီး ဖြစ်ခဲ့သည်ကော။

❏

နေ့လယ်စာ စားချိန်နား နီးလာခါမှ ကိုရာနဲ့ နစ်ယောက်ချင်း တွေ့ခွင့်ရတာ။ နစ်က ကိုယ်လက် သန့်စင်ဖို့ အပြင်ဘက်အထွက် မီးဖိုချောင်ထဲမှာ ကျုပ်နဲ့ ကိုရာ နစ်ယောက်တည်း ကျန်ရစ်တယ်။

ကျုပ်က-

"ကိုရာ... ကျုပ်အကြောင်းကို စဉ်းစားနေရဲ့လား။ သတိကော ရနေ ရဲ့လား"

"အသေအချာပေါ့။ ရှင့်ကို အလွယ်တကူ မြန်မြန်ဆန်ဆန် မေ့ပျောက် နိုင်မှ မဖြစ်နိုင်တာ"

"ကျုပ်လည်း မင်းအကြောင်းကို တစ်ချိန်လုံး သတိရနေတာ။ ဒါထက် ကိုရာ နေကော ကောင်းရဲ့လား"

"ကျွန်မလား... ကောင်းပါတယ်"

"ကျုပ် ကိုရာဆီကို ဖုန်းမကြာခဏ ဆက်ဆက်ကြည့်တယ်။ ဒါပေမဲ့ နစ်ကပဲ ဖြေဖြေနေတယ်လေ။ ကျုပ်ကလည်း သူနဲ့ စကားပြောဖို့ ကြောက်နေ တယ်လေ။ ဒါထက် ကျုပ် ငွေတော်တော်များများ ရာလို့ရတယ်"

"ဟုတ်လား၊ ဝမ်းသာစရာပေါ့။ ရှင် အဆင်ပြေနေတယ် ဆိုတာ ကောင်းတာပေါ့"

"ကျုပ် နိုင်တာပါ၊ ဒါပေမဲ့ ပြန်ရှုံးသွားတယ်။ နိုင်တုန်းက ရလာတုန်း က အဲဒီငွေနဲ့ဆိုရင် မင်းနဲ့ ကျုပ် အလုပ်တစ်ခုကို မ တည် စနိုင်မယ်လို့ စဉ်းစားနေခဲ့တာ။ ဒါပေမဲ့ ကျုပ်က အဲဒီငွေတွေ ပြန်ရှုံးပစ်ခဲ့တယ်"

"ဟုတ်လား"

"မင်း ကျုပ်အကြောင်း စဉ်းစားနေတယ် ဆိုတာ တကယ်လား ကိုရာ"

"တကယ်ပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကိုရာရဲ့ အမူအရာတွေက ဟန်လုပ်နေသလိုပဲ"

"ဟုတ်လား"

"ကိုယ့်ကို အနမ်းတစ်ခုလောက် မပေးတော့ဘူးလား"

"ခဏနေ နေ့လယ်စာ စားကြရတော့မှာ။ ရှင် အဆင်သင့် ပြင်ထား တော့လေ။ ကိုယ်လက် သန့်စင်ဖို့လေး ဘာလေး လုပ်ပါလား"

အဲဒီလိုကြီး ဖြစ်နေတာ။ ညနေအထိလည်း အဲဒီအတိုင်းပဲ။ နှစ် ထုံးစံအတိုင်း ဝိုင်ချိုချိုပျစ်ပျစ်တွေ သောက်တယ်။ သီချင်းဆိုတယ်။ ကျုပ် ကိုရာက နံဘေးက ထိုင်လို့ပေါ့။

ဒီအချိန်ထိ ကြည့်ရတဲ့ပုံပန်းက ကျုပ်ဟာ ဒီဆိုင်မှာ တစ်ခါက အလု လုပ်ဖူးတဲ့ လူတစ်ယောက် ပြန်ရောက်လာသလိုလို၊ ပိုဆိုးတာက အဲဒီအလုပ်သမ ဟောင်းရဲ့ နာမည်ကို မမှတ်မိတော့သလိုလို၊ မေ့သွားသလိုလို ပုံမျိုးပေ ဒီတော့ ဘဝမှာ အိမ်ပြန်ရောက်လာတဲ့ လူတွေထဲမှာ အဆိုးဆုံး ကြုံရခြင်းမျ ပါပဲ။

❑

အိပ်ချိန် ရောက်လာတော့ သူတို့နှစ်ယောက်က အပေါ်ထပ်ကို တက်သွားကြ တယ်။ ကျုပ်ကတော့ အပြင်ဘက် ထွက်လာခဲ့တယ်။ စဉ်းစားဖို့ပါ။

ဒီမှာပဲ ဆက်နေပြီး ကိုရာနဲ့ ကျုပ် ပြန်ဆက်ဆံဖြစ်မှာလား ဆိုတာ စောင့်စားကြည့်မလား။

ဒါမှမဟုတ် ဒီက တစ်ခါတည်းပဲ ထွက်သွားပြီး ကိုရာကို မေ့ပျောက် ပစ်ဖို့ ကြိုးစားရမှာလားပေါ့။

ကျုပ်က လမ်းလျှောက်နေမိတယ်။ ဘယ်လောက်ကြာကြာ၊ ဘယ်လော ဝေးဝေး လျှောက်မိတယ် မသိပါဘူး။ ဒါပေမဲ့ ဆိုင်ဘက်ဆီက ရန်ဖြစ်သံလို ကြားတယ်။ ဒါနဲ့ ကျုပ် ဆိုင်ဘက် ပြန်ကပ်လာတယ်။ နီးလာတော့ သူ နှစ်ယောက်ရဲ့ ရန်ဖြစ်သံကို အတော်ကြားလာရပါတယ်။ ကိုရာက သံကု ဟစ်ပြီး ကျုပ်ကို မောင်းထုတ်ဖို့ အော်နေတာ။ နစ် အသံကတော့ ဗလုံးဗထွေး

ကြည့်ရတာတော့ နစ်က ကျုပ်ကို ဒီမှာပဲ အလုပ်ပြန်လုပ်ခိုင်းမ သဘောပဲ ထင်ပါရဲ့။ နစ်က ကိုရာကို ငြိမ်ငြိမ်နေစမ်းလို့ ပြောပုံရပါတယ်



ကိုရာက မရဘူး အော်ပြောတယ်။ ကိုရာ အော်နေပုံက ကျုပ်သာ အိပ်အခန်းထဲ ရှိနေမယ်ဆိုရင် အတိုင်းသား ကြားရတယ်။ ကျုပ် ကြားအောင် အော်ပြောနေပုံမျိုး။ ကျုပ်ကိုလည်း အခန်းထဲမှာ ရှိတယ်လို့ ထင်နေပုံရပါတယ်။ တကယ်တော့ ကျုပ်ဟာ ကျုပ် အခန်းထဲမှာ ရှိမနေပါဘူး။ ဒါပေမဲ့လည်း ကိုရာ အော်ပြောသမျှ အားလုံး ကြားပါတယ်။

နောက်တော့ ရုတ်တရက်ကြီး အသံတွေက တိတ်သွားတယ်။ ကျုပ်က အမှောင်ထဲမှာပဲ တိုးတိုးတိတ်တိတ် မီးဖိုချောင်ထဲ ဝင်ခဲ့တယ်။ မတ်တတ်ရပ် ထွက်သားနဲ့ နားစွင့်ကြည့်နေတယ်။ ဒါပေမဲ့ ဘာသံဆို ဘာသံမှ မကြားရတော့ဘူး။ ကျုပ် တစ်ကိုယ်လုံးဟာ နတ်ပူးသလို တုန်နေတယ်။ ကျုပ်ရဲ့ ရင်ခုန်သံပဲ ကျုပ် ပြန်ကြားနေရတယ်။ တဒုန်းဒုန်းနဲ့… ရင်ခုန်သံကြီးက တဒုန်းဒုန်းနဲ့ မြည်နေတာ။ အကြောင်ကြောင်ကြီးပါလားလို့ တွေးမိနေတုန်း ကျုပ် စိတ်ထဲမှာ အလိုလို သိလာတယ်။ မီးဖိုချောင်ထဲမှာ ကျုပ် ကြားနေရတဲ့ ရင်ခုန်သံဟာ နှစ်ခုပါလား။

ဒါကြောင့် အူကြောင်ကြောင်နိုင်တယ်လို့ ထင်တာကိုး။

ကျုပ်က မီးခလုတ်ကို ဖွင့်လိုက်တယ်။ မလှမ်းမကမ်းမှာ ကိုရာက ရပ်နေတာကိုး။ အနီရောင် ကီမိုနိုကို ဝတ်လို့။ မျက်နှာမှာလည်း သွေးမရှိသလို ဖြူပပ်ဖြူရော်နဲ့။ ကျုပ်ကို တည့်တည့်ကြီး စိုက်ကြည့်နေတယ်။ လက်ထဲမှာလည်း သေးသေးရှည်ရှည် ဓားမြှောင်တစ်ချောင်း ကိုင်လို့။ ကျုပ်က ကိုရာရဲ့ လက် ထဲက ဓားကို လှမ်းပြီး ဆွဲယူလိုက်ပါတယ်။ ကိုရာက တစ်စုံတစ်ရာ စကား ပြောပါတယ်။ ကိုရာရဲ့ အသံက တိုးတိုးလေး။ မြွေတစ်ကောင်က လျှာကို တစ်လစ်တစ်လစ် လွှတ်လိုက်တဲ့ အသံမျိုးနဲ့။

"ရှင်… ရှင်က ဘာဖြစ်လို့ ပြန်လာရတာလဲ"

"ပြန်လာဖို့ပဲ ရှိတာပဲပေါ့"

"ရှင် ပြန်မလာသင့်ဘူး။ ကျွန်မဘဝကို ကျွန်မ ရင်ဆိုင်နိုင်တော့မလို့။ ရှင့်ကိုလည်း မေ့အောင် ကြိုးစားနိုင်တော့မလို့။ အဲဒီအချိန်မျိုးမှာမှ ရှင်က ပြန်လာတယ်။ ဟင်… ရှင်က ပြန်လာတယ်"

"ဘာတွေ ရင်ဆိုင်နိုင်ဖို့ ပြင်နေတာလဲ"

"ခုတော့ မှတ်တမ်းစာအုပ် လုပ်နေပြီလေ။ အဲဒီမှတ်တမ်းစာအုပ်က သူ့သားသမီးတွေကို ပြဖို့တဲ့။ ဒါကြောင့် နစ်က သားသမီး တစ်ယောက်ယောက် အမြန်ဆုံး လိုချင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုရာ… ကျုပ်နဲ့ ဘာဖြစ်လို့ မလိုက်တာလဲ။ လိုက်ခဲ့ပါလား"

"ရှင်နဲ့ လိုက်ရမယ် ဟုတ်လား၊ ဘယ်ကို လိုက်ရမှာလဲ။ လမ်းသေးမှာ အိပ်ဖို့လား။ ကျွန်မက ရှင်နဲ့ ဘာကြောင့် လိုက်ရမှာတုံး။ ပြောလေ ပြော…"

ကျုပ်က ဘာမှ မပြောနိုင်တော့ဘူး။ စိတ်ထဲမှာ အိတ်ထဲ ရောက်လာဖူးတဲ့ ဒေါ်လာ ၂၅၀ အကြောင်း ပြောမယ်လို့။ ဒါပေမဲ့ မနေ့က နိုင်ပြီး အိတ်ထဲ ရောက်လာတဲ့ ပိုက်ဆံ၊ ဒီနေ့တော့ ရှုံးပြီး ကုန်သွားတဲ့အကြောင်း ပြောနေလို့ ဘာထူးတော့မှာမှတ်လို့။

ကိုရာက-

"ရှင်ဟာ မကောင်းဘူး။ ကောင်းတဲ့လူ မဟုတ်ဘူး။ ဒါကို ကျွန်မ သိတယ်။ ရှင်ဟာ အားကိုးထိုက်တဲ့လူကို မဟုတ်ဘူး။ ဒါဆို ရှင် ဘာကြောင့် မှူး ထွက်သွားပြီး ကျွန်မကို မထားခဲ့ရတာလဲ။ ခုတော့ ရှင်က ပြန်လာတယ်။ ဘာဖြစ်လို့ ပြန်လာရတာလဲ"

"ဒီမယ်… ကလေးယူဖို့ ကိစ္စ အချိန်ဆွဲထားလိုက်ပါ။ နည်းနည်းလောက် ဆွဲထားလိုက်စမ်းပါ။ ဒီအတောအတွင်း တစ်ခုခုကို ကြံဆလို့၊ တွေးလို့ အဖြေရချင် ရသွားမှာပေါ့။ ဟုတ်ပါတယ်။ ကျုပ်က ကောင်းတဲ့လူ တစ်ယောက် မဟုတ်ပါဘူး။ အားကိုးအားထားလောက်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ ကျုပ် မင်းကို ချစ်တယ် ကိုရာ။ အဲဒီချစ်တာကို ကျုပ် ကျိန်ပြီး ပြောရဲတယ်"

"သြော်… ရှင်က ကျွန်မကို ချစ်တယ်လို့ ကျိန်ပြောရဲတယ်၊ ဟုတ်လား။ ကျိန်နေလို့ ပြီးမယ်တဲ့လား။ ရှင်က ဘာများကော လုပ်နိုင်ဦးမှာလဲ။ အခု နှစ်က ကျွန်မကို ဆန်တာဘာဘာရာကို ခေါ်သွားမလို့။ အဲဒီမှာ ကျွန်မတို့ သားသမီးယူကြမလို့။ အဲဒီခရီးကို ရှင်က လိုက်ခဲ့ဦးမယ်။ ကျွန်မတို့နှစ်ယောက် နဲ့အတူ ဟိုတယ်တစ်ခုထဲမှာ တည်းမယ်။ ကျွန်မတို့ နှစ်ယောက်နဲ့အတူ ကားတစ်ကားတည်း လိုက်စီးဦးမယ်။ အို… ရှင်ဟာလေ ရှင်ဟာလေ…"

ကိုရာဟာ ရုတ်တရက် ရပ်သွားလေရဲ့။

ကျုပ်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြတယ်။ သုံးယောက်သား ကားတစ်စင်းပေါ်… စဉ်းစားလိုက်တာနဲ့ ဘယ်လိုဆိုတာ သိလောက်ပါတယ်။



တဖြည်းဖြည်း ကျုပ်နဲ့ ကိုရာ ရှေ့နည်းနည်းစီ တိုးလာကြပြီး နောက်ဆုံး ထိမိ ကိုင်မိတဲ့အထိ ရောက်လာတယ်။

ကိုရာက-

"အို… ဘုရားသခင်၊ ဖရင့်ရယ်… ကျွန်မတို့ရဲ့ အဖြစ်က ဒီထက် ပိုတာ မရှိနိုင်တော့ဘူးလား"

"စောစောက ဓားကိုင်ထားတာ နစ်ကို ထိုးတော့မလို့ မဟုတ်လား"

"ဟင့်အင်း… မဟုတ်ဘူး။ ကျွန်မကိုယ် ကျွန်မ ထိုးမလို့"

"ကိုရာရယ်… ကံကြမ္မာက တစ်ခုခု ပေးဦးမှာပါ။ တခြားနည်း ရှာကြသေးတာပေါ့"

"ဒီမယ် ဖရင့်… ကျွန်မရဲ့ ဗိုက်ထဲမှာ နစ်လို လူတစ်ယောက်ရဲ့ ရင်သွေးကို လွယ်မပေးနိုင်ဘူး။ ဒါပဲ။ လွယ်ရင်း လွယ်ရင် ရှင့်ရင်သွေးပဲ လွယ်နိုင်မယ်။ ကျွန်မလေ ရှင့်ကို ကောင်းကောင်းမွန်မွန် နည်းနည်းပါးပါး အားကိုးရတဲ့လူ ဖြစ်စေချင်လိုက်တာ။ ခက်နေတာက ရှင်က ဘာမှမကောင်းဘူး"

"ဟုတ်ပါတယ်။ ကျုပ်က မကောင်းပါဘူး။ ဒါပေမဲ့ မင်းကို ချစ်တယ်"

"ဟုတ်တယ်။ ကျွန်မကလည်း ရှင့်ကို ချစ်တာပဲ"

"ဒါဆို အချိန်ဆွဲထားပါဦး။ ဒီတစ်ညလောက်ဖြစ်ဖြစ် အချိန်ဆွဲထားပါ"

"ကောင်းပြီ… ဖရင့်၊ ဒီတစ်ညတော့ အချိန်ဆွဲထားပါ့မယ်"

❑

www.burmeseclassic.com

www.burmeseclassic.com

# - ၇ -

**"အဲဒီမှာ ဧကာဝိုက်ကာ သွားနေတဲ့ လမ်းကလေး…**
**ငါ့အိပ်မက်မြေထဲကို သွားနေလေရဲ့…**
**အဲဒီမှာ နိက်တင်ဂေးလ်ငှက်ကလေးက တေးသီလို့…**
**အဖြူရောင် လက လရောင်တွေ ဆမ်းလို့…**
**အကြာကြီးမှ အကြာကြီး… စောင့်ဆိုင်းလိုက်ရတာ…**
**ငါ့ရဲ့ အိပ်မက်တွေ ရုပ်လုံးပေါ်လာဖို့…**
**အဲဒီလမ်းကလေးအတိုင်း မင်းနဲ့အတူ လက်တွဲ လျှောက်သွားနိုင်တဲ့**
**နေ့အထိပေါ့…"**

အရက်မူးသမား နှစ်ယောက်ရဲ့ သီချင်းသံဟာ လွင့်ပျံ့နေပါတယ်။ ဓာတ်ဆီဆိုင်က ပုဂ္ဂိုလ်က–

"ဟ… ကိုယ့်လူတွေကတော့ဖြင့် ဆက်ရက်မင်းစည်းစိမ် အပြည့်ပဲ လားဗျ"

"ဟုတ်ကဲ့… ကျွန်မအတွက်တော့ အတိုင်းထက်အလွန် ဖြစ်နေပါပြီ"

"ခင်ဗျား သူတို့ကို မော်တော်ကား စတီယာရင်နဲ့တော့ ဝေးဝေးနေ စေဗျို့။ ဒါဆို အဆင်ပြေလောက်ကောင်းပါရဲ့"



"အဲဒီလို မျှော်လင့်ရတာပါပဲရှင်။ ဒီအမူးသမား နှစ်ယောက်နဲ့ ကျွန်မ -- ကျွန်မ လိုက်မလာသင့်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့ ကျွန်မ ဘာများကော တတ်နိုင်ဦးမှာလဲ။ ကျွန်မ သူတို့လို အမူးသမား နှစ်ယောက်နဲ့ လိုက်ဘူးလို့ ပြောပါတယ်။ သူတို့က ဒါဆိုလည်း ရတယ်လေ၊ သူတို့ဘာသာ ကားမောင်းသွားကြမှာတဲ့"

"သူတို့သာ မောင်းလို့ကတော့ ဇက်ကျိုး သေကုန်ကြမှာပေါ့"

"ဒါပေါ့ရှင်… ဒါကြောင့် ကျွန်မက ကားလိုက်မောင်းပေးနေရတာပေါ့။ ဒါပဲ ကျွန်မ လုပ်ပေးနိုင်တာ ရှိတာပဲလေ"

"ကိုယ် တတ်နိုင်တာ ကိုယ် လုပ်ပေးရတာပဲပေါ့လေ။ ဒါထက် ဆီဖိုးက ၁ ဒေါ်လာ ၆၀ ကျပါတယ်။ ဆီတော့ တော်ပြီလား"

"ဟုတ်ကဲ့… ရလောက်ပါပြီ၊ ရော့ ရော့ ပိုက်ဆံ"

"ကျေးဇူးပါပဲ မစ္စ… ဗွတ်နိုက်ပါ"

ကိုရာက ဆီထည့်ပေးတဲ့ သူနဲ့ စကားပြော၊ ပိုက်ဆံပေးပြီးတော့ ကားပေါ် ပြန်တက်ပါတယ်။ ကျုပ်နဲ့ ဂရီတို့ကတော့ သီချင်းကို သံပြိုင်သံကုန် အော်ဆိုနေကြပါတယ်။ ဆက်ပြီးလည်း ဆိုနေကြလေရဲ့။ ဒါတွေအားလုံးဟာ ခရီးလမ်းကြီးတစ်ပုဒ်ရဲ့ ဓာတ်ကွက်တစ်ခုပဲ မဟုတ်လား။ ကျုပ်က ဒေါင်ချာ စိုင်းအောင် မူးနေရမှာ။ အဲဒီလို မူးနေတယ်ဆိုတာ ထင်ရှားပါမှ ကျုပ်တို့က လူသတ်မှုကြီး တစ်ခုကို အောင်မြင်အောင် ပိရိစွာ လုပ်ဆောင်နိုင်ကြမှာလေ။ ဒီလူသတ်မှုကြီးဟာ ဘယ်လောက် ကြောင်စီစီ လူသတ်မှုကြီး ဖြစ်မလဲ ဆိုရင် လူသတ်မှုလို့ကို သတ်မှတ်လို့ မရဘူး ဖြစ်နေရမယ်။ ဖြစ်ရိုးဖြစ်စဉ် လမ်းပေါ်က တော့်တဆ ကားမှောက်မှုတစ်ခုပဲ ဖြစ်တော့မှာပေါ့။ ကားပေါ်က ငနဲသား နှစ်ကောင်က သေကောင်ပေါင်းလဲ မူးနေကြတယ်။ ကားပေါ်မှာလည်း အရက်ပုလင်းတွေကလည်း အများကြီး။ ကျုပ် စနစ်တကျ ဆွဲထားတဲ့ အစီအစဉ်ထဲမှာ ဂရီနဲ့ကြီးက မူးနေဖို့ လိုတယ်လေ။ တကယ်ကျတော့လည်း ကျုပ် အစီအစဉ် အတိုင်းပါပဲ။ ဂရီကြီး မူးနေတာပါပဲ။

ကျုပ်တို့က ကားဆီဖြည့်ဖို့ ဆီဆိုင်တစ်ခုမှာ ရပ်ရမယ်။ အဲ… ဒါ ရပ်ခဲ့တာပဲ မဟုတ်လား။ ဆီဆိုင်မှာ ရပ်မှ ကိုရာဟာ မမူးပါဘူး အရက် သောက်မထားဘူး။ ကျုပ်တို့နှစ်ယောက်ကသာ မူးနေကြတာလို့ ဖြစ်ရမယ်

www.burmeseclassic.com

www.burmeseclassic.com



လေ။ ကိုရာက ကားမောင်းသူအဖြစ် မြင်တွေ့ကြသူ ရှိရမယ်။ မျက်မြင် သက်သေ ရှိထားဖို့ လိုတယ်လေ။ ကားမောင်းတဲ့ ကိုရာက အရက်မူးနေလို့ ဘယ်ဖြစ်မှာလဲ။ ဒီဆီဆိုင် မရောက်ခင်မှာလည်း ကံအားလျော်စွာ မျက်မြင် သက်သေ တစ်ယောက် ရခဲ့သေး။ အကြောင်းအားလျော်စွာပါ။ ကားကို ဧ နာရီ မထိုးခင်လေးမှာပဲ ဆိုင်တစ်ဆိုင်မှာ တစ်ခုခု စားဖို့ ကားရပ်ချိန်မှာ ကျုပ်တို့ကို မြင်သွားတာ။ သူက ကျုပ်နဲ့ ကိုရာ စကားများနေတာလို့ မြင်သွား တာ၊ ကြားသွားတာ။ ကျုပ်က သိပ်မူးနေလို့ ကားမောင်းလို့ မဖြစ်ဘူးလို့ ကိုရာက ပြော၊ ကျုပ်ကလည်း မောင်းမယ်ပြော၊ အဲဒီလိုပေါ့လေ။ နောက်ဆုံး ကိုရာက ကားပေါ်က ဆင်းပြီး ဒါဆို သူ မလိုက်တော့ဘူးလို့ ပြော။ အဲဒါကို ကျုပ်က ကျုပ်နဲ့ ဂရိုကြီး နှစ်ယောက်တည်း မောင်းထွက်ဖို့ ကြိုးစားပုံကိုလည်း မြင်သွားရသေး။ နောက်ဆုံးတော့ ကိုရာက အနိုင်ရပြီး ကားပေါ် ပြန်တက် ကားမောင်းတဲ့ နေရာမှာ ထိုင်။ ကျုပ်က နောက်ခန်းကို ဝင်ရ။ ဂရိုကတော့ ရှေ့ခန်းမှာပဲ ကိုရာ ကားမောင်းထွက်လာတာအထိ မြင်တဲ့သူလေ။ သူ့နာမည် က ဂျက်ဖ်ပါကာတဲ့။ အင်စီနီမှာ နေတယ်။ ယုန်မွေးသတဲ့။ သူ့လိပ်စာ ကတ်ပြားတောင် ကိုရာက ယူခဲ့သေး။ ကိုရာက နံနက်စာမှာ ယုန်သားဟင်း လုပ်ရင် ကောင်းမလားလို့ ပြောခဲ့သေးတာကိုး။ အဲဒီလောက် ကောင်းတဲ့ မျက်မြင်သက်သေ ဘယ်ရှိနိုင်ပါ့မလဲ။ သူ့ကို ဘယ်မှာ ရှာရမလဲဆိုတာ ကျုပ်တို့ သိတယ်။ ကျုပ်တို့ လိုရင် သုံးလို့ရတာပေါ့။

ကျုပ်နဲ့ ဂရိုကတော့ သီချင်းတကြော်ကြော် အော်ဆိုနေကြတာပဲပေါ့။ 'မားသား မာချရီ' ဆိုတယ်။ 'ပြိုးပါ ပြိုးပါ ပြိုးပါ' ဆိုတယ်။ 'စမ်းချောင်း အတိုင်း စုန်အဆင်း'လည်း ဆိုတယ်။ သိပ်မကြာပါဘူး။ ဆိုင်းဘုတ် ချိတ်ထား တဲ့ လမ်းဆုံလမ်းခွ တစ်ခုကို ရောက်တယ်။ ဆိုင်းဘုတ်က 'မာလီဗူကမ်းခြေ သို့' ဆိုတာပါ။ အဲဒီမှာ ကိုရာက ကားကို ညာဘက် ချိုးပါတယ်။ အမှန်အတိုင်း ဖြစ်သင့်တာတော့ ခုအတိုင်း တည့်တည့် လိုက်မောင်းရင် ရနေတာပါပဲ။ မာလီဗူကမ်းခြေကို သွားတဲ့ လမ်းက နှစ်သွယ် ရှိတယ်လေ။ ကိုရာ ရွေးလိုက် တဲ့ လမ်းက ကုန်းပိုင်းထဲကို ၁၀ မိုင်လောက်တောင် ဝင်ရသေး။ နောက်တစ်လမ်း ကတော့ ကမ်းခြေအတိုင်းက လမ်းလေ။ အဲဒီလမ်းကတော့ ဘယ်ဘက် ကျ တယ်။ ဗင်ဘူရာမှာတော့ နှစ်လမ်းလုံး ပြန်ပေါင်းဆုံတာပါပဲ။ အဲဒီကစပြီး



ထင်လယ်ကမ်းခြေအတိုင်း ဆန်တာဘာဘာရာ၊ ဆန်ဖရန်စစ္စကို ပြီးတော့ ကျုပ်တို့ သွားမယ့်နေရာ ရောက်တာပါပဲ။ တောင်ပေါ်ကုန်းတွင်းလမ်းကို ကိုရာ ရွေး လိုက်တဲ့ စိတ်ကူးက ဒီလိုလေ။ ရုပ်ရှင်မင်းသား မင်းသမီး နာမည်ကျော်တွေ ပြောင်းရွှေ့နေထိုင်ကြတဲ့ မာလီဗူကမ်းခြေကို တစ်ခါမှ မရောက်ဖူးဘူး။ ကုန်းလမ်း က သွားရင် ခရီးတိုတယ်။ ခရီးတိုတော့ မြန်မြန် ရောက်တာပေါ့ မဟုတ်ဘူး လား။ တကယ့် အစစ်အမှန် စိတ်ကူးရည်ရွယ်ချက်က ဒီလမ်းပိုင်းဟာ လမ်း အဆိုးဆုံးပဲ။ ဒီလော့စ်အိန်ဂျလိစ် ဒေသတစ်ဝိုက်မှာ အဆိုးဆုံး လမ်းပိုင်းပဲ။ ဒီလမ်းပိုင်းမှာ မော်တော်ကားတစ်စင်း မတော်တဆ တိမ်းမှောက်မှု ဖြစ်တယ် ဆိုရင် ဘယ်သူမှ ထူးထူးဆန်းဆန်း တအံ့တသြ ဖြစ်စရာ မရှိလို့ပါပဲ။ အဲ... ရဲကတောင် သံသယဖြစ်စရာ အကြောင်း မရှိပါဘူး။ အချိန်က အမှောင်ပိုင်း ရောက်ပြီလေ။ လမ်းပေါ်မှာ ယာဉ်သွားယာဉ်လာ မရှိပါဘူး။ လူနေအိမ်ခြေလည်း အနီးဝန်းကျင်မှာ မရှိလေတော့ ကျုပ်တို့ရဲ့ အစီအစဉ် စီမံကိန်းအတွက်တော့၊ ကျုပ်တို့ လုပ်စရာရှိတာတွေအတွက်တော့ ကွက်တိပါပဲ။

မူးနေတဲ့ ဂရိုနဲ့ကြီး နှစ်ဟာ အချိန်အကြာကြီး ဘာတစ်ခုမှ သတိထားမိ ပုံ မပေါ်ဘူး။ မကြာခင်မှာပဲ ကျုပ်တို့ ကားဟာ တောင်ပေါ် တစ်နေရာက ဓာလီဗူကန်လို့ ခေါ်ကြတဲ့ နွေရာသီ အနားယူစခန်းတစ်ခုနား ရောက်လာတယ်။ ခန်း ကပွဲခန်းမမှာ တချို့ ကနေကြတယ်။ စုံတွဲတချို့ကတော့ ကန်ထဲမှာ ကနူးလှေလေးတွေနဲ့ အပျော်စီးနေကြတာကို လှမ်းမြင်ရတယ်။ ဂျုပ် လှေရှိရာ ကို လှမ်းအော်တယ်။

"ငါ့အတွက်လည်း ပိုဆောင်ရွက်လိုက်ပါဗျို့"

လို့ ဂရိုကြီးကလည်း မနေဘူး။ လှမ်းအော်တာပဲ။ ခုလို အော်ကြတာ ဟာ ဘာမှ ထိရောက်မှု မရှိတာ အမှန်ပါပဲ။ ဒါပေမဲ့ ကျုပ်တို့ရဲ့ အစီအစဉ် ခရီးလမ်းကြောင်းမှာ အထောက်အကူ ဖြစ်နိုင်တဲ့ အမှတ်အသားတစ်ခု ဖြစ် နိုင်မယ်လေ။ တကယ်လို့ ကျုပ်တို့ လမ်းကြောင်းကို နောက်ကြောင်းပြန် ခြေရာခံတဲ့သူ ရှိရင်ပေါ့လေ။

ဒီနောက်တော့ ကျုပ်တို့ကားဟာ ၃ မိုင်လောက် တောင်တက်ခရီးသွား ပဲ။ ဒီလမ်းကို ဘယ်လို မောင်းရမယ် ဆိုတာ ကိုရာကို ကျုပ်က ပြောပြီးသား ကိုရာက ဒုတိယဂီယာနဲ့ပဲ မောင်းနေတာ။ ဟုတ်တယ်လေ... ကားလမ်းက

www.burmeseclassic.com

www.burmeseclassic.com



ကိုက် ၅၀ လောက် ရောက်တိုင်း အကွေ့တစ်ကွေ့က ဆုံတွေ့နေရတာကိုး။ အကွေ့ရောက်တိုင်း အရှိန်ချရလေတော့ ဒုတိယဂီယာနဲ့ပဲ မောင်းရတော့တာပေါ့။ ဒါပေမဲ့ တကယ့်အကြောင်းအရင်းက မော်တော်ကားရဲ့ အင်ဂျင်စက်ကို ပူနေစေချင်လို့။ အစစအရာရာဟာ စနစ်တကျ ဖြစ်မှ ဖြစ်မှာလေ။ နောက်ဆိုရင် ကျုပ်တို့က ဓာတ်လမ်းရှည်ကြီး ပြောကြရဦးမှာကိုး။

အဲဒီအချိန်မှာပဲ ဂရိုင်နဲကြီး နစ်က ဟိုဟိုဒီဒီ ကြည့်တယ်။ ပတ်ဝန်းကျင်က တကယ့်ကို မှောင်မည်းနေတာကိုး။ တောင်တွေကလည်း မှောင်၊ ဘာအလင်းမှ မရှိ။ လူနေအိမ်ခြေ၊ ဓာတ်ဆီဆိုင်တောင်မှ မရှိ။ မြင်လေရာရာမှာ ဘာမှ မရှိဘူး။

ဒီမှာတင် နစ်က သတိရလာပြီး ကန့်ကွက်စကား ပြောတော့တာပါပဲ။

"ဟေး ဟေး… ရပ် ရပ်၊ ပြန်ကွေ့ ပြန်ကွေ့၊ ဒုက္ခပါပဲ၊ ကျုပ်တို့ လမ်းမှားလာပြီ ထင်တယ်"

ကိုရာက-

"မမှားပါဘူး။ ကျွန်မတို့ ဘယ်နေရာ ရောက်နေသလဲ ဆိုတာ ကျွန်မ သိပါတယ်။ ဒီလမ်းကလည်း မာလီဗူကမ်းခြေကို ရောက်တာပါပဲ။ ရှင် မမှတ်မိဘူးလား။ ကျွန်မက နာမည်ကျော်တွေ နေရာကို ကြည့်ချင်သေးတယ်လို့ ပြောခဲ့တာလေ"

"သြော်… အေး၊ ဟုတ် ဟုတ် ဖြည်းဖြည်းမောင်းပါဟ"

"ဖြည်းဖြည်းမောင်းနေတာပဲ"

"ဒီထက် ဖြည်းဖြည်းမောင်းဦး၊ မဟုတ်ရင် တို့အားလုံး ကားမှောက်ပြီး သေကုန်ကြလိမ့်မယ်"

ကျုပ်တို့ ကားက တောင်ထိပ် ရောက်လာတယ်။ ဒီရောက်တော့ တောင်ပေါ်က အဆင်းလမ်းပဲ ရှိတော့တာ။ ကိုရာက မော်တာကို ရပ်လိုက်တယ်။ ကားအင်ဂျင်က မိနစ်အနည်းငယ်အတွင်း ပူလာတယ်။ ပန်ကာ ရပ်သွားတာကိုး။ ခဏကြာမှ အင်ဂျင် ပြန်နိုးတယ်။ ကျုပ်က အပူပြဒိုင်ခွက်ကို လှမ်းကြည့်လိုက်တော့ ၂၀၀ ရှိနေပြီ။ ကိုရာက အင်ဂျင်စက် ထပ်မြှင့်လိုက်တော့ အပူပြဂဏန်းက ထိုးတက်လာတယ်။

"ရက်ဆား ရက်ဆား" (ဟုတ်ကဲ့ ဟုတ်ကဲ့)



အဲဒါကတော့ ကျုပ်တို့ရဲ့ အချက်ပြ စကားလုံးပါပဲ။ စကားလုံးကြီးက အူကြောင်ကြောင်နိုင်ပေမဲ့ လူတစ်ယောက်ဟာ တစ်ချိန်ချိန်မှာ အဲဒီလို အူကြောင်ကြောင် စကားလုံးတွေကို ပြောတတ်ကြတာပဲလေ။ ဘယ်သူမှ သတိထားမိစရာ မရှိပါဘူး။ ကိုရာက မော်တော်ကားကို တောင်စောင်း ချောက်နံဘေးလေးမှာ ထိုးရပ်လိုက်တယ်။ ချောက်က သိပ်ကိုနက်တာ။ အောက်ခြေကို လှမ်းကြည့်လို့ မမြင်ရဘူး။ ပေ ၅၀၀ လောက်တော့ နက်မယ် ထင်တယ်။

ကျုပ်က-

"ကားစက်ရပ်ပြီး အင်ဂျင်ကို အေးအောင် လုပ်ဦးမှ ထင်တယ်ဗျ"

"ဟုတ်တာပေါ့ ဖရင့်ရာ၊ ဘုရား… ဘုရား… ဒိုင်ခွက်ကို ကြည့်လိုက်စမ်း ဟန်း။

"ဟော့ ဘယ်လောက်ပြနေပြီလဲ"

"၂၀၀ ကျော်နေပြီ၊ ၅ မှတ်တောင် ရှိနေပြီ။ နောက်တစ်မိနစ်လောက် ဆက်မောင်းရင် ရေက ဆူတော့မှာပဲ"

"ဒါဆိုလည်း ခဏ နားပေါ့"

ကျုပ်က အသင့်စီစဉ်ထားတဲ့ ခုကြီးတစ်ချောင်းကို ကိုင်လိုက်တယ်။ ကတည်းက ကျုပ် ခြေထောက်နှစ်ဖက်ကြားထဲမှာ ချထားပြီးသားပါ။ ဒါပေမဲ့ ခဏ ဆိုင်းလိုက်ရတယ်။ မျက်စိထောင့်စွန်းမှာ မော်တော်ကားတစ်စင်းရဲ့ မီးရောင်ကို လှမ်းမြင်လိုက်ရလို့ပဲ၊ ကျုပ်က အချိန်ဆွဲထားရမယ်။ မိနစ်ပိုင်းပေါ့လေ။ အဲဒီကား ဖြတ်ကျော်သွားတဲ့အထိပေါ့။

ကျုပ်က-

"ဟော့ လူကြီး နစ် သီချင်းဆိုဗျာ"

နစ်က အပြင်ဘက်က ရှုခင်းကို လှမ်းကြည့်တယ်။ မြင်ကွင်းက ချောက်ချားစရာကောင်းနေတယ်။ သူ့ ကြည့်ရတာ သီချင်း ဆိုချင်စိတ်ရှိပုံ မရဘူး။ ဒီနောက်တော့ သူဟာ ကားတံခါးကို ဖွင့်၊ အပြင်ထွက်တယ်။ နစ် ကြည့်ရတာ မူးနေတော့ အော့အန်ချင်ပုံ ရနေတယ်။ အဲဒီအချိန်မှာပဲ စောစောက မြင်ရတဲ့ မီးရောင် မော်တော်ကားက ဖြတ်မောင်းလာတာ။ ကျုပ်က အဲဒီ မော်တော်ကားရဲ့ နံပါတ်ကို ခေါင်းထဲမှာ၊ ဦးနှောက်ထဲမှာ သံမှိုရိုက်သလို မှတ်ထားလိုက်တယ်။ ပြီးတော့ အရူးတစ်ယောက်လို အော်ရယ်လိုက်တယ်။ ကိုရာက လှည့်ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေပါ.. အိုကေပါ၊ ဖြတ်သွားတဲ့ နေ့တွေ စိတ်ထဲမှာ ဒီကားပေါ် မှာ ပါလာတဲ့ နေ့သားနှစ်ယောက်စလုံးဟာ သူတို့ ကားဖြတ်သွားတုန်း အသက် ရှင်လျက်သားပဲ ရှိတာ သိသွားတာပေါ့"

ကိုရာက-

"ကားနံပါတ်ကို မှတ်ရလိုက်ရဲ့လား"

"၂ အာရ် ၅၈-၀၁"

"၂ အာရ် ၅၈-၀၁၊ ၂ အာရ် ၅၈-၀၁ မှတ်မိပြီ"

"အိုကေ"

အဲဒီအချိန်မှာ နစ်က ကျုပ်တို့နောက်ဘက် ရောက်လာတယ်။ သူ့ပုံပန်း ကြည့်ရတာ အတော်သက်သာလာပုံပါပဲ"

နစ်က-

"ကြားလိုက်လား ဟင်"

"ဘာကြားရမှာလဲ"

"စောစောက မောင်းရင် အော်ရယ်လိုက်တုန်းက ပွဲတင်သံလေ အတော့်ကို ကောင်းတဲ့ ပွဲတင်သံဗျ"

နစ်က တစ်စုံတစ်ရာ ကျေနပ်သဘောကျသွားဟန်နဲ့ သံစဉ်တချို့ ညှစ်ထုတ် အော်ဟစ်လိုက်တယ်။ တိတိကျကျ ဘယ်သီချင်းက တေးသွားတော့ မရေရာပါ။ သို့သော် သံစဉ်မြင့်မြင့် တစ်ခုတော့ ဖြစ်ပါတယ်။ အဆိုတော်ကြီး ကရူဆို ခေတ်ပြားထဲက တစ်ပိုင်းတစ်စမျိုး။ နစ်က အော်ဟစ်နေရာက ရုတ်တရက် ရပ်လိုက်တယ်။ ပြီးတော့ နားထောင်တယ်။ ဟုတ်ပေသားပဲ။ ပွဲတင်သံဟာ တောင်အောက် တောင်ကြားထဲက တန်ပြန်ထွက်လာတယ်။ တကယ့် ကြည်ကြည်လင်လင်ပါပဲ။ ပြီးတော့ နစ်က ရပ်လိုက်သလို သံပြတ်နှင့် ရပ် သွားတယ်။

နစ်က ပြုံး၍-

"တကယ့် ကျုပ်အသံအတိုင်းပဲနော်"

"ဟုတ်ပါ့ဗျာ၊ တထေရာတည်းပါပဲ"

"ကောင်းဗျာ... ချိုမြိန်လိုက်တာ"

နစ်ဟာ အဲဒီမှာ ၅ မိနစ်လောက် မတ်တတ်ရပ်ပြီး သံစဉ်မြင့်မြင့်တစ်ခု အော်ဟစ်လိုက်၊ ရပ်တန့်လိုက်။ ပြီးတော့ ပွဲတင်သံတွေ ပြန်ထွက်လာမှာ



နားထောင်လိုက် လုပ်နေပါတယ်။ ဒါဟာ နစ်အတွက် ပထမဆုံးအကြိမ် ကိုယ့်အသံ ကိုယ် ဘယ်လိုအသံမျိုး ဖြစ်တယ်ဆိုတာကို ပြန်ကြားနေရတာ လေ။ နစ်ဟာ တကယ့် မျောက်ဝံကြီးတစ်ကောင် ကိုယ့်မျက်နှာကို မှန်ထဲမှာ ပြန်မြင်ရသလို ကျေနပ်ပီတိတွေ ဖုံးပြီး ပြုံးပြုံးကြီး ဖြစ်နေပါတော့တယ်။

ကိုရာက ကျွန်တော့်ကို လှမ်းကြည့်တယ်။ ကျုပ်တို့ လုပ်ငန်း စလုပ်ရှား ဖို့ အချိန်တန်ပြီလေ။

ကျုပ်က မကျေမနပ် ဖြစ်တဲ့ လေသံနဲ့-

"ဟော့ လူကြီး ဘာတွေ လုပ်နေတာလဲဗျ။ ကျုပ်တို့မှာ ဘာအလုပ်မှ မရှိဘဲ ခင်ဗျား အော်သံ ပွဲတင်ထပ်လာတာကို တစ်ညလုံး နားထောင်နေရ တော့မှာလား၊ လာဗျာ... လာ ကားပေါ်တက်၊ ထွက်ရအောင်"

ကိုရာကလည်း ဝင်ပြီး-

"မိုးချုပ်နေပြီ နစ်"

နစ်က-

"အိုကေ... အိုကေ"

နစ် ကားထဲ ဝင်လာတယ်။ ပြီးမှ ကားနောက် ပြတင်းပေါက်ကနေ ခေါင်းပြူပြီး အပြင်ထုတ်ပါတယ်။ ကျုပ်က ခြေထောက် အနေအထားကို ပြင်၊ နစ်ရဲ့ မေးစေ့ ကားတံခါး ပြတင်းပေါင်ပေါ်မှာ တင်နေတုန်း နစ် ခေါင်းပေါ်ကို စောစောကတည်းက အသင့်လုပ်ထားတဲ့ ခွအကြီးစားကြီးနဲ့ ရိုက်ချလိုက်တယ်။ နစ်ရဲ့ ခေါင်းဟာ ကြေမွသွားပါတယ်။ ပြီးတော့ ကား နောက်ခန်း ဆိုဖာပေါ်မှာ ကြောင်တစ်ကောင် ပစ်ချလိုက်သလို ခွေခနဲ ကျ သွားပါတယ်။ အဲဒီအချိန်မှာ ကိုရာက အူကြောင်ကြောင် အသံတစ်ခု စထွက် လာပြီး နောက်ဆုံး ညည်းသံမျိုးနဲ့ ဆုံးပြီး ရပ်သွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီအချိန်မှာ စောစောက နစ် အော်ဟစ်သီဆိုလိုက်တဲ့ သံစဉ်မြင့်မြင့် တစ်ပိုင်းတစ်စဟာ ပွဲတင်ထပ်ပြီး ကျုပ်တို့ဆီ ရောက်လာတာကိုး။ နစ် ဆို လိုက်သလိုပဲ သံစဉ်မြင့်မြင့်တင်ပြီး အော်ဆိုပြီးတော့ ရပ်သွားတော့တာလေ။

❑

www.burmeseclassic.com

www.burmeseclassic.com

## - ၈ -

ကျုပ်နဲ့ ကိုရာ စကားမပြောကြပါ။ ကိုရာက ဘာလုပ်ရမယ် ဆိုတာ သိပြီးသား။ ကိုရာ နောက်ခန်းပေါ် တက်ပါတယ်။ ကျုပ်က ရှေ့ခန်းပေါ် တက်တယ်။ ကျုပ်က စောစောက ရိုက်ခဲ့တဲ့ သံခွကြီးကို ကားဒိုင်ခွက် မီးရောင်နဲ့ ကြည့်လိုက်တယ်။ ခွကြီးမှာ သွေးစသွေးန နည်းနည်း စွန်းပေနေတာ တွေ့ရတယ်။ ကျုပ်က ဝိုင်ပုလင်းတစ်လုံး ဖောဆို့ ထုတ်လိုက်ပြီး သွေးစတွေ စွန်းတဲ့နေရာကို ဝိုင်နဲ့ လောင်းဆေးလိုက်တယ်။ ပြီးတော့ နစ်ကိုယ်ပေါ်က ခြောက်နေတဲ့ အဝတ်တွေနဲ့ သုတ်လိုက်တယ်။ ပြီးမှ နောက်ခန်းက ကိုရာဆီ လှမ်းပေးတယ်။ ကိုရာက ယူပြီး ထိုင်ခုံအောက်ကို သွင်းတယ်။ ကျုပ်ကတော့ စောစောက ခွကြီးကို ဆေးတဲ့ နေရာမှာ ဝိုင်တွေ ထပ်လောင်းတယ်။ ပြီးတော့ ပုလင်းကို ကားတံခါးနဲ့ ရိုက်ခွဲပြီး နစ်ရဲ့ ကိုယ်အပေါ် တင်လိုက်တယ်။ ဒီနောက်တော့ ကျုပ်က ကားစက် နှိုးလိုက်ပါတယ်။ ကားစက်ရှိန်ကြောင့် လှုပ်ခါပါတယ်။ ပုလင်းက ကွဲနေတော့ အဲဒီအကွဲထဲကနေ ဝိုင်နည်းနည်း ကျလာတယ်။

ကျုပ်က ကားကို ရှေ့နည်းနည်း မောင်းတယ်။ ဒုတိယဂီယာကို ထည့်လိုက်တယ်။ ကျုပ်က ဒီကားကြီးကို ဒီ ပေ ၅၀၀ လောက် မြင့်တဲ့ ချောက်ထဲကို တန်းထိုးချလို့ မဖြစ်ဘူးလေ။ ကျုပ်တို့ကလည်း အောက်ကို ဆင်းလိုက်ရဦးမှာ မဟုတ်လား။ ကားအပြင်ဘက် တစ်နေရာရာမှာပေါ့လေ။ မဟုတ်လို့



ကားထဲက လွှင့်မကျဘဲ ကားကြီးနဲ့အတူ ဒီလောက် မတ်စောက်တဲ့ ချောက်ထဲ ကျမှဖြင့် ကျုပ်တို့ကော အသက်ရှင်နိုင်ဦးမှာတဲ့လား။ ကျုပ်က ဒုတိယဂီယာနဲ့ပဲ ကားဆက်မောင်းလိုက်ပြီး သင့်တော်တဲ့ နေရာတစ်ခု ထိပ်မှာ ရပ်လိုက်တယ်။ ဒီနေရာက ချောက်က ရှိတော့ရှိတယ်။ သိပ်မနက်ဘူး။ ပေ ၅၀ လောက်ပဲ နက်ပုံ ရတယ်။ အဲဒီနေရာ ရောက်တော့ ကျုပ်က ကမ်းပါးစွန်းအထိ မောင်းသွားတယ်။ ထိပ်ကို ရောက်တော့ ဘရိတ်နင်းလိုက်တယ်။ လက်ဆွဲဘရိတ်ကိုလည်း ထည့်ရတာပေါ့။ ကားရှေ့ဘီးက အစွန်းထိပ် ရောက်တော့ ဘရိတ်ကို တအားဖိနင်းလိုက်တာနဲ့ ကားက ရပ်သွားတယ်။ ကျုပ်က ဒီအနေအထားကို ဖြစ်စေချင်တာလေ။ ကားမှာ ဂီယာထိုးပြီးသား ဖြစ်နေရမယ်။ စက်က နိုးနေပြီးသား ဖြစ်ရမယ်။ အဲဒီလို··· အဲဒီလိုပဲလေ။

နောက် ကျုပ်တို့ နှစ်ယောက် ကားထဲက ထွက်တယ်။ ကားပေါ်က ဆင်းပေမဲ့ လမ်းပေါ်ကို ခြေချဖို့ ကြိုးစားရတယ်။ လမ်းနှုတ်ခမ်းဆိုရင် ခြေရာထင်မှာက လန့်ရသေးသကိုး။ ကိုရာက ကျုပ်ကို ခဲတစ်လုံးနဲ့ သစ်သားချောင်း တစ်ခု လှမ်းပေးတယ်။ အစကတည်းက တင်လာတာပါ။ ခဲလုံးကို ကားဖင်ပိုင်းမှာ ခု၊ တုတ်တံကို ကားဖင်ကောက်က အိတ်ဆဲလ်မှာ ထားလိုက်တော့ ကုတ်လို မ,လို့ ရသွားတာပေါ့။ အဲဒီလို ကုတ်နှင့် ကားကို မ,ပြီး တွန်းလိုက်တယ်။ ကားက တရွေ့ရွေ့ သွားတယ်။ စောင်းတော့သွားတယ်။ ပြုတ်မကျဘူး။ ကျုပ် ထပ်မ,ပြီး တွန်းတယ်။ ရွေ့တော့ ရွေ့တယ်၊ ပြုတ်မကျဘူး။ ကျုပ် ချွေးပြန်လာပြီ။ ကျုပ်တို့ အဖြစ်က ကားပေါ်မှာ လူသေအလောင်းတစ်လောင်း၊ ကားက ကမ်းပါးအစွန်းမှာ မေးတင်၊ အောက်ကို ပြုတ်မကျ။ တကယ်လို့ ကားအောက်ကို ပြုတ်မကျရင် ဘယ့်နှယ် လုပ်ရပါ့။

နောက်တစ်ခါ ကျုပ် ကုတ်နဲ့ ခပ်ပြင်းပြင်း တွန်းတယ်။ ဒီတစ်ချီတော့ ကိုရာက ကျုပ်ဘေးနားကို ရောက်လာတယ်။ နှစ်ယောက် ပေါင်းပြီး နှစ်ယောက်အားနဲ့ မ,ကြတယ်။ အဲဒီအချိန်မှာ ရုတ်တရက် ကျုပ်တို့ နှစ်ယောက်သား လမ်းပေါ်မှာ ပက်လက်ကျသွားတယ်။ ကားကတော့ ချောက်ထဲကို တစ်လိမ့်ပြီး တစ်လိမ့် ကျသွားတယ်။ နောက်ဆုံး အောက်ခြေက တစ်စုံတစ်ခုနဲ့ ဆောင့်လိုက်တဲ့ အသံကြီး ဟည်းထွက်လာတယ်။ တစ်မိုင်အကွာလောက်ကတောင် အဲဒီအသံကို ကြားရနိုင်လောက်တယ်။

နောက်ဆုံး အားလုံး ငြိမ်သွားတယ်။ ကားဆီ ငုံ့ကြည့်တော့ မီးလင်းနေ

www.burmeseclassic.com

www.burmeseclassic.com



တာ တွေ့ရတယ်။ ဒါပေမဲ့ ကားက မီးမလောင်ဘူး။ ဒါလည်း အခြေအနေ တစ်မျိုးပဲ။ ကားစက်က နိုးနေပြီး၊ ကားသော့က ဖွင့်ထားပြီး၊ ကားကဲ မီးလောင်သွားခဲ့ရင် ကားပေါ်မှာ ပါသွားတဲ့ ကျုပ်တို့ နှစ်ယောက် ဘာဖြစ်လို့ မီးမလောင်ရတာလဲ။

ကျုပ်က စောစောက ခုလိုက်တဲ့ ခဲလုံးကို ယူပြီး ချောက်ထဲပဲ ပစ်ချလိုက်တယ်။ သစ်သားချောင်းကိုလည်း ချောက်ထဲ တစ်နေရာကို ပစ်ချလိုက်တယ်။ ဒီလို သစ်သားချောင်းတွေက ကားလမ်းတစ်လျှောက်လုံး နေရာအနှံ့ တွေ့နေရတာမို့ အရေးမကြီးပါဘူး။

ကျုပ် ကိုရာ လဲကျရာသွား၊ ကိုရာကို ထူ၊ ချောက်ထဲကို ဆင်းကြရမယ်။ ကျုပ် ခြေရာက ပြဿနာမရှိဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကားမှောက်ပြီး ချောက်ထဲကို ကားတစ်စင်း ကျသွားတယ် ဆိုရင် တွေ့တဲ့ မြင်တဲ့ လူတိုင်း အသေအပျောက် ရှိ မရှိ၊ ကယ်လို့ ရ မရ ဆင်းကြည့်ကြမှာပဲ။ ကိုရာရဲ့ ဒေါက်ဖိနပ်ရာ ခြေရာကတော့ အထင်ခံလို့ မဖြစ်ဘူးလေ။ ဒါကြောင့်… ဒါကြောင့်ပါ။

အောက် ရောက်တော့မှ ကိုရာကို ချိမ ထားရာက ချတယ်။ ကားက ဘီးနှစ်လုံး ထောင်ပြီး တုံးလုံးကြီး လဲနေတာ။ ချောက်တစ်ဝက်လောက်မှာပါပဲ။ ဂရိုင်နဲကြီး နစ်ကတော့ ကားထဲမှာ ရှိနေတုန်းပဲ။ ဒါပေမဲ့ ကားခုံပေါ်မှာ မဟုတ်တော့ဘဲ ကားကြမ်းပြင်ပေါ် ရောက်နေပြီ။ ကျုပ်က ကားတံခါးကို ဖွင့်ကြည့်တယ်။ ဖွင့်လို့ရမှ ဖြစ်မှာနော်။ ဒါမှ… ။ အဆင်ပြေပါတယ်။ တံခါးက ဖွင့်လို့ရတယ်။

ကျုပ်က ကိုရာရဲ့ ဘလောက်စ်ကို ပွတ်ချေလိုက်တယ်။ အားလုံး ကြေမွနေမှ ဖြစ်မှာ မဟုတ်လား။ ကိုရာက ကျုပ်ကို ကြည့်တယ်။ ကိုရာရဲ့ မျက်လုံးတွေ ပြာလဲ့မနေဘူး။ နက်မှောင်နေတယ်။ ကိုရာရဲ့ အသက်ရှူသံ ပြင်းပြင်းကိုလည်း ကြားပါတယ်။ နောက် ရပ်သွားတယ်။ ကိုရာက ကျုပ် အနားမှာ အတော်ကို ကပ်နေပြီ။

ကိုရာက-

"ဆွဲဆုတ်လိုက်… ဆွဲဆုတ်လိုက်"

ကျုပ်လည်း အပေါ်ဂါဝန်ကို ဆွဲဆုတ်လိုက်တယ်။

ကိုရာက-



"ရိုက်ပါဦး… ထိုးပါဦး"

ဟုတ်ပေသားပဲ။ ကိုရာလည်း ဒဏ်ရာရမှ ဖြစ်မှာ။ ဒါနဲ့ ကျုပ်က ကိုရာ့ မျက်နှာကို လက်သီးနဲ့ ထိုးလိုက်တယ်။ ကိုရာ ကျုပ်ခြေရင်းမှာ ပုံလျက်သား လဲသွားတယ်။ အောက်ကနေ မော့ကြည့်လိုက်တဲ့ ကိုရာ့ မျက်လုံးတွေက အရောင်တောက်နေတယ်။ ကိုရာရဲ့ ရင်အစုံဟာ ဆတ်ဆတ်တုန်နေတယ်။ ကိုရာဟာ ကျုပ်ခြေရင်းမှာ ပုံလျက်သား လဲနေတာပါ။ ကျုပ်ရဲ့ အသက်ရှူသံတွေက ပြင်းထန်လာတယ်။ ကျုပ်ဟာ တိရစ္ဆာန်တစ်ကောင်လို ဖြစ်နေပါတော့တယ်။

နောက်… ကျုပ် သိလိုက်ရတာကတော့ ကျုပ်ဟာ ကိုရာ့နံဘေး မြေပြင်ပေါ်မှာ ရောက်နေတာပါပဲ။ နှစ်ယောက်သား ပွေ့ဖက်ထားမိကြပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်၊ တစ်ယောက် မျက်လုံးကို တစ်ယောက် ကြည့်မိနေကြတယ်။ ဖက်ထားတဲ့ ကျုပ်တို့ နှစ်ယောက်ရဲ့ ကိုယ်ခန္ဓာတွေဟာ ဖြည်းဖြည်း ပို၍ ပို၍ နီးကပ်သွားကြတယ်။ ဒီအချိန်မှာ ငရဲလမ်းကြီးက တဟီးဟီး ပွင့်သွားတော့တာပါပဲ။ ကျုပ်က ဘာမှ အရေးမစိုက်တော့ဘူး။ ကျုပ် ကိုရာကို ပိုင်ရမှ ဖြစ်မယ်။ ဒါပဲ… ။

❑

www.burmeseclassic.com

www.burmeseclassic.com

# - ၉ -

ကျုပ်တို့ နှစ်ယောက် အဲဒီအတိုင်း မိနစ်အတော်ကြာကြာ နေလိုက်ကြတာ နှစ်ယောက်သား ဆေးမိနေသလိုပေါ့။ ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်နေလိုက်တာ။ မော်တော်ကားထဲက ချီးချီးချွတ်ချွတ် မြည်သံတောင် ကြားရတယ်။

ကိုရာက -

“ကဲ… အခု ဘာလုပ်ကြမလဲ ဖရင့်”

ကျုပ်က -

“ခက်ခဲကြမ်းတမ်းတဲ့ ခရီးလမ်းက ရှေ့မှာ ရှိနေတယ် ကိုရာ။ အဲဒီတော့ ကိုရာဟာ တကယ်တော်မှ ကောင်းမှ ဖြစ်မှာ။ ရှေ့ခရီးဆက်ကြဖို့ သေချာရဲ့လား ကိုရာ”

“ခုလောက် ဖြစ်ပြီးမှတော့ ရှေ့မှာ ဘာပဲဖြစ်ဖြစ် ကျွန်မ အဆင်သင့်ပဲ”

“မင်းဆီကို ရောက်လာကြပါလိမ့်မယ်ဗျာ။ ရဲတွေ ရဲတွေ… သူတို့က မင်းကို အစိတ်စိတ် အပိုင်းပိုင်း ဆုတ်ဖြဲပစ်ကြလိမ့်မယ်။ အဲဒါအတွက်ကော အဆင်သင့် ဖြစ်ရဲ့လား”

“ဖြစ်နိုင်မယ်လို့ ထင်ရတာပဲလေ”



“အင်း… ရဲတွေက ကိုရာကို ပြစ်မှုတစ်ခုခုနဲ့ စွဲလို့ရအောင် လုပ်ချင် လုပ်ကြလိမ့်မယ်။ လုပ်နိုင်မယ်တော့ မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့မှာ သက်သေတွေ အထောက်အထားတွေ အများကြီး ရှိနေတဲ့ဥစ္စာ။ ဒါပေမဲ့ သူတို့ကတော့ လုပ်ချင် လုပ်မှာပဲ၊ လူသတ်မှု မဟုတ်တောင် လူသေမှု ရအောင် ချိတ်ချင် ချိတ်ကြမှာ။ အဲဒီလို ဖြစ်ရင် ထောင်ထဲမှာ တစ်နှစ်လောက် ရောက်ချင် ရောက်သွားနိုင်တယ်နော်။ အဲဒီလောက် ဆိုးဝါးသွားနိုင်တယ်။ အဲဒီလို ဆိုရင်ကော ရင်ဆိုင်ရဲရဲ့လား”

“ကျွန်မ ထွက်လာတဲ့ အချိန်ထိ ရှင်က အပြင်ဘက်မှာ စောင့်နေမှာလား ဟင်”

“အသေအချာ စောင့်နေမှာပေါ့ဗျာ”

“ဒါဆို ကျွန်မ လုပ်ရဲတယ်၊ ရင်ဆိုင်ရဲတယ်”

“ကောင်းပြီ၊ ဒီအချိန်ကစပြီး ကျုပ်ကို ထည့်မစဉ်းစားနဲ့တော့။ ကျုပ်က အရက်သမား၊ ငမူး၊ ဆေးစစ်ချက်တွေမှာလည်း ကျုပ် အလွန်အကျွံ မူးနေတဲ့သူလို့ ထင်ထင်ရှားရှား ပေါ်နေမှာပဲ။ ကျုပ်က ပေါက်တတ်ကရတွေ လျှောက်ပြီး ပြောမှာ၊ ထွက်ဆိုမှာ။ ဒါမှ သူတို့ရဲတွေ မျက်စိလည်ကုန်မှာလေ။ အရက်အမူးပြေသွားတဲ့ အချိန်ကျတော့မှ ကျုပ် ပြောသင့်တဲ့ စကားတွေကို ပြောမှာလေ။ ဒီတော့ သူတို့ ယုံကြည်ကြပါလိမ့်မယ်”

“ကျွန်မ… မှတ်ထားပါမယ်”

“အဲ ပြီးတော့ ကိုရာက ကျုပ်အပေါ်မှာ စိတ်ဆိုးနေတယ်လေ။ ကျုပ် အရက်မူးနေလို့၊ အရက်မူးနေကြလို့ အခုလို ဖြစ်ရတာ ဆိုပြီး ကျုပ်အပေါ်မှာ အကျုံးနပ် ဖြစ်နေရမှာ”

“ဟုတ်ပါပြီ၊ ကျွန်မ သိပါတယ်”

“ဒါဆို ကျုပ်တို့အားလုံး အဆင်သင့်ဖြစ်ပြီပေါ့”

“ဖရင့်…”

“ဟင်…”

“အရေးကြီးတဲ့ အချက်က တစ်ချက်ပဲ ရှိတယ်။ ကျွန်မတို့ နှစ်ယောက် နှစ်ယောက်နဲ့ တစ်ယောက် ခိုင်ခိုင်မြဲမြဲကြီး ချစ်ကြရဖို့ပဲ၊ အဲဒီလို ချစ်နေကြရင် ဘာပြဿနာမှ မရှိတော့ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ… ကျုပ်တို့က မချစ်ကြဘူးလား"

"ကဲ… ကျွန်မကပဲ စပြောမယ်၊ ကျွန်မ ရှင့်ကို ချစ်တယ် ဖရင့်"

"ကျုပ်လည်း ကိုရာကို ချစ်ပါတယ်"

"ဒါဆို ကျွန်မကို နမ်း…"

ကျုပ်က ကိုရာ့ကို နမ်းတယ်။ ပြီးတော့ တင်းတင်းကြီး ဖက်ထား လိုက်တယ်။ အဲဒီအချိန်မှာပဲ ဟိုးအဝေးက အလင်းရောင်လေးတစ်ချက် လက်ခနဲ ပေါ်လာတယ်လို့ မြင်လိုက်ရတာပဲ။

"ကဲ… လမ်းပေါ် တက်ပေတော့ ကိုရာ၊ လုပ်ရမှာတွေ အားလုံး သိပါတယ်နော်"

"သိပါတယ်"

"လာသမျှ လူကို အကူအညီတောင်းဖို့ပဲ။ နစ် သေပြီဆိုတာ ကိုရာ မသိသေးဘူး"

"ဟုတ်ပါတယ်… နားလည်ပါတယ်"

"မင်းက ကားပေါ်က လွင့်ကျလာတာ။ ပြီးတော့ လမ်းပေါ်ကို ရောက်အောင် တက်ပြီး အကူအညီ တောင်းရတာ။ သဲပေါ်ကျလို့ မင်း အဝတ်အစား တွေမှာ သဲတွေ ပေနေတာ"

"ဟုတ်ပါပြီ၊ သိပါပြီ၊ ကဲ… ဂွတ်ဘိုင်ပဲနော်"

"ဂွတ်ဘိုင်ပါ"

ကိုရာက ထလိုက်ပြီး လမ်းပေါ် တက်လိုက်တယ်။ ကျုပ်က ကားထဲ ပြန်ဝင်တယ်။ ဒါပေမဲ့ ရုတ်တရက် ကျုပ် သတိရသွားတယ်။ ကျုပ်မှာ ဦးထုပ် ပါမလာဘူး ဖြစ်နေတယ်လေ။ ဖြစ်ရမှာက ကျုပ်ဟာ ကားထဲမှာ ရှိနေ ရောက်နေရမယ်။ ကျုပ်ဦးထုပ်ကလည်း တစ်ပါတည်း ရှိနေရမယ်။ ကျုပ် ဦးထုပ်ကို လိုက်ပြီး ရှာနေမိတယ်။ စောစောက မြင်ရတဲ့ မီးရောင်ဟာ မော်တော် ကား မီးရောင်ပါပဲ။ အဲဒီမော်တော်ကားဟာ တဖြည်းဖြည်း နီးသထက် နီးလာ ပြီ။ နောက်ထပ် အကွေ့အချိုး နှစ်ခု သုံးခုကို ကျော်လိုက်ရင် ရောက်လာ တော့မယ်။ ခုထိ ကျုပ်ဦးထုပ် ရှာမတွေ့သေးဘူး။ ကျုပ်မှာ ဒဏ်ရာဒဏ်ချက် မရှိသေးဘူး။ ခုမှတော့ မတတ်နိုင်တော့ဘူး။ ကျုပ်ကားထဲကို ဝင်လိုက်တယ်။ ကျုပ်ကားထဲကို လှဲချလိုက်တယ်။ ကျုပ်ကိုယ်ခန္ဓာ အလေးချိန်လည်း တင်လိုက်

BURMESE CLASSIC .com



ရော ကားက ကျုပ်အပေါ် ပြုတ်ကျလာသလိုပဲ။ အဲဒါ ကျုပ် နောက်ဆုံး သိလိုက်ရတာပဲ ဖြစ်ပါတယ်။

❑

နောက် ကျုပ် သတိရလာတော့ ကျုပ် မြေကြီးပေါ် ရောက်နေပြီ။ ကျုပ်အနား ခန်းကျင်မှာ ဆူညံ အော်ဟစ်သံတွေ ကြားနေရတယ်။ ကျုပ်ရဲ့ ဘက်တက်လက် ဟာ မခံမရပ်နိုင်လောက်အောင် နာကျင်နေတယ်။ နာလိုက်ကိုင်း အော်လိုက် ချင်နေမိတယ်။ ကျုပ်ရဲ့ နောက်ကျောကလည်း နာနေတာပဲ။ ခေါင်းထဲမှာလည်း အသံအကျယ်ကြီး အော်မြည်နေသလို ဖြစ်နေတယ်။ အသံရပ်သွားတာနဲ့ မြေ ပြိုကျသလို ဖြစ်သွားတယ်။ ဝမ်းထဲ ထည့်ထားသမျှ သောက်ထားသမျှ မြည်သံ ထွက်လာမည့် အနေအထားမျိုး၊ အခြေအနေ အားလုံးဟာ အမှန်တကယ်ပဲလိုလို ဘာမှ မဟုတ်တော့သလို ဖြစ်နေတယ်။ ဒါပေမဲ့ ကျုပ်မှာ အသိကလေးတစ်ခု က ရှိနေတယ်။ ကျုပ်က မြေကြီးပေါ်မှာ လှူးလိမ့်ပြီး ကန်လိုက်ရမယ်လို့။ ကျုပ်အဝတ်အစားတွေမှာလည်း သဲတွေ ရှိနေဦးမှလေ၊ အဲဒါ အကြောင်းတရား ပဲပေါ့။

နောက်… ကျုပ်နားထဲမှာ ကားဘီးပွတ်တိုက်သံ ကြားရတယ်။ ကျုပ် က လူနာတင်ကားထဲ ရောက်နေတာကိုး။ ရဲတစ်ယောက်က ကျုပ် ခြေရင်းမှာ ရပ်လို့။ ဆရာဝန်တစ်ယောက်က ကျုပ်လက်မောင်းကို တစ်ခုခု လုပ်နေသလို ပဲ။ အဲဒါကို မြင်လိုက်တဲ့ အချိန်မှာ မေ့မြောသလို ဖြစ်သွားပြန်ပါလေရော။ သွေးတွေကလည်း ရွဲရွဲစိုလို့။ လက်ကောက်ဝတ်နဲ့ လက်ဖျံရိုးကလည်း သစ်ကိုင်း ချိုးလို ကွေးနေတော့ ကျိုးနေပြီ ဖြစ်မှာပေါ့။ ကျုပ် ပြန်သတိရလာတော့ ဆရာဝန်က ကျုပ်ရဲ့ ဒဏ်ရာတွေကို တစ်ခုခု လုပ်နေတုန်းပဲ။ အဲဒီမှာ ကျုပ်ရဲ့ ကျောဘက်ကို သတိရသွားတယ်။ ကျုပ်များ အောက်ပိုင်း သေသွားပြီလားလို့ ပေါ့။ ဒါနဲ့ ခြေချောင်းလေးတွေကို လှုပ်ကြည့်တယ်၊ လှုပ်လို့ ရတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



ကားဘီး ပွတ်သံကြောင့် မကြာခဏ နိုးလာတယ်။ သတိပြန်ရလာတယ်ပေါ့။ ဒါနဲ့ နံဘေး ဝန်းကျင်ကို လှည့်ကြည့်မိပါတယ်။ တစ်ဖက်က ခုတင်ပေါ်မှာ နှစ်ကို တွေ့ရတယ်။

"ဟေး… နှစ်"

ဘယ်သူ့ဆီကမှ အသံထွက်မလာဘူး။ ကျုပ်လည်း နောက်ထပ် ဟိုဟို ဒီဒီ လှျောက်ကြည့်တယ်။ ဒါပေမဲ့ ကိုရာရဲ့ အရိပ်အယောင် တစ်စွန်းတစ်စမှ မတွေ့ရဘူး။

❑

ခဏအကြာမှာ မော်တော်ကား ရပ်သွားတယ်။ သူတို့က နှစ်ကို မ ပြီး သယ်သွားကြတယ်။ ကျုပ်ကိုလည်း ဘယ်တော့ လာပြီး မ ကြမလား၊ သယ်ကြမလား ဆိုပြီး စောင့်နေပါတယ်။ ဒါပေမဲ့ လာမသယ်ကြဘူး။ ကျုပ် သိပါတယ်။ နှစ်က သေဆုံးနေပြီ ဆိုတာကို။ ကျုပ်တို့ နှစ်ယောက်စလုံးကို သယ်ထုတ်သွားခဲ့ရင်တော့ ဆေးရုံပဲ ဖြစ်မှာပေါ့။ နှစ် တစ်ယောက်တည်းပဲ သယ်သွားတာ ဆိုတော့ ရင်ခွဲရုံ၊ အအေးတိုက်ပဲ ဖြစ်ရတော့မှာပဲ။

BURMESE CLASSIC .com

❑

ကျုပ်တို့ကား ဆက်ထွက်လာတယ်။ ဒီတစ်ကြိမ် ကားရပ်သွားတဲ့အခါမှာတော့ ကျုပ်ကို လာသယ်တယ်။ ဘီးတပ်ထမ်းစင်နဲ့ လာသယ်တာပါ။ အဲဒီ တွန်းလှည်း ထမ်းစင်နဲ့ အခန်းဖြူဖြူတစ်ခုထဲကို တွန်းသွားကြတယ်။ အဲဒီရောက်တော့ ကျုပ်ရဲ့ လက်မောင်းကို ကုသဖို့ ပြင်ဆင်ကြပုံရတယ်။ ကျုပ်ကို မေ့ဆေးပေးဖို့ ပြင်ဆင်နေကြပုံပဲ။ အဲဒီအချိန်မှာ စကားပြောသံ ကြားရတယ်။ နောက်ထပ် ဆရာဝန်တစ်ယောက် ရောက်လာပုံပဲ။ သူက ထောင်ဆရာဝန်တဲ့၊ ဆေးရုံက ဆရာဝန်တွေက ကျေနပ်ကြပုံမရဘူး။ ဘာတွေ ဖြစ်နေကြတယ်ဆိုတာ ကျုပ် ရိပ်မိပါတယ်။ ကျုပ် အရက်မူး မမူး၊ အရက်သောက်တာ များ မများကို ပထမ စမ်းသပ်စေချင်တာလေ။ မေ့ဆေးပေးလိုက်ရင် အရက်မူး မမူး စမ်းဖို့ မဖြစ်နိုင်တော့ဘဲကိုး။ ထောင်ဆရာဝန်က အနိုင်ရထားပုံ ရပါတယ်။ သူတို့က



ကျုပ်ရဲ့ အန်ဖတ်ကို စ,ယူတယ်၊ နောက် သွေးထုတ်တယ်။ တခြား သူ လိုချင်တာတွေကို ပုလင်းလေးတွေနဲ့ ထုတ်ယူပါတယ်။ ပြီးမှ ကျုပ်ကို မေ့ဆေးပေးကြပါတော့တယ်။

❑

ကျုပ် ပြန်သတိရလာတော့ အခန်းတစ်ခန်းထဲမှာ ရောက်နေပါပြီ။ ခုတင်တစ်လုံး ပေါ်မှာ ရောက်နေပါပြီ။ ကျုပ် ခေါင်းတစ်ခုလုံးကို ပတ်တီးတွေ စည်းပတ်ထား တယ်။ ကျုပ်လက်ကိုလည်း ပတ်တီးတွေ စည်း၊ မလှုပ်နိုင်အောင် လုပ်ထား တယ်။ ကျုပ်ရဲ့ နောက်ကျော ခါးဆစ်ကိုလည်း တိပ်တွေနဲ့ ပတ်ထားလိုက် ကြတာ လှုပ်ဖို့တောင် အတော်ခက်တယ်။ ရဲတစ်ယောက်က မနက်သတင်းစာ ဖတ်ရင်း ထိုင်နေတယ်။ ကျုပ်ခေါင်းက ဆိုးဆိုးဝါးဝါးကြီးကို ကိုက်ခဲနာကျင် နေတယ်။ ခါးဘက်က တအားနာတာပဲ။ လက်ကလည်း နာတယ်။ ခဏ ကြာတော့ သူနာပြုဆရာမ တစ်ယောက် ဝင်လာပြီး ကျုပ်ကို ဆေးတစ်လုံး တိုက်တယ်။ ဆေးသောက်ပြီး မကြာခင်မှာ ကျုပ် အိပ်ပျော်သွားတယ်။

❑

ကျုပ် ဒီတစ်ခါ နိုးလာတော့ နေ့ခင်းလောက် ရှိပြီ။ ကျုပ်ကို သူတို့က စားစရာ ကျွေးတယ်။ နောက်ထပ် ရဲနှစ်ယောက် ဝင်လာတယ်။ သူတို့က ကျုပ်ကို တွန်းလှည်းပေါ် တင်ကြပြန်တယ်။ တွန်းလှည်းပေါ် တင်တွန်းလာပြီး လူနာတင် ကားပေါ် တင်ကြပြန်တယ်။

"ကျုပ်ကို ဘယ်ကို ခေါ်သွားကြမှာတုံး"

"သေတမ်းစစ်ချက် သွားယူဖို့…"

"ဗျာ… သေတမ်းစစ်ချက်၊ ဟုတ်လား၊ သေတမ်းစစ်ချက် ဆိုတာ တစ်ယောက်ယောက် သေဆုံးတဲ့အခါမှ ယူကြတာ မဟုတ်လား"

"ဟုတ်တယ်လေ…"

"ဒါဆို… သူတို့နှစ်ယောက်စလုံး သေဆုံးကုန်ကြပြီလား"

"တစ်ယောက်တည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများပါလိမ့်"

"အမျိုးသားတစ်ယောက်ပဲ"

"ဩော် ဩော်… အမျိုးသမီးကရော ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသေးသလား"

"ဆိုးဆိုးဝါးဝါး မရပါဘူး"

"ဒါဆိုရင် ကျုပ်အတွက် အခြေအနေ မကောင်းဘူး ထင်တယ်"

"သတိတော့ထားပေါ့ ကိုယ့်လူရယ်၊ ကျုပ်တို့နဲ့ စကားပြောချင်ရင်လည်း ပြဿနာမရှိပါဘူး။ အိုကေပါပဲ။ ဒါပေမဲ့ မောင်ရင် ပြောသမျှ ဆိုသမျှကတော့ နောက် တရားရုံးကျရင် ထွက်ဆိုချက်အဖြစ် ဖြစ်လာမှာပဲ"

"ဟုတ်တယ်နော်… ကျေးဇူးပါပဲ"

ကျုပ်တို့ ကားက တစ်နေရာမှာ ရပ်တယ်။ ကျုပ်ကို အထဲကို သယ်ခဲ့ကြတယ်။ အထဲ ရောက်တာနဲ့ ကိုရာကို လှမ်းမြင်ရတယ်။ ကိုရာက ဒဏ်ရာဒဏ်ချက်တွေနဲ့ စုတ်ပြတ်နေပါတယ်။ တစ်ယောက်ယောက်ဆီက ငှားဝတ်ထားပုံရတဲ့ ဘယောက်စ်ပွပွ ဝတ်ထားတယ်။ ကိုရာရဲ့ ဘောင်းဘီ ရှူးဖိနပ်တွေကတော့ ပေကျံနေတယ်။ ကိုရာရဲ့ မျက်လုံး တစ်ဖက်ကလည်း ကျုပ် လက်သီးနဲ့ ထိုးထားတဲ့အတိုင်း ရောင်ကိုင်းနေတယ်။ ကိုရာ နံဘေးမှာ အစောင့်ရဲမေ တစ်ယောက် ရှိတယ်။ သေမှုသေခင်းအရာရှိက စားပွဲနား ရောက်လာတယ်။ သူ့နံဘေးမှာ အတွင်းရေးမှူးလိုလို လူတစ်ယောက်။ စားပွဲ တစ်ဖက်မှာ မှုန်သိုးသိုးနှင့် လူတစ်ဒါဇင်လောက်က ထိုင်နေကြတယ်။ သူ့ နံဘေးမှာ ရဲအစောင့်အရှောက်တွေနဲ့။ သူတို့က ဂျူရီလူကြီးတွေပါပဲ။ သေမှုသေခင်းအရာရှိက အလုပ်ရှုပ်နေပုံပါပဲ။ ဟိုလူ့ကို နေရာချပေး၊ ဒီလူ့ကို နေရာချပေးနဲ့ လုပ်နေတယ်။ ကိုရာနဲ့ သူ့အဖော် ရဲမေကိုလည်း ခုံတစ်လုံး ပေးတယ်။ အခန်းရဲ့ တစ်ဖက်မှာတော့ စားပွဲတစ်လုံး၊ စားပွဲပေါ်က ပစ္စည်းကို အဝတ်နဲ့ ဖုံးထားတယ်။

ကျုပ်ကိုလည်း နေရာချပေးပါတယ်။ သူတို့ရဲ့ ပထမဆုံး အလုပ်ကတော့ ရုပ်အလောင်းကို စစ်ဆေးစေခြင်းပါပဲ။ တစ်ယောက်က စားပွဲပေါ်မှာ ဖုံးထားတဲ့ အဝတ်ကို လှပ်လိုက်တာနဲ့ ကိုရာက ငိုပါတယ်။ သူတို့ လုပ်ကိုင် နေပုံကို ကျုပ်ကလည်း သဘောမကျပါဘူး။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။

ကိုရာက ကြည့်ပါတယ်။



ကျုပ်လည်း ကြည့်ရတယ်။

ဂျူရီတွေလည်း ကြည့်ရတယ်။

ကိုရာကို စပြီး မေးတယ်။

"မင်း… ဒီလူ့ကို သိသလား"

"သူဟာ ကျွန်မရဲ့ ခင်ပွန်းပါ"

"သူ့နာမည်က"

"နစ် ပါပါဒါကစ် ပါ"

ဒီနောက်တော့ အသိသက်သေတွေက ထွက်ဆိုပါတော့တယ်။ ပထမဆုံး မှတ်ကိုလ်က ရဲတပ်ကြပ်ကြီး ဖြစ်ပါတယ်။ ရဲတပ်ကြပ်ကြီးက အခင်းဖြစ်ပွားရာကို ဖုန်းဆက် အကြောင်းကြားတာ ရလို့ ရဲနှစ်ဦးနဲ့အတူ သွားကြောင်း၊ ဟိုရောက်တော့ အခြေအနေ ကြည့်ပြီး လိုအပ်လို့ လူနာတင်ကားကို ဖုန်းဆက်မှာရကြောင်း၊ ကိုရာကို သူတို့ရဲကားနှင့် ခေါ်ယူတင်ဆောင်လာပြီး ကျုပ်နဲ့ နစ်ကိုတော့ လူနာတင်ကားပေါ် တင်လာခဲ့ကြောင်း၊ နစ်ဟာ လမ်းပေါ်မှာတင် သေဆုံးသွားတဲ့အတွက် ရင်ခွဲရုံမှာ ထားခဲ့ကြောင်း ထွက်ဆိုပါတယ်။

နောက်တစ်ယောက်ကတော့ ရိုက် ဆိုတဲ့ လူတစ်ယောက်ပါပဲ။ သူကတော့ သူ ကားမောင်းလာတုန်း အကွေ့တစ်ခု အလွန်မှာ မိန်းမတစ်ယောက်ရဲ့ အော်သံ ကြားရကြောင်း၊ ကားမှောက်ပြီး တလိမ့်လိမ့် ကျသွားတာကို မြင်ရကြောင်း၊ အဲဒီအချိန်မှာ ကိုရာကို လမ်းပေါ်မှာ မြင်ရပြီးကြောင်း၊ ကိုရာက အကူအညီတောင်းလို့ ကားရှိရာကို အတူဆင်းကြကြောင်း၊ ကားထဲမှာ ရှိနေကြတဲ့ ကျုပ်နဲ့ နစ်ကို ထုတ်ဖို့ ကြိုးစားတာ မရကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ မော်တော်ကားက ကျုပ်တို့အပေါ်မှာ ပိနေတာကိုး။ ဒါနဲ့ ကားထဲမှာ ကျန်ခဲ့တဲ့ သူ့ညီကို အကူအညီတောင်းခိုင်းခဲ့ကြောင်း၊ ခဏအကြာမှာတော့ လူတွေနဲ့ ရဲတွေပါ ရောက်လာကြပြီး ရဲတွေက အစစ တာဝန်ယူ စီမံကြကြောင်း၊ မော်တော်ကားကို ဖယ်ပြီး ကျုပ်နဲ့ နစ်တို့ကို လူနာတင်ကားပေါ် တင်ပေးလိုက်ကြောင်း ပြောပါတယ်။

ရိုက်ရဲ့ ညီကလည်း အဲဒီအတိုင်းပဲ ပြောပါတယ်။ အဲ… သူကတော့ ရဲတွေကို လှမ်းခေါ်တာ ပါတာပေါ့လေ။

ဒီနောက်ကတော့ ထောင်ဆရာဝန်က ထွက်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဆရာဝန်ရဲ့ ထွက်ဆိုချက်ကတော့ ကျုပ်က မူးနေကြောင်း၊ နှစ်ရဲ့ အစာအိမ်ထဲက ထုတ်ပြီး စစ်ဆေးချက်အရ နှစ်ကလည်း မူးနေကြောင်း၊ ကိုရာကတော့ မမူးကြောင်း ပြောပါတယ်။ နှစ်ဟာ ခေါင်းမှာ ရတဲ့ ဒဏ်ရာကြောင့် ကွယ်လွန်တာ ဖြစ်ကြောင်း ပြောပါတယ်။

သေမှုသေခင်းအရာရှိက ကျုပ်ဘက်ကို လှည့်ပြီး-

"ခင်ဗျား… ထွက်ဆိုမှာလား"

"ဟုတ်ကဲ့ခင်ဗျ… ထွက်ဆိုပါ့မယ်"

"ဒါဆိုရင်… ကြိုတင်ပြီး သတိပေးထားရဦးမယ်၊ အခု မင်း ထွက်ဆိုချက်တွေဟာ မင်းအပေါ်မှာ အမှုပြန်ပတ်နိုင်တယ်နော်၊ မင်းကို ဘယ်သူက အတင်းထွက်ဆိုခိုင်းတာ မဟုတ်ဘူး။ မင်း ထွက်ဆိုချင်မှ ထွက်ဆိုနိုင်တယ်"

"ကျုပ်မှာ ဘာမှ ဖုံးကွယ်ထားစရာ မရှိပါဘူး"

"ဒါဆိုလည်း ကောင်းပြီလေ… မင်း သိသမျှ ပြောပေတော့"

"အဲ… ကျုပ် သိသမျှတော့ ကျုပ်ကားနဲ့ အတူ ပါသွားတယ်။ ကျုပ် ခေါင်းကို တစ်ခုခုနဲ့ ရိုက်မိတယ်။ အဲဒီနောက်တော့ ကျုပ် ဘာမှ သတိမရတော့ဘူး။ နောက် ဆေးရုံပေါ် ရောက်မှ သတိရတာပဲ"

"ကားနဲ့ ပါသွားတယ်… ဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်း ဆိုလိုတာက မင်းက ကားမောင်းနေတာပေါ့"

"ဟုတ်ကဲ့ ခင်ဗျ၊ ကျုပ်က ကားမောင်းနေတာပါ"

အဲဒီ အူကြောင်ကျား ထွက်ဆိုချက်ဟာ နောက်ကျတော့ ကျုပ်ကို ပြန်ရုပ်သိမ်းရမှာပေါ့လေ။ ကျုပ် တကယ်ပဲ အရေးပါတဲ့ ထွက်ဆိုချိန် ရောက်တော့ တစ်မျိုးပေါ့လေ။ အဲဒီအခါကျတော့ အခု သေမှုသေခင်း ထွက်ဆို… ဟာ တရား ဘယ်ဝင်တော့မလဲ။ ကျုပ်က တွက်ပြီးသားပါ။ စစချင်း ပေါ… တတ်ကရ စပြောမယ်။ နောက်တစ်ခါကျတော့ တစ်မျိုး ပြောင်းပြောမယ်… ဒါမှ ဒုတိယအကြိမ် ပြောတဲ့ ဇာတ်လမ်းကမှ အမှန်အကန် ဖြစ်တယ်… ယူဆနိုင်ကြမှာကိုး။ စပြောပြောချင်း တစ်ခါတည်း ပြောလိုက်ရင် ဘယ်သူ… ယုံတော့မှာလဲ။ ပြီးတော့ ကျုပ်က အရက်အမူးလွန်နေတဲ့ အနေအထား ရှိ… သာ ဖြစ်တော့မှာပေါ့။



ရဲတွေက တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကြတယ်။ သေမှုသေခင်း အရာရှိက ကျုပ်ကို ရူးများနေရော့သလား ဆိုတဲ့ မျက်နှာထားနဲ့ ကြည့်တယ်။ သူတို့ အားလုံးက သိကြပြီးသားလေ။ ကျုပ်ကို ကားနောက်ခန်းထဲက ဆွဲထုတ်ထားရတယ် ဆိုတာကို။

အရာရှိက, "မင်း ကားမောင်းနေတယ် ဆိုတာ သေချာရဲ့လား"

"သိပ်ကို သေချာတာပေါ့ဗျာ"

"မင်းဟာ အရက်တွေ မူးနေတယ် မဟုတ်လား"

"မဟုတ်ပါဘူး ခင်ဗျ၊ မမူးပါဘူး"

"စောစောက ထောင်ဆရာဝန်ရဲ့ ထွက်ဆိုချက်လည်း ကြားတယ် မဟုတ်လား"

"ဆေးစစ်ချက်တွေတော့ ကျုပ် မသိဘူး။ ကျုပ် အရက်မမူးပါဘူး၊ ဒါပဲ"

အရာရှိက ကိုရာဘက်ကို လှည့်လိုက်တယ်။ ပြီးတော့ စမေးတယ်။ ကိုရာကလည်း သိသမျှ အမှန်အတိုင်း ပြောပါ့မယ်ပေါ့။

"ကားကို ဘယ်သူ မောင်းလာသလဲ"

"ကျွန်မ မောင်းလာတာပါ"

ကျွန်တော့်ကို လက်ညှိုးနှင့် ထိုးပြီး-

"သူက နောက်ခန်းက ထိုင်လာတာပါ"

"သူ အရက်တွေ သောက်ထားသလား"

ကိုရာက တစ်ဖက်ကို လှည့်လိုက်ပါတယ်။ ပြီးတော့ တံတွေး မျိုချ… လိုက်တယ်။ နည်းနည်းလည်း ငိုပါတယ်။

"အဲဒီမေးခွန်းကို ကျွန်မ ဖြေရမှာလား"

"ဘယ်မေးခွန်းကိုမှ မဖြေချင်ရင် မဖြေဘဲ နေလို့ ရပါတယ်"

"ကျွန်မ… မဖြေချင်ပါဘူးရှင့်"

"ကောင်းပြီလေ… ဒါဆိုရင် အဖြစ်အပျက်ကို မင်း သိတဲ့အတိုင်း… ကားနဲ့ မင်း ပြောပြပါလား"

"ကားကို ကျွန်မ မောင်းလာပါတယ်။ တောင်တက်က ရှည်တော့… အင်ဂျင်က အရမ်းပူလာတယ်၊ ကျွန်မ ယောက်ျားက အင်ဂျင် … … ခဏ ကားရပ်လိုက်ပါလားလို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်ဂျင်က ဘယ်လောက်ထိ ပူလာတာလဲ"

"အပူချိန် ၂၀၀ ကျော်နေပြီလေ"

"ဆက်ပြောပါ"

"နောက် အဆင်းရောက်တာနဲ့ ကျွန်မ အင်ဂျင်စက်ကို သတ်လိုက်တယ်။ အင်ဂျင်စက်ကတော့ ပူတုန်းပဲ။ နောက် ခဏကြာတော့ စက်ပြန်နှိုးတယ်၊ မနိုးတော့ဘူး။ ဘာဖြစ်လို့လဲတော့ ကျွန်မ မသိဘူး။ ကားက တစ်ဖက်နိမ့်သွားတယ်။ ကားကြီးက တစ်ဖက်ကို စောင်းနေပြီ။ ကျွန်မ သူတို့နှစ်ယောက်စလုံးကို ကားပေါ်က အမြန်ခုန်ဆင်းဖို့ လှမ်းအော်ပါသေးတယ်။ ဒါပေမဲ့ မရတော့ဘူး။ နောက်ကျသွားပြီ။ ကားက အောက်ထဲမှာ လိမ့်ကျနေပြီ။ ကျွန်မကလည်း ကားအပြင်ဘက်ကို ရောက်အောင် ကြိုးစားပြီး ထွက်တယ်။ ရတယ်။ နောက် လမ်းပေါ် ရောက်ပြီး အော်ဟစ် အကူအညီ တောင်းရတာပါပဲ"

အရာရှိက ကျုပ်ဘက်ကို လှည့်လာပြန်တယ်။

"မင်းက ဘာတွေ လုပ်နေတာလဲ၊ ဘာတွေ ပြောနေတာလဲ၊ ဒီမိန်းမကို ကာကွယ်ဖို့ ကြိုးစားနေတာလား"

"ဗျာ... သူကတော့ ကျွန်တော့်ကို ကာကွယ်ပြောဆိုတာ၊ ကျွန်တော်ဖြင့် သတိမထားမိပါဘူး ခင်ဗျ"

ဂျူရီလူကြီးတွေက အခန်းထဲက ထွက်သွားကြပါတယ်။ နောက်ခဏအကြာမှာ ပြန်ဝင်လာကြတယ်။ ပြီးတော့ သူတို့ရဲ့ ဆုံးဖြတ်ချက်ကို ပြောပါတယ်။ သူတို့ရဲ့ ဆုံးဖြတ်ချက်ဟာ နှစ်ပါပါဒါကစ်ဟာ မာလီဗူကမ်းခြေရေအိုင်လမ်းပေါ်မှာ ကားတိမ်းမှောက်မှု ဖြစ်ပြီး သေဆုံးသွားကြောင်း၊ အဖြစ်အပျက်နှင့် ပတ်သက်ပြီး ကျုပ်နဲ့ ကိုရာအပေါ်မှာ ရာဇဝတ်ကြောင်းနှင့် ငြိစွန်းမည်ဟု ယူဆပါက ရာဇဝတ် တရားကြောင်း အထက်ဂျူရီများထံမှာ စစ်ဆေးကြားနာကြရန် ဖြစ်ကြောင်း... ။

အဲဒီညမှာ နောက်ထပ်ရဲသားတစ်ယောက် ဆေးရုံမှာ ကျုပ်ကို စောင့်တယ်။ နောက်နေ့မနက်ကျတော့ သူက ကျုပ်ကို ပြောတယ်လေ။ မစ္စတာဆက်ကက်က ကျုပ်ကို လာတွေ့မှာမို့ အဆင်သင့် လုပ်ထားပါတဲ့။ တကယ်တော့ ကျုပ်က ကောင်းကောင်းကို လှုပ်နိုင်သေးတာ မဟုတ်ဘူး။ ဒါပေမဲ့လည်း အဆင်သင့်လုပ် ဆိုတော့ ကျုပ်က လုပ်ရတော့တာပေါ့။ ပထမဆုံး ဆေးရုံက



ဆံသဆရာကို အခေါ်ခိုင်းပြီး ကျုပ်ရဲ့ ထိုးထိုးထောင်ထောင် ဖြစ်နေတဲ့ မုတ်ဆိတ်ကျင်စွယ်တွေကို ရိတ်သင်ခိုင်းရပါတယ်။ အတတ်နိုင်ဆုံး သပ်သပ်ရပ်ရပ် ဖြစ်အောင်လို့ပါ။ ကျုပ်က မစ္စတာဆက်ကက်ဆိုတာ ဘယ်သူဘယ်ဝါလို့ သိပြီးသားကိုး။ သူက ပြည်နယ်တရားသူကြီးပဲလေ။ ဒီအမှုမှာ သူက တရားလိုရှေ့နေဆွဲချတဲ့။

မနက် ၈း၃၀ လောက်မှာ မစ္စတာဆက်ကက် ရောက်လာတယ်။ သူရောက်လာတာနဲ့ အခန်းထဲမှာ စောင့်နေတဲ့ ရဲသားက ထွက်သွားတယ်။ ဒီတော့ အခန်းထဲမှာ သူနဲ့ ကျုပ် နှစ်ယောက်တည်းပဲ။ ဘယ်သူမှ မရှိတော့ဘူး။ သူက လူကောင်ထွားထွား ထိပ်ပြောင်ပြောင်နဲ့။ ဟန်တစ်လုံး ပန်တစ်လုံး အိုက်တင်နဲ့။ သူက-

"ကဲ ကဲ... ကိုယ့်လူ ဘယ့်နှယ် နေသေးသလဲ"

"ကောင်းပါတယ် ခင်ဗျ။ တရားသူကြီးမင်း၊ တုန်လှုပ်ချောက်ချားမှု ရှိနေသေးတာကလွဲရင်... ကောင်းပါတယ်"

"လေယာဉ်ပေါ်က ပြုတ်ကျတဲ့ လူတစ်ယောက်က ပြောဖူးတယ်ကွ၊ လိမ့်ကျရတုန်း ခံစားရတာ ကောင်းပါသတဲ့။ ဒါပေမဲ့ အောက်ကို ထိတော့ မသက်သာဘူး ဆိုပဲ"

"ဟုတ်ကဲ့ ခင်ဗျ"

"ကဲ ကဲ... ချိန်းဘားရေ... မင်းအနေနဲ့ ငါ့ကို ဘာမှ မပြောမဆိုချင်ဘူး ဆိုရင်လည်း ရတယ်နော်။ ငါက ဒီကို လာတာက မင်းကို လာကြည့်တာ။ မင်းအခြေအနေကို လာကြည့်တာ၊ နောက် တစ်စိတ်တစ်ပိုင်းကတော့ ကျုပ်ရဲ့ အတွေ့အကြုံအရ ပြောရမယ် ဆိုရင် ပြောစရာ ရှိတာကို ပြောထားတာ၊ နောက်နောင်ကျတော့ အမှုမှာ အဆင်ပြေတတ်တယ်လေ၊ ကာယကံရှင်နဲ့ ကျုပ်တို့လည်း တစ်ယောက်ကို တစ်ယောက် ပိုနားလည်သွားကြတာပေါ့"

"ဟုတ်ကဲ့... တရားသူကြီးမင်း၊ တရားသူကြီးမင်းက ဘာများ သိချင်ပါလိမ့်"

ကျုပ်က စိတ်ဂနာမငြိမ်တဲ့ အိုက်တင်မျိုးပေါ့လေ၊ တရားသူကြီးက ပထမ ဘာမှ မပြောဘဲ ကျုပ်ကို ကြည့်နေတယ်။ ပြီးမှ-

"ကဲ... ဒီလို လုပ်ကြရအောင်ပါ၊ အဖြစ်အပျက် အစကစပြီး ပြောကြရအောင်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ခရီးအစလား"

"ဟုတ်တယ်… အဖြစ်အပျက် အစအဆုံး ကျုပ် သိချင်တယ်"

တရားသူကြီးဟာ အဲဒီစကားကို ပြောအပြီး ထိုင်ရာက ထ၊ အခန်းထဲမှာ လူးလာခေါက်တုံ့ လမ်းလျှောက်နေတော့တယ်။ အခန်းတံခါးပေါက်က ကျုပ် ခုတင်နံဘေးမှာပဲလေ၊ ကျုပ်က တံခါးဖွင့်ပြီး အပြင်ကို လှမ်းကြည့်တယ်။ ကျုပ်ကို စောင့်တဲ့ ကိုရွှေရဲသားက ခန်းမကြီးမှာ သူနာပြုဆရာမနဲ့ လေပစ်နေတယ်။

တရားသူကြီးက ကျုပ်အပြုအမူကို ကြည့်ပြီး အသံထွက်အောင် ရယ်တယ်။

"ဒီမှာ လျှို့ဝှက်တဲ့ အသံဖမ်းစက်တို့ ဘာတို့ မရှိပါဘူးကွာ၊ အဲဒါတွေက ရုပ်ရှင်တွေထဲမှာသာ ရှိတာပါ"

ကျုပ်က ငါးခူပြုံးတစ်ချက် မျက်နှာပေါ် တင်လိုက်တယ်။ ကျုပ်လုပ်နေတဲ့ အိုက်တင်တွေက တရားသူကြီးမင်းကို ကျုပ်အပေါ်မှာ မြင်စေချင်တဲ့ အနေအထား ရောက်အောင် ဖန်တီးနေတာလေ။ သူက ရောက်ပုံရပါတယ်။ ဒါနဲ့ -

"ဟုတ်ကဲ့… တရားသူကြီးမင်း၊ အဖြစ်အပျက်က တကယ်တော့ အတော်အူကြောင်ကြောင်လည်းနိုင်၊ မသိဆိုးဝါးလည်း နိုင်လှပါတယ်ဗျာ။ ကျွန်တော် ပြောပါ့မယ်၊ ပြောတာမှ အဖြစ်အပျက်ရဲ့ ဟိုပထမအစက စပြီး ပြောပါ့မယ်။ ကျွန်တော့်ရဲ့ အခြေအနေက အကျဉ်းအကျပ်ထဲ ရောက်နေတယ် ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ လိမ်ညာပြောနေရင် ဘာမှ အကျိုးမရှိနိုင်ဘူး ဆိုတာ ကျွန်တော် သိပါတယ်"

"အဲဒါ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပဲပေါ့ ချိန်းဘားရဲ့"

ဒါနဲ့ပဲ ကျုပ်က ဂရိုင်နဲသားကြီး နစ်ရဲ့ ဆိုင်က ထွက်လာခဲ့ပုံ၊ နောက်တိုက်တိုက်ဆိုင်ဆိုင် လမ်းပေါ်မှာ ပြန်တွေ့ကြပုံ၊ နစ်က ကျွန်တော့်ကို ပြန်လာစေချင်ပုံ။ အခု ကြုံတုန်း ဆန်တာဘာဘာရာ ပျော်ပွဲခရီးကို အတူလိုက်ခဲ့ဖို့ လမ်းမှာ စကားပြောတာပေါ့ ဆိုပြီး ခေါ်ကာ၊ ကျွန်တော်တို့ ဝိုင်တွေ တအားသောက်လာခဲ့ကြပုံ။ ကျွန်တော်က ကားမောင်းလာခဲ့ပုံ။ ဒီနေရာမှာ တရားသူကြီးက လက်ကာပြလိုက်ပြီး -

"ဒါဆို… မင်းက ကားမောင်းလာတာပေါ့"



"ဟုတ်တယ်လေ"

"ဒါက ဘာသဘောလဲ ချိန်းဘား၊ မင်းက ဘာဆိုလိုချင်တာလဲ"

"ကျွန်တော် ဆိုလိုချင်တာက ဒီလိုပါ၊ စစ်ဆေးစဉ်မှာ ကိုရာက ဘယ်လို ပြောတယ်ဆိုတာ ကျွန်တော် ကြားပါတယ်။ ရဲတွေက ကျွန်တော့်ကို ပြန်ပြောထားလို့ပါ၊ ရဲတွေက ကျွန်တော့်ကို ဘယ်မှာ တွေ့တယ်ဆိုတာလည်း သိပါတယ်။ ဒီတော့ ကားမောင်းတာက ကိုရာ ဆိုတာ သိပါတယ်။ ဒါပေမဲ့ ကျွန်တော်က ကျွန်တော် မှတ်မိသလောက် ပြောနေတာပါ၊ ကျွန်တော် မလိမ်ပါဘူး။ ကျွန်တော် မှတ်မိသလောက်ကတော့ ကျွန်တော်က ကားမောင်းခဲ့တာပဲ"

"စစ်ဆေးတုန်းက မင်းက အရက်မူးနေတယ် ဆိုတာကိုတော့ လိမ်ခဲ့တယ်လေ"

"ဟုတ်ပါတယ်၊ အဲဒီတုန်းက အဲဒီလို ပြောခဲ့မိပါတယ်။ တကယ်တော့ ကျွန်တော် အရက်မူး မပြေသေးတာလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ဆေးရုံက ပေးထားတဲ့ အိပ်ဆေး၊ အနာသက်သာဆေးတွေကြောင့်လား မသိဘူး။ မူးနောက်နောက် ဖြစ်နေလို့လားတော့ မပြောတတ်ပါဘူး။ အဲဒီတုန်းက ကျွန်တော် လိမ်ပြောမိတာ မှန်ပါတယ်။ ဒါပေမဲ့ အခု ကျွန်တော် ကောင်းနေပါပြီ။ မှန်တဲ့စကားကို ပြောမှသာ ကျွန်တော် အခု ရောက်နေတဲ့ အကျဉ်းအကျပ်ထဲက လွတ်မြောက်နိုင်မယ် ဆိုတာကို သိပါတယ်။ မှန်ပါတယ်။ ကျွန်တော် မူးနေခဲ့ပါတယ်။ အတော်ကြီးကို မူးနေခဲ့တာပါ။ အဲဒီတုန်းက တွေးမိတဲ့ အတွေးက ကျွန်တော် မူးနေတယ်ဆိုတာကို ပြောလို့ မဖြစ်နိုင်ဘူးလို့လေ။ ကျွန်တော်က ကားမောင်းနေတဲ့လူ မဟုတ်လား၊ ကားမောင်းနေတဲ့ လူက မူးနေတယ် ဆိုရင် သွားပြီပေါ့"

"အဲဒါကြောင့် မင်းက မမူးဘူးလို့ ဖြောင့်ချက်ပေးခဲ့တာပေါ့ ဟုတ်လား"

"ကျွန်တော်က အဲဒီလို ပြောမှ ဖြစ်မယ်လေ။ ဒါပေမဲ့ ဘယ်က ဘယ်လို ကိုရာက ကားမောင်းနေတယ် ဆိုတာ ကျွန်တော်ဖြင့် နားမလည်နိုင်ဘူးခင်ဗျာ။ ကျွန်တော် ကားကို စပြီး မောင်းလာခဲ့တာက အသေအချာပဲ။ လမ်းပေါ်မှာ ရပ်နေတဲ့ လူတစ်ယောက်ကတောင် ကျွန်တော့်ကို ကြည့်ပြီး ရယ်နေတာ မှတ်မိသေးတယ်။ နောက်တော့ အချင်း ဖြစ်ပွားချိန်မှာ ဘယ်က ဘယ်လို ကိုရာက ကားမောင်းနေသလဲ ဆိုတာ ကျွန်တော် မသိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ၂ ပေလောက်ပဲ မောင်းခဲ့တာကိုး"

"ဗျာ… ကျွန်တော်က ၂ မိုင်လောက်ပဲ မောင်းခဲ့တယ် ဟုတ်လား"

"မဟုတ်ဘူး၊ ၂ ပေ၊ ဒီနောက်တော့ ကိုရာက မင်းကို ဖယ်ပြီး ကား မောင်းခဲ့တာ"

"ဟား… ကျွန်တော် အတော့်ကို မူးနေပုံရတယ်"

"အင်းလေ… အဲဒီစကားကို ဂျူရီလူကြီးတွေက ယုံကြည်နိုင်လောက် ပါတယ်။ ဟုတ်တယ်… ယုံနိုင်လောက်ပါတယ်"

တရားသူကြီးဟာ အဲဒီစကား ပြောအပြီး သူ့ရဲ့ လက်တွေကို သူ့ဘာသာ ကြည့်နေပါတယ်။ ကျုပ်ကတော့ ကျုပ်မျက်နှာပေါ်က အူကြောင်ကြောင် အပြုံးကို ဆက်ထားနိုင်အောင် ကြိုးစားနေရတာပေါ့။ ဘာပဲပြောပြော အခုလို သူက မေးခွန်းတွေ အများကြီး မေးနေတာကို သဘောကျပါတယ်။ ဒါမှ ကျုပ်ရဲ့ အတွေးတွေ စိတ်တွေကို တခြားကိစ္စတွေမှာ ထားလို့ ရတာပေါ့။ ဘာပဲပြောပြော ငနဲသားကြီးကို ညာတာပါတေး လုပ်ရတာ လွယ်လိုက်တာ။

တရားသူကြီးက-

"မင်း… နစ်ပါပါဒါကစ် ဆီမှာ ဘယ်လောက်ကြာကြာ အလုပ် လုပ်ခဲ့သလဲ"

"မနှစ်က ဆောင်းတွင်းတုန်းကပဲ"

"ဘယ်လောက်ကြာကြာ နေဖြစ်သလဲ"

"ပြီးခဲ့တဲ့ လအထိ ဆိုပါတော့။ ၆ ပတ်လောက် ရှိမယ် ထင်ပါတယ်"

"မင်း သူ့ဆီမှာ လုပ်တာ ၆ လ ရှိပြီဆို"

"အဲ… ဖြစ်နိုင်ပါတယ်"

"ဒီ့အရင်က ဘာလုပ်သလဲ"

"ကြို့ရာကျပန်းပါပဲ"

"တွေ့ရာ ကြုံရာမှာ လုပ်တာ မဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

တရားသူကြီးက သူ့လက်ဆွဲအိတ်ထဲမှ စာရွက်တချို့ကို ထုတ်ပြီး စားပွဲ ပေါ်မှာ ချတယ်။ အဲဒါတွေ ကြည့်ပြီးမှ-

"ဖရစ္စကို ရောက်ဖူးသလား"

"အဲဒီမှာ မွေးတာပါ"



"ကင်းဆက်စီတီ၊ နယူးယောက်၊ နယူးအော်လင်း၊ ရှီကာဂို"

"အားလုံး ရောက်ဖူးပါတယ်"

"ထောင်တွေ ဘာတွေကော ကျဖူးသလား"

"ဟုတ်ကဲ့ခင်ဗျ၊ ဒီလို ဟိုရောက် ဒီရောက် လျှောက်သွား၊ ကြုံရာ ကျပန်း လုပ်တဲ့သူ ဆိုတော့ ဒေသခံ ရဲတွေနဲ့ မကြာခဏ ဆိုသလို ပြဿနာ ကြုံတွေ့ရတတ်ပါတယ်၊ ထောင်လည်း ကျဖူးပါတယ်"

"တပ်ကဆန်မှာ ထောင်ကျဖူးသလား"

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် ထင်တာကတော့ အဲဒီမြို့ ရောက်ပြီး ၁၀ ရက်လောက်မှာ ဖြစ်တယ် မှတ်တာပဲ။ မီးရထားပိုင် အဆောက်အအုံထဲ ဝင်ရောက်ကျူးကျော်မှုကြောင့်…တဲ့"

"ဆော့လိတ်စီတီ ဆန်တီယာဂို၊ ဝီချီကာ ထောင်တွေကော…"

"ဟုတ်ကဲ့ခင်ဗျ… ကျဖူးပါတယ်"

"အုတ်ကလင်ကော…"

"အုတ်ကလင်မှာတော့ ၃ လ ခင်ဗျ။ ရဲရထားစုံထောက်နဲ့ ရန်ပွဲဖြစ်လို့ပါ"

"အဲဒီစုံထောက်ကို မင်းက အတော်နာအောင် ထိုးကြိတ်ခဲ့တာပဲကိုးကွ"

"အဲဒါက တစ်ဖက်သတ် စကားပါ ခင်ဗျာ။ အဲဒီလူဟာ အတော် နာသွားတာ မှန်ပါတယ်။ ဒါပေမဲ့ တခြား တစ်ဖက်ကိုလည်း ပြန်ကြည့်သင့်ပါ တယ်။ ကျွန်တော်ကိုယ်တိုင်လည်း အလွန်ကို ထိခိုက်ဒဏ်ရာ ရခဲ့တာပါပဲ"

"လော့စ်အိန်ဂျယ်လိမှာကော…"

"တစ်ကြိမ်တည်းပါ ခင်ဗျ၊ ၃ ရက်တည်းပါ"

"ဒီမယ် ချိန်းဘား… မင်းက ဘယ်ကနေ ဘယ်လို နစ်ပါပါဒါကစ် ဆီမှာ အလုပ် လုပ်ဖြစ်သွားတာလဲ"

"မတော်တဆ တိုက်ဆိုင်မှုပါပဲ၊ ကျွန်တော်က ဘိုင်ကျနေတယ်၊ သူကလည်း အလုပ်သမားတစ်ယောက် လိုနေတယ်။ အဲဒီအချိန်မှာ ကျွန်တော် က ဒီဆိုင်မှာ ဝင်လာစားဖြစ်တယ်။ သူက အလုပ်လုပ်မလားလို့ ကမ်းလှမ်း တယ်။ ကျွန်တော်က လက်ခံတယ်၊ ဒါပါပဲ"

"ချိန်းဘား… ဒီကိစ္စဟာ ရယ်စရာကောင်းမနေဘူးလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးမင်း ဘာကို ဆိုလိုတယ် ဆိုတာ ကျွန်တော် နားမလည်ဘူး"

"မင်းဟာ နှစ်တွေ အကြာကြီး ရှာရိုးကိုးပေါက် ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့ လူ၊ ဘာအလုပ်မှ မလုပ်ခဲ့ဘူး။ လုပ်ဖို့လည်း မကြိုးစားခဲ့ဘူး။ အဲလေ… ငါ သိထားသမျှ မှတ်တမ်းမှတ်ရာတွေအရပေါ့လေ။ အဲဒီလို နေနေခဲ့ရာက ရုတ်တရက်ကြီး အလုပ်တစ်ခုမှာ ဝင်လုပ်တယ်။ အကြာကြီး ၆ လတောင် လုပ်တယ်။ တကယ်ပဲ တည်တည်တံ့တံ့ လုပ်နေတယ် ဆိုတော့"

"ဒီအလုပ်ကိုလည်း ကျွန်တော် မကြိုက်ပါဘူး"

"ဒါပေမဲ့ အချိန်အကြာကြီး လုပ်ဖြစ်တယ် မဟုတ်လား"

"နှစ်ပေါ့…၊ ကျွန်တော် တွေ့ဖူးသမျှ လူတွေထဲမှာ သဘောအကောင်းဆုံး၊ အတော်ဆုံးပါပဲဗျာ၊ ကျွန်တော် ဒီမှာ အလုပ်လုပ်လို့ ဘာမှ မကြာခင်မှာပဲ ကျွန်တော် အလုပ် မလုပ်ချင်တော့ဘူးလို့ ပြောချင်တာ၊ ဒါပေမဲ့ ပြောမထွက်ဘူး ဖြစ်နေတယ်၊ နှစ်မှာက အရင့်အရင် ကူဖော်လောင်ဖက် အလုပ်သမားတိုင်းက ဒုက္ခပေးခဲ့တာကိုး။ အဲဒီလိုနဲ့ နှစ်ကို ပြောမထွက်ဖြစ်တာနဲ့ ကြာသွားတာ၊ တစ်ခါတော့ သူ ရေချိုးခန်းထဲမှာ ချော်လဲတယ်လေ။ သူလည်း မရှိရော ကျွန်တော်လည်း လစ်တော့တာပါပဲ။ တကယ်တော့ ကျွန်တော်က အဲဒီလို သူ့ကို ပစ်ထားခဲ့ဖို့ မကောင်းပါဘူး၊ ဒါပေမဲ့ ကျွန်တော်က ခြေဖဝါးမှာ ရွေ ပါလာတဲ့ လူမျိုးလေ။ ခြေဖဝါးက ယားလာပြီဆိုရင် ထွက်တော့တာပါပဲ၊ ဒါပေမဲ့ ကျွန်တော်က တိုးတိုးတိတ်တိတ်ကလေး ထွက်လာခဲ့တာပါ"

"အင်း… မင်းလည်း ပြန်ရောက်ရော ရောက်တဲ့နေ့မှာပဲ နှစ်ပါပါဒါကစ်လည်း ကိစ္စချောတော့တာပါပဲလား"

"တရားသူကြီးမင်း ပြောတော့ ကျွန်တော် စိတ်မကောင်း ဖြစ်ရတာပေါ့၊ ကျွန်တော်က ဂျူရီလူကြီးတွေကို တစ်မျိုး ပြောခဲ့မိလို့ အခုလို ပြောတယ် ထင်ပါတယ်။ ဒါပေမဲ့ အခု ကျွန်တော်က အမှန်ပြောနေပြီပဲ။ ကျွန်တော်လည်း အခုကိစ္စမှာ ကိုယ့်ကိုယ်ကို ကျွန်တော့်ကြောင့်လို့ အပြစ်တင်မဆုံးပါဘူး။ ကျွန်တော်သာ ပြန်ရောက်မလာခဲ့ရင်၊ သူနဲ့ နှစ်ယောက်သား တဝတပြဲ မူးအောင် မသောက်ခဲ့မိကြရင် နှစ်ဟာ အခုချိန်မှာ သက်ရှိထင်ရှား ရှိနေဦးမှာပါ။ အင်းလေ… ဒါလည်း ဘယ်တော့ ပြောလို့ရမလဲ နော်၊ တကယ်တော့ ကျွန်တော် ဘာမှမသိဘူး၊ ဘာတွေ ဖြစ်မှန်းကို မသိပါဘူး။ မူးနေတာကိုး။



ဘာပဲပြောပြော၊ နောက်ခန်းမှာ မူးနေတဲ့ ငနဲသား နှစ်ယောက်သာ မပါရင် ကိုရာ ကားကို ပိုပြီးကောင်းကောင်း မောင်းနိုင်မှာပေါ့၊ မဟုတ်ဘူးလားဗျာ၊ ဘာပဲပြောပြော ကျွန်တော်တော့ အဲဒီလို ခံစားမိတာပါပဲ"

ကျုပ်ဟာ ဒီလို စကား ပြောအပြီး တရားသူကြီး ကျုပ်ရဲ့ စကားတွေကို ဘယ်လောက် နားဝင်သလဲ ဆိုတာ အကဲခတ်ဖို့ ကြည့်လိုက်ပါတယ်။ တရားသူကြီးဟာ မကြည့်ဘူးဗျာ၊ နောက် ဖြုန်းခနဲ ထလိုက်ပြီး ကျုပ်ခုတင်နံဘေးကို လာ၊ ကျုပ် ပခုံးကို ဆွဲကိုင်လိုက်ပြီး-

"ဒီမှာ ချိန်းဘား… ပြောစမ်း၊ မင်း ဘာဖြစ်လို့ ပါပါဒါကစ်ဆီမှာ ၆ လကျော် မြဲနေရတာလဲ"

"ဗျာ… တရားသူကြီးမင်း ဘာကို ဆိုလိုတာလဲ၊ ကျွန်တော်ဖြင့် နားကိုမလည်ဘူး"

"လုပ်မနေစမ်းပါနဲ့ကွာ၊ မင်း နားလည်ပါတယ်။ ကျုပ် ကိုရာကို မြင်ခဲ့ တွေ့ခဲ့ပြီးပါပြီ။ မနေ့ကပဲ ကျုပ် ရုံးခန်းကို လာတွေ့ခဲ့တာ။ မျက်လုံး တစ်ဖက်က ညိုမည်းနေပြီး တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ပါ။ ဒါပေမဲ့ ထပ်မက် ဆွဲဆောင်နိုင်စရာ ကောင်းတဲ့ မိန်းမ ဆိုတာတော့ အထင်းသား မြင်နေရတုန်းပါပဲ။ အဲဒီလို တပ်မက်စရာကောင်းတဲ့ မိန်းမမျိုးနဲ့ တွေ့ရင် ပေတစ်ရာ လျှောက်နေတဲ့ ငနဲသား တော်တော်များများဟာ လမ်းမကို မေ့ပြီး ခြေဖဝါး ယားတာတွေကို မေ့ပြီးသွားကြမှာပဲကွ"

"မဟုတ်ပါဘူးဗျာ တရားသူကြီးမင်း… အမြင်လွဲနေတာပါ၊ ခြေဖဝါး ယားတဲ့ သူကတော့ ယားတာပါပဲဗျ"

"ခြေဖဝါးဆိုတာ ကြာကြာ မယားနိုင်ပါဘူးကွာ။ ဒီမယ် ချိန်းဘား… အခု ဖြစ်ပွားတဲ့ ကားမှောက်မှုဟာ မနေ့ကအထိ သေချာရေရာတဲ့ လူသတ်မှု၊ ရေပက်မဝင်တဲ့ ခိုင်လုံတဲ့ လူသတ်မှုပဲကွ၊ ကနေ့တော့ ဒီအမှုဟာ လေထဲမှာ ပျောက်သွားသလို ဖြစ်နေပြီ။ ရောက်လေရာ အရပ်ရပ်မှာ သက်သေထွက်ချက်တွေက တစ်မျိုး ဖြစ်လာတယ်။ အကုန်လုံး စုလိုက်တော့ ကျုပ်ဟာ ဘာအမှု လုပ်လို့မရတော့ဘူး ဖြစ်နေတယ်။ ဒီမယ် ချိန်းဘား… မင်းနဲ့ အဲဒီမိန်းမ ကိုရာတို့ဟာ ဂရိငနဲကြီး ပါပါဒါကစ်ကို သတ်ခဲ့တာ အသေအချာပဲ။ ဒီတော့ ဆာနိုင်သမျှ စောစော ဝန်ခံလိုက်ရင် မင်းအတွက် အကောင်းဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကား ကြားလိုက်တဲ့အချိန်မှာ ကျုပ် မျက်နှာပေါ်က ငါးခူပြုံးဟာ မရှိတော့ဘူး။ ကျုပ် နှုတ်ခမ်းတွေကလည်း ထူအမ်းပြီး ပါးစပ်က စကားပြောဖို့ ကြိုးစားပေမဲ့ ဘာအသံမှ ထွက်မလာတော့ဘူး"

တရားသူကြီးက-

"ကဲ… တစ်ခုခု ပြောလေ"

"ကျွန်တော့်ကို အပြစ်ပုံချနေတာပဲ၊ အဆိုးဆုံး အပြစ်ပုံချနေတာပဲ။ ကျွန်တော်ဖြင့် ဘာပြန်ပြောရမလဲ ဆိုတာတောင် မသိတော့ပါဘူး ခင်ဗျာ"

"မောင်ရင်ကလေးပဲ စောစောတုန်းကတော့ အခု ရောက်နေတဲ့ အကျဉ်းအကျပ်ထဲက လွတ်အောင် အမှန်တွေပဲ ပြောချင်လှချည်ရဲ့ဆို၊ အခု ပြောတော့လေ…"

"တရားသူကြီး ပြောလိုက်တာ အားလုံး ရှုပ်ထွေးကုန်တာကိုး"

"ကဲ ကဲ… ဒါဆို တစ်ချက်ချင်း စပြီး ပြောကြရအောင်။ ဒါမှ ရှုပ်မကုန်မှာကိုးကွ။ ပထမဆုံးအချက်က မင်းနဲ့ ဟိုမိန်းမ ကိုရာ အတူအိပ်ကြတယ် မဟုတ်လား"

"မဟုတ်ရပါဘူး၊ မအိပ်ရပါဘူးဗျာ"

"နစ်ပါပါဒါကစ် ဆေးရုံမှာ နေရတဲ့ ရက်ပတ်မှာကော မင်း ဘယ်မှာ အိပ်သလဲ"

"ကျွန်တော့်အခန်းမှာပဲပေါ့"

"ဒါဆို ကိုရာက သူ့အိပ်ရာ သူ အိပ်တယ်ပေါ့၊ ဟုတ်လား။ လုပ်မနေစမ်းနဲ့ ချိန်းဘာ့။ ကျုပ် ကိုရာကို တွေ့ဖူးပြီ။ မင်းနေရာမှာ ကျုပ် ရှိနေရင် မုဒိမ်းမှုပဲ ဖြစ်ဖြစ်ကွာ၊ သူ့အခန်းထဲကို ချိုးဖောက်ပြီး ဝင်မှာပဲ။ မင်းကလည်း အဲဒီလိုမျိုးနေမှာပဲ"

"ကျွန်တော်ဖြင့် စဉ်းတောင် မစဉ်းစားမိပါဘူး"

"ဂလင်ဒေးလ်မြို့က ဈေးကို မင်းနဲ့ ကိုရာ သွားကြတဲ့အခါတွေမှာ တော့ကော ဘာတွေ လုပ်ကြသေးသလဲ"

"နစ် ကိုယ်တိုင်က ဈေးဝယ်သွားဖို့ လွှတ်တာပါဗျာ"

"ဘယ်သူက လွှတ်တာပဲလို့ မေးတာ မဟုတ်ဘူး။ ဈေးကအပြန် ဘာလုပ်ကြသလဲလို့ မေးနေတာ"



ကျုပ်ဖြင့် မှုံနောက်နောက်ကြီးကို ဖြစ်သွားပါတယ်။ တစ်ခုခု မြန်မြန် လုပ်မှ ဖြစ်မယ်။ မဟုတ်ရင် ဒေါပွ စိတ်တို ဖြစ်လာတော့မှာ။

"ကဲ ကဲ… ထားပါ၊ ကျုပ်တို့ အတူနေဖြစ်တယ်ပဲ ဆိုကြပါစို့၊ တကယ် မနေပါဘူးနော်၊ ကျုပ်က ပြောနေတာ မဟုတ်ဘူး။ ခင်ဗျားက ကျုပ်တို့ အတူနေကြပါတယ်လို့ ပြောနေတာ၊ ကဲဗျာ… ခင်ဗျား ပြောသလိုပဲ ထား၊ ကျုပ်တို့က ဘာ့ကြောင့် နစ်ကို ရှင်းပစ်စရာ လိုလို့လဲ၊ ကိုယ် မရသေးတာကို လိုချင်လို့ ရှင်းပစ်တာမျိုးပဲ ကြားဖူးပါတယ်ဗျာ၊ ကိုယ် ရနေပြီးသားအတွက်တော့ မလိုပါဘူး တရားသူကြီးရယ်"

"ရှင်းပစ်ရတဲ့ အကြောင်းကို ပြောပါ့မယ်ဗျာ၊ ပါပါဒါကစ်ဟာ အသက် အာမခံကြေး ဒေါ်လာ ၁၄,၀၀၀ ထားတယ်ဗျ။ အဲဒီပိုက်ဆံမျိုး ရဖို့အပြင် အပိုသာသာထိုးထိုး ရဖို့ ရှိနေတော့ မင်းနဲ့ ကိုရာ စွန့်စားဖြစ်သွားတာပေါ့ကွာ။ ပါပါဒါကစ်က မတော်တဆ ထိခိုက်သေဆုံးမှု အာမခံကြေး ဒေါ်လာ ၁,၀၀၀၀ (တစ်သောင်း)နဲ့ ထားခဲ့တာကိုးကွ"

ကျုပ်က သူ့မျက်နှာ… တရားသူကြီးရဲ့ မျက်နှာကိုတော့ မြင်နေရပါတယ်။ ဒါပေမဲ့ ကျန်တဲ့ ဝန်းကျင်တစ်ခုလုံးက မည်းမှောင်ကျသွားပါတော့တယ်။ ခုတင်ပေါ်က လိမ့်ကျသွားမလားလို့လည်း အောက်မေ့နေပါတယ်။ နောက် သတိမှုမိလိုက်တာက တရားသူကြီးဟာ ကျုပ် ပါးစပ်နားကို ရေတစ်ဖန်ခွက် ထိုးကပ်လိုက်ပြီး-

"ကဲ ကဲ… ရေသောက်လိုက် နည်းနည်း သက်သာသွားလိမ့်မယ်"

ကျွန်တော်က ရေကို တစ်ကျိုက် သောက်လိုက်ပါတယ်။ တကိုယ်လုံးကို ထုံအပ်နေလို့ပါ။

တရားသူကြီးက-

"ဒီမယ် ဟောကောင်… ချိန်းဘား၊ ဒီလူသတ်မှုဟာ မင်းရဲ့ နောက်ဆုံးအကြိမ် လုပ်တဲ့ လူသတ်မှု ဖြစ်ပါစေတော့၊ အဲ နောက်တစ်ခါ ကျူးလွန်မယ်ကြံစည်ရင်လည်း အသက်အာမခံသမားတွေနဲ့ ဝေးဝေးရှောင်ဖို့ပဲကွ၊ ဘာဖြစ်လို့လဲ ဆိုတော့ အာမခံသမားတွေ ဆိုတာ ပြည်နယ်တရားရေးအဖွဲ့ထက် ၅ဆလောက် စုံစမ်းကြမှာ မောင်၊ ကျုပ် ငှားနိုင် တာဝန်ပေးနိုင်တဲ့ စုံထောက်တွေထက် ၅ ဆလောက် တော်တဲ့ စုံထောက်တွေကို ငှားမှာဗျ။ အဲဒီနေ့တွေဟာ သူတို့ ဘာလုပ်ရမယ်ဆိုတာ သေသေချာချာ သိတယ်။ 'ကျပြီး' ကနေ 'အဲ'

www.burmeseclassic.com

www.burmeseclassic.com



အထိ အားလုံး သိတယ်။ ခုလည်း သူတို့က မင်းတို့ရဲ့ နောက်ကို လိုက်နေကြ ပြီ။ သူတို့အတွက်ကတော့ ပိုက်ဆံပဲလေ။ သိပ်အရေးကြီးတာပေါ့။ အဲဒီမှာ မင်းနဲ့ ကိုရာတို့ မှားခဲ့ကြတာပဲပေါ့ကွာ…"

"ဘုရား… ဘုရား… တရားသူကြီးမင်းရယ်၊ အဲဒီအသက်အာမခံ ထားတဲ့ အကြောင်းကို ကျွန်တော် လုံးလုံးမသိပါဘူး၊ အခု တရားသူကြီး ပြောမှ သိရတာပါ"

"မင်း မျက်နှာက သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော် ဖြစ်သွားပါလားကွ"

"ဘယ်သူ မဖြစ်ဘဲ နေမှာလဲဗျာ"

"ဒါကြောင့် ကျုပ်ဟာ မင်းဘက်က ရှိနေဖို့ လိုတာပေါ့ကွ။ အစ ကတည်းက ရှိနေမှ ဖြစ်မှာ။ ဒါဆို အကောင်းဆုံးကတော့ ဖြောင့်ချက်ပေး လိုက်ပေါ့ကွ။ ကျူးလွန်မိပါတယ် ဆိုတဲ့ ဖြောင့်ချက်လေ၊ ဒါဆိုရင် တရားရုံး မှာ မင်းနဲ့ ကိုရာတို့ နှစ်ယောက်စလုံး သက်သက်သာသာ ပြစ်ဒဏ် ကျခံနိုင် ရအောင် လုပ်ပေးနိုင်မယ်လေ"

"မဖြစ်နိုင်ပါဘူးဗျာ"

"ဘာ… စောစောတုန်းကတော့ အမှန်တွေ ပြောပါတော့မယ်ဆို ဒါမှ ဂျူရီလူကြီးတွေဟာ သိနားလည်သွားအောင်လို့ဆို၊ မင်းက လိမ်ညာပြော ပြီး ဒီအမှုက လွတ်နိုင်မယ်များ ထင်နေလို့လား။ မင်းက ထိမ်ချန်နေရင် ညာနေရင် ငါကလေ မင်းဘက်က ရပ်တည်ပေးမယ်လို့ ထင်နေလို့လား"

"တရားသူကြီး ဘယ်ဘက်က ရပ်ပေးမယ် ဆိုတာ ကျွန်တော် မသိ ပါဘူး။ ကိစ္စလည်း မရှိပါဘူး။ တရားသူကြီးက တရားသူကြီး ရပ်ချင်တဲ့ ဘက်က ရပ်ပေါ့။ ကျွန်တော်ကလည်း ကျွန်တော် ရပ်ရမယ့် နေရာမှာ ရပ် နေမှာပဲ။ ဒီအမှုကို ကျွန်တော် မကျူးလွန်ဘူး ဒါပဲ…"

"ဩော်… မင်းက ခေါင်းမာတယ်ပေါ့လေ။ ဂျူရီလူကြီးတွေ ငါ့ရဲ့ ဘယ်လိုစကားတွေ ကြားရမလဲဆိုတာ သိအောင် ပြောရဦးမှာပေါ့ကွာ။ ပထမဆုံး အချက်က မင်းဟာ ကိုရာနဲ့ အိပ်တယ်၊ ဟုတ်တယ် မဟုတ်လား။ ဒီကြားထဲမှာ ပါပါဒါကစ်က ရေချိုးခန်းမှာ မတော်တဆ ဖြစ်လို့ ဆေးရုံတင်လိုက်ရတော့ မင်းနဲ့ ကိုရာတို့ ဇိမ်ကိုကျသွားတာပေါ့။ ညပါ အတူအိပ်လို့ရတယ်။ နေ့ခင်း ကျတော့ ရေသွားကူးလို့ရတယ်။ တစ်ယောက်လက် တစ်ယောက်ကိုင်၊ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး ဇိမ်ကိုကျနေကြမှာပေါ့။ အဲဒီမှာ မင်းတို့



နှစ်ယောက် ပေါင်းပြီး ရွှေဉာဏ်တော် စူးရောက်ကြတယ်။ အဲဒီလို မတော်တဆ ဖြစ်၊ ဆေးရုံတက်ရတာကို အကြောင်းပြုပြီး ပါပါဒါကစ်ကို အသက်အာမခံ ထားနိုင်းမယ်၊ ပြီးမှ အပျောက်ရှင်းမယ်ပေါ့။ အဲဒီစိတ်ကူးကို မင်းက ကိုရာ ကို ရှင်းပြတယ်။ ကိုရာက ယုံကြည်သွားပြီး သူ့ယောကျ်ားကို နားချတယ်။ ဟိုငနဲကြီးကလည်း နားဝင်ပြီး အကောင်းစား အာမခံပေါ်လစီကို ဝယ်တယ်။ ဘာကျမှာလဲ။ ဒေါ်လာ ၄၇.၆၂ ပဲ ကျတာပေါ့။ အဲဒီမှာ မင်းတို့ဘက်က အဆင်သင့် ဖြစ်သွားပြီလေ။ နောက် နှစ်ရက် အကြာမှာ ဖရင့်ချိန်းဘား ဆိုတဲ့ ငနဲ မင်းက တိုက်တိုက်ဆိုင်ဆိုင်ပဲ နှစ်ပါပါဒါကစ်နဲ့ လမ်းမှာ ဆုံတယ်။ နှစ်ပါပါဒါကစ်က မင်းကို အလုပ်ပြန်လုပ်ဖို့ ခေါ်တယ်လေ"

တရားသူကြီးက ကျုပ်ကို ကြည့်တယ်။ ပြီးမှ -

"ချိန်းဘား ဆိုတဲ့ မင်းက မသိရှာဘူးလေ၊ ဘာမသိတာလဲ ဆိုတော့ နှစ်ပါပါဒါကစ်နဲ့ ကိုရာတို့ လင်မယားဟာ ဆန်တာဘာဘာရာမြို့ ပွဲတော်ကို သွားဖို့ စီစဉ်ပြီးနေပြီ။ ဟိုတယ်တွေ ဘာတွေလည်း ကြိုတင် အခန်းတွေ ဘာတွေ ယူပြီးနေပြီလေ။ ဒီတော့ ချိန်းဘား ဆိုတဲ့ မင်းက ရေးက ခင်မင်လက်စ ကို အကြောင်းပြုပြီး လိုက်သွားဖို့ပဲ ရှိတော့တာပေါ့လေ"

တရားသူကြီးက စကားနားသည်။ ပြီးမှ ဆက်၍-

"ခရီးထွက်တာနဲ့ နှစ်ကို အရက်တိုက်တော့တာပဲပေါ့။ အမှန်တော့ နှစ်ကိုယ်တိုင်က သောက်ချင်ပြီးသားပဲလေ။ မင်းကိုယ်တိုင်လည်း သောက်တာ ပေါ့။ ပြီးတော့ ဝိုင်ပုလင်း တစ်လုံးလောက်လည်း ကားထဲမှာ ခွဲပြီးထားလိုက် သေး။ ဒါမှ စစ်ဆေးတဲ့ ရဲတွေ ဘာတွေ သိသွားရအောင်ပေါ့လေ။ ပြီးတော့ မင်းက မာလိဗူ ကမ်းခြေလမ်းဘက်က သွားရအောင်ပေါ့။ အဲဒီကမ်းခြေက အိမ်လေးတွေကို ပင်လယ်လှိုင်းက ရိုက်ခတ်နေတဲ့ အလှကို မြင်ရအောင် ဘာဘာညာညာပေါ့။ တကယ်တော့ အဲဒီအထိ မရောက်ပါဘူး။ တစ်နေရာမှာ မင်းက ကားကို ရပ်တယ်။ အတော်မူးနေပြီ ဖြစ်တဲ့ နှစ်ပါပါဒါကစ်ကို ဝိုင် ပုလင်းတစ်လုံးနဲ့ ရိုက်ပြီး ရှင်းမယ်၊ နောက် မင်းက နောက်ခန်းမှာ ဝင်ပြီး ကိုရာကို မောင်းစေတယ်။ တောင်အဆင်းကွေ့ဆီကိုပေါ့။ ချောက်နား ရောက် တော့ ကိုရာက ကားပေါ်က ခုန်ဆင်းပြီးတော့ မင်းအလှည့်ပဲ ရှိတော့တာပဲ။ ကားပေါ်က ခုန်ဆင်းဖို့လေ။ ဒါပေမဲ့ မင်းက ကိုယ်တိုင်လည်း နည်းနည်းမူး နေတာ ပါချင်ပါမှာပေါ့လေ၊ နည်းနည်းနေးကွေးနေတယ်၊ ကိုရာကတော့

www.burmeseclassic.com

www.burmeseclassic.com



မြန်တယ်လေ၊ ဆင်းဆိုရင် ဆင်းသွားတာပဲ၊ မင်းကတော့ ကားပေါ် ပါသွားလေရဲ့၊ ဒါ အဖြစ်မှန်ပဲ။ အဲဒီအဖြစ်မှန်အတိုင်း ငါ ပြောတဲ့အတိုင်း သက်သေအထောက်အထားနဲ့ ငါက ရအောင် ပြမယ်။ အဲဒီအချိန်မှာကျတော့ မင်းကို ငဲ့ညှာထောက်ထားမှု ဆိုတာ ရှိမှာ မဟုတ်တော့ဘူး နော်၊ ဒါဆို သေဒဏ်ကျမှာပဲ။ မသေမချင်း လည်ပင်းကို ကြိုးတပ်ပြီး ကြိုးစင်တင် သတ်မှာပဲ၊ မင်းအလောင်းကိုလည်း တခြားအမှုကာလအတွင်းမှာ အပေးအယူ မလုပ်ခဲ့တဲ့ တခြား ကြိုးသမား သေဒဏ်ကျတဲ့ အလောင်းတွေနဲ့ အတူ မြှုပ်ရမှာပဲကွ။ တကယ်တော့ သူတို့အားလုံး… မင်းတို့အားလုံး… လည်ပင်း မကျိုးရအောင် လုပ်မယ်ဆို လုပ်လို့ ရနိုင်ရက်သားနဲ့ကွာ…''

''တရားသူကြီးမင်း ပြောတဲ့အတိုင်း ကျွန်တော် သိသလောက်တော့ တစ်ခုမှ မဟုတ် မမှန်ပါဘူးဗျာ''

''ဒါဆိုရင် မင်းက ဘာကို ဆိုလိုချင်တာလဲ၊ ကိုရာက သတ်တယ်လို့ ပြောချင်တာလား''

''ကျွန်တော်က ဘယ်သူ သတ်တယ်လို့မှ မပြောရပေါင်ဗျာ၊ အဲဒီလို လူသတ်တာမှ မဟုတ်တာ''

''ဒါဆိုရင် မင်းက ဘာဖြစ်တယ် ဆိုတာ သိသလဲ၊ မင်းပဲ မူးနေလို့ ဘာမှ မသိပါဘူးတဲ့''

''ကျွန်တော် သိသလောက်က ခင်ဗျား ပြောသလို မဖြစ်ခဲ့ပါဘူး''

''ဒါဆိုရင် ကိုရာက သတ်တာပေါ့''

''ဗျာ… ကျွန်တော်က အဲဒီလို မပြောပါဘူးဗျာ။ ကျွန်တော် ပြောတာက ကျွန်တော် မသိပါဘူးလို့ပဲ ပြောတာ''

''ဒီမယ်… ချိန်းဘား၊ မော်တော်ကားပေါ်မှာ လူ သုံးယောက်ပဲ ပါတယ်။ မင်းရယ်၊ ကိုရာရယ်၊ ပါပါဒါကစ်ရယ်… သေဆုံးသွားတဲ့ ပါပါဒါကစ်က လူသတ်တာ မဖြစ်နိုင်ဘူး။ သူက သေတဲ့ လူကိုး။ မင်းက မလုပ်ပါဘူးလို့ ငြင်းနေတယ် ဆိုတော့ ကိုရာပဲ သတ်တာ ဖြစ်ရမှာပေါ့''

''ဘယ်သူက လူသတ်တယ်လို့ ပြောနေလို့လဲဗျ''

''ငါက ပြောနေတာလေ။ ကဲ ကဲ… အခု တစ်နေရာရာတော့ ရောက်လာပြီပေါ့။ အဲလေ… မင်းက တကယ်ပဲ မလုပ်ဘူး ဆိုတာ ဟုတ်ချင်ဟုတ်မှာပေါ့။ မင်းက အမှန်အတိုင်း ပြောတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ တကယ်လို့



မင်းက အမှန်အတိုင်း ပြောနေတာဆိုရင် မင်းက နစ် မိန်းမ ကိုရာအပေါ်မှာ စိတ်ဝင်စားမှု မရှိဘူးပေါ့။ မိတ်ဆွေတစ်ယောက်ရဲ့ မိန်းမအဖြစ်ပဲ သဘောထားတယ် ဆိုပါစို့။ ဒါဆိုရင် မင်းက သူ့အပေါ်မှာ စွပ်စွဲမှုတော့ ပြုရတော့မှာပဲ။ မင်းက ကိုရာအပေါ်မှာ မကျေနပ်ဘူး ဆိုတာကို လက်မှတ်ထိုး တိုင်ကြားရပါလိမ့်မယ်''

''ဘာမကျေနပ်တာ လက်မှတ်ထိုး တိုင်ကြားရမှာလဲ''

''တကယ်လို့ ကိုရာဟာ ပါပါဒါကစ်ကို သတ်မယ်ဆိုရင် မင်းကိုလည်း သတ်ဖို့ ကြိုးစားခဲ့တာပဲ။ မဟုတ်ဘူးလား ဟင်။ မင်းအနေနဲ့ ကိုရာကို ဒီအတိုင်း အလွှတ်ပေးတော့မှာလား။ အလွှတ်ပေးခဲ့မယ် ဆိုရင် ကြားတဲ့လူတွေက တစ်မျိုး မထင်နေဘူးလား။ ကိုရာက သူ့ယောကျ်ား ပါပါဒါကစ်ကို အာမခံငွေတွေ လိုချင်လို့ အပျောက်ရှင်းတယ်၊ မင်းလည်း အဆစ်ပါပြီး အပျောက်ရှင်းခံရတာပဲ။ အဲဒါကို မင်းက ကိုရာအပေါ်မှာ ဘာမှ မလုပ်ဘဲ ငြိမ်ခံနေတော့မှာလား''

''ကိုရာက လုပ်တယ် ဆိုရင်တော့ တစ်မျိုးပေါ့လေ။ ဒါပေမဲ့ ကိုရာက ကျူးလွန်တယ်လို့ ကျွန်တော်မှ မသိတာ''

''တကယ်လို့ ကျုပ်က အထောက်အထားနဲ့တကွ ကိုရာက ကျူးလွန်ပါတယ် ဆိုတာကို ပြနိုင်ရင် မင်းက မကျေနပ်ကြောင်း တိုင်ချက်ဖွင့် လက်မှတ်ထိုးမယ်လား''

''အင်းပေါ့လေ… ခင်ဗျားက သက်သေအထောက်အထားနဲ့ ပြနိုင်ရင်ပေါ့လေ''

''ကောင်းပြီ… ကျုပ် သက်သေအထောက်အထားနဲ့ ပြမယ်။ မင်း ကားရပ်လိုက်တော့ ကားပေါ်က ဆင်းတယ် မဟုတ်လား''

''ဟင့်အင်း… မဆင်းဘူး''

''ဘာပြောတယ်၊ ကျုပ် သိထားသမျှက မင်းဟာ ဒေါင်ချာစိုင်းအောင် မူးနေလို့။ ဘာမှ မမှတ်မိတော့ဘူး အောက်မေ့နေတာ၊ ဒါ ကောက်ချက်လေး တစ်ခုခုကို မှတ်မိတာ ဒုတိယအကြိမ်မြောက်ပဲ၊ ကျုပ်တော့ မောင်ရင်လေးကို အံ့ဩတောင်လာပြီ''

''ကျုပ် သိသလောက်တော့ ဘာမှ အံ့ဩစရာ မရှိပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ရှိတယ်လေ။ သက်သေထွက်တဲ့ လူတစ်ယောက်ရဲ့ စကားကို နားထောင်ကြည့်ပါလား။ သူက… ကျွန်တော့်အနေနဲ့ မော်တော်ကားကိုတော့ ဘာမှ ထူးထူးခြားခြား သတိမထားလိုက်မိပါဘူး၊ သေချာတာကတော့ အမျိုးသမီးက မောင်းနေတယ်။ သူ့ဘေးက လူက အော်ပြီး ရယ်နေတယ်။ ကျုပ်တို့ ကားနဲ့ အဲဒီကားကို ဖြတ်သွားတုန်း ကားနောက်ခန်းမှာ လူတစ်ယောက်က နေမကောင်းသလို လှဲအိပ်နေတယ်။ အဲဒီစကားအရ နောက်ခန်းမှာ အိပ်နေတာက မင်းလေ…၊ မင်း လဲနေတုန်း အိပ်နေတုန်း မူးနေတုန်းမှာ ကိုရာက ပုပါဒါ(ပ)စ်ကို ပုလင်းနဲ့ အသေဆော်လိုက်တာ ဖြစ်ရမယ်၊ မင်း အိပ်ရာက နိုးတော့ အဲ… သတိပြန်ရတော့ မင်းက ဘာမှ မသိလိုက်ဘူးလေ၊ သတိလည်း မထားမိနိုင်ဘူး။ မင်းက မူးနေတာကိုး။ အဲဒီမှာတင် ကိုရာက ကားကို ချောက်ထဲ ချလိုက်တာ ဖြစ်ရမယ်"

"အဲဒါ ထင်မြင်ချက်သက်သက်ပဲ၊ ဘာအထောက်အထားမှ မရှိပါဘူး"

"ရှိတယ်လေ၊ သက်သေ ရိုက်ရဲ့ ထွက်ဆိုချက်ကို ပြန်ကြည့်ပေါ့၊ သူ့အဆိုအရ ကားက လိမ့်လိမ့်သွားတာကို မြင်ရတယ် ပြောတယ်။ ကွေ့ကျော်ပြီး ရောက်လာတော့ ကားလမ်းပေါ်မှာ အမျိုးသမီးက ရောက်နေပြီ။ အမျိုးသမီးက သူ့ကို အော်ဟစ်ပြီး အကူအညီတောင်းသတဲ့"

"ကိုရာက ကားပေါ်က ခုန်ချခဲ့တာ ဖြစ်မှာပေါ့"

"ဩော်… ကတိုက်ကရိုက် ကားပေါ်က ခုန်ချခဲ့တဲ့ မိန်းမက လက်ကိုင်အိတ်ကို တစ်ပါတည်း ယူနိုင်ခဲ့သလား။ ဒီမယ် ချိန်းဘား၊ ကားမောင်းတဲ့ မိန်းမတစ်ယောက်ဟာ လက်ကိုင်အိတ်ကို ကိုင်ပြီး မောင်းတာ တွေ့ဖူးလား၊ အရေးအကြောင်း ရှိလို့ ကားပေါ်က ခုန်ချရရင် လက်ကိုင်အိတ်ကို ယူနိုင်ပါ့မလား၊ မဖြစ်နိုင်ဘူးကွ။ လုံးဝမဖြစ်နိုင်ဘူး။ ချောက်ထဲကို လိမ့်လိမ့်ကျသွားတဲ့ ဆီဒင်ကားထဲက ဘယ်သူမှ ကားပြင်ရောက်အောင် ခုန်ချလို့ မရဘူး။ ဒါဆိုရင် ကား ချောက်ထဲ ကျသွားတဲ့ အချိန်မှာ ကိုရာက ကားထဲမှာ ပါကို မသွားဘူး။ ဒါ နိုင်လုံတဲ့ အထောက်အထားပဲလေ"

"ဒါတော့ ကျုပ် မသိဘူးဗျာ"

"မသိဘူး ဆိုတာ ဘာကို ဆိုလိုတာလဲ ဟင်၊ ကိုရာအပေါ်မှာ တိုင်တန်းတဲ့ စာကို လက်မှတ်ထိုးမှာလား၊ မထိုးဘူးလား"

"မထိုးဘူး"



"သေချာ နားထောင်ဦး ချိန်းဘား။ မော်တော်ကား ချောက်ထဲကို လိမ့်ကျသွားတာ မတော်တဆ ဖြစ်တာ လုံးဝ မဟုတ်ဘူး။ မင်းတို့ နှစ်ယောက် ထဲက တစ်ယောက်ယောက်ရဲ့ လက်ချက်ပဲ။ ကိုရာ မဟုတ်ဘူး ဆိုရင် မင်း လုပ်တာပဲ"

"ကျုပ်ကို မနှောင့်ယှက်နဲ့တော့ဗျာ၊ ခင်ဗျား ဘာတွေ လာပြောနေသလဲ ဆိုတာလည်း ကျုပ် မသိဘူး"

"ဒီမယ် ကောင်လေး… အဖြေကတော့ ရှင်းနေတာပဲကွ။ မင်းလား… ကိုရာလား… ဆိုတာပဲ။ မင်း ဘာမှ မလုပ်ဘူး ဆိုရင်ပေါ့။ ပြောသလို လက်မှတ်ထိုး၊ ဘာကြောင့်လဲဆိုတော့ မင်း လက်မှတ်မထိုးရင် ကျုပ်က အဖြစ်မှန်ကို သိမယ်၊ ဂျူရီလူကြီးတွေလည်း သိမယ်။ အဲ… တရားသူကြီး ကလည်း သိသွားမှာပဲ"

သူက ကျုပ်ကို တစ်မိနစ်လောက် ကြည့်တယ်။ ပြီးတော့ အပြင်ထွက်သွားတယ်။ ပြန်ဝင်လာတော့ လူတစ်ယောက်ပါ ပါလာတယ်။ အဲဒီလူက ဖောင်စာရွက် တစ်ရွက်နဲ့ ဖောင်တိန် ပါလာတယ်။ ဆက်ကာက်က အဲဒါကို ကျုပ်ရှေ့ ယူလာတယ်။

"ဒီနေရာမှာ လက်မှတ်ထိုး… ချိန်းဘား"

ကျုပ် လက်မှတ်ထိုးလိုက်တယ်။ ကျုပ်လက်က ချွေးတွေပြန်နေလွန်းလို့ ဖောင်စာရွက်ကို အဲဒီလူက မင်စုပ်စက္ကူနဲ့ စုပ်ယူရသေးတယ်။

⌟

www.burmeseclassic.com

www.burmeseclassic.com

## - ၁၀ -

ဆက်ကက် ထွက်သွားပြီးတဲ့နောက် အစောင့်ရဲက ဝင်လာပါတယ်။ သူက ဖဲရိုက်ကြရအောင်လို့ ဆိုလာပါတယ်။ ဒါနဲ့ပဲ ကျုပ်တို့နှစ်ယောက် သုံး လေးပွဲ ဖဲကစားကြပါတယ်။ ဒါပေမဲ့ ကျုပ်က ဖဲရိုက်တဲ့ နေရာမှာ အာရုံဝင်စားလို့ မရဘူး ဖြစ်နေတယ်။ စိတ်က တခြားမှာပဲ ရောက်နေတယ်။ နောက်ဆုံးတော့ တော်လိုက်ရတာပေါ့။

ရဲသားက-

"တရားသူကြီးက ခင်ဗျားစိတ်ကို ဖမ်းစားသွားတယ် ထင်တယ်"

"အထိုက်အလျောက်ပေါ့"

"သူကတော့ အဲဒီလို လူစားပဲဗျ။ အကြောမာတယ်၊ သူ လိုချင်တာကို ရအောင် ယူတတ်တဲ့လူပဲ။ သူ့ပုံပန်းက တရားဟောဆရာလိုလို၊ လူသားမျိုးနွယ်အားလုံးအတွက် အကြင်နာ မေတ္တာထားနေတဲ့ လူလိုလို ဝိုက်ဆိုက်မျိုး၊ ဒါပေမဲ့ နှလုံးသားက တကယ့်ကို ကျောက်တုံး ကျောက်သားပဲဗျ"

"ကျောက်တုံး ကျောက်သား ဆိုတာ အမှန်ပဲဗျို့"

"ဒီမြို့မှာတော့ သူနဲ့ ယှဉ်နိုင်တဲ့ သူ့အပေါ် ကျော်နိုင်တဲ့သူက တစ်ယောက်ပဲ ရှိတယ်ဗျ"

"ဟုတ်လား… ဘယ်သူများပါလိမ့်"



"ကက်ခ် ဆိုတဲ့ သူဗျ၊ ခင်ဗျား သူ့နာမည် ကြားဖူးသလား"

"ကြားဖူးပါတယ်ဗျာ"

"သူက ကျုပ် မိတ်ဆွေဗျ"

"ဟုတ်လား… သူလို ပုဂ္ဂိုလ်ကို မိတ်ဆွေ ဖြစ်ထားရတာ အလွန် ကောင်းတာပေါ့ဗျာ"

"ဒီမယ်… ကိုယ့်လူမှာ ခုထက်ထိ ရှေ့နေ မရှိသေးဘူး မဟုတ်လား။ စီစဉ်လို့လည်း မရနိုင်သေးဘူး မဟုတ်လား။ ဘယ်သူ့ကိုမှ ရှေ့နေ ဆက်သွယ်ဖို့ လွှတ်လို့မှ မရတာဘဲလေ။ သူတို့က လူတစ်ယောက်ကို ၄၈ နာရီ ဒီအတိုင်း ချုပ်ထားနိုင်တယ်ဗျ။ ဒါပေမဲ့ ကျုပ်မိတ်ဆွေ ရှေ့နေကြီး ဒီကို ရောက်လာခဲ့ရင် ကျုပ်က သူ့ကို ကိုရင်နဲ့ တွေ့ခွင့်ပေးရမှာပဲလေ။ အဲ… ကျုပ်က သူ့ကို ဆက်သွယ်လိုက်ရင်ပေါ့လေ…"

"ခင်ဗျားအတွက် ရှယ်ယာ ရတယ်ပေါ့လေ"

"ကျုပ် ဆိုလိုတာက ဒီလိုလေ၊ အဲဒီရှေ့နေကြီးဟာ ကျုပ်မိတ်ဆွေလို့ ပြောပြီးပြီ မဟုတ်လား။ သူက ကျုပ်အတွက် တစ်စုံတစ်ရာမှ မပေးဘူးဆိုရင် ဘယ်မိတ်ဆွေ ပီသတော့မလဲဗျာ နော်၊ မဟုတ်ဘူးလား။ ဒီလူက တကယ်တော်တဲ့ လူဗျ။ ဒီနေ့ ဒီနယ်မှာတော့ ဆက်ကက်ကို ရင်ဆိုင်နိုင်တဲ့ လူဆိုလို့ သူ တစ်ယောက်ပဲ ရှိတယ်"

"ကောင်းပြီလေ… ဒါဆို စီစဉ်လိုက်ပေါ့၊ မြန်လေ ကောင်းလေပေါ့ဗျာ"

"ဒါဆို ကျုပ် ခဏနေ ပြန်လာမယ်နော်"

သူ အပြင်ဘက် ခဏထွက်သွားတယ်။ မကြာဘူး ခဏနေတော့ ပြန်လာတယ်။ ပြန်လာတော့ ကျုပ်ကို မျက်စိမှိတ်ပြတယ်။ ဟုတ်ပါတယ်။ သိပ်မကြာလိုက်ပါဘူး။ တံခါးခေါက်သံ ကြားပြီး လူတစ်ယောက် (ကက်ခ်) ဝင်လာတယ်။ သူက အသက် ၄၀ လောက်ရှိပြီး ခပ်ညှက်ညှက်၊ သားရေပြောင်ချော မျက်နှာ၊ နှုတ်ခမ်းမွေး မည်းမည်းနဲ့၊ အခန်းထဲ ရောက်ရောက်ချင်း သူ လုပ်တာကတော့ ဘူးလ်ဒါဟာမ်ဆေးဘူးကို ထုတ်၊ နောက်ပြီး စာရွက်ညီညီ ပါးပါးလေး ထုတ်။ ပြီးတော့ သူ့ဘာသာ စီးကရက်တစ်လိပ် ခိုသောက်တာပဲ ဖြစ်တယ်။ ပြီးတော့ စီးကရက်ကို မီးညှိပြီး ထက်ဝက်လောက် ကျသွားအောင် သောက်တယ်။ ဒါပဲ။ သူ့ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ တွဲလွဲခိုနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ဟာ မီးရှိသေးလား၊ မရှိတော့ဘူးလား ဆိုတာ ကျုပ် မသိဘူး။ သူ အိပ်ပျော်နေတာလား၊ နိုးနေတာလား ဆိုတာလည်း မသိဘူး။ သူက မျက်စိကို ထက်ဝက်လောက် ပိတ်ထားတယ်။ ခြေထောက်တစ်ဖက်က ကုလားထိုင် လက်တန်းပေါ် တင်ထားတယ်။ ဦးထုပ်က နောက်စေ့ပေါ်လောက်မှာ တင်ထားတယ်။ ဒါပဲ။ သူ့ပုံပန်း ကြည့်ရတာ ကျုပ်လို လူတစ်ယောက်အတွက် အတော်ဆိုးတဲ့ မြင်ကွင်းလို့ ထင်စရာ ရှိပေမဲ့ မဟုတ်ဘူး ဖြစ်နေတယ်။ သူ အိပ်ပျော်နေတာ ဖြစ်ကောင်း ဖြစ်မယ်။ ဒါပေမဲ့ နိုးနေတဲ့ လူတွေထက် ပိုပြီး သိနေပုံရတယ်။ ကျုပ်လည်ချောင်းထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်လာတယ်။ ကျုပ် ခံစားနေမိတာကတော့ ဖုတ်သွင်းရထားကြီး တစ်စင်း ဆိုက်လာပြီး ကျုပ်ကို လာခေါ်တော့မယ့်ပုံလိုလို ခံစားရတယ်။

အခန်းထဲမှာရှိတဲ့ ရဲက ဒီငနဲ ဝင်လာ၊ စီးကရက် ကိုယ့်ဘာသာ လိပ်သောက်နေလိုက်ပုံကို ဘားဆပ်ကပ်ထဲက ကောင်းကင်ဘား ကစားတဲ့ လူ တစ်ယောက် ခဲရာခဲဆစ် လေထဲမှာ သုံးပတ်ကျွမ်းထိုးသလို စိတ်ဝင်တစား ကြည့်တယ်။ ရဲ ကြည့်ရတာ အခန်းထဲက ထွက်သွားချင်ပုံမရဘူး။ ဒါပေမဲ့ မဖြစ်နိုင်ဘူးလေ။ ထွက်ကို ထွက်ပေးရမှာပဲ။ ကျုပ်တို့ နှစ်ယောက်တည်း စကားပြောဖို့ သူ ထွက်ပေးရမယ်။ ရဲ ထွက်သွားပါတယ်။ ရဲ ထွက်သွားမှ ကက်ဇ်က ကျုပ်ကို ပြောတော့လို့ ဆိုပါတယ်။ ကျုပ်ကလည်း မတော်တဆ ဖြစ်ပျက်ခဲ့တဲ့ ကားမှောက်ပုံကို ပြန်ပြောပြပါတယ်။ ပြီးတော့ ဆွဲချ ဆက်ကက်ဟာ ကိုရာက ကျုပ်ကိုပါ လုပ်ကြံဖို့ ကြိုးစားခဲ့တယ်။ ဒါကြောင့် ကျုပ်က လည်း ကိုရာကို ဖွဲ့ချက်တင်တယ် ဆိုတဲ့ လက်မှတ်ကို ထိုးစေခဲ့တဲ့ အကြောင်း ပြောပြလိုက်ပါတယ်။ ကက်ဇ်ဟာ အစအဆုံး အသေအချာ နားထောင်တယ်။ ဘာမှ ဝင်မပြောဘူး။ ပြီးမှ ထိုင်ရာက ထတယ်။

"ဆက်ကက်ကတော့ မင်းကို ချောင်ပိတ်ဖမ်းခဲ့တာပဲ"

"ဟုတ်ပါတယ်၊ ကျုပ်က လက်မှတ်ထိုးပေးလိုက်ဖို့ မသင့်ပါဘူး ကိုရာဟာ သူ စွပ်စွဲသလို လုပ်တယ်၊ လုပ်မယ်လို့လည်း ကျုပ် မထင်ပါဘူး မယုံပါဘူး၊ ဒါပေမဲ့ သူက မရ ရအောင် လက်မှတ်ထိုးခိုင်းသွားခဲ့ပါတယ်။ ခုတော့ ကျုပ်လည်း ဘယ်အခြေအနေ ရောက်သွားပြီလဲ ဆိုတာ မပြောတတ် တော့ပါဘူး"



"ဘာပဲပြောပြော မောင်ရင် ဝန်ခံချက် လက်မှတ်ထိုးပေးလိုက်ဖို့ မကောင်းဘူး"

"ဒီမယ် မစ္စတာကက်ဇ်... ကျုပ်အတွက် တစ်ခု လုပ်ပေးနိုင်မလား ဟင်၊ ခင်ဗျား ကိုရာကို သွားတွေ့ပြီး ရှင်းပြပေးဖို့ပါ"

"ကျုပ် ကိုရာကို သွားတွေ့မှာပါ၊ သူ သိသင့်တာတွေ သိရအောင် ပြောပြမှာပါ၊ ကျန်တဲ့အပိုင်းတွေမှာတော့ ဒီအမှုကို ကျုပ် ကိုင်တွယ်မယ်။ ဒါဆိုရင် ရှင်းပြီနော်။ ဒီအမှုကို ကျုပ် ကိုင်မယ်၊ ကိုင်တယ်။ သိပြီလား"

"ဟုတ်ကဲ့ ခင်ဗျ... သိပါပြီ"

"ရုံးချိန်းနေ့မှာ ကျုပ် မင်းနဲ့အတူ ရှိနေမယ်။ အဲဒါမှမဟုတ် ကျုပ် တာဝန်ပေးအပ်တဲ့ လူတစ်ယောက်ယောက်က မောင်ရင့်နံဘေးမှာ ရှိနေမယ်၊ ဆက်ကက်က မင်းကို ကိုရာအပေါ်မှာ တိုင်ချက် လက်မှတ်ထိုးနိုင်ခဲ့တာ ရှိပြီးဖြစ်လို့ ကျုပ်က နှစ်ယောက်စလုံးအတွက် တာဝန်ယူပေးလို့ မရနိုင်ဘူး။ ဒါပေမဲ့ ရှင်းရှင်းလင်းလင်း သိထားဖို့ကတော့ ဒီအမှုကို ကျုပ် ကိုင်တယ်၊ တာဝန်ယူတယ်။ အဓိပ္ပာယ်ကတော့ ကျုပ် ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော ဒီအမှုကို ကျုပ် ကိုင်တွယ်နေတယ် ဆိုတာပဲ"

"ဟုတ်ကဲ့ ခင်ဗျ။ မစ္စတာကက်ဇ် လူကြီးမင်း ဘာပဲလုပ်လုပ်ပါ"

"ကျုပ် မောင်ရင့်ကို လာတွေ့ပါဦးမယ်"

❑

အဲဒီနေ့ ညနေမှာ သူတို့က ကျုပ်ကို ကပ်ပေါ် ပြန်တင်ပြီး ရုံးချိန်းရှိတဲ့ ရုံးကို ခေါ်ထုတ်သွားပါတယ်။ အထူးတရားသူကြီးရဲ့ ရုံးပါ။ ရိုးရိုးရုံး မဟုတ်ပါဘူး။ ဒါကြောင့် ဒီရုံးမှာ ဂျူရီလူကြီးတွေ ထိုင်တဲ့ ခုံတန်း မရှိဘူး။ သက်သေထွက် ရမယ့် ခုံတန်းလည်း မရှိဘူး။ ရိုးရိုးရုံးခန်းတွေမှာ ရှိနေကျ အဆင်တန်ဆာတွေ ဘာမှ မရှိဘူး။ ရဲအစောင့်တချို့ကတော့ တရားသူကြီး ခုံ နံဘေးမှာ ရပ်နေပြီး သူကတော့ ထိုင်နေတယ်။ သူ့ရှေ့မှာ စားပွဲရှည်တစ်လုံးက ခန်းလုံးပြည့်နီးနီး ရှိတယ်။ တရားသူကြီးကို ပြောစရာ တစ်စုံတစ်ရာ ရှိသူဟာ အဲဒီခုံမှာ ထိုင်ပြီး ပြောရတာ။ ရုံးခန်းထဲမှာ လူတွေက ပြည့်ကျပ်နေပါတယ်။ ဓာတ်ပုံဆရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က မီးတဖျပ်ဖျပ်နဲ့ ခတ်ပုံရိုက်နေတယ်။ ကျုပ် ဝင်လာတော့လည်း ရိုက်တယ်။ အခြေအနေ ကြည့်ရတာ ထူးခြားမှု တစ်ခုခု ဖြစ်ပေါ်မှု ကြီးကြီး မားမား တစ်ခု ဖြစ်နေပုံပါပဲ။ ကျုပ်က ကပ်ပေါ်မှာ ပက်လက် အနေအထား ရှိလေတော့ သိပ်များများစားစား မမြင်ရဘူး။ ဒါပေမဲ့ ဖျတ်ခနဲ ကိုရာ လှမ်းမြင်ရတယ်။ သူ့ဘေးမှာ ကက်ဇ်က ထိုင်လို့။ နောက်ပြီး ဆက်ကက် လည်း လှမ်းမြင်ရတယ်။ ဆက်ကက်ဟာ သူ့နံဘေးက လက်ဆွဲအိတ် ကိုင်ထား တဲ့သူကို စကားပြောနေတယ်။ ပြီးတော့ သက်သေတချို့ကိုလည်း မြင်ရတယ် သူတို့က ကျုပ်ကို ခုံတန်းရှည်ရဲ့ ထိပ်မှာ ထားတယ်။ ခဏအကြာမှာ ရဲက ငြိမ်ကြဖို့ ပြောတယ်။ အဲဒီအချိန်မှာပဲ တစ်ယောက်က ကျုပ်နား ကပ်လာပြီး ပြောတယ်။ လူငယ်တစ်ယောက်ပါပဲ။ သူ့နာမည်က ဝိုက်တဲ့။ သူ့ကို ကက် က ကျုပ်အတွက် ဆောင်ရွက်ပေးဖို့ လွှတ်လိုက်တာလို့ ပြောတယ်။ ကျုပ်က ခေါင်းညိတ်ပြပါတယ်။ ရှေ့ကိုယ်တော်လေးက သူ့ကို ကက်ဇ်က လွှတ်လိုက် တာပါလို့ပဲ ထပ်ကာထပ်ကာ ပြောနေပါတယ်။ တာဝန်ရှိရဲက စိတ်မရှည်တော့ ဟန်နဲ့ ခုံကို ခေါက်လိုက်ပြီး-

"ကိုရာ ပါပါဒါကစ်"လို့ ခေါ်တယ်။

ကိုရာ မတ်တတ်ထရပ်တယ်။ ကက်ဇ်လည်း ရပ်တယ်။ ပြီးတော့ ကိုရာကို တွဲပြီး စားပွဲရှိရာကို လာကြတယ်။ ကိုရာက ကျုပ်အနားမှ ဖြတ်သွား တုန်း ကျုပ်ကို ထိမလောက်ပါပဲ။ အဲဒီလို ဖြတ်သွားတုန်း ကိုရာရဲ့ ကိုယ်နံ့ ကျုပ် ရတယ်။ ကျုပ်စိတ်နှလုံးကို အရူးပေါက်စေတဲ့ ကိုယ်နံ့ပေါ့ဗျာ။ ခု အခြေအနေမျိုးမှာတောင် ကျုပ်စိတ်မှာ ဒီအနံ့က ဖြစ်ပေါ်စေတုန်းပါကလား ကိုရာဟာ ဓာပေါက်ဝတ်စုံသစ် ဝတ်ထားပါတယ်။ သန့်သန့်ရှင်းရှင်း သပ်သပ် ရပ်ရပ် မီးပူတိုက်ပြီးသား။ ဖိနပ်ကလည်း ပြောင်လက်နေပါတယ်။ ကိုရာ မျက်လုံးတွေက အမည်းရောင်ပဲ ဆိုပေမဲ့ ရောင်ကိုင်းမနေတော့ဘူး။ ကိုရာ နောက်က လူတွေလည်း ပါတယ်။ သူတို့ စားပွဲရှည်နောက် နေရာယူ မတ်တတ် ရပ်အပြီးမှာ ရဲက သူတို့ရဲ့ ညာလက်ကို မြှောက်စေပါတယ်။ ဒီတော့ ရဲက ကျမ်းကျိန်ခိုင်းတာပေါ့ဗျာ။

"မှန်ရာကိုသာ ထွက်ဆိုပါမည်၊ အမှန်ကလွဲပြီး တခြား ဘာမှ မထွက်ဆို ပါ"ပေါ့။ ကိုရွှေရဲက အဲဒီလို ဆိုနေတုန်း တစ်ပိုင်းတန်းလန်းမှာ ကျုပ်



လှမ်းကြည့်တယ်။ ကျုပ်ရဲ့ ညာလက်မြှောက်သွားသလားလို့။ ကျုပ်က မြှောက် ထားဘူးလေ။ အဲ ရဲက ကြည့်လိုက်မှ ကပျာကယာ ညာလက်ကို မြှောက် လိုက်ရပါတယ်။ ရဲခများ နောက်တစ်ခေါက် ပြန်ရွတ်ရပြန်တာပေါ့။ ကျုပ်တို့ အားလုံးကလည်း သူ ရွတ်သလို လိုက်ပြီး ရွတ်လိုက်ရပါတယ်။

တရားသူကြီးက သူ့မျက်မှန်ကို ချွတ်လိုက်ပြီး ကိုရာကို ကြည့်တယ်။ ပြီးမှ ကိုရာကို နစ်ပါပါဒါကစ်ကို သတ်မှု၊ ဖရင့်ချိန်းဘားကို အနာတရ ဖြစ်စေအောင် သေကြောင်းကြံစည်မှုနှင့် တရားစွဲဆိုကြောင်း ပြောပါတယ်။ ကိုရာအနေနဲ့ ပြောဆိုစရာရှိရင် ပြောနိုင်ကြောင်း၊ ပြောဆိုသမျှဟာ သူ့မအပေါ် မှာ အပြစ်ပေးနိုင်ဖို့အတွက် အထောက်အထားများလည်း ဖြစ်သွားနိုင်ကြောင်း၊ သူ့မကိုယ်စား ပြောဆိုဖို့ ရှေ့နေ ငှားရမ်း ထွက်ဆိုမည် ဆိုပါကလည်း ဖြစ် နိုင်ကြောင်း၊ တရားခွင်အနေနှင့် သူ့မက အသနားခံ၊ ခုခံ ချေပမှုတို့ကို လက်ခံ မည် ဖြစ်ကြောင်း စသည်ဖြင့် စသည်ဖြင့် ရှည်လျားထွေပြားစွာ ပြောပါတယ်။ စကားမဆုံးမီ ချောင်းတွောင် ဆိုးရှာပါတယ်။

တရားသူကြီး စကားဆုံးတာနဲ့ ဆက်ကက်က မတ်တတ်ရပ်ပြီး သူ့အနေ နဲ့ တရားခံဟာ ပြစ်မှု ထင်ရှားကြောင်း အထောက်အထားများနှင့်တကွ တင်ပြမှာ ဖြစ်တယ်လို့ ပြောကြားပြီး တင်ပြပါတယ်။ ဆက်ကက် ပြောသမျှ ဟာ ကျုပ်ကို ပြောပြီးသားတွေချည်းပါပဲ။ အဲ..၊ ကျုပ်ကို ပြောတာနဲ့ တရားခွင် မှာ ပြောတာတော့ မတူလှဘူးလေ။ မတူပုံက လေယူလေသိမ်းရော၊ ဥပဒေ ဆိုင်ရာ အထောက်အထားရောပေါ့။ တကယ်ကို ပြင်းထန်တဲ့ ပြစ်မှုကြီးကို ကျူးလွန်ထားပုံအတိုင်းပါပဲ။ လျှောက်လဲပြီးတာနဲ့ သူ့ရဲ့ သက်သေတွေကို တင်ပြပါတယ်။ ပထမဆုံး သက်သေကတော့ လူနာဆောင် ၉ က ဆရာဝန်။ ဆရာဝန်က ဂရီဟာ သေဆုံးသွားပြီ ဖြစ်ကြောင်း ထွက်ဆိုပါတယ်။ နောက် ထောင်ဆရာဝန်က သူသည် ဂရီ၏ ရုပ်အလောင်းကို ခွဲစိတ်ခဲ့ရသူ ဖြစ်ကြောင်း၊ ဂရီ သေဆုံးရပုံကို ဆေးစစ်ချက်အရ ထွက်ဆိုပါတယ်။ ဒီနောက်တော့ လူ နှစ်ယောက် သုံးယောက်လောက် ထွက်ဆိုကြပါတယ်။ သူတို့ရဲ့ ထွက်ဆိုချက် အားလုံးဟာ ဂရီကြီး သေဆုံးသွားပြီဖြစ်ကြောင်း၊ အခိုင်အမာ လုပ်ပြီး ပြော တာလေ။ ဒါကို ကျုပ်က သိပြီးသားပဲဟာ။ ကျုပ် နားထောင်မနေတော့ပါဘူး။ ကက်ဇ်ကလည်း ဘာတစ်ခွန်းမှ မမေးဘူး။ သက်သေတစ်ယောက် ထွက်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



တိုင်း တရားသူကြီးက ကက်ဇ်ကို ကြည့်တယ်။ ကက်ဇ်က မေးစရာ မရှိကြောင်း ပြတယ်။ သက်သေဆင်းသွားရော။

ဂရီ သေဆုံးသွားကြောင်း ခိုင်ခိုင်မာမာ သက်သေထူပြီးတဲ့နောက် ဆက်ကက်က ဇာတ်လမ်း စတာကိုး။ အရေးပါတဲ့ အချက်က သူ ဝှက်ထားတဲ့ ဖဲကို ပြတာကိုး။ အဲဒါကတော့ သူက သက်သေတစ်ယောက်ကို ခေါ်လိုက်တာ ပါပဲ။ အဲဒီသက်သေက ပစိဖိတ် အသက်အာမခံကုမ္ပဏီရဲ့ ကိုယ်စားလှယ် တစ်ဦး ဆိုပဲ။ အဲဒီကိုယ်စားလှယ်က ဂရီဟာ မသေဆုံးမီ တစ်ပတ်အလိုက အသက်အာမခံကုမ္ပဏီမှာ စာချုပ် ချုပ်ခဲ့ပါသတဲ့။ စာချုပ်အရ ဂရီ နေထိုင်မကောင်းဖြစ်လို့ အလုပ်မလုပ်နိုင်ရင် ကုမ္ပဏီက တစ်ပတ်ကို ၂၁ ဒေါ်လာနှုန်းနှင့် ၅၂ ပတ် ပေးရမယ်။ ကိုယ်လက်အင်္ဂါ တစ်ခုခု ချို့ယွင်းသွားခဲ့ရင် လက် ဖြစ်စေ၊ ခြေထောက် ဖြစ်စေ တစ်ခုခု ဖြစ်သွားရင် ဒေါ်လာ ၅၀၀၀၊ အဲ ခြေလက်နှစ်ခုစလုံး ဖြစ်သွားရင် ဒေါ်လာ ၁၀,၀၀၀ ကုမ္ပဏီက ပေးလျော်ရမယ်။ တကယ်လို့မှ ဂရီဟာ မတော်တဆ ဖြစ်ပြီး သေဆုံးသွားခဲ့ရင် ဇနီးသည်ကို လျော်ရမယ်။ မီးရထား စီးရင်း ဖြစ်ရင် ဒေါ်လာ ၂၀,၀၀၀ စသည် စသည်ဖြစ် တကယ်ပဲ။ ငါးပိ ငါးခြောက် ဈေးဝယ် ဈေးဆစ်သလို အရှည်ကြီး ပြောပါတော့တယ်။ တရားသူကြီးက စိတ်မရှည်တော့ဘဲ လက်ကာပြပြီး-

''စာချုပ်ပါ အချက်အလက်တွေပေါ်မှာ တင်ပြပြီးသား ရှိပါတယ်''

လို့ ပြောပါတယ်။

တရားရုံးမှာ လာရောက် နားထောင်ကြတဲ့ ပရိသတ်ဟာ တရားသူကြီးရဲ့ စိတ်မရှည်စွာ ပြက်လုံးထုတ်လိုက်ပုံကို ဝိုင်းပြီးရယ်မောကြပါတယ်။ ကျုပ်လည်း ရယ်မိတာပေါ့။ ဘယ့်နှယ်ဗျာ… အသက်အာမခံတဲ့ အလုပ်ကို အဲဒီလို အသေးစိတ် ဈေးဆစ်ပြီး ထားရတယ်လို့၊ ဘယ်သူကော မရယ်ဘဲ နေနိုင်မှာလဲ။

ဆက်ကက်က ကုမ္ပဏီ ကိုယ်စားလှယ်ကို မေးခွန်းတချို့ မေးပါတယ်။ ပြီးတာနဲ့ တရားသူကြီးက ကက်ဇ်ဘက်ကို အလှည့်ပေးပါတယ်။ ကက်ဇ်ဟာ တစ်မိနစ်လောက် ငြိမ်နေပါတယ်။ ပြီးမှ တကယ် ဖြည်းဖြည်းပဲ တစ်ခွန်းချင်း မေးပါတယ်။ သူ့ပုံကြည့်ရတာ အဖြစ်တွေ အားလုံးကို အတိအကျ လုံးနေ ပတ်စေ သိမှတ်လိုပုံရပါတယ်။

''ခင်ဗျားဟာ ဒီအမှုနဲ့ ပတ်သက်ပြီး ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်း တစ်ခုရဲ့ ကိုယ်စားလှယ် ဖြစ်ပါသလား''



''အဲဒီလို သတ်မှတ်ရင်လည်း ရပါတယ် မစ္စတာကက်ဇ်''

''ဒါဆိုရင် ခင်ဗျားတို့ ကုမ္ပဏီအနေနဲ့ ယခု သေဆုံးမှုမှာ ရာဇဝတ်မှု တစ်ခု ဖြစ်ကြောင်း ထုတ်ဖော်နိုင်ခဲ့ရင် အာမခံကုမ္ပဏီအနေနဲ့ လျော်ကြေးပေး စရာ မလိုတော့ဘူး မဟုတ်လား''

''မှန်ပါတယ်''

''ဒါဆိုရင် ခင်ဗျားကိုယ်တိုင်ကကော ဒီအမှုဟာ ရာဇဝတ်မှု အမှန် တကယ် ကျူးလွန်တာ ဖြစ်ကြောင်း ယုံကြည်ရဲ့လား။ အမျိုးသမီးဟာ အဲဒီ အာမခံအလျော် ရလိုမှုအတွက် သူ့ခင်ပွန်းကို သေစေအောင် ကြိုးစားခဲ့တယ်။ ဒါမှမဟုတ် သေစေတဲ့ အခြေအနေ ရောက်အောင် ဖန်တီးခဲ့တယ်လို့ ယူဆပါ သလား''

ကိုယ်စားလှယ်က ပြုံးသလိုလိုလုပ်ပြီး တစ်မိနစ်လောက် စဉ်းစားပုံ ရပါတယ်။ ပြီးမှ-

''အဲဒီမေးခွန်းကို ဒီလို ဖြေရမယ် ထင်ပါတယ် မစ္စတာကက်ဇ်၊ အာမခံ ကုမ္ပဏီရဲ့ ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဒီလိုအမှုပေါင်း အများကြီး မှ အများကြီး ကိုင်တွယ်ရင်ဆိုင်ခဲ့ရပါတယ်။ ကျုပ်ရဲ့ လုပ်ငန်းတာဝန်သက်တမ်း မှာ ဒီအမှုလောက် ရှင်းလင်း ပြတ်သားတာ တစ်ခါမှ မကြုံတွေ့ဖူးပါဘူး။ ဒါကြောင့် ဒီအမှုဟာ ရာဇဝတ်မှု ကျူးလွန်ထားကြောင်း ယုံကြည်ရုံမကပါဘူး။ သိတောင် သိနေပါတယ်''

ကက်ဇ်က တရားသူကြီးဘက် လှည့်တယ်။

''ဒါပါပဲ… တရားသူကြီးမင်း ခင်ဗျာ၊ ကျွန်တော့်အမှုသည်ဟာ တရားခံရုံးတင်ထားတဲ့ ပြစ်မှု နှစ်ခုလုံးကို ကျူးလွန်ထားကြောင်း ပြောလိုပါ တယ်''

တရားခွင်တစ်ခုလုံး 'ဟာ'ခနဲ ဖြစ်သွားပါတော့တယ်။ ကက်ဇ်ဟာ တရားခွင်မှာ ဗုံးတစ်လုံး ချခဲ့ရင်တောင် ဒီလောက် အံ့သြဖွယ်ကောင်းမယ် မထင်ပါဘူး။ အလျှင်အမြန်ဆုံး လှုပ်ရှားမှုတွေ ဖြစ်ပေါ်လာစေပါတော့တယ်။ သတင်းထောက်တွေကလည်း အပြေးအလွှား ဓာတ်ပုံရိုက်ဖို့ ကြိုးစားရင်း တစ်ယောက်နှင့် တစ်ယောက် တိုးမိ တိုက်မိ ဖြစ်ကုန်ပါတယ်။ တရားလို ရှေ့နေကြီး ဆက်ကက်ဟာ သေနတ်နဲ့ အပစ်ခံရသလို အံ့သြသွားပုံရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တရားခွင်တစ်ခုလုံးဟာ ရန်းရင်းဆန်ခတ် ဖြစ်သွားတယ်။ ကျုပ်လည်း ကိုရာကို တတ်နိုင်သမျှ ကြိုးစားပြီး လှမ်းကြည့်ပါတယ်။ ကျုပ် မြင်ရတာကတော့ ကိုရာရဲ့ နှုတ်ခမ်းအစုံ တွန့်လိမ်နေတာပဲ သတိထားမိပါတယ်။ ကိုရာ နှုတ်ခမ်း တွန့်လိမ်နေပုံက နှုတ်ခမ်းကို တစ်စုံတစ်ယောက်က အပ်နဲ့ ထိုးနေသလို ဆတ်ခနဲ ဆတ်ခနဲ တွန့်နေတာ။

❑

နောက် ဖြစ်လာတာကတော့ ကျုပ်ကို အဖြူရောင်ဝတ်စုံဝတ် လူတစ်ဦးရဲ့ နောက်ကို ခေါ်ဆောင်လိုက်ပါစေတာပဲ ဖြစ်ပါတယ်။ ကျုပ်တို့ဟာ တရားခွင်ရုံးက ထွက်ပြီး ခန်းမကျယ် ၂ ခုလောက် ဖြတ်သွားရတယ်။ တစ်ခန်းထဲမှာတော့ ရဲ သုံး လေးယောက် ရှိနေတာ တွေ့ရတယ်။ အဖြူနဲ့က အဲဒီရဲတွေကို ကက်စ်နဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ ပြောတယ်။ ရဲတွေက အခန်းထဲက ထွက်သွားကြတယ်။ ကျုပ်ကို အခန်းထဲက ခုံမှာ ထိုင်နေစေပြီး ကျုပ်ကပ်ကို မ လာတဲ့ ငနဲတွေက ထွက်သွားတယ်။ ဂိုက်က ခဏလမ်းလျှောက်နေတယ်။ အဲဒီအချိန်မှာ တံခါးတစ်ချပ် ပွင့်သွားပြီး အမျိုးသမီးအစောင့် တစ်ဦး ကိုရာကို ခေါ်ပြီး ဝင်လာတယ်။ ပြီးနောက် ဂိုက်နှင့် အမျိုးသမီးအစောင့်က အခန်းထဲက ထွက်သွားကြတယ်။ ပြီးတော့ တံခါးကို ပိတ်သွားကြတယ်။

အခန်းထဲမှာ ကျုပ်နဲ့ ကိုရာ နှစ်ယောက်တည်းပဲ ကျန်ရစ်ပါတော့တယ်။ ကျုပ်က တစ်ခုခု စဉ်းစားပြီး စကားပြောမလို့ ကြံပါတယ်။ ဒါပေမဲ့ ဘာပြောရမှန်း မသိဘူး။ အမှန်က ပြောမထွက်ဘူး။ ကိုရာကတော့ အခန်းထဲမှာ လမ်းလျှောက်နေတယ်။ ကျုပ်ကို မကြည့်ဘူး။ ကိုရာ နှုတ်ခမ်းတွေဟာ တရားခွင်ထဲကလိုပဲ တွန့်လိမ်နေဆဲပဲ။ ကျုပ်လည်း တံတွေးတွေ အကြိမ်ကြိမ် မျိုချပြီး ပြောစရာတစ်ခုခု ရလို့-

"ကျုပ်တို့ ထောင်ချောက်မိတာပဲ ကိုရာ"

ကိုရာက ဘာမှ ပြန်မပြောဘဲ လမ်းပဲ လူးလာတုံ့ခေါက် လျှောက်နေပါတယ်။

ကျုပ်က-



"ဒီကက်စ် ဆိုတဲ့လူဟာ အလကားလူ၊ ရဲရဲ့ လူပဲ။ ကျုပ်ဆီကို ရဲကပဲ လွှတ်ပေးခဲ့တာ။ ကျုပ်ကတော့ ဟုတ်လိမ့်နိုးနိုး ထင်ခဲ့ ယုံခဲ့တာပေါ့။ တကယ်တော့ ကျုပ်တို့ ထောင်ချောက်မိခဲ့တာပဲ"

ကိုရာက-

"ကျွန်မ ထောင်ချောက်မိခံရတာ မှန်ပါတယ်၊ ရှင်က မခံရပါဘူး"

"ဘယ့်နှယ်... ကျုပ်လည်း ခံရတာပဲပေါ့၊ သူက ကျုပ်ကို လိမ်လည်လှည့်ဖြားသွားတာပဲ"

ကိုရာက-

"ခုတော့ ကျွန်မ အားလုံး သိပါပြီ၊ ကျွန်မ ဘာဖြစ်လို့ ကားမောင်းရသလဲ ဆိုတာလည်း သိပါပြီ။ လုပ်စရာရှိတာ မှန်သမျှ ကျွန်မချည့် လုပ်ရတာပဲကိုး။ ရှင်က ဘာမှ မလုပ်ဘဲ။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်မ ရှင့်ကို ကျခဲ့ပါတယ်။ ကျဆို ရှင်ကလည်း စမတ်ကျတာကိုး။ တွေးကြည့်ရင် ရယ်စရာတော့ အကောင်းသားရှင့်၊ မိန်းမတစ်ယောက်ဟာ အမျိုးသားတစ်ယောက်ကို စမတ်ဖြစ်လို့ လူရည်လည် ဖြစ်လို့ သဘောကျတယ်၊ ကျတယ်ပေါ့ရှင်။ တကယ်တမ်းကျတော့လည်း သူက တကယ့်ကို စမတ်ကျတဲ့ လူလည်ကြီး ဖြစ်နေတာကိုး"

"မင်း... ကျုပ်ကို ဘာတွေ လာပြောနေတာလဲ ကိုရာ"

"ထောင်ချောက် မိခဲ့တယ်၊ ဟုတ်ကဲ့။ ကျွန်မ ထောင်ချောက်အမိခံခဲ့ရပါတယ်။ ရှင်နဲ့ ရှင့်ရှေ့နေတို့က ပူးပေါင်းကြံစည်ခဲ့ကြတာလေ၊ ရှင်တို့ရဲ့ အကြံအစည်က ရှင့်ကိုပါ ကျွန်မက သတ်ဖို့ ကြံစည်ခဲ့တယ်လို့ အကွက်ဆင်ခဲ့တာလို့၊ အဲဒီလိုဖြစ်မှ အမှုတစ်ခုလုံးနဲ့ ရှင်က မပတ်သက်တော့မှာကိုး။ ဒီနောက်တော့ ရှင်တို့ကပဲ ရုံးတော်မှာ ကျွန်မက အပြစ်ရှိကြောင်း ဝန်ခံဖို့ ပြောဆိုနိုင်စေခဲ့တယ်။ အဲ... ရှင်ကတော့ ဘယ်နေရာမှာမှ မပါခဲ့ဘူး။ ကျွန်မဟာ အတော်ကို ထုံထုံအအနိုင်ခဲ့တာပါပဲ။ ဒါပေမဲ့ တကယ့်တုံးကြီးလို ထုံထုံအအတော့ မဟုတ်ဘူး နော်။ ဒီမယ်... မစ္စတာဖရင့်ချိန်းဘား၊ ဒီကိစ္စကြီး ပြီးသွားတဲ့အခါမှာ ရှင် ဘယ်လောက် လူရည်လည်သလဲ ဆိုတာ သိရမှာပေါ့၊ လည်လွန်းသူဟာ ဘာဖြစ်ဆိုတာ ကြားဖူးတယ်နော်"

ကျုပ်က ကိုရာကို ဖျောင်းဖျဖို့ ပြောဆိုဖို့ ကြိုးစားပါတယ်။ အလကားပါပဲ၊ မရပါဘူး။ ကိုရာရဲ့ နှုတ်ခမ်းအစုံဟာ နှုတ်ခမ်းနီ ဆိုးထားတဲ့ကြားထဲက

www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖြူရော်ရော် ဖြစ်နေပါတယ်။ တံခါးပွင့်သွားပြီး ကက်ဇ် ဝင်လာတယ်။ ကျုပ်က ကပ်ပေါ်ကနေ သူ့ကို ခုန်အုပ်ဖို့ပါပဲ။ ဒါပေမဲ့ ကျုပ်က လှုပ်လို့မရဘူး။ လှုပ်မရဆို ကျုပ်ကို ကပ်ပေါ်မှာ ခါးပတ်တွေနှင့် လှုပ်မရအောင် ချည်တုပ်ထားတာကိုး။ လူက မလှုပ်နိုင်တော့ ကျုပ်က ပါးစပ်နဲ့ပဲ-

"ဟေ့လူ … ထွက်သွားစမ်းဗျာ၊ ခင်ဗျား အလကားလူ၊ ကျုပ်ကိုတော့ မိုးတစ်လုံး လေတစ်လုံး ဘယ်လို ကိုင်တွယ်မယ်လို့ ပြောခဲ့ပြီးမှ၊ ခုတော့ ခင်ဗျား ဘယ်လိုလူလဲဆိုတာ ကျုပ် သိပါပြီ။ ထွက်သွားစမ်းဗျာ၊ ဒီအခန်းထဲက"

ကက်ဇ်က-

"ဘာဖြစ်လို့လဲဗျာ၊ ခင်ဗျား ဘာတွေ ဖြစ်နေတာလဲ ချိန်းဘား"

ကက်ဇ် ပုံပန်းဟာ တနင်္ဂနွေနေ့ ကျောင်းဆရာတစ်ယောက်က ဝီကေဝါးမိတဲ့ ကလေးကို ပြောဆိုနေတဲ့ စတိုင်နဲ့…

"ဘာဖြစ်လို့လဲ ဘာတွေ ဖြစ်နေလို့လဲ၊ ဒီအမှုကို ကျုပ်က ကိုင်တွယ်ပေးနေတာပဲလေ၊ ကျုပ် မင်းကို ပြောသားပဲ"

ကိုရာက-

"ဟုတ်ပါတယ်၊ ရှင် ကိုင်တွယ်ပေးခဲ့တာပါပဲ၊ ကျွန်မနဲ့တော့ အတွေ့ပဲ"

ကက်ဇ်က ကိုရာကို ကြည့်တယ်။ သူ့အကြည့်က ကိုရာ ပြောနေတာတွေကို သူ ဘာမှ နားမလည်တဲ့ ပုံစံမျိုးနဲ့။ ကိုရာက ရှေ့တိုးပြီး-

"ဟောဒီလူနဲ့ ရှင်တို့က ပေါင်းပြီး အဖြစ်အားလုံး ကျွန်မကို ကျခံစေ၊ သူ့ကိုတော့ လွတ်စေပေါ့ ဟုတ်လား၊ ဒီလိုတော့ ဘယ်ရမလဲ၊ ကျွန်မက အကုန်လုံးကို ပြောပြမယ်၊ အကုန်လုံးမှ အကုန်လုံး…"

ကက်ဇ်က ကိုရာကို ကြည့်ပြီး နားမလည်ဟန် ခေါင်းယမ်းပြတယ်။ ကက်ဇ် မျက်နှာပေးဟာ ကျုပ် မြင်ဖူးသမျှတွေမှာ အူကြောင်ကြောင်အကျဆုံး မျက်နှာထားမျိုး ဖြစ်တယ်။ သူက-

"အဲဒီလိုလုပ်လို့ မဖြစ်ဘူးလေ၊ ကျုပ်ကို ကိုင်တွယ်ခွင့်ပေးမယ် ဆိုရင်ပေါ့လေ"

"သြော် … ရှင်က ကိုင်တွယ်တယ်တဲ့ ဟုတ်လား၊ ခု ကျွန်မ ကိုင်တွယ်တော့မယ်"



ကက်ဇ်က ပခုံးတွန့်ပြီး အခန်းထဲက ထွက်သွားတယ်။ သူ ထွက်သွားလို့ ဘာမှ မကြာလိုက်ခင် လူဝဝတစ်ဦး ဝင်လာတယ်။ သူ့လက်ထဲမှာ လက်နှိပ်စက် အသေးလေး ကိုင်လာပြီး အခန်းထဲရှိ ကုလားထိုင်တစ်လုံးပေါ်ကို လက်နှိပ်စက် တင်လိုက်ရင်း ကိုရာကို ကြည့်တယ်။

"မစ္စတာကက်ဇ်က ပြောတယ်။ ခင်ဗျားက ဖြောင့်ချက်တစ်ခု ပေးချင်လို့ဆို"

လူဝကြီးရဲ့ အသံဟာ သြောင်စိစိနိုင်ပြီး ရယ်စရာကောင်းနေသေးတော့။ ကိုရာက-

"ဟုတ်တယ်၊ ဖြောင့်ချက် ပေးမလို့"

ပြောပြောဆိုဆို ကိုရာ စကားစ ပြောပါတယ်။ စစချင်း ထစ်ထစ်ငေါ့ငေါ့ ရှိသော်လည်း နောက် အရှိန်ရသွားပါတယ်။ ကိုရာက ပြော၊ လူဝကြီးက လက်နှိပ်စက်ရိုက်။ ကိုရာက အစ၊ ဟိုအစမှ စ၍ ပြောပါတယ်။ ကျုပ်ကို ဘယ်လို စတွေ့တာလဲ၊ ဘယ်လို အတူနေကြတာတွေ၊ နှစ်ယောက် ပေါင်းပြီး ဂရိကို ရှင်းဖို့ ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ပုံကိုလည်း ပြောပါတယ်။ အဲဒီလို ကိုရာက ပြော၊ လက်နှိပ်စက်ရိုက်သူက ရိုက်နေတုန်း တံခါးဟပြီး ရဲတစ်ယောက် ဝင်လာပါတယ်။

လက်နှိပ်စက် ရိုက်နေတဲ့ ရဲသားက-

"ခဏကလေး စောင့်ပါဦးနော် ရဲကြပ်ကြီး"

"အိုကေ… အိုကေ…"

ကိုရာက အဖြစ်အပျက်အားလုံးကို ပြောပြပါတယ်။ အဆုံးအထိပါပဲ။ ဒါပေမဲ့ အသက်အာမခံစာချုပ်ကိစ္စ အကြောင်းကိုတော့ လုံးဝမသိကြောင်း ပြောပါတယ်။ ကျုပ်တို့နှစ်ယောက် ဂရိကို ရှင်းပစ်ချင်တဲ့ စိတ်တစ်ခုတည်းနဲ့ပဲ လုပ်ကိုင်ခဲ့ကြတာ ဖြစ်ကြောင်း ပြောပါတယ်။

"အဲဒါ အမှန်ပဲ"

ရဲက သူ ရိုက်ထားတဲ့ လက်နှိပ်စက် စာရွက်တွေကို စုစည်းတယ်။ ပြီးတော့ ကိုရာကို လက်မှတ်ထိုးခိုင်းပါတယ်။ ကိုရာက လက်မှတ်ထိုးပြီးတဲ့ နောက်မှာ ကျန်စာရွက်တွေ နံဘေးမှာလည်း လက်မှတ်တို ထိုးပေးဖို့ ပြောပါတယ်။ ကိုရာက စာရွက်တိုင်းကို လက်မှတ်တို ထိုးပေးပါတယ်။ နောက် ရုံးတော်တံဆိပ်ခေါင်းကို ကိုရာက ညာလက်နဲ့ ကိုင်၊ စာရွက်မှာ ကပ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်ခေါင်းပေါ်မှာလည်း လက်မှတ်ထိုးခိုင်းပါတယ်။ အဲဒါတွေအပြီးမှာ စာရွက်တွေကို စုသိမ်း၊ လက်နှိပ်စက်ကို ပိတ်၊ ပြီးမှ အခန်းပြင်ဘက် ထွက်သွားပါတယ်။

ကိုရာက တံခါးပြင်ဘက် ခေါင်းပြူပြီး အစောင့်အမျိုးသမီးကို သူ အဆင်သင့်ဖြစ်ပြီလို့ လှမ်းပြောပါတယ်။ အစောင့်အမျိုးသမီး ဝင်လာပြီး ကိုရာကို ခေါ်သွားပါတယ်။

ကပ်ကို မ သူတွေ ဝင်လာကြပြီး ကျုပ်ရဲ့ကပ်ကို မ,ကြတယ်။ ပြီးတော့ အပြင်ဘက် ထွက်တယ်။ မ သူများက ခပ်သွက်သွက် ထွက်ကြပေမဲ့ ကိုရာကို လူအုပ်က ဝိုင်းပိတ်ဆို့နေလို့ ကျော်လို့ ဖြတ်လို့ မရ ဖြစ်နေတယ်။ ကိုရာကတော့ အစောင့်အမျိုးသမီးနဲ့အတူ ဓာတ်လှေကားပေါက်မှာ ရပ်နေတယ်။ အပေါ်ထပ်ကို တက်ဖို့ စောင့်နေတာ ဖြစ်ပါတယ်။ ဒီတရားရုံးမှာက အချုပ်ခန်း အချုပ်ထောင်ဟာ ဟိုအပေါ်ဆုံးထပ်မှာ ရှိလို့ပါပဲ။ ကျုပ်ကပ်ကို မ သူတွေက လူအုပ်ကို တိုးပြီး ဓာတ်လှေကားထဲ ဝင်တယ်၊ ကျုပ် ကိုယ်ပေါ်မှာ လွှမ်းထားတဲ့ စောင်က လျှောကျပြီး နောက်က တွဲလောင်းကြီး ဖြစ်နေတယ်။ ကိုရာက ကောက်ယူပြီး ကျုပ်အပေါ် ပြန်တင်ပေးတယ်။ ပြီးတော့ မျက်နှာလွှဲလိုက်တယ်။

❑

**- ၁၁ -**

အဲဒီနောက်တော့ ကျုပ်ကို ဆေးရုံကို ပြန်ခေါ်သွားကြတယ်။ ပြန်တဲ့အခါမှာ ရဲအစောင့် မဟုတ်တော့ဘဲ ဖြောင့်ချက်ယူတဲ့ ငနဲသား လိုက်ပါလာတယ်။ ဒီငနဲသားက ကျုပ်ရဲ့ကပ်လျက် ခုတင်မှာပဲ အိပ်လိုက်တယ်။ ကျုပ် အိပ်ဖို့ ကြိုးစားတယ်။ အိပ်ပျော်သွားတယ်။ အိပ်ပျော်သွားလို့ အိပ်မက်ထဲမှာ ကိုရာက ကျုပ်ကို အပေါ်စီးနဲ့ မိုးကြည့်နေတယ်။ ကျုပ်က ကိုရာကို တစ်စုံတစ်ရာ ပြောဖို့ ကြိုးစားတယ်၊ မရဘူး။ ကိုရာ လဲပြိုကျသွားတယ်။ ကျုပ် နိုးလာတယ်။ နားထဲမှာ 'ဒုတ်'ဆိုတဲ့ အသံကြီးက နားထဲမှာ ကြားနေရတယ်။ အဲဒီ 'ဒုတ်' ဆိုတဲ့ အသံက ကျုပ် ဂရိ ခေါင်းကို ရိုက်ခွဲလိုက်တုန်းက ထွက်ပေါ်လာတဲ့ အသံလေ။ သည်နောက်တွင်တော့ ကျုပ် အိပ်ပျော်သွားပြန်တယ်။ သည်တစ်ခါ အမြင့်က ပြုတ်ကျ၊ လိမ့်ကျတာဟာ ကျုပ်ကိုယ်တိုင် ဖြစ်နေတာ အိပ်မက် မက်တယ်။ ဒါနှင့် နိုးသွားပြန်ပါရော။ နားထဲမှာ 'ဒုတ်'ဆိုတဲ့ အသံကြီးက ကြားနေရတုန်းပဲ။ ပြီးတော့ အိပ်သွားပြန်ရော။ ဒီတစ်ခါ နိုးလာတော့ ကျုပ်က ယောင်ပြီး အော်သတဲ့။ နံ့ဘေးက ငနဲသားက ကျုပ်ဘက်ကို လှည့်ပြီး–

"ဟေ့လူ…"

"ဟေ…"

"ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဘာမှမဟုတ်ပါဘူး၊ အိပ်မက် မက်တာနေမှာပါ”

“အိုကေနော်…”

ဒီငနဲ့ဟာ တစ်ချက်ကလေးမှ ကျုပ်အနားက မခွာတော့ဘူး။ မနက်မိုးလင်းတော့ ငနဲသားက ရေဇလုံတစ်ခု အခန်းထဲ ယူလာခိုင်းပြီး သူ့အိတ်ထဲက သင်တုန်းဓားနဲ့ မုတ်ဆိတ်ရိတ်ပါတယ်။ ပြီးတော့ သူ့ကိုယ်သူ သန့်ရှင်းရေး လုပ်ပါတယ်။ ပြီးတော့ သူတို့ မနက်စာကို အခန်းထဲ ယူလာတယ်။ ငနဲသား စားတယ်။ ကျုပ်တို့နှစ်ယောက်သား စကားတစ်ခွန်းမှ မပြောဖြစ်ဘူး။

❑

သူတို့ ကျုပ်ဆီကို သတင်းစာတစ်စောင် ယူလာပေးတယ်။ ကြည့်လိုက်တော့ ကိုရာရဲ့ ပုံအကြီးကြီးက မျက်နှာဖုံးမှာ အရှင်းသား။ ကျုပ်ပုံကတော့ ခပ်သေးသေး။ ကပ်ပေါ်မှာ ပက်လက်ကလေး ပါလာတယ်။ သတင်းစာထဲမှာတော့ ကိုရာဟာ လူသတ်သမပေါ့။ တရားရုံးတော်မှာ အပြစ်ရှိကြောင်း ဝန်ခံပြီးဖြစ်လို့ ဒီနေ့ ပြစ်ဒဏ်စီရင်မယ်လို့ ပါတယ်။ အတွင်းက စာမျက်နှာတစ်ခုမှာတော့ မော်တော်ကား တိမ်းမှောက်မှုအကြောင်း၊ ဒါကို အကြောင်းပြုပြီး ရာဇဝတ်မှုများ ကျူးလွန်နိုင်ကြောင်း ဆောင်းပါးသဘောမျိုး ရေးသားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ‘ဖြောင့်ချက်’ကိုတော့ မတွေ့ရပါဘူး။

နေ့ခင်း ၁၂ နာရီလောက် ရောက်တော့ ဆရာဝန်လူငယ် တစ်ယောက် ရောက်လာပြီး ကျုပ်ကျောက ဒဏ်ရာကို အရက်ပြန်နှင့် ဆေးကြောသန့်စင်မှု လုပ်ပါတယ်။ သူ လုပ်ရမှာက ဒဏ်ရာကို ကပ်ထားတဲ့ ဆေးပလာစတာကို ခွာရမှာ၊ ရွှေကိုယ်တော်က မခွာဘဲ အနားစတွေကို ဖယ်ကာရှားကာ လုပ်လေတော့ ကျုပ်ကတော့ သေလောက်အောင် နာတာပေါ့ဗျာ။ အဲ ပလာစတာတချို့ တဝက်တော့ ခွာပေးသွားလေရဲ့။ ဒီတော့မှ ကျုပ်လည်း နည်းနည်းပါးပါး လှုပ်နိုင်ရှားနိုင် ဖြစ်လာပါတော့တယ်။ ဆရာဝန် ထွက်သွားတော့ သူနာပြုတစ်ဦးက အဝတ်အစားတွေ ယူလာတယ်။ ကျုပ် ဝတ်ရပါတယ်။ နောက် ကျုပ်ကပ်ကို မ တဲ့လူတွေ ဝင်လာတယ်။ ကျုပ်ကို ဖေးမထူထပြီး ဓာတ်လှေကားဆီ ခေါ်သွားတယ်။ ပြီးတော့ ဆေးရုံပေါ်က ဆင်းခဲ့တယ်။ အောက်မှာ မော်တော်ကား တစ်စင်းက ဒရိုက်ဘာနှင့် အဆင်သင့် စောင့်နေတယ်။ ကျုပ်နဲ့ တစ်ညလုံး



စောင့်အိပ်တဲ့ ငနဲက ကားပေါ် တင်ပေးတယ်။ ကားက ၂ ကွက်လောက် အကြာမှာ ရပ်တယ်။ ကျုပ်တို့ ရုံးခန်းလို အဆောက်အအုံတစ်ခုထဲ ဝင်တယ်။ အဲဒီအထဲက ရုံးခန်းတစ်ခုထဲ ဝင်ရတယ်။ ရုံးခန်းထဲမှာတော့ ကက်စ်က အငြိမ့်သား ရှိနေတာ၊ မျက်နှာတစ်ခုလုံး ပြုံးလို့၊ သူက-

“ကဲ… အခုတော့ အားလုံး ပြီးသွားပါပြီကွ”

ကျုပ်က-

“ဟုတ်လား… ကိုရာကို သူတို့ ဘယ်တော့ ကြိုးပေးသတ်မှာလဲ”

“ဘာကိစ္စ ကြိုးပေးရမှာလဲ၊ ကိုရာကို လွှတ်လိုက်ပါပြီ။ ကိုရာဟာ ငှက်ကလေးတစ်ကောင်ရဲ့ လွတ်လပ်ခြင်းလို ဖြစ်နေပါပြီ။ ခဏကြာရင် ရောက်လာတော့မှာပါ၊ ရုံးကိစ္စကလေးတွေ နည်းနည်းပါးပါး ရှင်းပြီးရင် ရောက်လာတော့မှာ၊ ကဲ လာ လာ… ဝင်၊ ကျုပ် အားလုံး ရှင်းပြမယ်”

❑

ကက်စ်က ကျုပ်ကို သီးသန့်အခန်းတစ်ခုထဲကို ခေါ်သွားပြီး တံခါးကို ပိတ်လိုက်တယ်။ ပြီးတော့ စီးကရက်တစ်လိပ် လိပ်တယ်၊ သောက်တယ်။ ပြီးမှ စကားစပြောတယ်။ ကျုပ်ဖြင့် ဒီလူ့ကို နားကို မလည်နိုင်တော့ပါဘူး။ ဟိုတစ်နေ့တုန်းက အိပ်ငိုက်ပျင်းရိနေပုံ ပေါက်ခဲ့တဲ့ ဒီလူဟာ ခုတော့ဖြင့် လျှင်မြန်ဖျတ်လတ်တက်ကြွနေလို့လေ။

သူက-

“ဒီမယ် ချိန်းဘား… ဒီအမှုဟာ ကျုပ် လိုက်ခဲ့ရတဲ့ အမှုတွေအားလုံးထဲမှာ အကောင်းဆုံးပဲကွ။ ကျုပ် ဒီအမှုထဲကို ပါဝင်ပတ်သက်ရတဲ့ အချိန်ကလည်း ဘာမှ မကြာဘူး။ ဟော… အခု ၂၄ နာရီအတွင်း အားလုံး ပြီးသွားရောဗျာ။ ကျုပ် တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ မကြုံဖူးဘူး။ တကယ်ပဲ ကမ္ဘာ့လက်ဝှေ့အကျော်ကြီး နှစ်ယောက်၊ ဒင်ပစီနဲ့ ဖာပို ထိုးသတ်ကြတဲ့ ပွဲ ပါပဲ။ ၂ ချီ ၂ လားပဲ ထိုးလိုက်ရတာလေ၊ တကယ်တမ်းကျတော့ အချိန် ဘယ်လောက်ကြာကြာ ထိုးသတ်ရတာက ပြဿနာ မဟုတ်ဘူးကွ၊ အမှန် ပြောရရင် လက်ဝှေ့ပွဲနဲ့တော့ သိပ်မတူလှပါဘူး၊ လေးယောက် တစ်ဝိုင်း တစ်ချပ်မှောက်ဖဲ ကစားရတာနဲ့ ပိုတူပါတယ်။ လူတိုင်း လက်ထဲမှာ ဖဲကောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ကိုင်ထားကြတယ်လေ။ ဘယ်သူ ဘယ်နှချပ် ထပ်ယူရဲသလဲ ဆိုတာမျိုးကွ ကျုပ်ဘဝမှာဖြင့် ဒီလိုပွဲမျိုး ကြုံဖူးပေါင်…"

ကျုပ်က သိပ်စိတ်မရှည်ချင်ပါ။

"ခင်ဗျား အခုထိ ဘာမှ မပြောရသေးဘူးနော်"

"ပြောမှာ ပြောမှာ၊ စိတ်သာချ။ ဘာမှမပူနဲ့ ပြောမှာ၊ ဒါပေမဲ့ ကျုပ်တို့ ဘယ်လို ကစားသွားတယ် ဆိုတာ မင်း မသိနိုင်ဘူးလေ၊ ကျုပ်က ဖဲချပ်တွေ အကုန်ခင်းပြမှ သိနိုင်မှာ။ ဒီလို ရှိတယ်လေ၊ ကျုပ်မှာ မင်း ရှိတယ်၊ ကိုရာ ရှိတယ်။ နှစ်ယောက်စလုံးမှာ လူသတ်မှု ကျူးလွန်နိုင်ကြောင်း သိသာတယ်၊ အဲဒါ အရေးကြီးတဲ့ ဖဲချပ်ပဲကွ။ မင်းကိုယ်တိုင်လည်း သိနိုင် နားလည်နိုင်မယ် မဟုတ်ဘူး။ ဆက်ကက်က မင်းကို ခြောက်လှန့်ပြီး ကိုရာနဲ့ ပတ်သက်ပြီး ပြောတယ်၊ ကိုရာက ချောက်ထဲ ကျသွားတဲ့ ကားထဲမှာ ပါမသွားကြောင်း၊ လက်ပွေ့အိတ်တောင် သူ့လက်ထဲမှာ ရှိနေသေးတယ်တို့ ဘာတို့လေ၊ အလကား စကားတွေ။ ကား ဆိုတာ ချောက်ထဲကို မကျခင် ယိမ်းထိုး ဟိုထိုး ဒီထိုး ဖြစ်နိုင်တယ်။ အဲဒီလို အချိန်မျိုးမှာ အမျိုးသမီးဟာ လက်ပွေ့အိတ်ကို ဆွဲပြီး ကားပေါ်က ခုန်ဆင်းနိုင်တာပဲလေ။ ဒါ ရာဇဝတ်မှုမှ မဟုတ်တာ။ လက်ပွေ့အိတ်ကို ကိုယ်နဲ့အတူ ပါသွားအောင် ယူသွားတတ်တာ မိန်းမသဘာဝကို ပြတာပဲ မဟုတ်လား"

"ခင်ဗျား အဲဒီအချက်အလက်ကို ဘယ်လို သိသွားတာလဲ"

"ကျုပ် ဆက်ကက်ဆီက သိရတာလေ၊ မနေ့ညက ကျုပ် သူနဲ့အတူ ညစာ စားဖြစ်တယ်။ သူက ကျုပ်ကို သနားနေတယ်ပေါ့လေ၊ ကျုပ်နဲ့ ဆက်ကက်က အကြီးမားဆုံး ရန်သူ နှစ်ယောက်ပဲ၊ ဒါပေမဲ့လည်း ရန်သူ ဆိုတာထက် ပြိုင်ဘက်လို့ ပြောရင် ရမယ် ထင်ပါတယ်။ သိပ်ရင်းနှီးကြတဲ့ ပြိုင်ဘက် နှစ်ယောက်ပေါ့ဗျာ။ သူက အမှုတစ်ခုမှာ ရင်ဆိုင်ရတိုင်း ကျုပ်အပေါ် အနိုင်ရအောင် အမျိုးမျိုး နည်းလမ်းတွေကို သုံးပြီး လုပ်တယ်။ ကျုပ်ကလည်း ထိုနည်းလည်းကောင်းပဲပေါ့ဗျာ။ အဲဒီလို ပြိုင်ပွဲအတွက် ကျုပ်တို့ နှစ်ယောက်သား အလောင်းအစားတောင် လုပ်တတ်လိုက်ကြသေးတယ်။ ဒေါ်လာ ၁၀၀ ကြေးလေ။ ကျုပ်ကို ညစာ လိုက်ကျွေးတာက သူက ဒီအမှုမှာ နိုင်ပြီပေါ့၊ ကျန်တာ တွေတော့ ကြိုးပေးတဲ့သူ အလုပ်ပဲ ရှိတော့တာပဲလေ"



ကောင်းဗျာ… ဒီငနဲ့ နှစ်ယောက်က ဒေါ်လာ ၁၀၀ ကြေးများ အလောင်းအစား လုပ်လိုက်ကြသေးလေ၊ ကျုပ်နဲ့ ကိုရာကို ကြိုးစင်ပို့တဲ့ ကိစ္စမှာ၊ ဒါပေမဲ့ ကျုပ်ကိုယ်တိုင်လည်း အားလုံး ပြည့်ပြည့်စုံစုံ သိချင်နေပြီလေ၊ ဒီတော့…

"ကျုပ်တို့ဘက်က ဖဲချပ်ကတော့ ဟုတ်ပါပြီ၊ သူ့ဘက်ကကော"

"လာမယ်လေ… လာမယ်၊ ဆက်ကက်က မင်းနဲ့ ကိုရာ တစ်ယောက်နဲ့ တစ်ယောက် အပြစ်ပုံချကြဖို့ပဲ၊ ဒါဆိုရင် အမှုက သူ့အတွက် သပိတ်ဝင် အိတ်ဝင် ဖြစ်သွားပြီပေါ့၊ အဲဒါက ပထမအချက်၊ နောက်တစ်ချက်က အမှုမှာ သူက ဘာမှ လုပ်စရာ မလိုတော့ဘဲ ဖြစ်နေတာ၊ ဘာကြောင့်လဲဆိုတော့ အာမခံကုမ္ပဏီက အားလုံး လုပ်ပေးနေတော့တာကိုး၊ သူက ဘာမှ မလုပ်ဘဲ ထိုင်စောင့်နေရုံ ရှိတာပဲ၊ အချိန်တန်ရင် သူ့လက်ထဲ အားလုံး ရောက်လာမှာပဲလေ၊ သူက ထိုင်စောင့်နေရုံ ရှိတာပဲ၊ ဒါကြောင့်လည်း သူဟာ အာမခံကုမ္ပဏီရဲ့ တွေ့ဖော်ချက်တွေကို ယူပြီး မင်းကို ခြိမ်းခြောက်၊ ကိုရာအပေါ် အပြစ်ပုံချအောင် လုပ်လိုက်တာပဲလေ၊ တကယ်တမ်း မင်းက ပြင်းပြင်းထန်ထန်ကြီး ဒဏ်ရာရ သွားတာ ဖြစ်နေလို့ ဒီကိစ္စဟာ မတော်တဆ ကားမှောက်မှုပဲ ဖြစ်သွားနိုင်တယ်လေ၊ ဒါကြောင့် သူက မင်းကို ခြိမ်းခြောက်ပြီး ကိုရာအပေါ်မှာ အပြစ်တင်တဲ့ လျှောက်လဲချက်ကို လက်မှတ်ထိုးခိုင်းခဲ့တာပဲပေါ့၊ မင်းဘက်ကလည်း အဲဒီလိုမှ ကိုရာအပေါ်မှာ အပြစ်လွှဲချတာ မလုပ်ခဲ့ရင် အမှုက ကိုယ့်အပေါ် ပတ်လာတော့ မှာကိုး"

"ဟုတ်ပါတယ်၊ ကျုပ်ကလည်း သတ္တိကြောင်သွားခဲ့ပါတယ်"

"ထားပါတော့၊ ဘာပဲပြောပြော ဆက်ကက်ဟာ မင်းက ကိုရာအပေါ်မှာ အပြစ်ပုံချတာကို ရသွားပြီလေ။ သူ လိုချင်တဲ့ အနေအထား ရောက်သွားပြီပေါ့။ သူက အသေအချာ သိနေပြီးသား၊ အဲဒီလို မင်းရဲ့ စွပ်စွဲချက် ရသွားပြီဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ကိုရာက မင်းကို ဘာမှ ပြောလို့မရတော့ဘူး၊ ဒါဆို ပိုင်ပြီပေါ့၊ အဲဒါကြောင့် အဲဒီည ကျုပ်နဲ့ ညစာ စားတုန်း ဒေါ်လာ ၁၀၀ ကြေး လောင်းတာပေါ့၊ သူက အပိုင်ပဲလေ၊ ဒါပေမဲ့ ကျုပ်မှာလည်း သူ့ကို နိုင်ကွက် ရှိနေတယ် ဆိုတာ ကျုပ်က တစ်ချိန်လုံး သိနေတာပဲ၊ ကျုပ်သာ ပါးပါးနပ်နပ် ကစားတတ်ရင်ပေါ့လေ၊ ကဲ… မင်း စဉ်းစားကြည့်စမ်း၊ ကျုပ်လက်ထဲမှာ ရှိတဲ့ ဖှက်ဖဲက ဘာလဲလို့"

"ဘာမှ သိပ်မရှိနိုင်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာများ ဖြစ်နိုင်သေးသလဲ"

"အမှန်အတိုင်း ပြောရရင် ဘာမှမရှိဘူးလို့ ပြောရမှာပဲ"

"ဟုတ်တယ်၊ ဆက်ကက်ကလည်း အဲဒီလိုပဲ ယူဆတာပဲ၊ ဒါပေမဲ့ ကျုပ် အစီအစဉ် လာပြီလေ၊ မနေ့တုန်းက မင်းနဲ့ တွေ့ပြီးတဲ့နောက် ကိုရာကို သွားတွေ့တယ်။ ပြီးတော့ ကိုရာဆီကနေ ဂရိုကြီး ပါပါဒါကစ်ရဲ့ မီးခံသေတ္တာ ဖွင့်ခွင့် ရယူပါတယ်။ မီးခံသေတ္တာ ဖွင့်လိုက်တော့ ကျုပ် မျှော်လင့်ထားတဲ့ အတိုင်း တွေ့ရတော့တာပါပဲ။ အထဲမှာ အာမခံစာချုပ်စာတမ်းတွေ တွေ့တယ်။ စာချုပ် ရေးဆွဲတဲ့လူဆီ စတိုလိုက်ရတာပေါ့။ အဲဒီမှာတင် ကျုပ် သိရတော့ တာပေါ့"

"ဘာတွေလဲ ဟင်"

"အဲဒီအာမခံစာချုပ်ဟာ ယခု ဖြစ်ပွားခဲ့တဲ့ ကားမှောက်မှုနဲ့ ဘာမှ မပတ်သက်ဘူး၊ ဖြစ်ပုံက ဒီလို၊ အာမခံကိုယ်စားလှယ်က မော်တော်ကားအာမခံ နှစ်စေတော့မှာဖြစ်လို့ ပါပါဒါကစ်ဆီကို လာတွေ့တယ်လေ၊ အဲဒီအချိန်မှာ ကိုရာက အိမ်မှာ ရှိမနေဘူး။ အာမခံကိုယ်စားလှယ်နဲ့ ပါပါဒါကစ်တို့ဟာ မြန်မြန်ဆန်ဆန်ပဲ အာမခံစာချုပ်တွေ လုပ်ကြပါတယ်။ မော်တော်ကားအာမခံ၊ မီးအာမခံ၊ သူခိုးအာမခံ အားလုံး အားလုံးပါပဲ။ ထုံးစံအတိုင်းပေါ့။ အဲဒီနောက်မှ အာမခံအေးဂျင့်က နောက်တစ်ခု ပြသပါတယ်။ ပါပါဒါကစ်ရဲ့ ကိုယ်ရေးကိုယ်တာ ထိခိုက်မှု အာမခံဖို့ပေါ့၊ ပါပါဒါကစ်က ချက်ချင်းပဲ စိတ်ဝင်စားသွားပါတယ်။ အရင်တစ်ခါ မတော်တဆ ဖြစ်ပွားခဲ့တာကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဘာပဲပြောပြော ပါပါဒါကစ်က ချက်ထုတ်ပေးတယ်၊ နောက်နေ့မှာပဲ အာမခံစာချုပ်မှာ ပြည့်ပြည့်စုံစုံ ရိုက်နှိပ်ပြီး ပါပါဒါကစ်ဆီကို ပို့ပေးခဲ့ပါတယ်။ အဲ··· အာမခံကုမ္ပဏီ အများကြီး လုပ်နေတဲ့ အေးဂျင့်ကတော့ အမှုမဲ့အမှတ်မဲ့ပဲ၊ သတိမထားလိုက်မိဘူးပေါ့။ အဲဒီအချက်က မစ္စတာဆက်ကက် လုံးဝသတိမထားမိလိုက်တဲ့ အချက်နံပါတ် တစ်ပါပဲ။ ဒါပေမဲ့ အဓိက အရေးကြီးတဲ့ အချက်ကတော့ ပါပါဒါကစ်ဆီမှာ အာမခံစာချုပ် အသစ်ရော အဟောင်းပါ ရှိနေတဲ့ အချက်ပါပဲ။

"ကောင်းပြီ၊ အခြေအနေအားလုံးကို ကြည့်ကြရအောင်၊ ပစိဖိတ်စတိတ် အာမခံစာချုပ်မှာ ပါပါဒါကစ်ရဲ့ ဒေါ်လာ ၁၀,၀၀၀ စာချုပ်အပြင် ကျုပ်ဆီမှာ



က ဒေါ်လာ ၂၀,၀၀၀ တန် အာမခံစာချုပ်တစ်ခု ရှိနေပြန်ပြီလေ၊ နားလည်ပြီလား"

"ဟင့်အင်း··· နားမလည်ဘူး"

"ဒီလို ရှိတယ်လေ၊ ဆက်ကက်က မောင်ရင့်ဆီက ဖဲတစ်ချပ် ယူလိုက်သလို ကျုပ်ကလည်း သူ့ဆီက ဖဲတစ်ချပ် ယူလိုက်တဲ့ သဘောပါပဲ။ ဒီလိုလေ အခြေအနေအရ မောင်ရင်ဟာ ထိခိုက်ဒဏ်ရာ ရနေတယ်၊ တကယ်ပဲ ပြင်းပြင်းထန်ထန် ဒဏ်ရာ ရနေတယ်။ ဆက်ကက်က ကိုရာကို ပြစ်ဒဏ်ကျအောင် လုပ်နိုင်မယ် ဆိုရင်။ လူသတ်မှု ပြစ်ဒဏ်နဲ့လေ၊ တစ်ချိန်တည်းမှာ မောင်ရင်ကလည်း ကိုရာအပေါ်မှာ ဒဏ်ရာတွေအတွက် နစ်နာကြေး တောင်းဦးမယ်ဆိုရင် အာမခံအဖွဲ့အနေနဲ့ လျော်ကြေးပေးရတော့မှာပေါ့"

"အဲဒါတော့ သိပါပြီ"

"သိပ်လှတဲ့ အကွက်ပဲကွ၊ အဲဒီဖဲ့ကဲ့ဖဲ ကျုပ်ဆီမှာ ရှိတယ် ဆိုတာကို မင်းက မသိဘူး၊ ဆက်ကက်ကလည်း မသိဘူး၊ ပြီးတော့ ပစိဖိတ်အာမခံကုမ္ပဏီကလည်း မသိဘူး။ သူတို့အားလုံးက ဆက်ကက် ဆင်တဲ့ ကကွက်အတိုင်း လိုက်လုပ်ကြရုံနဲ့ အမှုက နိုင်ပြီလို့ အပိုင်တွက်ထားကြတာလေ"

ကက်ဖ်သည် အခန်းထဲတွင် အမြန်နှုန်းသား လမ်းလျှောက်နေလိုက်ပါသေးတယ်။ ပြီးမှ -

"ကျုပ်ကလည်း ကျုပ်ဖဲ့ကဲ့ဖဲကို အမြန်ဆုံး ခင်းပြမှ ရမှာလေ။ ပစိဖိတ် ကိုယ်စားလှယ် စစ်ချက်ယူပြီးတဲ့နောက် ကျုပ် သူ့ကို သွားတွေ့ပြီး မေးတယ်။ ဒီအမှုမှာ တကယ်ပဲ ပြစ်မှု ကျူးလွန်တယ်လို့ ယူဆသလားပေါ့၊ သူက ယူဆပါတယ်လို့ ပြောတာကို မှတ်သားထားလိုက်တယ်၊ ဒါမှ ပြဿနာဖြစ်လာရင် သူ့ကို မဖြစ်ပွားတဲ့ အမှုကို ဖြစ်ပွားသယောင် လီဆယ်လုပ်ကြံကြောင်း ကျုပ်က စွဲဆိုနိုင်မယ်လေ၊ အဲဒီနောက်တော့ ကျုပ်က ကိုရာဟာ အပြစ်ရှိပါတယ်လို့ လျှောက်လိုက်တော့ အမှုက ပြီးသွားပြီလေ၊ တရားခွင် ပြီးပြီးချင်း ညမှာပဲ ကျုပ် ကိုရာကို သွားတွေ့တယ်၊ ပြီးတော့ မောင်ရင့်ကို ပို့လွှတ်ပြီး တွေ့စေလိုက်တယ်၊ ၅ မိနစ်ဆိုတဲ့ အချိန်က လုံလောက်ပါတယ်၊ ဒါနဲ့ ကျုပ်က ကနေဒီကို အခန်းထဲ လွှတ်လိုက်တယ်"

"မနေ့ညက ကျုပ်နဲ့အတူ ရှိနေခဲ့တဲ့ ရဲစုံထောက်လား"

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ အရင်တုန်းကတော့ ရဲစုံထောက်ပါပဲ၊ ခုတော့ ရဲဘက်မှာ အမှုမထမ်းတော့ဘဲ ကျုပ်ရဲ့ လူယုံလက်ထောက်အဖြစ် ဆောင်ရွက်နေပါတယ်။ မောင်ရင့်လိုပဲ ကိုရာက သူ့ကို ရဲလို့ ထင်တာပဲလေ၊ ကိုရာက ရဲတစ်ယောက်ကို ဖွင့်ဟပြောဆိုနေရတယ်လို့ ထင်မြင်နေတာ၊ တကယ်ကတော့ ကျုပ်လူကို ပြောနေတာပါပဲ၊ ကိုရာဟာ ရင်ထဲ ရှိတာတွေအားလုံး ပြောပြီးတဲ့နောက်မှာ ငြိမ်သွားလိုက်တာ ဒီနေ့အထိပါပဲ။ အဲဒါ လုံလောက်တဲ့ အချိန် ဖြစ်သွားခဲ့ပါတယ်။ နောက်ပြဿနာက မောင်ရင်၊ ခုဆိုရင် မောင်ရင့်အပေါ်မှာ ဘာစွဲဆိုချက်မှ မရှိတော့ဘူး၊ မောင်ရင့်ကို ဖမ်းဆီးထိန်းသိမ်းမှုလည်း မရှိတော့ဘူး။ မင်းကတော့ အဖမ်းခံနေရတုန်းပဲလို့ ထင်နေတာပေါ့။ ဒါနဲ့ ကျုပ်က မောင်ရင်ဟာ ပတ်တီးတွေလည်း မလိုတော့ဘူး၊ ကျောနာခံနေစရာလည်း မလိုတော့ဘူး၊ ဆေးရုံက အစောင့်လည်း မလိုတော့ဘူး။ အဲဒါကြောင့် ကနေဒီကို မောင်ရင့်ဆီ လွှတ်ပြီး အခြေအနေကို စောင့်ကြည့်ခိုင်းထားတာ၊ အဲဒီရောက်တော့ ကျုပ်က ညှိနှိုင်းနက်ပိုင်း တွေ့ဆုံပွဲလေး လုပ်ရတာပေါ့၊ ပစိဖိတ်စတိတ် အာမခံရယ်၊ ကာလီဖိုးနီးယား အာမခံရယ်၊ ရောက်ကီမောင်းတိန်းအဖွဲ့ သုံးဖွဲ့စလုံး ခေါ်ပြီး ပြဿနာတစ်ခုလုံးကို တင်ပြလိုက်တယ်လေ၊ ပြဿနာလည်း သိကြရော သူတို့တစ်တွေက အမြန်ဆုံး အလုပ်လုပ်ကြတော့တာပါပဲ"

"သူတို့က ဘာတွေ လုပ်ကြတာလဲ ဟင်၊ ခင်ဗျားက ဘာတွေ တင်ပြတာလဲ"

"ပထမဆုံး ကျုပ်က ဥပဒေကို ဖတ်ပြတယ်၊ ကာလီဖိုးနီးယား ယာဉ်စည်းကမ်းဥပဒေလေ၊ ဥပဒေမှာက ယာဉ်ထိခိုက်မှုမှာ ထိခိုက်ခံစားရသူဟာ တစ်စုံတစ်ရာ အမှောင့်ပယောဂ ပါဝင်ခဲ့မယ် ဆိုရင် အလျော်မရနိုင်တော့ဘူး။ ကျုပ်က ကိုရာကို ပြစ်ဒဏ်ကျူးလွန်ကြောင်း ဝန်ခံ ခိုင်းလိုက်တော့ ပြဿနာက ရှုပ်ကုန်တော့တာပေါ့၊ ကိုရာတစ်ယောက်တည်း ကျူးလွန်တာလည်း ဖြစ်နိုင်တယ်၊ ဒီမှာကင် အာမခံကုမ္ပဏီကြီး ၂ ခုစလုံးက ပြဿနာ မဖြစ်အောင် ဒေါ်လာ ၅,၀၀၀ စီ ပစိဖိတ်အာမခံကို ပေးကြဖို့ သဘောတူတယ်၊ ပစိဖိတ် အာမခံကလည်း သူတို့ဆီက ရတဲ့ငွေနဲ့ အမြန်အလျော် ပေးပြီး သူတို့ ပါးစပ်ပိတ်ထားလိုက်တော့မယ်ပေါ့၊ ဒီပြဿနာ ဖြေရှင်းမှုကို တွေ့ဆုံ ဆုံးဖြတ်ကြတာ နာရီဝက်လောက်ပဲ ကြာမယ်"

ကက်ဇ်က စကားပြောတာကို ရပ်ပြီး ပြုံးနေတယ်။



ကျုပ်က–

"အဲဒီတော့ … ဘာဖြစ်တုံး"

"ဘာဖြစ်ရမှာလဲ၊ ဒီနေ့ ရုံးမှာကျတော့ ပစိဖိတ် အာမခံကုမ္ပဏီက လူသတ်မှုနဲ့ စွပ်စွဲထားတာကို ရုပ်သိမ်းပြီး အာမခံလျော်ကြေး ၁၀၀၀၀ လျော်မယ်လို့ ပြောလိုက်တာပေါ့၊ အာမခံကုမ္ပဏီက မစွဲဆိုတော့ဘူးဆိုရင် ဘာမှ မတတ်နိုင်တော့ဘူးလေ၊ ကျုပ်ကလည်း နောက်ဆုံး လျှောက်လဲချက် ခပ်တည်တည်နဲ့ ပေးတာပေါ့၊ ကျုပ်ရဲ့ အမှုသည် ကိုရာရဲ့ အကျိုးကို ရှေးရှုပြီး အပြစ်ကျူးလွန်ကြောင်း ဝန်ခံစေခဲ့ခြင်းသာ ဖြစ်တယ်၊ တရားရုံးတော်ရဲ့ သနားညှာတာမှုကို လိုလားလို့ပါ၊ ခုလို စွပ်စွဲသူလည်း မရှိတော့ပြီ ဖြစ်တဲ့အတွက် ပြစ်မှု ကျူးလွန်ကြောင်း ဝန်ခံချက်ကို ပြန်လည်ရုပ်သိမ်းဖို့ပဲ ရှိပါတော့တယ်ပေါ့။ အဲဒီလို ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ဟာ ဥပဒေကြောင်းအရ ၈ ရက်အတွင်း ဖြစ်တဲ့အတွက် ပြန်ရုပ်သိမ်းပိုင်ခွင့် ကျုပ် ရသွားပါတယ်၊ ကျုပ်လည်း အာပေါက်အောင် လျှောက်လဲချက်တွေတော့ ပေးရတာပေါ့၊ နောက်ဆုံးတော့ တရားရုံးက ကိုရာကို ဆိုင်းငံ့ ၆ လ ပြစ်ဒဏ်ပဲ ပေးပါတယ်၊ အဲဒါတောင် တောင်းပန်စကား ပြောပြီးမှ ပေးတာလေ၊ ကိုရာအပေါ်မှာ စွဲဆိုထားချက်များလည်း ဖျက်သိမ်း ရုပ်သိမ်းလိုက်ပါတယ်"

အဲဒီအချိန်မှာ တံခါးခေါက်သံနဲ့အတူ ကနေဒီက ကိုရာကို ခေါ်လာပါတယ်။ ပြီးတော့ ကက်ဇ်ရှေ့မှာ စာရွက်တချို့ ချပေးပါတယ်။ ပြီးတော့ ကနေဒီက ထွက်သွားတယ်။

ကက်ဇ်က–

"ကဲ … ချိန်းဘား၊ မောင်ရင်က ဒီမှာ လက်မှတ်ရေးထိုးပေးတော့"

စာရွက်ကို ရှေ့ချပေးတာနဲ့ ကျုပ်ကလည်း လက်မှတ်ရေးထိုးပေးလိုက်ပါတယ်။ ပြီးမှ ကိုရာကို ကြည့်ပြီး–

"ကျုပ် … မင်းကို အိမ်လိုက်ပို့ပေးရမလား"

ကိုရာက–

"ကောင်းသားပဲ"

ကက်ဇ်က–

"ဟော့ ဟော့ … တစ်မိနစ်လောက် နေကြဦးလေ၊ မောင်ရင်တို့ နှစ်ယောက်က"

www.burmeseclassic.com

www.burmeseclassic.com



ကက်ဇ် လက်ထဲက ချက်လက်မှတ်ကို ကြည့်နေတယ်။ ပြီးမှ-

"ဘာပဲပြောပြော အမှုလိုက်ခအတွက်တော့ ရှိရဦးမှာပေါ့ နော်၊ ဒီချက်လက်မှတ်က ဒေါ်လာ တစ်သောင်း၊ ဂရိုင်နဲကြီးကို ရှင်းပစ်နိုင်တဲ့အတွက် ရတဲ့ လျော်ကြေး"

ကိုရာက ကျုပ်ကို ကြည့်ပါတယ်၊ ကျုပ်ကလည်း ကိုရာကို ပြန်ကြည့်တယ်။

ကက်ဇ်က-

"ထုံးစံအတိုင်းကတော့ ကျုပ်က ဒီပိုက်ဆံအားလုံးကို ယူလိုက်တာပါပဲ။ ဒါပေမဲ့ ဒီအမှုမှာတော့ ဟဲ ဟဲ... တစ်ဝက်ပဲ ယူပါတော့မယ်၊ ကဲ ကဲ... မစ္စက်ပါပါဒါကစ်က ကျုပ်ကို ချက်လက်မှတ်နဲ့ ဒေါ်လာ ၅၀၀၀ ပေးကြောင်း ရေးပေးပေတော့။ ဘဏ်ကိစ္စ အဝဝကို ကျုပ် စီစဉ်ပေးလိုက်မယ်၊ ဟောဒီမှာ ချက်လက်မှတ်စာရွက်အလွတ်..."

ကိုရာက ထိုင်လိုက်ပြီး ဖောင်တိန်ကို ကောက်ကိုင်ပါတယ်။ ပြီးတော့ ရေးမယ်လို့ လုပ်ပါတယ်။ ခဏ တွဲခနဲ ရပ်သွားတယ်။ ကိုရာအနေနဲ့ ဘာတွေ ဖြစ်နေတာလဲ ဆိုတာကို ဂဃနဏ သိပုံမရသေးဘူး ဖြစ်နေပုံရပါတယ်။

အဲဒီအချိန်မှာပဲ ကက်ဇ်က မပြောမဆို ကိုရာ ရှေ့ ချထားတဲ့ ချက်လက်မှတ်ကို ယူပြီး ဆုတ်ဖြဲပစ်လိုက်ပါတယ်။

"တော်ပြီကွာ... ဘာလုပ်ဖို့လဲ၊ တစ်သက် တစ်ခါ ကြုံရတဲ့ကိစ္စ၊ မင်းတို့ပဲ အားလုံး ယူကြတော့၊ ကျုပ်က ဒေါ်လာ တစ်သောင်းကို မလိုချင်တော့ပါဘူး။ ကျုပ် လိုချင်တာ ဒီမှာ ရနေပြီလေ"

ကက်ဇ်က သူ့လက်ကိုင်အိတ်ထဲက ဒေါ်လာ ၁၀၀ တန် ချက်လက်မှတ်လေး၊ ဆက်ကက် ပေးထားတဲ့ ချက်လေ။

"ကျုပ် ဒီချက်လက်မှတ်လေးကို ငွေလဲပြီး ထုတ်မယ် ထင်သလား၊ ဝေးလိုက်တာ၊ တစ်သက်လုံး ငွေမလဲဘူး၊ ဒီချက်လက်မှတ်ကို မှန်ဘောင်သွင်းပြီး ကျုပ်စားပွဲမှာ အမြဲတင်ထားမယ်"

❑

# - ၁၂ -

ရုံးထဲက ထွက်လာပြီးတဲ့နောက် ကျုပ်တို့ အငှားကား တက္ကစီတစ်စင်း ငှားပါတယ်။ ဘာပဲပြောပြော ကျုပ်က နာနေတုန်း မဟုတ်လား။ ဘဏ်တိုက် သွားတယ်။ ချက်လက်မှတ်ကို သွင်းတယ်။ ပြီးတော့ ပန်းဆိုင်ကို သွားတယ်။ ပန်းစည်းလှလှကြီး ၂ စည်း ဝယ်ပြီး ဂရိုရဲ့ အသုဘအခမ်းအနား ရှိရာကို သွားကြတယ်။ ရယ်စရာတော့ ကောင်းနေသလား မသိပါဘူး။ ဂရိုကြီး သေဆုံးတာ ၂ ရက်ပဲ ရှိသေးတယ်။ ဒီနေ့ အသုဘကိစ္စ လုပ်နေကြပြီလေ။ ဂရိုရဲ့ အသုဘ အခမ်းအနားက ဂရိဘုရားကျောင်း တစ်ခုမှာ လုပ်တယ်။ လူတော်တော် များများ ရောက်နေကြပါတယ်။ များသောအားဖြင့် ဂရိလူမျိုးတွေပဲ ဖြစ်ပါတယ်။ သူတို့တစ်တွေက ဂရိုရဲ့ မိတ်ဆွေတွေလေ။ ကျုပ်တို့ ဝင်လာတော့ ခပ်စိမ်းစိမ်း ကြည့်ကြတယ်။ ကျုပ်တို့ကို ရှေ့တန်းနောက်က သုံးတန်းလောက် အကွာမှာ နေရာချပေးပါတယ်။ ခဏကြာတော့ နေ့ခင်းသတင်းက ထွက်လာပြီး သတင်းစာ မျက်နှာဖုံးမှာ ကိုရာက အပြစ်မရှိကြောင်း ပါနေပြီလေ။ ဒီတော့မှ သူတို့တစ်တွေ ထဲက ဧည့်ကြိုလုပ်တဲ့ သူက ကိုရာကို ခေါ်ပြီး ရှေ့ဆုံးတန်းမှာ နေရာချထား ပေးပါတယ်။

တရားဟောဆရာက ကွယ်လွန်သူအတွက် ဝမ်းနည်းကြေကွဲရတဲ့ ဇနီး နှင့် မိတ်ဆွေများ၊ ဘာဘာညာညာ ပြောဟောပါတယ်။ ဒီနောက်တော့ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဘုရားကျောင်းဝင်းထဲက သချိုင်းမြေ ရှိရာကို သွားရပါတယ်။ ကိုရာကို လူနှစ်ယောက်က တွဲပြီး ခေါ်ပါတယ်။ ကျုပ်ကိုလည်း တွဲခေါ်ရတာပါပဲ။ ကျုပ်က လူနာလေ၊ မြေမြှုပ်အခမ်းအနား လုပ်ချိန်မှာ သူတို့က သီချင်းဆိုကြပါတယ်။ အဲဒီသီချင်းကတော့ ကျုပ်ကိုယ်တိုင် အကြိမ်တစ်ရာမက နားထောင်ဖူးတဲ့၊ ဂရိ ဆိုနေကျ သီချင်းပါပဲ။ ဒါ ဓာတ်သိမ်းပါပဲ။ ကျုပ်တို့လည်း ပန်းစည်းတွေ ချလိုက်ရပါတယ်။ လူတိုင်းရဲ့ နောက်ဆုံး သွားရာလမ်းပဲလေ။

□

တက္ကစီ ဒရိုင်ဘာက ဗို့ဒ်ကားတစ်စင်းကို တစ်ပတ် ၁၅ ဒေါ်လာနဲ့ ငှားလို့ရအောင် စီစဉ်ပေးတယ်။ ကျုပ်တို့ အဲဒီကားကို ယူလိုက်တယ်။ ကိုရာက မောင်းပြီး ကျုပ်က ဘေးက ထိုင်ပေါ့။ လမ်းမှာ အဆောက်အအုံသစ်တွေ တွေ့ရတယ်။ နောက်ဆိုရင် လူစည်ကားတဲ့ အရပ်ကြီး ဖြစ်လာတော့မယ့်ပုံပါပဲ။ ဆိုင်ရှေ့ အိမ်ရှေ့ ရောက်တော့ ကျုပ်ကို ကားပေါ်က ဆင်းနိုင်းပြီး ကိုရာက ကားကို သွားသိမ်းတယ်။ ပြီးတော့ ကျုပ်တို့နှစ်ယောက် အိမ်ထဲကို ဝင်လိုက်ကြတယ်။ အိမ်ထဲမှာက ကျုပ်တို့ ထွက်လာခဲ့တဲ့အတိုင်း ဘာမှ မပြောင်းလဲဘူး။ လက်ရာလည်း မပျက်ဘူး။ ကျုပ်တို့ သောက်လက်စ ဝိုင်ဖန်ခွက်တွေလည်း ဒီအတိုင်းပဲ။ ဂရိရဲ့ ဂစ်တာကြီးကလည်း စားပွဲပေါ်မှာ။ ဂရိကြီးက မူးလွန်းလို့ သူ့ဂစ်တာကို သူ ပြန်မသိမ်းနိုင်ခဲ့ဘူးလေ။ ကိုရာက ဂစ်တာကို သိမ်းပါတယ်။ ပြီးတော့ ဖန်ခွက်တွေ ဆေးတယ်။ ပြီးတော့ အပေါ်ထပ် တက်သွားတယ်။ ခဏကြာတော့ ကျုပ်လည်း အပေါ်ထပ် တက်လိုက်ခဲ့ပါတယ်။

ကိုရာက ပြတင်းပေါက် နံဘေးက အိပ်ရာပေါ်မှာ ထိုင်နေတယ်။ ပြတင်းပေါက်ကနေ အပြင်ကို ကြည့်နေတယ်။

"ကဲ..."

ကျုပ်လည်း ဘာဆက်ပြောရမှန်း မသိတာနဲ့ ထွက်သွားဖို့ လုပ်ရတော့တာပေါ့။

ကိုရာက-

"ရှင့်ကို ဘယ်သူက သွားခိုင်းနေလို့လဲ"



ကျုပ် ပြန်ထိုင်လိုက်တယ်။ ကိုရာက အကြာကြီး ငြိမ်နေပြီးမှ နောက်ဆုံး-

"ဖရင့်... ရှင်ဟာ ကျွန်မအပေါ် အပြစ်ပုံချတယ်နော်"

"အဲဒီလို မဟုတ်ပါဘူး၊ သူတို့က လုပ်ခိုင်းကြတာပါ၊ ကျုပ်သာ လက်မှတ်မထိုးရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ်ပေါ့"

"ဘာပဲပြောပြော ရှင် ကျွန်မအပေါ်မှာ အပြစ်ပုံချတာပဲ၊ ရှင့်မျက်လုံးတွေထဲမှာ ကျွန်မ တွေ့နေရတယ်"

"ဟုတ်ပါတယ် ကိုရာ၊ ကျုပ် သူ့ရဲ့ဘောကြောင်သွားပါတယ်၊ ဒါပါပဲ။ အမှန်က ကျုပ် မလုပ်ချင်ပါဘူး။ ကျုပ် မလုပ်မိအောင်လည်း ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ သူတို့က ချောင်ပိတ်ထားလေတော့ နောက်ဆုံး ကျုပ်က သူ့ရဲ့ဘောကြောင်ပြီး လက်မှတ်ထိုးပေးလိုက်ရတာပေါ့"

"ကျွန်မ သိပါတယ်"

"ကျုပ်လည်း ငရဲကို တစ်ခေါက် ဖြတ်နေသလိုပါပဲ"

"ကျွန်မကလည်း ရှင့်အပေါ်မှာ အပြစ်ပုံချမိတာပါပဲ ဖရင့်"

"ဒါ... သူတို့က ထောင်ချောက်ဆင်ပြီး လုပ်ခိုင်းတဲ့ဟာပဲ"

"အဲဒီတုန်းက ကျွန်မကိုယ်တိုင်ကကို လုပ်ချင်နေတာ။ ကျွန်မ ရှင့်ကိုလည်း မုန်းမိတယ်"

"ထားလိုက်ပါတော့လေ၊ အဲဒါကတော့ ကျုပ် မလုပ်တဲ့ ကိစ္စတစ်ခုကြောင့် ဖြစ်ရတာပဲဟာ၊ အခုတော့ ရှင်းပြီ၊ သိပြီ မဟုတ်လား"

"မဟုတ်သေးဘူးရှင်၊ ကျွန်မ ရှင့်ကို မုန်းနေတာက ရှင် တကယ်လုပ်ခဲ့တာကြောင့်ပဲ"

"ကျုပ်ကတော့ ကိုရာကို ဘယ်တုန်းကမှ မမုန်းခဲ့ဘူး၊ ကိုယ့်ကိုယ်ကိုသာ မုန်းတာ"

"ခုတော့၊ ကျွန်မ ရှင့်ကို မမုန်းတော့ပါဘူး၊ ဒါပေမဲ့ ရှေ့နေကြီး ဆက်ကက်ကို မုန်းတယ်၊ ကက်ဇ်ကို မုန်းတယ်၊ သူတို့က ကျွန်မတို့ကို ဒီအတိုင်း ဘာလို့ လွှတ်မထားကြတာလဲ။ ကျွန်မတို့ဘာသာ ခုခံပါစေပေါ့။ နှစ်ယောက်သား တိုင်တိုင်ပင်ပင်နဲ့ ခုခံကြမှာပေါ့။ အဲဒါမှာ ဘာထူးခြားသလဲ ရှင် သိသလား။ ကျွန်မတို့အကြားမှာ အချစ် ရှိနေတယ်လေ၊ ကျွန်မတို့ ဘဝမှာ အဲဒီအချစ်တစ်ခုလေးပဲ ရှိတာ၊ သူတို့ ဝင်လာပြီး ကောက်ကျစ်စဉ်းလဲတဲ့ ဉာဏ်တွေ သုံးတာနဲ့ ရှင်က ကျွန်မအပေါ်မှာ အပြစ်ပုံချရော"

www.burmeseclassic.com

www.burmeseclassic.com



"ကိုရာကလည်း ကိုယ့်အပေါ် အပြစ်ပုံချတာပဲနော်၊ အဲဒါလည်း မမေ့နဲ့ဦး"

"အဲဒါတော့ အဆိုးဆုံးအပိုင်းပဲပေါ့၊ ရှင်က ကျွန်မအပေါ် အပြစ်ပုံချတယ်၊ ကျွန်မကလည်း ရှင့်အပေါ် အပြစ်ပုံချခဲ့တယ်"

"ဒါဆိုလည်း ဘဲစားဘဲခြေ ကျေရောပေါ့ကွာ၊ မဟုတ်ဘူးလား"

"မှန်ပါတယ်၊ ဘဲစားဘဲခြေတော့ ဖြစ်သွားပါရဲ့၊ အခု ကျွန်မတို့ကို ကြည့်လိုက်ပါဦး၊ ကျွန်မတို့ နှစ်ယောက်ဟာ တောင်အမြင့်ကြီးဆီမှာ ရောက်ခဲ့တယ်၊ အမြင့်ကြီးမှ အမြင့်ကြီး၊ အဲဒီမှာ ရှင်နဲ့ ကျွန်မ နှစ်ယောက်ပဲ ရှိတယ်လေ၊ ကမ္ဘာလောကကြီး တစ်ခုလုံးမှာ ကျွန်မတို့ နှစ်ယောက်ပဲ ရှိတယ်လေ၊ ခုတော့ အရာရာက လဲပြိုသွားပါပြီ။ ကျွန်မတို့ရဲ့ တောင်ထိပ်ကြီးလည်း မရှိတော့ပါဘူး"

"ဘာဖြစ်တုံး၊ အဲဒါတွေ တွေးမနေပါနဲ့၊ ခု ကျုပ်တို့နှစ်ယောက် အတူ ပြန်ရှိနေကြပြီပဲဟာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့… ကျွန်မ အများကြီး စဉ်းစားနေခဲ့မိတယ်လေ။ ကျွန်မတို့ နှစ်ယောက် ဘဝ၊ ကျွန်မတို့နှစ်ယောက်အကြောင်း ပြန်စဉ်းစားလိုက်ရင် နှစ်ယောက်စလုံး လမ်းပေါ်က လူလေလူလွင့် ကလေကချေတွေပါပဲ၊ အဲဒီနှစ်ယောက်ကို ဂရိကြီးက ကျွန်မတို့ကို ဘာမှ လိုလေသေး မရှိအောင် ပေးခဲ့တယ်၊ အဲဒီလူကြီးကို ကျွန်မတို့က ဖို့ဒ်ကားပေါ် တင်ပြီး ချောက်ထဲ တွန်းချခဲ့ကြတယ်လေ။ ကောင်းကင်ဘုံက ဘုရားသခင်က ကျွန်မတို့ကို ရယ်မောနေမှာ"

"မဟုတ်သေးပါဘူး၊ ကျုပ်တို့က ဘုရားသခင်ကို ပြန်ပြီးရယ်မောလိုက်ကြတာ မဟုတ်လား။ ကျုပ်တို့ဟာ ဒီအမှုကြီးကို လုပ်ခဲ့ကြပြီး၊ အဲဒီအမှုကြီးက ကွင်းလုံးကျွတ် လွတ်ခဲ့တဲ့အပြင် ဒေါ်လာ တစ်သောင်းတောင် ရလိုက်သေးတယ်လေ၊ ဘုရားသခင်က ကျုပ်တို့ဘက်ကပါ"

"အဲဒီလို မပြောပါနဲ့ ဖရင့်"

"ကျုပ်တို့ အခု ဒေါ်လာတစ်သောင်း ရပြီ မဟုတ်လား"

"ကျွန်မ အဲဒါကို စဉ်းကို မစဉ်းစားချင်ဘူး၊ ဒေါ်လာ တစ်သောင်း ဆိုတာ အများကြီးတော့ အများကြီးပါပဲ။ ဒါပေမဲ့ အဲဒီငွေတွေက ကျွန်မတို့ရဲ့ အချစ် ကျွန်မတို့ရဲ့ တောင်ထွတ်ကြီးကို မဝယ်နိုင်ဘူးလေ"



"ဘာတွေ ပြောနေရတာလဲ၊ ကျုပ်တို့နှစ်ယောက် အတူရှိတဲ့အပြင် ဒေါ်လာ တစ်သောင်းတောင် အပိုဆောင်းရလိုက်သေး။ မင်း ကြိုက်တဲ့တောင်ပေါ် တက်လိုက်စမ်းပါ"

"ရှင် ရူးနေပြီ ဖရင့်၊ ရှင့်ကိုယ်ရှင်ပဲ ပြန်ကြည့်ပါဦး၊ ခေါင်းမှာ ပတ်တီးတွေနဲ့ အော်ဟစ်နေလိုက်တာ"

"ကိုရာ… မင်း တစ်ခု မေ့နေတယ်။ တို့ အောင်ပွဲခံရဖို့လေ၊ အောင်ပွဲ အရက်ကို မသောက်ရသေးဘူး"

"ကျွန်မ အဲဒီလိုမျိုး သောက်တာကို ပြောတာ မဟုတ်ပါဘူး"

"ဟေး… သောက်တာ သောက်တာပဲပေါ့၊ ဒါကြောင့် အရက်ပုလင်း ဘယ်မှာ ထားခဲ့ပါလိမ့်၊ တို့ ထွက်သွားတုန်းက ထားခဲ့ပါတယ်"

ကျုပ် ကျုပ်အခန်းထဲ ပြန်သွားတော့ အရက်ပုလင်းကို တွေ့ပါတယ်။ ဘာဘွန်းအရက် ကွပ်ပုလင်း သုံးပုံ နှစ်ပုံလောက် ရှိသေးတယ်။ ကျုပ် အောက်ထပ်က ဖန်ခွက် ယူတယ်။ ရေခဲတုံးတချို့ ယူတယ်။ ရေသန့်ဘူး ယူတယ်။ ပြီးတော့ အပေါ်ပြန်တက်ခဲ့တယ်။

ကိုရာက ဆောင်းထားတဲ့ ဦးထုပ်ကို ချွတ်ပြီးပြီ။ ဆံပင်တွေ ဖားလျားချလို့။ ကျုပ်က ဖန်ခွက်ထဲမှာ အရက်ထည့်၊ ရေသန့်နည်းနည်းလေး ထည့်၊ ပြီးတော့ ရေခဲတုံး လေး ငါးတုံး ထည့်တယ်"

"ကဲ… သောက်လိုက်ပါဦး၊ စိတ်သက်သာရာ ရသွားပါလိမ့်မယ်"

ကိုရာက သောက်ကြည့်ပြီး–

"အရက်က ပြင်းလှချည့်လား"

"ပြင်းပြင်းပဲ ကောင်းပါတယ်၊ ဒါထက် ကိုရာရဲ့ အဝတ်အစားတွေနဲ့ မလျှောင်ဘူးလား"

ကျုပ်က ကိုရာကို ခုတင်ပေါ် လှဲချပြီး အဝတ်အစားတွေ ဖယ်ရှားပေးပါတယ်။ ကိုရာဟာ ဖန်ခွက်ကို ကိုင်ထားတုန်းပဲ။ အရက်တွေက အပြင်ကို နည်းနည်း ဖိတ်တယ်။

❏

www.burmeseclassic.com

www.burmeseclassic.com



# - ၁၇ -

ကျုပ်တို့ဟာ အဲဒီအတိုင်း ၆ လ နေကြပါတယ်။ ဇာတ်လမ်းက ဒီအတိုင်း ဒီအချိုးပဲ။ ကျုပ်နဲ့ ကိုရာ ရန်ဖြစ်တယ်။ ကျုပ်က အရက်ပုလင်း သွားယူတယ်။ ပြီးတော့ မူးကြတယ်။ အိပ်ကြတယ်။ ကျုပ်တို့ ရန်ဖြစ်ရတဲ့ အကြောင်းကတော့ ခရီးထွက်ချင်တာ၊ ဒီနေရာက ခွာချင်တာ။ ထွက်ပြေးချင်တဲ့ ကိစ္စပါပဲ။ တကယ့် တကယ်ကျတော့လည်း ဆိုင်းငံ့အမိန့်က ရှိသေး မဟုတ်လား။ ဆိုင်းငံ့အမိန့်က ၆ လလေ၊ ၆ လ ပြည့်ပြီးရင်တော့ သွားပြီ။ ကျုပ်တော့ မနေဘူး။ ကိုရာကို လည်း မပြောဖြစ်ဘူး။ စိတ်ထဲမှာကျတော့လည်း သွားမယ်ဆိုရင် တစ်ပါတည်း ခေါ်သွားချင်တာ။ အမိကအားဖြင့်တော့ ရှေ့နေကြီးဆက်ကက်နှင့် ဝေးရာကို ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အပေါ်မှာ စိတ်ဆိုးလွန်းမက စိတ်ဆိုးလာတဲ့ အချိန်မှာ၊ ရုံးမှာတုန်းကလို ပေါက်ကွဲပြီး အားလုံး ဖွင့်ချလိုက်မှာစိုးတာပါပဲ။

ကျုပ် ကိုရာကို မယုံဘူး။ တစ်မိနစ်ကလေးတောင်မှ မယုံဘူး။ ကျုပ်က အမေရိကက ထွက်ပြီး ဟာဝိုင်ရီကျွန်းတို့၊ တောင်ပစိဖိတ်အရပ်ဆီ သွားကြမယ် ပြောတိုင်း ကိုရာက မကျေနပ်ဘူးလေ။ ဒီကြားထဲမှာ ပိုက်ဆံက လှိမ့်ဝင်လာ ပြန်သေးတယ်။ အသုဘကိစ္စပြီးလို့ တစ်ပတ်အကြာလောက်မှာ ကျုပ်တို့က ဆိုင်ပြန်ဖွင့်ကြတယ်။ လူတွေက လာလိုက်ကြတာလေ။ အမိကအားဖြင့်တော့ ကိုရာဟာ ဘယ်လို မိန်းမလဲ ဆိုတာ သိချင် မြင်ချင်စိတ်နဲ့ လာကြတာပါပဲ။

အဲ နောက်တစ်ခေါက် လာတာကျတော့ ဒီဆိုင်က အစားအသောက်တအေ အားလုံး ကောင်းတာကိုး။ အဲဒီလို ဝင်ငွေကောင်း ပိုက်ဆံရလာတဲ့အတွက် ကိုရာ ဟာ စိတ်လှုပ်ရှား ပျော်ရွှင်နေပါတယ်။ ဒီဟာဟာ ကျုပ်တို့အတွက် ငွေရပေါက် ရလမ်း ပွင့်ပြီလို့ သတ်မှတ်တယ်လေ။

ကိုရာက-

"ဖရင့်… ဒီနားတစ်ဝိုက် လမ်းဘေးက ဆိုင်တွေအားလုံးဟာ ဒီနား တစ်ဝိုက်မှာ ခြံတွေ ယာတွေ ရှိနေလို့ အလွယ်တကူ ဖွင့်လိုက်ကြတာ၊ စားသုံး သူအတွက် ဘာလုပ်ကိုင်ပေးရမယ် ဆိုတာ လုံးဝနားလည်တဲ့သူတွေ မဟုတ် ဘူး။ အဲဒီအချိန်မှာ ဒီစားသောက်ဆိုင်လုပ်ငန်းကို လုပ်တတ် ကိုင်တတ် နားလည် ကျွမ်းကျင်တဲ့သူ ကျွန်မလိုလူက ရောင်းလိုက်တော့ ဝိုင်းအုံပြီး လာကြတော့ တာပေါ့။ နောက်ပြီး သူတို့ရဲ့ မိတ်ဆွေတွေကိုပါ ထပ်ခေါ်ကြတယ်လေ"

"အို… အလကားကိစ္စတွေ၊ ကျုပ်တို့က ဒီဆိုင်ကို ရောင်းပစ်မှာပဲဟာ"

"ရောင်းရတဲ့တိုင်အောင် ရောင်းကောင်းတဲ့ ဆိုင်၊ ဝင်ငွေကောင်းတဲ့ ဆိုင် ဆိုတော့ ဈေးပိုရတာပေါ့"

"ခု ကျုပ်တို့ ပိုက်ဆံရနေတာပဲလေ"

"ကျွန်မ ဆိုလိုတာက ကောင်းရောင်းကောင်းဝယ် လုပ်ပြီးရတဲ့ ဝင်ငွေ ကို ပြောနေတာ ဖရင့်ရဲ့၊ ကျွန်မ ဒီလို စဉ်းစားမိတယ်လေ၊ စားသုံးသူတွေဟာ ဆိုင်ထဲမှာထက် အပြင် သစ်ပင်ရိပ်အောက်တွေမှာ ထိုင်ရင်း စားရ သောက်ရ မယ် ဆိုရင် ဘယ်လောက်ကောင်းမလဲ ဟင်။ ကာလီဖိုးနီးယား ရာသီဥတုရဲ့ အောက်မှာ စဉ်းစားကြည့်စမ်း၊ အခုတော့ စားသောက်ဆိုင်တွေထဲ သွင်း အဆင်သင့် လုပ်ထားတဲ့ အစားအစာတွေ ချကျွေး။ ဘယ်လောက် စိတ်ပျက်စရာ ကောင်းလိုက်သလဲ၊ ဒီနားတစ်ဝိုက်က နယ်စပ်အထိ ဆိုင်တွေအားလုံး ဒီအတိုင်း ချည့်ပဲ၊ စားသုံးသူကို စိတ်လက်ချမ်းမြေ့စွာ စားသုံးနိုင်ဖို့ အခွင့်အရေးကို မပေးဘူး"

ကျုပ်က-

"အေးလေ… ဘာပဲပြောပြော ကျုပ်တို့က ဒီဆိုင်ကို ရောင်းပစ်မှာပဲ ဟာ၊ မဟုတ်ဘူးလား။ ရောင်းစရာ နည်းလေလေ ရောင်းဖို့ လွယ်လေလေပဲ လေ။ ဟုတ်ပါတယ်၊ ကိုရာ ပြောသလိုပဲ စားသုံးသူတွေဟာ သစ်ပင်ရိပ်တွေမှာ ထိုင်ချင်ကြမှာပဲပေါ့၊ ဒါပေမဲ့ ကျုပ်တို့က အဲဒီလို သစ်ပင်အောက်ကို လုပ်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် စားပွဲခုံတွေ ခင်းဖို့ လိုတယ်၊ မီးလုံးတွေ တပ်၊ ဝါယာကြိုးတွေ ဆင်ဖို့ လိုတယ်လေ။ အဲ… ကျုပ်တို့ ရောင်းလို့ ဝယ်မယ့်လူက အဲဒီလိုမျိုး ကြိုက်ချင်မှ ကြိုက်မှာ"

"ဘာပဲပြောပြော ကျွန်မတို့က ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ၆ လတော့ နေကြရမှာပဲလေ"

"ဟုတ်ပါတယ်၊ အဲဒီ ၆ လအတွင်း ဝယ်သူရအောင် ရှာထားကြတာပေါ့"

"ဒါပေမဲ့ ကျွန်မကတော့ စိတ်ကူးရှိတဲ့အတိုင်း လုပ်ချင်နေတာ"

"ဒါဆိုလည်း လုပ်ကြည့်လေ၊ ဒါပေမဲ့ မပြောမရှိနဲ့နော်"

"ဆိုင်ထဲက စားပွဲတချို့ အပြင်ထုတ်မယ် ဆိုလည်း ရတာပါပဲ"

"ကဲပါ… စမ်းချင် စမ်းကြည့်လို့ ပြောပြီးပြီပဲဟာ၊ လာပါ… တို့ နှစ်ယောက် သောက်ကြရအောင်"

❑

ကျုပ်တို့ နှစ်ယောက် စကားအကြီးအကျယ် များနေတဲ့ ကိစ္စကတော့ ဘီယာဆိုင် ဖွင့်မယ့် ပြဿနာပဲ။ ကိုရာက ဘီယာရောင်းခွင့်လိုင်စင် ယူဖို့ လုပ်တယ်။ ကျုပ်က သဘောမတူဘူး။ စတုန်းကတော့ ကိုရာ စိတ်ကူးအတိုင်း စားပွဲခုံလေးတွေ သစ်ပင်အောက်ကို ချတယ်။ ပလက်ဖောင်းလေး တစ်ခု ဆောက်။ မီးအိမ်လေးတွေ ထွန်းပေါ့။ လုပ်လိုက်တော့ လှပါတယ်။ ကိုရာ မှန်ပါတယ်။ ခရီးသွားလူတွေ သစ်ပင်အောက် စားပွဲမှာ ခဏတစ်ဖြုတ် တစ်နာရီလောက် ထိုင်ရတာ နားရတာ၊ ရေဒီယိုက တေးဂီတသံလေး နားထောင်ရင်း စားရတာ၊ နားရတာ ကြိုက်ပါတယ်။ ဒါမှ သူတို့ ကားပေါ် ပြန်တတ် ခရီးမဆက်ခင် အယန်းဖြေနိုင်တာပေါ့။ အဲဒီမှာ ဘီယာက ပါလာတော့တာလေ။ ဧည့်သည်တွေကို ဘီယာ ရောင်းမယ်၊ ဘီယာဥယျာဉ် လုပ်မယ်ပေါ့။

"ကျုပ်ကတော့ ဘာဘီယာဥယျာဉ်မှ မလိုချင်ဘူး၊ ဒီမယ်… ကျုပ်လိုချင်တာကတော့ ဒီဆိုင်အကုန်လုံးကို ငွေလက်ငင်း ချေပြီး ဝယ်မယ့်လူကိုပဲ"

"ရောင်းပစ်ရမှာ ရှက်စရာကြီး"

"ကျုပ်အတွက်တော့ ဘာရှက်စရာမှ မရှိဘူး"



"ဒီမယ် စဉ်းစားကြည့်ပါ ဖရင့်၊ ဘီယာလိုင်စင် လျှောက်တာ ၆ လမှ ၁၂ ဒေါ်လာပဲ ကုန်ကျတဲ့ဟာ၊ အဲဒီလောက်ငွေတော့ ကျွန်မတို့ တတ်နိုင်ပါတယ်၊ မဟုတ်ဘူးလား"

"ဘီယာလိုင်စင်ယူလိုက်ရင် ဘီယာလုပ်ငန်းထဲ ရောက်သွားပြန်တာပေါ့၊ လက်ရှိ ကျုပ်တို့မှာ ဓာတ်ဆီလုပ်ငန်း ရှိတယ်၊ ဟော့ဒေါ့(ပေါင်မုန့်အသားညှပ်) လုပ်ငန်း ရှိတယ်၊ ခု ဘီယာလုပ်ငန်းထဲ ဝင်လာချင်ပြန်ပြီး ရှုပ်တယ်ကွာ၊ ကျုပ်က ဒီလုပ်ငန်းတွေက ထွက်ချင်နေတာ၊ ခုတော့ ထပ်ထပ်ပြီး နစ်နေတယ်"

"လူတိုင်း လုပ်ငန်းကိုယ်စီ ရှိကြတာပဲဟာ"

"အေးလေ… တို့မှာလည်း ရှိနေပြီးသားပဲဟာ၊ ကျုပ်ကတော့ တော်လောက်ပြီ ထင်တယ်"

"ဒီမှာ ဖရင့်… လူသွားက ဒီဆိုင်ကို ဝင်ကြတယ်။ သစ်ပင်အောက်မှာ ထိုင်ရတာ သဘောကျတယ်။ သူတို့က ဘီယာ မှာတော့ ကျွန်မတို့က မရောင်းနိုင်ဘူး။ ကျွန်မတို့မှာ ဘီယာလိုင်စင်မှ မရှိဘဲကိုး"

"နို့ ဘာမှ သူတို့ကို ပြောနေစရာ မလိုပါဘူးကွာ"

"ကျွန်မတို့က ငွေအကြွေစေ့ ထည့်ပြီး မောင်းတဲ့ ခွက်ချင်ဘီယာစက် တပ်လိုက်ရုံပဲ။ ခွက်ချင်ဘီယာက ပုလင်းဘီယာထက် ကိုက်တယ်။ ပိုက်ဆံတွေ အများကြီး ဝင်လာမှာ၊ တစ်လောက လော့အိန်ဂျယ်လိ ရောက်တုန်းက ဘီယာ မတ်ခွက်ရှည်ရှည်လှလှတွေ တွေ့တယ်၊ ဘီယာသမားတွေရဲ့ အကြိုက်ပေါ့"

"ဒါဆိုရင် အကြွေစေ့ ထည့်တဲ့ ဘီယာဆိုင် ဖွင့်မယ်ပေါ့၊ ဖန်ခွက်ရှည်ရှည်တွေ ထားမယ်ပေါ့၊ ဒီမယ် ကျုပ်ကတော့ ဘာဘီယာဥယျာဉ်မှ မလိုချင်ဘူး"

"ဒီမှာ ဖရင့်… ရှင် တစ်ခုခု မဖြစ်ချင်ဘူးလား"

"ကိုရာ နားထောင်၊ ကျုပ်က ဒီနေရာက ထွက်သွားချင်နေတာ၊ တခြား ဘယ်နေရာဖြစ်ဖြစ် ထွက်သွားချင်နေတာ၊ ဒီနေရာမှာ ဘယ်ကနေကြည့်လိုက်ကြည့်လိုက် ဂရိငနဲ့ရဲ့ အရိပ်တွေကို မြင်မြင်နေရတာ၊ ကျုပ် ခေါင်းစားပြီး သူ့ရဲ့ အသံတွေကို အိပ်မက်ထဲမှာတောင် ပဲ့တင်ထပ်နေတယ်၊ ရေဒီယိုဆီက ထွက်လာတဲ့ ကြားတိုင်း ကျုပ် လန့်လန့်သွားတယ်။ ကျုပ် ဒီနေရာက ထွက်သွားမှ ဖြစ်မယ်၊ သွားလို့ရမှ ဖြစ်မှာ၊ မဟုတ်ရင် ကျုပ် ရူးတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို ညာနေတာပါ"

"မညာပါဘူး၊ ကျုပ်ဘဝမှာ ဒီလောက် အရေးကြီးတဲ့ ဆန္ဒ မရှိဖူးဘူး"

"ဖရင့်… ရှင်က ဂရိရဲ့တန္ဆေကို မြင်နေတာ မဟုတ်ပါဘူး၊ တခြား တစ်ယောက်က ဂရိတန္ဆေကို မြင်တယ် ဆိုတာမှ ဖြစ်နိုင်သေးတယ်၊ မစ္စတာ ဖရင့်ချိန်းဘား ဆိုတဲ့ လူကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး၊ ရှင် ဒီကနေ ထွက်သွားချင်နေတာက ရှင့်ရဲ့ တေလေကျပိုး စိတ်ခံတတ်ကြောင့်ပဲ ဒါပဲ ဒါပဲ… ရှင် ဒီကို ရောက်လာတုန်းကလည်း တေလေကျပိုးပဲ၊ ခုလည်း တေလေကျပိုး စိတ်ပဲ၊ ကျွန်မတို့ ဒီက ထွက်သွားပါပြီတဲ့၊ ပါသမျှ ပိုက်ဆံကုန် သွားရင် ဘာလုပ်ကြမလဲ"

"အို… ဒါတွေ ကျုပ် ဂရုမစိုက်ဘူး၊ ဒီကနေ ထွက်သွားရရင် ပြီးပြီ"

"ဟုတ်ပါတယ်၊ ရှင်က ဘာမှဂရုမစိုက်ပါဘူး၊ ကျွန်မတို့ ဒီမှာနေလည်း ဖြစ်တာပဲဟာ"

"ကျုပ် သိပါတယ်၊ မင်း ဘာကို ဆိုသလဲ ဆိုတာ ကျုပ် သိတယ် မင်းခေါင်းထဲမှာ ဒီအတွေးပဲ ရှိနေခဲ့တာ၊ ဒီမှာ နေဖို့ပဲ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လဲ၊ ဒီမှာ အခြေအနေကောင်းနေတာပဲဟာ ကျွန်မတို့ ဒီမှာ နေကြရအောင်ပါ ဖရင့်။ ဒီမှာ ဖရင့်… ရှင်ဟာ ကျွန်မ စတွေ့တဲ့အချိန်ကစပြီး တေလေကျပိုးစိတ်သွင်းပေးနေခဲ့တာပဲ။ ခု မရနိုင်တော့ဘူး ဖရင့်။ ကျွန်မ တေလေကျပိုး မဖြစ်ချင်ဘူး။ ကျွန်မ တစ်စုံတစ်ယောက် ဖြစ် ချင်နေပြီ။ ကျွန်မတို့ ဒီမှာပဲ နေမယ်၊ ဘယ်မှ မသွားဘူး။ ဘီယာလိုင်စင် ယူမယ်၊ ကျွန်မတို့ တစ်စုံတစ်ယောက် ဖြစ်အောင် လုပ်မယ်"

"ဟုတ်ပါပြီ… နေပါ နေပါ၊ ဒီမှာပဲ နေပါ၊ ခင်ဗျား ပြောတဲ့အတိုင်း ပေါ့ ကိုရာရယ်၊ ကဲ ကဲ… ကျုပ်တို့ သောက်ကြစို့"

"ကျွန်မ မသောက်ချင်ပါဘူး"

"မင်း သောက်ချင်ပါတယ်၊ ကျုပ်တို့ သောက်ပြီး ရယ်မောပစ်ကြ အောင်။ ငွေတွေ ဘယ်လိုရမလဲ ဆိုပြီးလေ…"

"အဲဒီအတွက် ကျွန်မတို့က ရယ်မောပြီးကြပြီပဲ"

"ခု ကျုပ်တို့က ဝင်ငွေရအောင် ရှာကြတော့မယ် မဟုတ်လား၊ ဝင်ငွေ ရှာတာလေ၊ ဘီယာဥယျာဉ် ဖွင့်ပြီး ဝင်ငွေရှာကြမှာ၊ အဲဒီအတွက်တော့ တစ်ခွက် တစ်ဖလား ကံကောင်းပါစေလို့ ဆုတောင်းရင်း…"



"ရှင် ရူးနေပြီ ဖရင့်၊ ကောင်းပြီလေ… ကံကောင်းပါစေ ဆိုပြီး…"

ဒီအတိုင်းချည့်ပါပဲ။ တစ်ပတ်ကို နှစ်ကြိမ် သုံးကြိမ်ပဲ၊ အဆုံးမှာတော့ အရက်သောက်တာနဲ့ ပွဲသိမ်းတာချည့်ပဲ။ ပြီးတော့ ကျုပ်က အရက်မှာကျပြီး ကျန်ရစ်တယ်။ ချောက်ထဲကို လိမ့်ကျတဲ့ အိပ်မက် မက်တယ်။ နားထဲမှာ 'ဒုတ်'ခနဲ ခေါင်းကို ရိုက်ခွဲတဲ့ အသံ ကြားကြားနေတယ်။

❑

ဆိုင်းငံ့အမိန့် မကုန်ဆုံးခင်လောက်မှာပဲ၊ ကိုရာ့ဆီကို သူ့အမေ နေမကောင်းတဲ့ အကြောင်း ကြေးနန်းလာတယ်။ ကိုရာ အဝတ်အစားတချို့ ကမန်းကတန်း ထည့်တယ်။ ကျုပ်က ကိုရာကို ဘူတာရုံကို ကားနဲ့ လိုက်ပို့ရပါတယ်။ ရထား ထွက်သွားတော့ မော်တော်ကား ရပ်တဲ့ နေရာကို ပြန်လာခဲ့ရင်း စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်။ စိတ်က လေထဲမှာ လွင့်မျောနေသလို ခံစားရတယ်။ လွတ်လပ်ပေါ့ပါးသွားသလိုပဲ။ အနည်းဆုံး တစ်ပတ်တော့ လွတ်လပ်ပြီ၊ ကျုပ် အိပ်မက်ဆိုးတွေကို ခုခံတိုက်ခိုက်ဖို့ မလိုတော့ဘူး။ မိန်းမတစ်ယောက်ကိုလည်း အရက်ဝှလင်း တစ်လုံးနဲ့ မူးအောင်တိုက်ပြီး ချော့နေစရာ မလိုတော့ဘူး"

ကားရပ်တဲ့ နေရာ ရောက်တော့ အမျိုးသမီးတစ်ယောက်ဟာ ကားစက် နှိုးလို့ မရဘဲ ဖြစ်နေတာ တွေ့ရတယ်။ အမျိုးသမီး အမျိုးမျိုး ကြိုးစားနှိုးပေမဲ့ သူ့ကားက လုံးဝမနိုးဘူး။

ကျုပ်က အနား သွားပြီး-

"ဘယ်လိုလဲ… ကားက နှိုးလို့ မရဘူး ဖြစ်နေသလား"

အမျိုးသမီးက-

"ဟုတ်ပါတယ်၊ ကားပြင်ဆရာတွေ ကားရပ်ခဲ့တုန်းက စက်ဖွင့်ထား ခဲ့တယ် ထင်တယ်။ ခုတော့ ဘက်ထရီကလည်း လုံးဝအားမရှိတော့ဘူး"

"ဒါဆို သူတို့ တာဝန်ပဲပေါ့၊ သူတို့ ဘက်ထရီကို အားလာသွင်းပေး လိမ့်မယ်ပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မက အိမ်ပြန်မှ ဖြစ်မှာ"

"ဒါဆိုလည်း ကျုပ်က အိမ်လိုက်ပို့ပေးမှာပေါ့"

"ရှင်ဟာ တကယ်စိတ်ကောင်းရှိတဲ့ လူပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကမ္ဘာပေါ်မှာ ကျုပ်ဟာ စိတ်ကောင်း အရှိဆုံး လူပဲ"

"ရှင်က ကျွန်မ ဘယ်မှာ နေသလဲတောင် မသိဘူးနော်"

"အရေးမကြီးပါဘူး"

"အဝေးကြီးနော်၊ တောဘက်မှာ ရှိတာ"

"ဝေးလေ ကောင်းလေပါပဲဗျာ၊ ဘယ်နေရာမှာပဲ ရှိနေနေ ကျုပ် သွားမယ့် လမ်းကြောင်းနဲ့တော့ တည့်နေတာပါပဲ"

"ရှင် ပြောနေပုံက မိန်းကလေးတစ်ယောက်အတွက် ငြင်းဆန်ဖို့ ခက်ခဲနေပါပြီ"

"ခက်ခဲနေလည်း မငြင်းနဲ့ပေါ့ဗျာ"

၂

အမျိုးသမီးရဲ့ ဆံပင်အရောင်က ခပ်ဖျော့ဖျော့ပါပဲ။ ကျုပ်ထက် အသက်နည်းနည်း ကြီးပုံရတယ်။ ကြည့်ကောင်းရှုပျော် ရုပ် ရှိပါတယ်။ ကျုပ် ကျသွားတာက ခင်တတ်မင်တတ်တဲ့ သဘော ရှိတာပါ။ ပြီးတော့ ဘာမှ ကြောက်လန့်နေပုံလည်း မရဘူး။ ကျုပ်ကို ကောင်လေးတစ်ကောင်လို့ အောက်မေ့ သတ်မှတ်ထား သလား မသိပါဘူး။ သူမကိုယ်တိုင်ကတော့ လောကမှာ နှံ့စပ် ခြယ်လှယ်ပြီး သား ဆိုတဲ့ ပုံပန်းပါပဲ။ ကြည့်လိုက်ရုံနှင့် မြင်သာပါတယ်။ အဲ… ကျုပ် ဘယ်သူ ဘယ်ဝါ ဆိုတာ သူ မသိဘူး။ အဲဒီမှာ ဓာတ်က ပွဲသိမ်းတော့တာ၊ ကားမောင်းထွက်လာတော့ ကျုပ်တို့ တစ်ယောက် နာမည် တစ်ယောက် ပြောပြီး မိတ်ဆက်ကြပါတယ်။ ကျုပ်နာမည် ပြောလိုက်တော့ ဒီအမျိုးသမီးက ဘာမှမဖြစ်ဘူး ခင်ဗျ။ ဘာမှ ထူးခြားသွားပုံလည်း မရဘူး။ ကျုပ် ဘယ်လောက် စိတ်သက်သာရာ ရသွားသလဲ ဆိုတာ တွေးသာကြည့်ပါတော့။ လူတစ်ယောက် ယောက်နဲ့ ကျုပ်နဲ့ တွေ့ပြီဆိုရင် ခဏကြာရင် အဲဒီလူက ဂရိုင်နဲ ဘယ်လို အသတ်ခံရတာလဲလို့ မေးတတ်ကြစမြဲလေ။ ခုတော့ အမျိုးသမီးဟာ ကျုပ် နာမည် ပြောလည်း ဘာမှ ထူခြားပုံ မရဘူး။

ကျုပ် အမျိုးသမီးကို ကြည့်တယ်၊ စိတ်ထဲမှာ ရထားဘူတာရုံထဲက ထွက်လာခါစတုန်းကလိုပဲ လွင့်ပျံပေါ့ပါးနေတယ်။

ကျုပ်က –



"ခင်ဗျားရဲ့ နာမည်က မက်ရှ်ဂလင် ဟုတ်တယ်နော်"

"တကယ်တော့ မဂ်ျကရာမာပဲပေါ့။ ဒါပေမဲ့ ကျွန်မ ခင်ပွန်း ကွယ်လွန် ပြီးတဲ့နောက် သူ့နာမည် ကရာမာကို ဖြုတ်ပြီး ကျွန်မရဲ့ မူလနာမည် ဂလင် ပြန်သုံးလိုက်တာ။ ရှင့်ဘာသာ ကြိုက်သလိုသာ ခေါ်၊ အဆင်ပြေသလိုသာ ခေါ် ရတယ်"

"ဟုတ်ပါပြီ… မက်ဂျ်ဂလင်ပဲဖြစ်ဖြစ် ကရာမာပဲ ဖြစ်ဖြစ် ကျုပ် ခင်ဗျားကို တင်ပြစရာတစ်ခု ရှိတယ်"

"ပြောပါ"

"ကျုပ်တို့ အခု ဦးတည်မောင်းနေတာကနေ ကားခေါင်းပြန်လှည့်ပြီး တောင်ဘက်ကို မောင်းသွားကြရအောင်၊ ခင်ဗျားနဲ့ ကျုပ် တစ်ပတ်လောက် တောင်ပိုင်းမှာ သွားနေကြရအောင်လား"

"အို… အဲဒါတော့ ကျွန်မ မလုပ်နိုင်ဘူး ထင်တယ်"

"ဘာဖြစ်လို့"

"အို… မဖြစ်နိုင်လို့ပါဆို"

"ခင်ဗျား ကျုပ်ကို သဘောမကျဘူးလား"

"ကျပါတယ်"

"ကျုပ်ကလည်း ခင်ဗျားကို သဘောကျတယ်၊ ကျုပ်တို့အတွက် ဘာ အနှောင့်အယှက်များ ရှိစရာ ရှိတာမှတ်လို့"

အမျိုးသမီးက တစ်ခုခု ပြောဖို့ ကြိုးစားတယ်၊ ပြီးတော့ အသံထွက် အောင် ရယ်လိုက်ပါတယ်။

"ကျွန်မကိုယ် ကျွန်မ ပိုင်ပါတယ်၊ ကျွန်မလည်း သွားချင်ပါတယ်၊ ဒါပေမဲ့ သွားလို့မရဘူး၊ တခြားတော့ မဟုတ်ပါဘူး၊ ကြောင်တွေကြောင့်ပါ"

"ဗျာ… ကြောင်တွေ…"

"ဟုတ်ပါတယ်၊ ကျွန်မမှာ ကြောင်တွေ အများကြီး မွေးထားတာ ရှိပါတယ်။ အဲဒီကြောင်တွေကို အစာကျွေးဖို့ မွေးဖို့က ကျွန်မ တာဝန်လေ ဒါကြောင့် ကျွန်မက အိမ်ပြန်ရောက်ဖို့ လိုနေတယ် ပြောတာပေါ့"

"အမယ်လေး… ဒါများ၊ အိမ်မွေးတိရစ္ဆာန်ဆိုင်တွေ ရှိပါ့၊ ဦးတင်ဆိုင် ကို လှမ်းဖုန်းဆက်ပြီး သူတို့ကို လာခေါ်ထားလိုက်၊ ကျွေးမွေးထားလိုက်လို့ ပြောလိုက်ရုံပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အဲဒီလို ပြောလိုက်တော့ အမျိုးသမီးအတွက် ဟာသဖြစ်သွားပုံ ရတယ်။

"အဲဒီ အိမ်မွေးတိရစ္ဆာန်ဆိုင်ကလူ ကျွန်မတို့အိမ်က ကြောင်တွေ မြင်ရင် လန့်သွားမယ်။ အဲဒီလို အကောင်တွေ မဟုတ်ဘူး"

"ကြောင်ပဲဗျာ... ကြောင်တွေပဲပေါ့၊ မဟုတ်ဘူးလား"

"အတိအကျ မဟုတ်ဘူးရှင့်၊ တချို့ကြောင်တွေက အကြီးကြီးရယ်၊ တချို့ကတော့ ငယ်ပါတယ်၊ အိမ်မွေးတိရစ္ဆာန်ဆိုင်က လူဟာ အိမ်က ကြောင်အဲလေ... ခြင်္သေ့ဆိုရင် လန့်သွားမှာ၊ ကျားတွေဆိုလည်း ပိုဆိုးမှာပေါ့။ ကျားသစ်ကိုရော၊ ကျားသစ်ပေါက်စလေးက သုံးကောင် ရှိတယ်။ သူတို့က ဆိုးတယ်ရှင့်။ ကျားသစ်လေးတွေက အဆိုးဆုံးပဲ"

"ဘုရားရေ... ခင်ဗျားက အဲဒီကျားတွေ ခြင်္သေ့တွေ ကျားသစ်တွေ ဘာလုပ်ဖို့ မွေးရတာလဲ"

"အို... အလုပ်ပေါ့ရှင်၊ ရုပ်ရှင်ရိုက်တဲ့သူတွေ လာငှားတာ ရှိတယ်၊ တချို့ ပေါက်စတွေတော့ ရောင်းစားတယ်၊ တချို့အိမ်တွေက 'တိရစ္ဆာန်ရုံ' သေးသေးလေး ဆောက်ပြီး အိမ်မှာ မွေးတတ်ကြတယ်လေ။ သူတို့တွေကို အဲဒီလို မွေးထားမှ ကျွန်မ အလုပ်က ဖြစ်တာ"

"မလွယ်ပါလား"

"အဲဒါကြောင့် မဖြစ်နိုင်တာပေါ့၊ သူတို့ကို အချိန်တန် အစာကျွေးဖို့ လိုတယ်ရှင့်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ ကျုပ်မိတ်ဆွေ ဂိုဘဲလ် ရှိတယ်၊ သူ့ကို အကြောင်းကြားလိုက်ပြီး ဒေါ်လာ ၁၀၀ လောက် ပေးလိုက်ရင် သူက ခေါ်ယူပြီး စောင့်ရှောက်ကျွေးမွေးထားမှာပေါ့၊ အဲဒီအချိန်မှာ ကျုပ်တို့က ဒိုး(သွား)ကြတာပေါ့"

"ကျွန်မနဲ့ ခရီးအတူထွက်ဖို့ ရှင့်အတွက် ဒေါ်လာ ၁၀၀ တန်ရဲ့လား"

"ဒေါ်လာ ၁၀၀ တန်ကို တန်ပါတယ်ဗျာ"

"အို... ဒါဆို ကျွန်မက ငြင်းဖို့ ခက်နေပြီပေါ့၊ ရှင့်မိတ်ဆွေ ဂိုဘဲလ်ကို ဖုန်းဆက်ပြောပေတော့"

ကျုပ်က အမျိုးသမီးကို သူမ အိမ်မှာ ချထား၊ ပြီးတော့ တယ်လီဖုန်းဆက်လို့ရတဲ့ ရုံးတစ်နေရာသွား၊ ဂိုဘဲလ်ကို ဖုန်းဆက်၊ လိပ်စာပြောလိုက်ပြီးတော့ ကျုပ်က ဆိုင်ပြန်တယ်၊ ဆိုင်ပိတ်ထားလိုက်တယ်၊ အားလုံး ပြီးတော့



မှောင်စပြုပြီ။ အမျိုးသမီး အိမ်နား ရောက်တော့ ဂိုဘဲလ်ရဲ့ ထရပ်ကား လှောင်အိမ်တွေထဲမှာ ကျားတွေ၊ ခြင်္သေ့လှောင်အိမ်တွေ တင်လို့၊ ကျုပ်က လမ်းထိပ် ကိုက် ၁၀၀ လောက်မှာ ရပ်ပြီး ထရပ်ကား ထွက်သွားတာကို စောင့်ကြည့်နေတယ်၊ ပြီးတော့ ကျုပ် အိမ်ရှေ့ကို ကားဆိုက်လိုက်တယ်။ အမျိုးသမီးဟာ အိတ်လေးတစ်လုံး ဆွဲလို့ အရန်သင့်ပဲ။ ကျုပ်က အမျိုးသမီးကို ကားပေါ် ကူတင်၊ ပြီးတော့ မောင်းထွက်လိုက်တယ်။

အမျိုးသမီးက -

"ရှင် သဘောကျရဲ့လား"

"သိပ်ကို သဘောကျပေါ့ဗျာ"

ကျုပ်တို့ ကားနဲ့ပဲ ကလန်တိုင်သွားတယ်။ နောက် ခရီးဆက်ပြီး မက္ကဆီကိုနိုင်ငံထဲ ၇ မိုင်လောက် ဝင်ရတဲ့ ပင်လယ်ကမ်းခြေက အင်ဆင်နာဒါ ဆိုတဲ့ မြို့ကလေးကိုလေ။ အဲဒီမှာ ဟိုတယ်တစ်ခု ဝင်ပြီး သုံး လေးရက် နေ လိုက်ကြတယ်။ အလွန်ပဲ အဆင်ပြေလှပါတယ်။ အင်ဆင်နာဒါဟာ မက်ဆီကန် လူမျိုးတွေချည့်ပဲလေ။ ဒီတော့ အမေရိကန်နိုင်ငံ အပြင်ဘက် ထွက်ခဲ့ရသလို ပေါ့။ ယူအက်စ်အေ ဆိုတာ မိုင်ပေါင်း ထောင်သောင်း ကွာလှမ်း ကျန်ရစ်ပြီ စိတ်ထဲမှာ ခံစားရတယ်။ ကျုပ်တို့ ငှားနေတဲ့ ဟိုတယ်အခန်းရှေ့မှာ ဆင်ဝင်လေး ရှိတယ်။ အဲဒီဆင်ဝင်အောက်မှာ ပက်လက်လှန်ပြီး ခပ်လှမ်းလှမ်းက ပင်လယ်ပြာ ကြီးကို ကြည့်နေလိုက်ကြတယ်။ အချိန်တွေက ဒီလိုနဲ့ ကုန်သွားပါတယ်။

ကျုပ်က -

"ဒီအကောင်ကြီးတွေကို ခင်ဗျား ဘာလုပ်လဲ၊ သူတို့ကို သင်ပေးတာလား"

"အမှန်တော့ ကျွန်မက သူတို့ကို လိမ္မာတတ်ကျွမ်းအောင် သင်ပေးတာ ပဲပေါ့။ ဒါပေမဲ့ ဒီတစ်သုတ်ကတော့ မဖြစ်နိုင်ဘူး။ မလွယ်ဘူး။ သူတို့က ရိုင်းတယ်"

"ရိုင်းတော့ ဘာလုပ်လဲ"

"ဘာလုပ်ရမှာလဲ... လူကို ကိုက်စားတာပေါ့"

"ဒါ သူတို့အားလုံး လုပ်ကြတာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အရိုင်းစိတ်ကြီးတဲ့ အကောင်က အန္တရာယ်ကြီးတာပေါ့။ တချို့က လှောင်အိမ်တွေထဲမှာပဲ မွေးမြူကြီးပြင်း တော့ အရိုင်းစိတ် ရှိတော့ရှိတယ်။ သိပ်မှတ်မိပုံမရဘူး။ အရိုင်းကောင်က

www.burmeseclassic.com

www.burmeseclassic.com



မရှာဘူး။ ဒါကြောင့် သူတို့ဟာ ကြောင်တွေတော့ ကြောင်တွေပေါ့နော်။ ဒါပေမဲ့ အိမ်မှာမွေးတဲ့ ကြောင်မျိုးတွေ မဟုတ်ဘူး။ အရိုင်းတွေ… တောထဲက အရိုင်းတွေ"

"သူတို့ကို တောထဲက အရိုင်းကောင်လို့ ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"သိတာပေါ့… သူတို့ကို တောထဲက ကျွန်မ ဖမ်းလာတာပဲဟာ"

"ဗျာ… ခင်ဗျားက သူတို့ကို အရှင်ဖမ်းတာလား"

"ဟုတ်တယ်လေ၊ အသေက ကျွန်မအတွက် ဘာအသုံးဝင်တာမှတ်လို့"

"ဘုရားရေ… ခင်ဗျား ဘယ်လို ဘယ်လို ဖမ်းသလဲ ဟင်"

"ဒီလိုလေ… ပထမဆုံး ကျွန်မက သင်္ဘောစီးပြီး နီကာရာဂွာနိုင်ငံကို သွားတယ်။ ပူးမားကျားသစ်မျိုးတွေဟာ နီကာရာဂွာက အလှဆုံးပဲ။ ကာလီဖိုးနီးယားတို့ မက်ဆီကင်တို့မှာ ရှိတဲ့ ပူးမားတွေက နီကာရာဂွာက ပူးမားတွေနဲ့ ဘယ်လိုမှ မယှဉ်နိုင်ဘူး။ အဲဒီကျတော့ အင်ဒီယန်းလူငယ်တချို့ကို ငှား၊ တောထဲဝင်၊ တောင်ပေါ် တက်တာပေါ့၊ အဲဒီမှာ ပူးမားကျားသစ်တွေ ဖမ်းရတယ်လေ၊ ပြီးတော့မှ ဒီကို ယူလာတာပေါ့၊ ဒီတစ်ကြိမ်တော့ ကျွန်မ အဲဒီမှာ အချိန်နည်းနည်း ကြာကြာနေပြီး သူတို့ကို လေ့ကျင့်ပေး မောင်းပေးချင်သေးတယ်။ ပြီးတော့ အဲဒီမှာ ရတဲ့ ဆိတ်သားက ဒီမှာ ရတဲ့ မြင်းသားထက် ဈေးပေါတော့ စရိတ်စကလည်း သက်သာတာပေါ့"

"ခင်ဗျားက အဲဒီအလုပ်ကို တကယ်ပဲ ပြင်ဆင်ထားပြီးသလိုပါပဲလား"

"ဟုတ်တယ်၊ ပြင်ဆင်ထားပြီးသား"

အမျိုးသမီးက နှုတ်ခမ်းနှင့် တေ့ပြီး ဝိုင်ကို တစ်စုပ် သောက်တယ်။ ပြီးတော့ ကျုပ်ကို ကြည့်တယ်။ ဒီမှာက ဝိုင်ဖန်ခွက်တွေမှာ ဖွန်း သေးသေး ရှည်ရှည်လေး ထည့်ပြီး ပေးတယ်။ ဖွန်းကလေးက မွှေဖို့၊ အေးအောင်လို့ပေါ့။ အမျိုးသမီးက နှစ်ခါ သုံးခါ လုပ်တယ်။ အဲဒီလို လုပ်တိုင်းလည်း ကျုပ်ကို ကြည့်တယ်။ ပြီးတော့-

"ရှင် လိုက်မယ်ဆိုရင် ကျွန်မက အဆင်သင့်ပဲ"

"ဗျာ… ကျုပ်က ခင်ဗျားနဲ့ လိုက်ပြီး အကောင်ပလောင်တွေ လိုက်ဖမ်းနေရမှာလား"

"ဒီမယ် ဖရင့်… ကျွန်မက ပိုက်ဆံတွေ အများကြီး ယူလာမှာ၊ ရှင့်ရဲ့ ဂိုဘဲလ်တို့ဆီမှာ ရှိတဲ့ ခြံကြီးနဲ့ အကောင်တွေ ထိန်းဖို့ ထားခဲ့၊ ရှင့်ရဲ့ ကားလည်း ကြုံရာမှာ ရောင်းခဲ့ပြီး ကြောင်တွေ အဖမ်းထွက်ကြရအောင်"



"ခင်ဗျားက အဆင်သင့်ပဲလား"

"ဒါဆို ရှင်ကလည်း လိုက်မှာပေါ့…. ဟုတ်လား"

"ကျုပ်တို့ ဘယ်တော့ စကြမှာလဲ"

"ဒီမှာ ကုန်သင်္ဘောတစ်စင်း ထွက်ဖို့ရှိတယ်၊ အဲဒါနဲ့ လိုက်သွားရင် ဆာဘိုဝါကို ရောက်ပြီ၊ ဒီမှာကတည်းက ဂိုဘဲလ်ကို ကြေးနန်းရိုက်ပြီး စီစဉ်စရာ ရှိတာ စီစဉ်ညွှန်ကြားလိုက်ကြရုံပဲ၊ ရှင့်ကားကို ဒီဟိုတယ်မှာပဲ ထားခဲ့ပေါ့၊ သူတို့က ရသလောက်ဈေးနဲ့ ရောင်းလိမ့်မယ်၊ မက်ဆီကန်လူမျိုးတွေမှာ တစ်ခုတော့ ရှိတယ်၊ သူတို့ဟာ လုပ်တာကိုင်တာ နှေးကွေးတယ်၊ ဒါပေမဲ့ ရိုးသားတယ်"

"အိုကေလေ…"

"ဝိုး… ကျွန်မဖြင့် ဝမ်းသာလိုက်တာ"

"ကျုပ်လည်း ဝမ်းသာတာပါပဲ၊ ကျုပ်က ပေါင်မုန့် အသားညှပ် ဟော့ဒေါ့ကိုလည်း မုန်းလှပြီ၊ ဘီယာကိုလည်း မုန်းလှပြီ၊ အို… အားလုံး အားလုံးကို ကျုပ်က မြစ်ထဲမှာ ပစ်ချထားနိုင်တယ်"

"ရှင် သဘောကျမှာပါ ဖရင့်၊ ကျွန်မတို့ နီကာရာဂွာ တောင်ပေါ်မှာ အိမ်တစ်လုံး ငှားမယ်၊ အေးချမ်းလှပတဲ့ နေရာမှာပေါ့၊ ပြီးတော့ ကျွန်မတို့ လုပ်စရာရှိတာ လုပ်ကြမယ်၊ လုပ်ငန်းပြီးတာနဲ့ ကမ္ဘာမြေအနှံ့ သွားချင်ရာ သွားပေတော့၊ စိတ်ချမ်းသာသလောက် သွားပေတော့၊ ပိုက်ဆံကလည်း အလျှံပယ် သုံးဖြုန်းနိုင်ဦးမယ်၊ ဒီမယ် ဖရင့်… ရှင့်ကိုယ်ထဲမှာ ဂျစ်ပစီသွေးများ နည်းနည်းပါးပါး မပါဘူးလား ဟင်"

"ဂျစ်ပစီသွေး… ဟုတ်လား၊ ကျုပ် ဆိုတဲ့ ကောင်က မွေးကတည်းက နားကွင်းကလေး ဝတ်ပြီး မွေးလာတဲ့ကောင်ဗျ"

အဲဒီညမှာ ကျုပ် ကောင်းကောင်း အိပ်မပျော်ဘူး။ အလင်းရောင်ဖျိုးလာချိန်မှာ ကျုပ် မျက်စိအစုံကို ဖွင့်လိုက်တယ်။ ကျုပ် ကောင်းကောင်းကြီး နိုးပါပြီ။ အစစအရာရာ အားလုံးဟာ နဂိုမူလအတိုင်းပါပဲ။ နီကာရာဂွာ ဆိုတာလည်း တကယ်တမ်းကျတော့ ထွက်ပြေးဖို့ မဖြစ်သေးပါဘူး။

❏

www.burmeseclassic.com

www.burmeseclassic.com

## - ၁၄ -

ကိုရဲ့ ရထားပေါ်က ဆင်းလာတော့ အနက်ရောင် ဝတ်စုံကို ဝတ်ထားသို့ ပိုပြီး အရပ်ရှည်တယ်လို့ ထင်ရပါတယ်။ ပြီးတော့ ဦးထုပ်အနက်၊ ရှူးဖိနပ် အနက်၊ ခြေစွပ်အမည်းနဲ့ဆိုတော့ ကိုရာနဲ့ကို လုံးဝမတူတော့ဘူး။ အထုပ် အပိုးတွေကို သယ်ယူလာတဲ့ လူက ကားပေါ်မှာ တင်ပြီးတဲ့နောက် ကျုပ်တို့ ကားမောင်းထွက်လာကြပါတယ်။ မိနစ်အနည်းငယ် ကြာတဲ့အထိ နှစ်ယောက် စလုံး ပြောစရာ စကား မရှိသလို ဖြစ်နေကြပါတယ်။ မိုင်အတော်ပေါက်ပါမှ ကျုပ်က-

"မင်းအမေ ဆုံးပါးသွားတာကို ကျုပ်ဆီ ဘာလို့ အကြောင်းမကြား ရတာလဲ"

"ရှင့်ကို ဒုက္ခမပေးနေချင်တော့လို့ပါ၊ ပြီးတော့ ဟိုမှာ ကျွန်မ လုပ်စရာ တွေက အများကြီး ရှိနေတယ်လေ"

"ကျုပ် အခု စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ မကောင်းဘူး ကိုရာ"

"ဘာဖြစ်လို့..."

"ကိုရာ မရှိတုန်းမှာ ကျုပ်က ဖရစ်စကို ကို ခရီးထွက်သွားခဲ့ပါတယ်"

"အဲဒါနဲ့ ဘာစိတ်ထဲမှာ မကောင်းဖြစ်နေရတာလဲ"



"မပြောတတ်ဘူးလေ... ကိုရာက အိုင်အိုဝါကို ရောက်နေတယ်၊ အမေကြီးက အသည်းအသန် နေမကောင်း ဖြစ်နေတယ်၊ အဲဒီအချိန်မှာ ကျုပ်ကတော့ ဖရစ်စကို ကို သွားပြီး ကောင်းစားနေလို့..."

"ရှင် ဘာတွေ စိတ်မကောင်း ဖြစ်နေသလဲ မသိဘူး၊ ရှင် ခရီးထွက်ခြင်း တာကို ကျွန်မ ဝမ်းသာပါတယ်၊ ကျွန်မ ခရီးမထွက်ခင်က သိရင် ကျွန်မ ကိုယ်တိုင်က ရှင့်ကို ခရီးထွက်ဖို့ တိုက်တွန်းမိမှာ"

"ကျုပ်က ဆိုင်ပိတ်သွားခဲ့တာလေ၊ စီးပွားရေးတော့ ထိခိုက်တာပေါ့"

"အို... အဲဒါတွေ အရေးမကြီးပါဘူး၊ ပြန်ရမှာပဲဟာ"

"ကိုရာ သွားပြီးတဲ့နောက် ကျုပ်စိတ်တွေဟာ မငြိမ်မသက် ဖြစ်သွား တယ်"

"ဟုတ်လား... အဲဒါတွေလည်း အရေးမကြီးပါဘူး"

"ကိုရာကတော့ ခက်ခဲတဲ့ အတွေ့အကြုံတွေ တွေ့ကြုံခဲ့ရတာပေါ့"

"မှန်ပါတယ်၊ သိပ်တော့ မကောင်းလှဘူးပေါ့၊ ဘာပဲပြောပြော အဲဒါ တွေက ပြီးဆုံးသွားခဲ့ပါပြီလေ"

"အိမ်ရောက်ရင် မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ကျုပ်တို့ သောက်ကြမယ်၊ ကျုပ် ခရီးသွားတုန်း အရက်ကောင်းလေး တွေ့လို့ ကိုရာဖို့ ဆိုပြီး ဝယ်ခဲ့တယ်"

"ကျွန်မ မသောက်ချင်ပါဘူး"

"စ,လိုက်မှ နေသာထိုင်သာ ရှိသွားမှာပေါ့"

"ကျွန်မ အရက်မသောက်တော့ဘူး"

"ဘာ... ဘာပြောတယ်... မသောက်တော့ဘူး၊ ဟုတ်လား"

"ဟုတ်တယ်... ကျွန်မ ရှင့်ကို ပြောပြမှာပါ၊ ပြောရမှာက အရှည်ကြီး ရယ်"

"ကိုရာ ကြည့်ရတာ ဟိုမှာ ထူးထူးခြားခြား ဖြစ်ပေါ်မှုတွေ ရှိလာခဲ့ သလိုပဲ"

"ထူးထူးခြားခြား မဟုတ်လှပါဘူး၊ အသုဘ အခမ်းအနား လုပ်ရတာပဲ ရှိပါတယ်၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို ပြောစရာ အများကြီး ရှိလာတယ်၊ ကျွန်မတို့ နှစ်ယောက် ခုအချိန်က စပြီး ရှေ့မှာ သာယာကောင်းမွန်တဲ့ အခြေအနေ ရောက်ကြတော့မှာပါ"

"ဟော... ဘာတွေများပါလိမ့်၊ ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



''ခု ချက်ချင်းကြီး မပြောပါရစေနဲ့ဦး၊ အေးအေးဆေးဆေး ပြောပါ့မယ်၊ ဒါထက် ဖရင့်ကော ဖရင့်ရဲ့ မိသားစုနဲ့ တွေ့သေးသလား''

''ဘာကိစ္စ တွေ့ရမှာလဲ''

''အေးလေ… ဘာပဲပြောပြော ရှင် ကျွန်မ မရှိတုန်း အခြေအနေကောင်းခဲ့တယ် မဟုတ်လား''

''မဆိုးပါဘူး… တစ်ကိုယ်ထီးထီး လူတစ်ယောက် ကောင်းနိုင်သမျှပေါ့''

''အဆင်ပြေရင် ပြီးတာပါပဲ၊ ဘာပဲပြောပြော ရှင်က အခုလို ပြောလိုက်တဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်''

ကျွန်တော်တို့ကား ဆိုင်ရှေ့ ရောက်လာတော့ ဆိုင်ရှေ့မှာ ကားတစ်စီးရပ်ထားတာ တွေ့ရပါတယ်။ ကျုပ်တို့ကား ရပ်တာ မြင်တော့ ကားပေါ်ကနေသားက ဆင်းလာပါတယ်။ သူ့မျက်နှာက မချိုမချဉ် ပြုံးလို့။ သူက ကနေဒီပါပဲ။ ကက်ဖ်ရုံးမှာ တွေ့ခဲ့ရတဲ့ လူလေ။

သူက-

''ခင်ဗျားတို့ ကျုပ်ကိုတော့ မှတ်မိမယ် ထင်ပါတယ်''

''မှတ်မိပါတယ်၊ ကဲ ကဲ… ဆိုင်ထဲ ဝင်ကြရအောင်''

ကျုပ်တို့ ဆိုင်ထဲကို ဝင်ကြတယ်။ ကနေဒီလည်း ပါလာတယ်။ ကိုရာက ကျုပ်ကို မီးဖိုချောင်ဘက် အသာဆွဲခေါ်သွားပြီး-

''အခြေအနေ မကောင်းဘူး ထင်တယ် ဖရင့်…''

''ကိုရာက ဘာအခြေအနေ မကောင်းဘူးလို့ ဆိုလိုတာလဲ ဟင်''

''ကျွန်မလည်း မပြောတတ်ဘူး။ ဒါပေမဲ့ မကောင်းဘူးလို့ စိတ်ထဲမှာ ခံစားနေရတယ်''

''အေးလေ… ကျုပ် သူနဲ့ စကားပြောကြည့်ပါ့မယ်၊ သူ ဘာပြောသလဲလို့ သိရအောင်''

ကျုပ် မီးဖိုချောင်ထဲက အပြင်ထွက်ပြီး ကနေဒီဆီ လာခဲ့ပါတယ်။ ကိုရာကတော့ ကျုပ်တို့အတွက် ဘီယာ ၂ ခွက် ယူလာ၊ ကျုပ်တို့ရှေ့မှာ ချပြီး ထွက်သွားတယ်။ ကိုရာ ထွက်သွားပြီးမှ ကျုပ်က-

''ခင်ဗျား ကက်ဖ်ဆီမှာ အလုပ်လုပ်တုန်းပဲလား''



''ဟင့်အင်း… ကျုပ် ထွက်လိုက်ပြီ၊ ကျုပ်တို့နှစ်ယောက် ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး မကျေလည်ကြလို့ ကျုပ် သူ့ဆီက ထွက်လိုက်တယ်''

''ဒါဆို အခု ခင်ဗျား ဘာလုပ်နေသလဲ''

''ဘာရယ်လို့ မရှိသေးပါဘူး၊ အမှန်အတိုင်း ပြောရရင် အဲဒါကြောင့် မင်းတို့နဲ့ တွေ့ဖို့ လာခဲ့တာပဲ၊ ကျုပ် ဒီဆိုင်ကို သုံး လေးခေါက် ရောက်ပါတယ်၊ ဆိုင်ပိတ်ထားပြီး ဘယ်သူနဲ့မှ မတွေ့ရဘူးလေ၊ ခုတစ်ကြိမ်မှ မင်းတို့ ရောက်လာပြီဆိုလို့ လာခဲ့တာပါပဲ''

''ဟုတ်ပါပြီ၊ ကျုပ်တို့ ခင်ဗျားကို ဘာလုပ်ပေးနိုင်သလဲ၊ ဘာလုပ်ပေးရမလဲ ပြောပါ''

''ဩော်… မင်းတို့က ကျုပ်ကို ပိုက်ဆံများ ပေးနိုင်မလားလို့ပါ''

''တတ်နိုင်သမျှတော့ ကူညီရမှာပေါ့လေ၊ ကျုပ်တို့လည်း ဒီမှာ ပိုက်ဆံရှိနေတာ မဟုတ်ဘူး၊ ငါးဆယ် ခြောက်ဆယ် ဆိုရင်တော့ ပေးလိုက်မယ်လေ''

''ကျုပ်က ဒီထက် ပိုပေးမယ်လို့ ထင်ထားတာ''

ကနေဒီ မျက်နှာပေါ်က မချိုမချဉ် အပြုံးက ရှိဆဲ။ ဒီတော့ ကျုပ်တို့နှစ်ယောက် ထွေလီကာလီတွေ လုပ်နေစရာ မလိုတော့ဘူး ထင်တယ်။ သူ ဘာကို ဆိုလိုတာလဲ ဆိုတာ တိတိကျကျ သိဖို့ လိုပြီလေ။

''ဒီမယ် ကနေဒီ ခင်ဗျား ဘာဖြစ်ချင်တာလဲ ပြော''

''ပြောပါ့မယ်၊ ပြောရမှာပေါ့၊ ကျုပ် ကက်ဖ်ဆီက အလုပ်ထွက်ခဲ့ပြီလေ၊ မင်းလည်း မှတ်မိမှာပါ၊ မစ္စက်ပါပါဒါကစ် အဲ… ကိုရာ ဖြောင့်ချက်ပေးဝန်ခံလက်မှတ် ထိုးထားတဲ့ စာရွက်က ဗိုင်ထဲမှာ ရှိနေတယ်လေ၊ ကျုပ်ကလည်း မင်းတို့ရဲ့ မိတ်ဆွေ ဖြစ်နေလေတော့၊ အဲဒီစာရွက်ကြီးကို ဒီအတိုင်း ထားခဲ့လို့ဖြင့် မတော်ပါဘူးလေ ဆိုပြီး ယူခဲ့ပါတယ်၊ အဲဒါကို မင်းတို့ကလည်း ပြန်လိုချင်ကြမှာပဲလို့ ယူဆပါတယ်''

''ခင်ဗျား ဆိုလိုချင်တာက ဟို ဖြောင့်ချက် ဆိုတဲ့ဟာကို ပြောတာလား''

''ဟုတ်ပါတယ်၊ အဲဒါ ကျုပ် ယူခဲ့ပါတယ်၊ အဲဒီမှာ ဘာမှ မပါပါဘူး၊ ဘာပဲပြောပြော အဲဒီဖြောင့်ချက်စာရွက်ကိုတော့ မင်းတို့ လိုချင်ကြမယ်လို့ ထင်တာပဲ''

''အဲဒီအတွက် ဘယ်လောက် လိုချင်သလဲ ပြော''

''မင်းတို့ကကော… ဘယ်လောက် ပေးချင်ကြသလဲ''

www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူးလေ၊ ခင်ဗျား ပြောတဲ့အတိုင်း အဲဒီအထဲမှာ ဘာမှ ပါတာမှ မဟုတ်တာ၊ ဒေါ်လာ တစ်ရာလောက်ဆိုရင် ပေးလိုက်ပါ့မယ်"

"ကျုပ်က ဒီထက်မက တန်ဖိုးရှိတယ် ထင်ပါတယ်"

"ဘယ်လောက် တန်လို့လဲ"

"ကျုပ်က ဒေါ်လာ နှစ်သောင်းငါးထောင် အပေါ် တွက်နေတာလေ"

"ခင်ဗျား ရူးနေသလား"

"ကျုပ် မရူးပါဘူး၊ မင်းတို့ ကက်ဖ်ဆီက ဒေါ်လာတစ်သောင်း ရထားတယ်၊ ဒီဆိုင်ကလည်း အလုပ်ဖြစ်နေလေတော့ ဒေါ်လာ ၅ ထောင်လောက်တော့ ကောင်းကောင်းရနိုင်တယ်၊ ပြီးတော့ ပိုင်ဆိုင်မှုတွေက ပါပါဒါကစ်က သောင်းလေးထောင် တန်ဖိုး သတ်မှတ်ထားတာလေ၊ အဲဒီတော့ ဘဏ်တိုက်က တစ်သောင်းတော့ ယူလို့ရမှာပဲ၊ အဲ ပေါင်းလိုက်ရင် နှစ်သောင်းငါးထောင် ဖြစ်သွားတာပေါ့"

"ခင်ဗျားက ကျုပ်တို့ကို ဖြူခါပြာခါ ဖြစ်အောင် လုပ်နေတာလား"

"တန်ပါတယ်ကွာ"

ကျုပ် ဘာလှုပ်ရှားမှုမှ မလုပ်ပါ။ ဒါပေမဲ့ ကျုပ် မျက်စိထဲမှာ လှုပ်ခတ်မှု တစ်ခုတော့ ပေါ်သွားပုံရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကနေဒီဟာ သူ့ အိတ်ထဲမှာ အသင့်ယူလာတဲ့ အော်တိုမက်တစ်ပစ္စတို တစ်လက် ထုတ်လိုက်ပြီး ကျုပ်ကို ချိန်လိုက်ပါတယ်။

"ဘာမှ မဟုတ်တာတွေ မလုပ်နဲ့လေ၊ ဒီမယ် ချိန်းဘား… ပထမဆုံး ပြောချင်တာက အဲဒီဖြောင့်ချက်စာရွက် ကျုပ်နဲ့အတူ ပါမလာဘူး၊ နောက် တစ်ချက်က မင်း ကိုးရားကားရား လုပ်ရင် ကျုပ်က ပစ်မှာပဲ"

"ကျုပ်က ဘာမှ မလုပ်ပါဘူးဗျာ"

"ဟုတ်ပါပြီ… မလုပ်ပါနဲ့"

ကနေဒီက ကျုပ်ကို သေနတ်နဲ့ ချိန်ထားတယ်။ ကျုပ်က သူ့ကို ကြည့်နေတယ်။ ကျုပ်က-

"ဟုတ်ပါပြီ၊ ကျုပ်ဟာ ခင်ဗျားရဲ့ လက်ထဲ ရောက်ပြီလို့ ထင်နေသလား"

"ထင်နေတာ မဟုတ်ဘူး၊ အသေအချာ သိနေတာ၊ ကဲ… ပြောစမ်းပါဦး၊ ချိန်းဘား…"



"ကျုပ်တို့ ကက်ဖ်ဆီက တစ်သောင်း ရှိဝါတယ်၊ ကျုပ်တို့ဆီမှာ ဒီဆိုင်ကို ပြုပြင်ရတာ ၅ ခုလောက် ကုန်သွားတယ်၊ တစ်ထောင်လောက်လည်း ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာ ကျုပ်တို့ သုံးခဲ့စွဲခဲ့ကြတာပေါ့၊ ကိုရာက သူ့အမေ နေမကောင်းလို့ အရပ်ပြန်ပြီး အမေဆုံးသွားလို့ သင်္ဂြိုဟ်တာတွေ ဘာတွေ လုပ်ရတယ်၊ ကျုပ်ကလည်း ခရီးထွက်နေခဲ့တယ်၊ ဒါကြောင့် ကျုပ်တို့ ဆိုင်ကို ပိတ်ထားခဲ့ကြတာပေါ့"

"ပြောပါ… ဆက်ပြောပါ"

"နောက်ပြီး… ဒီပစ္စည်းတွေအတွက်လည်း တစ်သောင်းတော့လည်း မရနိုင်ဘူး။ လက်ရှိအခြေအနေအရ ဆိုရင် ငါးထောင်မှ ပေးမယ့်လူ ရှိပါ့မလား မသိဘူး၊ လေးထောင်လောက်ပဲ ရမယ် ထင်တယ်"

"ဆက်ပြောလေ… ဆက်ပြော"

"ကောင်းပြီလေ… တစ်သောင်းရယ်၊ လေးထောင်ရယ်၊ လေးထောင်ရယ်… ဆိုတော့ သောင်းရှစ်ထောင်ပေါ့"

ကနေဒီက သေနတ်ပြောင်းဝကို ကြည့်ပြီး ပြုံးပါတယ်။ ပြီးတော့ မတ်တတ်ထတယ်။

"ကောင်းပြီလေ… သောင်းရှစ်ထောင်ပဲ ထားပါတော့၊ နက်ဖြန် ကျုပ် ဖုန်းဆက်မယ်၊ အဲဒီပိုက်ဆံ ရအောင် လုပ်ထား၊ ရပြီဆိုရင် ဘာလုပ်ရမလဲ ဆိုတာ ကျုပ်ပြောမယ်၊ အဲဒီပိုက်ဆံ မရဘူး ဆိုရင်တော့ အဲဒီစာရွက်ဟာ ဆက်ကက်ဆီ ရောက်ပြီသာ မှတ်ပေတော့"

"အခြေအနေက အတော်ဆိုးတာပဲနော်၊ ခင်ဗျားက ကျုပ်ကို အပိုင်ကိုင်ထားနိုင်ပြီပဲလေ"

"ဒါဆို မနက်ဖြန် နေ့ခင်း ၁၂ နာရီ ကျုပ် ဖုန်းဆက်လိုက်မယ်၊ အဲဒီ အချိန်လောက်ဆိုရင် ဘဏ်က ငွေထုတ်လို့ ရလောက်ပြီပေါ့"

"အိုကေပါ…"

ကနေဒီက တံခါး ရှိရာကို နောက်ဆုတ် နောက်ဆုတ် သွားပါတယ်။ သေနတ်ကတော့ ကျုပ်ကို ချိန်ထားတုန်းပဲ။ အချိန်ကတော့ ညနေပိုင်း အတော် စောင်းနေပြီမို့၊ အမှောင်ဖျိုးစပြုနေပါပြီ။ ကနေဒီ နောက်ဘက်ကို ဆုတ်ဆုတ် သွားနေတုန်း ကျုပ်က နံရံဘက်ကို မှီလိုက်ပါတယ်။ ကျုပ် မတ်တတ်ပဲ ရပ်နိုင်သလိုမျိုးပေါ့။ ကနေဒီ တံခါး ထက်ဝက်လောက် အရောက်မှာ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်က နီယွန်မီးခလုတ်ကို ဖွင့်လိုက်ပါတယ်။ ဆိုင်းဘုတ်မီးရောင်က ကနေဒီ မျက်လုံးကို ပြာသွားစေပါတယ်။ သုံ့ ချာခနဲ လည်သွားပါတယ်။ အဲဒီအချိန်မှာပဲ ကျုပ်က သူ့ကို ခုန်အုပ်ချုလိုက်တာပဲ။ သူ အောက်လဲကျသွားပြီး ကျုပ်က သူ့အပေါ်က ရပ်ပြီး သူ့လက်ထဲက သေနတ်ကို လိမ်ဆွဲလုပြီး အခန်းထဲ လွှင့်ပစ်လိုက်တယ်။ ပြီးတော့ သူ့ကိုတော့ ဆက်ဆက်ပြီး ထိုးပါတယ်။ နောက် သူ့ကို အခန်းထဲ ဆွဲသွင်းပြီး တံခါးကို ခြေထောက်နဲ့ ကန်ပိတ်လိုက်တယ်။ ကိုရာက တံခါးနောက်မှာ ရပ်နေတာ ဖြစ်ပါတယ်။ ကိုရာက တခါး နောက်မှာ တစ်ချိန်လုံး နားထောင်နေသူ ဖြစ်ပါတယ်။

ကျုပ်က-

''သေနတ်ကို ယူလိုက်''

ကိုရာက သေနတ်ကို ကောက်ယူပါတယ်။ ကျုပ်က သူ့ကို မတ်မတ် ရပ်စေပြီး စားပွဲရှိရာ ဆွဲခေါ် မှောက်ရက်ထားပြီး ထိုးပါတယ်။ သူ သတိလစ် သွားတော့ ရေတစ်ဖန်ခွက် ယူပြီး ရေနဲ့ပက်၊ သူ သတိပြန်ရလာတော့ ဆက်ပြီး ထိုးလိုက်တာ သူ့မျက်နှာတစ်ခုလုံး စုတ်ပြတ်ပြီး သွေးအလိမ်းလိမ်း ဖြစ်နေတော့ မှ ကျုပ်က ရပ်လိုက်တယ်။ သူက သတိတော့ ရနေတုန်းပဲ။

''ဒီမယ် ကနေဒီ··· မင်းရဲ့ မိတ်ဆွေဆီကို ဘယ်လိုဖုန်းဆက်စမ်း''

''ကျုပ်မှာ ဘယ်မိတ်ဆွေမှ မရှိပါဘူး၊ ချိန်းဘား··· ကျုပ် ကိုယ့်ဆို ကိုယ်ရဲပါတယ်၊ ဒီကိစ္စကို သိတာ ကျုပ် တစ်ယောက်တည်းပါ''

ဒီမှာတင် ကျုပ်က သူ့ကို ထိုးကြိတ်ပြန်ပါတယ်။ နောက်ဆုံး သူ့လက် ကို နောက်ပြန် လိမ်ချိုးလိုက်ပြီး-

''ကောင်းပြီ ကနေဒီ··· မင်းမှာ မိတ်ဆွေ မရှိဘူး ဆိုရင်တော့ မင်းရဲ့ လက်ကို ကျုပ် ချိုးလိုက်တော့မယ်''

ကနေဒီဟာ တောင့်ခံပါတယ်။ ကျုပ် ထင်ထားတာထက် အများကြီး တောင့်ခံပါတယ်။ ကျုပ်စိတ်ထဲမှာ ကနေဒီရဲ့ စိတ်ဓာတ်ကို မချိုးနိုင်တော့ဘူး လားလို့ စိုးရိမ်စိတ်တောင် ဝင်လာပါတယ်။ တကယ်တမ်းတော့ လူတစ်ယောက် ရဲ့ လက်ကို လိမ်ချိုးဖို့ဆိုတာ လွယ်တာ မဟုတ်ပါဘူး။ အဲဒီလို အချိန်မျိုးမှာ ကနေဒီက လျှော့ပေးလာပါတယ်။ သူ ဖုန်းဆက်ပါ့မယ်တဲ့။ ဒီတော့ ကျုပ်က သူ့ကို ချုပ်ထားရာက လျှော့ပေးလိုက်ပြီး မီးဖိုဆောင်က ဖုန်းရှိရာကို ဆွဲခေါ် သွားတယ်။ ဘာတွေ ပြောရမယ် ဆိုတာလည်း ညွှန်ကြားတယ်။ တစ်ချိန်တည်း



မှာ စားသောက်ခန်းထဲက တယ်လီဖုန်းခွက်ကို ကျုပ်က ကိုင်ပြီး သူ ပြောနေ တာတွေကို နားထောင်မယ်ပေါ့။ အဲဒီအချိန်မှာ ကိုရာက သေနတ်နဲ့ ချိန်နေတာ လေ။ ဒါကြောင့် ကျုပ်က-

''ကိုရာ··· မင်း သူ့ကို သေနတ်နဲ့ ချိန်ထား၊ ကျုပ်က အချက်ပြလိုက် ရင် သူ့ကို ပစ်သာချလိုက်''

ကိုရာ နှုတ်ခမ်းထောင့်များက တွန့်လိမ်ပြီး ပြုံးလိုက်ပါတယ်။ ကိုရာ ရဲ့ အဲဒီအပြုံးဟာ ကနေဒီကို ကျုပ် ထိုးကြိတ်ထားတာတွေထက် ထိတ်လန့် သွားစေပုံရပါတယ်။

ကိုရာက-

''စိတ်ချ··· ပစ်မယ်''

ကနေဒီက ဖုန်းဆက်ပါတယ်။

''ဝီလီလား··· သူငယ်ချင်း''

''ပက်လား''

''ဟုတ်ပါတယ်၊ ငါပါကွ။ ဒီမှာ အားလုံး စီစဉ်လုပ်ကိုင်ပြီးကြပြီ၊ မင်း အဲဒီစာရွက် ယူပြီး ဘယ်တော့ လာနိုင်မှာလဲ''

''ကျုပ်တို့ စီစဉ်ထားတဲ့အတိုင်း မနက်ဖြန်ပေါ့''

''ဒီနေ့ ည ယူလာလို့ မရဘူးလား''

''ဘဏ်တိုက် မီးခံသေတ္တာထဲက ထည့်ထားတဲ့ စာရွက်ကို ဘဏ်တိုက် ပိတ်သွားပြီးမှ ဘယ်လိုလုပ်ပြီး ယူမှာလဲကွ''

''အေးလေ··· ဒါဆိုလည်း ကျုပ် ပြောသလိုပဲ လုပ်ပေတော့၊ မနက်ဖြန် နက် မိုးလင်းလင်းချင်း ဘဏ်ဖွင့်ချိန် ဘဏ်တိုက်ကို သွား၊ အာမခံသေတ္တာ ထဲက အဲဒီစာရွက်ကို ယူ၊ ပြီးတော့ သူတို့ဆိုင်ကိုပဲ လာခဲ့တော့''

''ဘာ··· သူတို့ဆိုင် လာရမယ်၊ ဟုတ်လား''

''နားထောင်··· သေချာမှတ်ထား ဝီလီ၊ သူတို့ကို ကျုပ် အပိုင်ကိုင်ထား နိုင်တယ် ဆိုတာ သူတို့ သိနေပါပြီ၊ ဒါပေမဲ့ ဒီကိစ္စကို အမျိုးသမီး သိသွားရင် သူ့ကို လွှတ်ပေးချင်မှ ပေးမယ်၊ ဟုတ်တယ်··· သူ ဒီဆိုင်က ထွက်သွားဖို့ အမျိုးသမီးက စိတ်မချဘူး၊ တစ်ယောက်တည်း မလွှတ်ရဲဘူး၊ မလွှတ်ချင်ဘူး ဖြစ်နေတယ်၊ ဒါကြောင့် ဒီဆိုင်မှာပဲ အပေးအယူ လုပ်ကြဖို့ စီစဉ်ကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က သူတို့ရဲ့ ကားဆီဖြည့်တဲ့ နေရာမှာ ဒီည အိပ်မယ်၊ မနက်ဖြန်ကျရင် ဝီလီက ကျုပ်မိတ်ဆွေ ဆိုပြီး လာရုံပါပဲ''

''သူက အပြင်မထွက်ရရင် ငွေကို ဘယ်လို ထုတ်ပေးမှာလဲ''

''အားလုံး စီစဉ်ပြီးသားပါ''

''ဒါဆို ခင်ဗျားက ဘာဖြစ်လို့ အဲဒီမှာ ည အိပ်ရတာတုံး''

''ကျုပ်မှာ အကြောင်းရှိတယ် ဝီလီ၊ ကျုပ် ဒီမှာ ရှိနေတဲ့အတွက် နှစ်ယောက်စလုံး ဘယ်သူမှ ဘယ်ကိုမှ ကျုပ် မသိဘဲ သွားလို့ မရနိုင်လို့ပါပဲ ရှင်းပြီလား''

''ခု ခင်ဗျား ပြောနေတာတွေကို ချိန်းဘားတို့ ကြားရရဲ့လား''

ကနေဒီက ကျုပ်ကို လှမ်းကြည့်ပါတယ်။ ကျုပ်က ခေါင်းညိတ်ပြလိုက်တယ်။

''ချိန်းဘားလား…၊ ကျုပ်နဲ့အတူ အခု ရှိနေပါတယ်။ ကျုပ် ပြောတာတွေကို သူ ကြားထားမှ ဖြစ်မှာပေါ့၊ ကျုပ်တို့တစ်တွေက တကယ်ပဲ လုပ်မယ့် သူတွေဆိုတာ သူ သိထားမှ ဖြစ်မှာပေါ့၊ ရှင်းပြီလား ဝီလီ''

''ရှင်းတော့ ရှင်းပါတယ်။ ဒါပေမဲ့ လုပ်ရမှာက အကြောင်းကြောင်းပဲ ဟာကွ''

''ဒီမှာ ဝီလီ… နားထောင်၊ ချိန်းဘားဟာ တကယ်ပဲ ကျုပ်တို့ ပြောသလို လိုက်နာမလား၊ မလိုက်နာဘူးလား ဆိုတာ ကျုပ်လည်း မသိဘူး၊ မင်းလည်း မသိနိုင်ဘူး၊ ဘာပဲပြောပြော သူက ငွေပေးတော့မယ် ဆိုမှတော့ သူ့ အစီအစဉ်အတိုင်း လုပ်ကြရတော့မှာပေါ့၊ ကဲ ကျုပ် ပြောတဲ့အတိုင်းသာ လုပ်ပေတော့၊ မနက်ကျရင် အဲဒီစာရွက်ယူပြီး ဒီကို လာခဲ့ပေတော့၊ မြန်မြန် ရောက်လေ ကောင်းလေပဲ''

''အိုကေ…''

ကနေဒီ ဖုန်းချလိုက်ပါတယ်။ ကျုပ်က ကနေဒီကို တစ်ချက် ရိုက်လိုက်ပြီးမှ-

''ဒီမယ် ကနေဒီ… သူ ပြန်ဖုန်းဆက်ရင် ဒီအတိုင်းပဲ ပြော၊ ဟုတ်လား''

''ရပါတယ်''

ကျုပ် စောင့်နေလိုက်ပါတယ်။ သိပ်မကြာပါဘူး။ ဖုန်းမြည်လာပါတော့တယ်။ ကျုပ်က ဒီဘက်က ဖုန်းခွက်ကို ကိုင်တယ်။ ပြီးမှ ကနေဒီကို ဟိုဘက်က ဖုန်းခွက်ကိုင်ဖို့ အချက်ပြလိုက်ပါတယ်။ ဝီလီဆီက ဖုန်းပဲ ဖြစ်ပါတယ်။ ကနေဒီက စောစောက ပြောတဲ့အတိုင်းပဲ ဆက်ပြောပါတယ်။ ဝီလီက သိပ်တော့ သဘောကျပုံမပေါ်ပါ။ သို့သော် သူ ဘာမှ အထွန့်တက်၍ မရနိုင် ဖြစ်နေတယ်။



အဲဒီနောက်တော့ ကနေဒီကို အခန်းထဲကို ခေါ်သွင်းတယ်။ ကိုရာက လည်း ကျုပ်တို့နဲ့အတူ လိုက်လာတာပဲ။ ကျုပ်က ကိုရာဆီက သေနတ်ကို ယူတယ်။ ကနေဒီကို အခန်းထဲ သွင်း၊ တံခါးပိတ်ပြီးတာနဲ့ ကိုရာကို နမ်းလိုက်ပါတယ်။

''ဒီအနမ်းကတော့ အရေးကြုံလာရင် ပါဝင်လာရဲလို့ နမ်းတာ။ ကဲ… နားထောင် ကိုရာ၊ ကျုပ်က ဒီငနဲကို တစ်မိနစ်လေးမှ လွှတ်မထားရဲဘူး။ ကျုပ် ဒီအခန်း အပြင်ဘက်က ညလုံးပေါက် စောင့်နေရမှာပဲ၊ သူ့ဆီကို တယ်လီဖုန်းတွေ လာချင်လာမယ်၊ လာရင် သူ့ကို အခန်းထဲက ထုတ်၊ ဖုန်းပြောခိုင်းရဦးမယ်၊ ကိုရာကတော့ ဘီယာဥယျာဉ်ကို ဖွင့်ထားမှ ဖြစ်မယ်၊ ဆိုင်ထဲကိုတော့ ဘယ်သူမှ ခေါ်မလာနဲ့နဲ့၊ အဲဒီလို ကိုရာ ဆိုင်ဖွင့်ထားမှ ကနေဒီ လူတွေကများ ကျုပ်တို့အပေါ်မှာ ထောက်လှမ်းကြည့်ရှုမယ် ဆိုရင် မင်းက ဆိုင်ဖွင့်မြဲ ဖွင့်ထားတယ်၊ ဘာမှ မထူးခြားသလို ဖြစ်မယ်''

''ကောင်းပြီလေ… ဒါထက် ဖရင့်''

''ဆို…''

''နောက်တစ်ကြိမ်များ ကျွန်မက လူရည်လည်လုပ်၊ လူတတ်ကြီး လုပ်မယ်ဆိုရင် ရှင် ကျွန်မကို ကြိုးစင်ပို့မှာလား ဟင်''

''ကိုရာက ဘာကို ဆိုလိုတာလဲ''

''အမှန်ကတော့ ကျွန်မတို့ ဒီက ထွက်သွားကြဖို့ ကောင်းပါတယ်၊ ခုတော့ ကျွန်မ သိပါပြီ''

''သွားတော့ သွားရမှာပေါ့၊ ခုတော့ အဲဒီစာရွက် ရပြီးမှ သွားလို့ဖြစ်တော့မှာပေါ့''

ကိုရာက ကျုပ်ကို နမ်းပါတယ်။ ပြီးတော့-

''ကျွန်မတော့ ဖရင့်ကို ပိုပိုပြီး သဘောကျလာပြီ''

''ဖြောင့်ချက်စာရွက်ကို ကျုပ်တို့ ရမှာပါ၊ စိတ်ပူမနေပါနဲ့''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်မပူပါဘူး"

❏

ကျုပ်က ပြောတဲ့အတိုင်းပဲ တစ်ညလုံး စောင့်နေပါတယ်။ ကျုပ်က ကနေဒီကို ဘာအစာမှလည်း မကျွေးဘူး။ ကျုပ် မအိပ်သလို သူ့ကိုလည်း ပေးမအိပ်ဘူး။ ဝီလီဆီက ဖုန်း သုံး လေးကြိမ် လာတယ်။ တစ်ကြိမ်တော့ ကျုပ်နဲ့ စကားပြောချင်တယ်လို့ ဆိုတယ်။ ဒါပေမဲ့ ကျုပ် လက်မခံလိုက်ပါဘူး။ ဒီကြားထဲမှာ ဘာဖြစ်မယ်လို့ သတိပေးတဲ့ သဘောလေ။ ကနေဒီက သူ့မျက်နှာပေါ်က သွေးတွေကို မျက်နှာသုတ်ပဝါနဲ့ သုတ်ပါတယ်။ အဲဒီအချိန်မှာ အပြင် ဘီယာဥယျာဉ်ဆီက ရေဒီယိုသံနဲ့အတူ ဘီယာ သောက်စားနေသူတို့ရဲ့ စကားသံ၊ ရယ်မောသံတို့က လွင့်ပျံ့နေပါတယ်။

❏

နောက်တစ်နေ့ မနက် ၁၀ နာရီလောက်မှာ ကိုရာ ဝင်လာတယ်။

ကိုရာက-

"သူတို့ လာကြပြီ ထင်တယ်၊ သူတို့က သုံးယောက်"

"ဒါဆိုလည်း သူတို့ကို ဒီထဲ ခေါ်ခဲ့ပေတော့"

ကိုရာက သေနတ်ကို ယူပါတယ်၊ နောက် ခါးကြားထဲ ထိုးပြီး အပေါ်က အင်္ကျီနဲ့ မမြင်အောင် ဖုံးပါတယ်။ ပြီးတော့ အပြင်ထွက်သွားတယ်။ ခဏအကြာ ကျုပ်က အသံတစ်ခု ကြားတယ်။ တစ်ဦးဦး တစ်ယောက်ယောက် လဲကျတဲ့ အသံ။ ကြည့်လိုက်တော့ ကနေဒီရဲ့ ဂေါ်ဇီလာ သုံးယောက်ထဲက တစ်ယောက်ပါ။ အဲဒီ ဂေါ်ဇီလာ သုံးယောက်ဟာ လက်မြှောက်ပြီး နောက်ပြန် အခန်းထဲ ဝင်လာကြရာက တစ်ယောက် ခလုတ်တိုက်ပြီး လဲကျတာ ဖြစ်ပါတယ်။ ကိုရာက သေနတ်နဲ့ ချိန်လျက်ပဲ။

ကျုပ်က တံခါးဖွင့်ပေးပြီး-

"ကြွပါ… လူကြီးမင်းတို့ အထဲကို"



သူတို့ လက်မြှောက်လျက်သားပဲ အခန်းလေးထဲ ဝင်လာကြတယ်။ ကိုရာက သူ ကိုင်ထားတဲ့ သေနတ် ကျုပ်ကို ပေးတယ်။ ပြီးတော့-

"သူတို့ သုံးယောက်စလုံးမှာ သေနတ်တွေ ပါတယ်၊ အဲဒီသေနတ်တွေကို စားသောက်ခန်းထဲမှာ ကျွန်မ ယူသိမ်းထားလိုက်တယ်"

"သွား သွား… သေနတ်တွေ ယူလာထား၊ ဒီငနဲတွေမှာ နောက်အခော်တွေ ဘာတွေ ရှိနေဦးမယ်"

ကိုရာ အပြင်ထွက်သွားပြီး ပြန်လာတော့ သေနတ်တွေ ပါလာတယ်။ ကိုရာက သေနတ် ကျည်ကပ်တွေ ဖြုတ်ပြီး ချထားတယ်။ ပြီးတော့ သူတို့ သုံးယောက်စလုံးရဲ့ ကိုယ်ပေါ်က အိတ်တွေ အားလုံးကို ရှာဖွေ စစ်ဆေးပါတယ်။ ခဏအကြာမှာတော့ ကိုရာ လိုချင်တဲ့ ဖြောင့်ချက်စာရွက် ရပါတယ်။ ဟာသကတော့ နောက်ထပ် စာအိတ်တစ်အိတ်မှာ ဖိုတိုကော်ပီ ၆ ခုနှင့် နဂ္ဂတစ်ချပ်ပါ တွေ့ရတာယ်။ သူတို့က ဒီတစ်ကြိမ်သာ မဟုတ်ဘဲ အကြိမ်ပေါင်းများစွာ ကျုပ်တို့ကို လည်မျိုညှစ်ဖို့ ကြံရွယ်ထားကြတာကိုး။ တကယ်တော့ သူတို့ဟာ ဖိုတိုကော်ပီတွေ ယူလာဖို့ မကောင်းဘူးလေ။ ဒါပေမဲ့ သူတို့က ယူလာတယ်။

ကျုပ်က မှုရင်းရော အားလုံး ယူပြီး ဆုတ်ချေပြီးနောက် မီးရှို့ ပြာချပစ်လိုက်တယ်။ ပြီးတော့မှ အခန်းထဲ ပြန်ဝင်သွားပြီး သူတို့အားလုံးကို-

"ကိုယ့်လူတို့ ခင်ဗျားတို့ အားလုံး ပြန်နိုင်ကြပါပြီ။ ကြွကြပါ၊ သေနတ်တွေတော့ ကျုပ်တို့ ယူထားလိုက်မယ်"

သူတို့အားလုံး ဆိုင်ပြင်ထွက်၊ ကားပေါ် တက်ပြီး ထွက်သွားကြပါတော့တယ်။ ကျုပ် ဆိုင်ထဲ ပြန်ဝင်လာတော့ ကိုရာကို မတွေ့ဘူး။ နောက်ခန်းထဲ ကြည့်တော့လည်း မတွေ့ဘူး။ ဒါနဲ့ အပေါ်ထပ် အိပ်ခန်းပေါ် တက်ခဲ့ပါတယ်။ ကိုရာက အိပ်ခန်းထဲမှာပါ။

ကျုပ်က-

"ကဲ… ကျုပ်တို့ လုပ်စရာရှိတာတွေ အားလုံး လုပ်ပြီးပြီ။ မှုရင်းရော ဖိုတိုကော်ပီတွေရော အားလုံး ရှင်းပြီးပြီပဲ။ အဲဒီအတွက် ကျုပ် စိတ်အေးနှင့် အယုက် ဖြစ်နေတာ"

ကိုရာက ဘာမှ ပြန်မပြောပါ။ ကိုရာရဲ့ မျက်လုံးတွေက တစ်မျိုးကြီးပဲလေ။ ဒါနဲ့ ကျုပ်က-

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ဖြစ်နေတာလဲ၊ ဘာတွေ စဉ်းစားနေတာလဲ ကိုရာ"

"ဩော်… အဲဒါ အားလုံး ရှင်းသွားပြီလား၊ ဖိုတိုကော်ပီတွေရော ဘာရောပေါ့၊ ကျွန်မအတွက်တော့ အဲဒါတွေဟာ နောက်ဆုံး မဟုတ်သေးဘူး။ ကျွန်မ ခေါင်းထဲမှာ ဖိုတိုကော်ပီပေါင်း တစ်သန်းလောက် ရှိနေတယ်"

ကိုရာက အော်ရယ်ပြီး ခုတင်ပေါ် လဲကျသွားပါတယ်။

ကျူပ်က-

"ဒါတော့ ကိုရာ့ဘာသာ ကိုယ့်လည်ပင်းကို ကိုယ်ပြန်ပြီး ကြိုးကွင်းစွပ်ချင်ရင်လည်း သဘောပဲ၊ အဲဒီလိုပဲ… ကျူပ်ကို ကြိုးကွင်းစွပ်ပေးနိုင်တဲ့ အထောက်အထားတွေလည်း သန်းချီ ရှိမှာပဲ"

ကိုရာက ခေါင်းခါလိုက်ပြီး-

"အဲဒီမှာ သိပ်လှတဲ့အကွက်ပေါ့။ ကျွန်မမှာ ကိုယ့်လည်ပင်းကို ကြိုးကွင်းပြန်စွပ်ဖို့ လုံးဝမရှိဘူး၊ ရှင့်ကို မစ္စတာကာက်စ် ပြောတာ မမှတ်မိဘူးလား၊ လူသတ်မှုနဲ့ တစ်ကြိမ် စွပ်စွဲပြီးရင် နောက်တစ်ကြိမ် ပြန်ပြီး စွပ်စွဲလို့ မရတော့ဘူး ဆိုတာလေ၊ အဲဒါ အခြေခံဥပဒေမှာ ပါတယ် ဆိုလား ဘာလားပဲ၊ ကျွန်မ ကြိုးစင်ပေါ် တက်စရာ မရှိတော့ဘူး၊ မစ္စတာဖရင့်ချိန်းဘားရဲ့၊ ရှင်သာ ကြိုးတန်းလန်းနဲ့ လေထဲကနေ သွားရမှာနော်"

"ကိုရာ… ဘာတွေ လာပြောနေတာလဲ"

"ဩော်… ရှင် မသိသေးဘူး ထင်တယ်၊ မနေ့ညတုန်းက ရှင့်မိတ်ဆွေ လာသွားသရှင့်၊ သူက ကျွန်မနဲ့ ပတ်သက်ပြီး ဘာမှ မသိဘူးလေ၊ ဒါကြောင့် တစ်ညတောင် အိပ်သွားသေး"

"ဘာမိတ်ဆွေလဲ… ဘယ်က မိတ်ဆွေလဲ"

"အို… ရှင်နဲ့အတူ မက္ကဆီကို သွားခဲ့တဲ့ မိန်းမလေ၊ သူက ကျွန်မကို အားလုံး ပြောပြသွားပါတယ်၊ ကျွန်မ ဘယ်သူဘယ်ဝါ ဆိုတာ သိသွားပြီးတဲ့ နောက်မှာ ကျွန်မက သူ့ကို သတ်များ သတ်မလားလို့ ထင်မိသတဲ့၊ ခုတော့ ကျွန်မတို့ နှစ်ယောက် နားလည်မှု ရသွားကြပါပြီ၊ မိတ်ဆွေတွေ ဖြစ်သွားကြပါပြီ"

"ဘာတွေ လျှောက်ပြောနေတာလဲ ကိုရာ၊ ကျူပ် မက္ကဆီကိုကို မရောက်ဖြစ်တာ တစ်နှစ်လောက်တောင် ရှိနေပြီ"

"အိုး ဟိုး… ရှင် ရောက်ခဲ့ပါတယ်"



ကိုရာက ကျူပ်အခန်းဘက်ကို ထွက်သွားတယ်။ ခဏပါပဲ၊ ပြန်ဝင်လာတော့ သူ့လက်ထဲမှာ ကြောင်လေးတစ်ကောင် ပါလာတယ်။ အဲ ရှိုးရှိုးကြောင်ထက် အတော်ကြီးတယ်။ အညိုရောင်လေး အစက်အပြောက်လေးတွေနဲ့။ ကိုရာက အဲဒီကြောင်ကို ကျူပ်ရှေ့က စားပွဲပေါ်မှာ ချလိုက်တယ်။ ကြောင်က အသံပြုဖို့ ကြိုးစားတယ်။

ကိုရာက-

"ရှင်တို့ ခရီးထွက်နေတုန်း ပူမားကျားသစ်မက သားပေါက်သတဲ့၊ အဲဒါနဲ့ ရှင် သူ့ကို အမှတ်တရ ဖြစ်ရအောင် ရှင့်အတွက် တစ်ကောင် လာပေးတာတဲ့"

ကိုရာဟာ နံရံကို မှီပြီး ရယ်ပါတယ်။ သူမရဲ့ ရယ်သံက ရိုင်းစိုင်းပြီး ရူးကြောင်ကြောင် ရယ်သံမျိုး ဖြစ်နေပါတယ်။

ကိုရာက-

"အခုတော့ ကြောင်က ပြန်လာနေပြီလေ၊ အရင်တစ်ခါ ကြောင်တုန်းက ခတ်ကြိုးပေါ် ကျပြီး ခတ်လိုက် သေသွားတာလေ၊ ရှင် သိပါတယ်။ ယော… ခုတော့ ကြောင်က ပြန်ရောက်လာပြီလေ၊ ဟား ဟား ဟား ဟား… ရယ်စရာ မကောင်းဘူးလား ဟင်၊ ရှင့်အတွက်တော့ ကြောင်ဟာ ကံမကောင်းဘူး ရှင့်"

❑

www.burmeseclassic.com

www.burmeseclassic.com

## - ၁၇ -

ကိုရာဟာ ပေါက်ကွဲပြီး ချုံးပွဲချ ငိုကြွေးပါတယ်။ အချိန်အတော်ကြာမှာ ငြိမ်သက်သွားပြီးတဲ့နောက် အောက်ထပ်ကို ဆင်းပါတယ်။ ကျုပ်ကလည်း လိုက်ဆင်းရတော့တာပေါ့။ ကိုရာက အောက် ရောက်တာနဲ့ ချပ်ပုံးကြီးတစ်ခုရဲ့ ထိပ်ပိုင်းကို ဖြုဆုတ်ပါတယ်။

"ကျွန်မတို့ရဲ့ ကြောင်လေးအတွက် အသိုက်ကလေး တစ်ခုတော့ လုပ်ပေးမှပေါ့"

"ကောင်းပါတယ်… လုပ်ပါ"

"ကျွန်မ… ဘာတွေ လုပ်နေသလဲ ဆိုတာ ရှင် ဘယ်လို ထင်သလဲ"

"မပြောတတ်ဘူးလေ"

"မပူပါနဲ့ ရှင်… ကျွန်မ မစ္စတာဆက်ကက်ဆီကို ဖုန်းဆက်ချိန် ရောက်လာရင် ရှင့်ကို အကျိုးအကြောင်း ပြောမှာပါ၊ အေးအေးဆေးဆေး နေပါရှင်၊ ရှင့် အားတွေ အများကြီး မွေးထားဖို့ လိုပါတယ်"

ချပ်ပုံးရဲ့ အပေါ်ဖုံးကို ဖွင့်ပြီး ပက်လက်လှန်ပါတယ်။ နောက် အဲဒီအဖုံးထဲကို သိုးမွေးချည် ပိတ်စလို အစတွေ ထည့်ပါတယ်။ နောက်ပြီးမှ အပေါ်ထပ်ကို ပြန်တက်။ ပူမားလေးကို ပွေ့ခေါ်ပြီး အဲဒီနေရာမှာ ချထားပါတယ်။ ပူမားကျားသစ်လေးဟာ ပထမ နည်းနည်း အသံပြုပြီး အော်ပါတယ်။ ခဏနေတော့



အိပ်သွားပါတယ်။ ကျုပ်က အောက်ထပ် ဆင်းလာပြီး ကုတ်တစ်ဘူး ဖွင့်ပြီး သောက်မယ် လုပ်နေတုန်းမှာပဲ ကိုရာ တံခါးပေါက် ရှိရာကို ရောက်နေပြီ။

"ကျွန်မလည်း အားမွေးထားရမှာပဲ အချစ်ရဲ့"

"ကောင်းပါတယ်"

"ကျွန်မ ဘာတွေ လုပ်နေတယ်လို့ ရှင် ထင်သလဲ"

"မပြောတတ်ဘူးလေ"

"စိတ်ပူမနေပါနဲ့၊ အဆင်သင့် ဖြစ်တဲ့ အချိန်ရောက်ရင် ရှင့်ကို ပြောပြမှာပါ၊ အေးအေးဆေးဆေးသာ နေပါ၊ အားမွေးထားပေါ့"

ကိုရာ့ မျက်နှာပေါ်မှာ မရှိုမချည် အပြုံးက ရှိနေတယ်။ နောက် သူ အပေါ်ထပ် တက်တယ်။ ကျုပ်ကလည်း လိုက်တက်ရတာပေါ့။ ကိုရာကို တစ်စက္ကန့်လေးမှ မျက်ခြည်အပြတ် မခံနိုင်ဘူးလေ။ ဆက်ကက်ဆီကို ဖုန်းဆက်မှာစိုးလို့။ ဒီလိုနဲ့ ကျုပ်တို့ နှစ်ယောက်သား ဆိုင်လည်း မဖွင့်ဖြစ်ပါဘူး။ ဟိုဟို ဒီဒီ လမ်းမသလားတဲ့ အချိန်တွေမှာတော့ အပေါ်ထပ်မှာ နှစ်ယောက်သား ထိုင်ကြပါတယ်။ ဒါပေမဲ့ တစ်ယောက်ကို တစ်ယောက်တော့ မကြည့်ကြဘူး။ အဲ… ပူးမားလေးကိုတော့ ကြည့်ဖြစ်တယ်။ ကျားသစ်ကလေးက တအီအီနဲ့ အသံပြုလာတော့ ကိုရာ အောက်ဆင်းပြီး နို့သွားယူပါတယ်၊ ကျုပ် လိုက်သွားပါတယ်။ နို့တိုက်ပြီးတဲ့နောက် အကောင်ပေါက်စလေးက အိပ်သွားပါတယ်။ အကောင်က သိပ်သေးတော့ ဆော့တဲ့ အရွယ်မှ မရောက်သေးဘဲကိုး။ တအီအီ အော်တာနဲ့ အိပ်တာပဲ လုပ်ပါတယ်။

❑

အဲဒီနားမှာ ကျုပ်တို့နှစ်ယောက် ဘေးချင်းယှဉ်လျက် အိပ်ကြပေမဲ့ စကားတစ်ခွန်းမှ မပြောကြဘူး။ ကျုပ် အိပ်ပျော်သွားပုံရပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ထုံးစံအတိုင်း အိပ်မက်ဆိုး မက်တာကိုး။ နောက်တော့ ကျုပ် [illegible] ခနဲ လန့်နိုးလာပါတယ်။ ကျုပ် ကောင်းကောင်းတောင် မနိုးသေးဘူး။ [illegible] ကနေ အောက်ထပ်ကို ဆင်းမိပြီးသား ဖြစ်နေပြီ။ နိုးသွားတာကတော့ [illegible] ဖုန်း မြည်သံကြောင့်ပါပဲ။ အောက်ထပ် ရောက်တော့ ကိုရာ[illegible] အပြည့်အစုံနှင့် စားသောက်ခန်းက တယ်လီဖုန်း အပိုတစ်[illegible]မှာ။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သာ ပြည့်စုံတာ မဟုတ်ဘူး။ ဦးထုပ်လည်း ပါသေးတယ်။ အားလုံး အပြင်သွားမယ့် ပုံစံ အပြည့်နဲ့။ ကျုပ်က ကပျာကယာပဲ ကိုရာ့ လက်ထဲက တယ်လီဖုန်းခွက် ယူပြီး ချပစ်လိုက်တယ်။ ကျုပ်က သူ့ပခုံးကို တင်းတင်းဆုပ်လိုက်ပြီး-

"သွား… အပေါ်တက်၊ အပေါ်တက် မဟုတ်ရင် ကျုပ်…"

"မဟုတ်ရင်… ကျုပ်က ဘာလုပ်မှာလဲ"

အဲဒီအချိန်မှာပဲ တယ်လီဖုန်းက မြည်လာတယ်။ ကျုပ်က ဖုန်းခွက်ကို အမြန်ကိုင်လိုက်တယ်။ ပြီးတော့-

"ဟုတ်ကဲ့… ပြောပါ"

"ဩော်… ကျုပ်တို့က အငှားတက္ကစီ ဌာနကပါ"

"အိုး ဟိုး… ဟုတ်ပါတယ်။ စောစောက ကျုပ် ဖုန်းဆက်မိပါတယ် ခုတော့ စိတ်ပြောင်းသွားပါပြီ၊ တက္ကစီ မလိုတော့ပါဘူး"

"အိုကေ…"

ကျုပ် အပေါ်ထပ် ရောက်သွားတော့ ကိုရာက အပြင်ထွက်ဖို့ ဝတ်စားထားတဲ့ အဝတ်အစားတွေ ချွတ်လဲနေပါတယ်။ ပြီးနောက် ကျုပ်တို့ နှစ်ယောက် အိပ်ရာထဲ လှဲနေကြပါတယ်။ အကြာကြီးပါပဲ။ တစ်ယောက်နဲ့ တစ်ယောက်တော့ စကားမပြောကြပါဘူး။ အဲဒီနောက် အတော်ကြီးကြာမှ ကိုရာက-

"ကျုပ်က… ဆိုတာ ဘာလုပ်မယ်လို့ ပြောတာလဲ"

"ဘာတွေ ဖြစ်နေတာလဲ ကိုရာ၊ ကျုပ်က မင်းမေးရိုးကို လက်သီးနဲ့ ထိုးပစ်မှာလား၊ ဒါမှမဟုတ်…"

"ဒါမှမဟုတ်… ဘာလုပ်မှာလဲ"

"ကိုရာ… မင်း ဘာတွေ တွေးနေတာလဲ"

"ဖရင့်… ရှင် ဘာတွေ လုပ်နေသလဲ။ ဘာတွေ စိတ်ကူးနေသလဲ ဆိုတာ ကျွန်မ သိပါတယ်၊ ကျွန်မ ဘေးမှာ ရှင် အိပ်နေတဲ့ တစ်ချိန်လုံးမှာ ကျွန်မကို ဘယ်လို သတ်ရမလဲ ဆိုတာ စဉ်းစားနေတာလေ"

"ကျုပ် အိပ်ပျော်သွားတာပါဗျာ"

"ကျွန်မကို လိမ်မနေနဲ့၊ ကျွန်မကလည်း ရှင့်ကို မလိမ်တော့ဘူး၊ ပြီးတော့ ကျွန်မ ရှင့်ကို ပြောစရာ စကားတစ်ခု ရှိတယ်"

ကျုပ်လည်း တွေခနဲ ဖြစ်သွားတယ်။ အကြာကြီးပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ် စိတ်ထဲမှာ တကယ်ပဲ ကိုရာ့နံဘေးမှာ လှဲအိပ်နေတုန်း ကိုရာ



ကို ဘယ်လို သတ်ရင် ကောင်းမလဲလို့ နည်းလမ်းတွေ ရှာဖွေစဉ်းစားနေခဲ့မိတာ အမှန်ပါပဲ။ မထူးတော့တာနဲ့ ကျုပ်က-

"ဟုတ်တယ်… ကျုပ် အဲဒီလို နည်းလမ်းရှာဖို့ စဉ်းစားနေမိခဲ့ပါတယ်"

"ကျွန်မ သိပါတယ်"

"ကိုရာ… မင်းကရော ဘာထူးလဲ၊ မင်းကလည်း ကျုပ်ကို ဆက်ကာက်လက်ထဲကို အပ်ဖို့ ကြံစည်နေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ကျေတာပေါ့၊ ကျုပ်တို့ ကျေသွားကြပြီပေါ့၊ အစက ပြန်စကြဖို့ပဲ ရှိတာပဲ"

"မဟုတ်သေးဘူး"

"ဟုတ်ပါတယ်… ဟုတ်ပါတယ်"

ကျုပ်က ထိုက်တန်သလောက် ပေါက်ကွဲပါတော့တယ်။ ကိုယ့်ဘာသာကိုယ်ပါ။ ဒီနောက်တော့ ကိုရာ ပခုံးပေါ်မှာ ခေါင်းမှီချလိုက်ပါတယ်။ ပြီးမှ ဆက်ပြီး-

"ကျုပ်တို့ဟာ ဒုံရင်းဒုံရင်း ပြန်ရောက်သွားပါပြီ၊ ကျုပ်တို့ လုပ်ချင်တာတွေ အားလုံး လုပ်နိုင်ပြီ၊ အားပါးတရ ရယ်မောနိုင်ပါပြီ၊ ဆေတန် ဆိုတဲ့ နတ်ဆိုးဟာ ဘယ်လောက် ချစ်စရာကောင်းသလဲလို့၊ ကျုပ်တို့ဟာ ဒုံရင်းဒုံရင်း ပြန်ရောက်ကြပြီပဲ၊ ဟုတ်ပါတယ်၊ ကျုပ်က ဟိုမိန်းမနဲ့ လိုက်သွားမလို့ပါ၊ နီကာရာဂွာကို သွားကြမယ်၊ တောင်တွေပေါ် တက်ပြီး ကျားတွေ၊ ကျားသစ်တွေ သွားဖမ်းကြမယ်လို့၊ ဒါပေမဲ့ ကျုပ် ဘာဖြစ်လို့ မသွားဖြစ်သလဲ သိလား၊ ကျုပ် ဒီကို ပြန်ကို ပြန်လာရမယ်၊ ကျုပ်တို့ နှစ်ယောက်ဟာ သံကြိုးနဲ့ ပူးချည်ထားသလို ချည်ထားတာ၊ ကျုပ်တို့ဟာ တောင်ထွတ် တောင်ထိပ်မှာ ရောက်နေကြပြီ ထင်ကြတယ်၊ မဟုတ်ဘူး၊ တကယ်တော့ ကျုပ်တို့အပေါ်မှာ တောင်ကြီးက ပိနေတာ၊ ကျုပ်တို့ နှစ်ယောက် စတွေ့စ ညကတည်းက အဲဒီလို ရှိနေခဲ့တာပဲ"

"အဲဒီအကြောင်း တစ်ချက်ကြောင့်ပဲ ရှင် ပြန်လာတာလား"

"မဟုတ်ပါဘူး၊ တကယ်တော့ မင်းနဲ့ ကျုပ်ပါပဲ၊ ဘယ်သူမှ မရှိပါဘူး ကျုပ် ကိုရာကို ချစ်တယ်၊ ဒါပေမဲ့ ကြောက်စိတ် ဝင်လာတဲ့အခါကျတော့ အချစ် မဟုတ်တော့ဘူး၊ အမုန်း ဖြစ်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို ရှင် ကျွန်မကို မုန်းတယ်ပေါ့''

''ကျုပ် မသိဘူး ကိုရာ၊ ဒါပေမဲ့ အခု ကျုပ်တို့ ရင်ထဲမှာ ရှိတဲ့အတိုင်း အမှန်တရားတွေကို ဖွင့်ပြောနေကြတာ၊ တစ်သက်နဲ့ တစ်ကိုယ် တစ်ကြိမ်ပဲ ပြောပြဖူးတာပဲ ဖြစ်ဖြစ်ပေါ့၊ အဲဒါပါပဲ၊ ကျုပ် မင်းနံဘေးမှာ အိပ်ရင်း အပြန်အလှန် တွေးတောစဉ်းစားနေမိတာ၊ ကဲ အခုတော့ မင်း သိပြီမဟုတ်လား ကိုရာ''

''ကျွန်မ··· ရှင့်ကို ပြောစရာ တစ်ခု ရှိတယ် ဖရင့်''

''အို··· ပြောလေ''

''ကျွန်မမှာ ကိုယ်ဝန် ရှိနေပြီ''

''ဘာ··· ဘာပြောတယ်''

''ကျွန်မ အမေကိစ္စနဲ့ မသွားခင်ကတည်းက စိတ်ထဲမှာ အဲဒီလို ထင်နေခဲ့တာ၊ ကျွန်မ အမေ ဆုံးပြီးတဲ့နောက်တော့ အဲဒီကိုယ်ဝန် ရှိတယ် ဆိုတာ အသေအချာ သိလာတော့တယ်''

''သေလိုက်စမ်းပါတော့ကွာ၊ မင်း သိပ်ရက်စက်တယ်၊ လာစမ်း ကိုရာ လာစမ်း··· ကျုပ်ကို နမ်းလိုက်စမ်း''

''နေပါဦး··· ဖရင့်၊ ကျွန်မက ရှင့်ကို ဖွင့်ပြောရဦးမှာ''

''အခု ပြောနေပြီ မဟုတ်လား''

''မဟုတ်သေးဘူး၊ ကျွန်မ ဆိုလိုချင်တာက ဒီလို··· အသေအချာ နားထောင် ဖရင့်၊ ကျွန်မ အမေရဲ့ အသုဘကိစ္စ ဆောင်ရွက်နေစဉ်မှာ တစ်ချိန်လုံး စဉ်းစားနေခဲ့မိတယ်၊ ဒီကိုယ်ဝန် ရလာခြင်းဟာ ဘာအဓိပ္ပာယ်လဲပေါ့၊ ကျွန်မတို့ နှစ်ယောက် အသက်တစ်ချောင်းကို သတ်ပစ်ခဲ့ကြတယ်၊ အခု··· အခု··· အသက်တစ်ချောင်း ပြန်ပေးနေကြပြီလေ''

''အဲဒါ အမှန်ပဲပေါ့ ကိုရာ''

''ကျွန်မ ခေါင်းထဲမှာ တွေးစရာတွေ အများကြီး ရှုပ်ထွေးနေခဲ့တယ်၊ ဒါပေမဲ့ ဟိုအမျိုးသမီးနဲ့ ဖြစ်ပျက်ပြီးတဲ့နောက်၊ ခုတော့ ရှုပ်ထွေးနေတာတွေ ရှင်းသွားပါပြီ၊ ကျွန်မ ဆက်ကက်ကိုလည်း တိုင်လို့ မဖြစ်တော့ဘူးလေ ဖရင့်၊ ကျွန်မက မွေးဖွားလာတဲ့ ကလေးကို သူ့အဖေကို ကျွန်မက လူသတ်မှုနဲ့ တိုင်တန်းပြီး ကြိုးစင်ကို ပို့လိုက်တယ်လို့ ဘယ်လို ပြောလို့ ဖြစ်မလဲ''

''စောစောက ကိုရာ ဆက်ကက်ဆီ သွားတွေ့မလို့လား''

''မဟုတ်ပါဘူး၊ ကျွန်မ ထွက်သွားတော့မလို့···''



''အဲဒီ ကိုယ်ဝန်ကိစ္စဟာ မင်း ဆက်ကက်ဆီကို သွားမတိုင်ဖြစ်တော့တဲ့ အဓိကအကြောင်းပဲလား''

ကိုရာက ဘာမှ မပြောဘဲ အကြာကြီး နေပါတယ်။ နောက်ဆုံးမှ-

''မဟုတ်ပါဘူး၊ ကျွန်မ ရှင့်ကို ချစ်တယ်၊ ဒါကို ရှင် သိပါတယ်၊ ရှင့်ကို ချစ်လို့၊ ဆက်ကက်ဆီမှာ သွားမတိုင်ဖြစ်တာပါ''

''ကျုပ်လည်း ပြောချင်ပါတယ်၊ အဲဒီမိန်းမဟာ ကျုပ်အတွက် ဘာမှ မဟုတ်ပါဘူး ကိုရာ၊ တကယ်တော့ ကျုပ်က ထွက်ပြေးချင်နေတာကြောင့် ဖြစ်သွားခဲ့တာပါပဲ''

''ကျွန်မ သိပါတယ်၊ ကျွန်မ အစကတည်းက သိပါတယ်၊ ရှင် ကျွန်မကို ခေါ်ပြီး ထွက်ပြေးချင်နေခဲ့တာပဲဟာ၊ အဲဒီတုန်းက ကျွန်မက ရှင့်ကို ပြောခဲ့တယ်၊ ရှင်ဟာ တေလေဂျပိုး···ပဲလို့၊ တကယ်လည်း ရှင်ဟာ တေလေဂျပိုးပါပဲ၊ ကျွန်မကလည်း ရှင် အဲဒီလို တေလေဂျပိုး ဖြစ်နေတာကိုပဲ ကျွန်မက ချစ်နေတာပဲ၊ အမျိုးသမီးကိုလည်း ကျွန်မ မုန်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်က ရှင်းရှင်းပြတ်ပြတ် မပြောခဲ့လို့၊ ဒီတော့ ကျွန်မက ရှင်တို့ အစီအစဉ် ပျက်စီးစေချင်တာပဲ၊ ရှင့်ကိုလည်း ပျက်စီးစေချင်တာပဲ''

''အဲဒီတော့···''

''ကျွန်မက အခြေအနေကို ရှင်းပြနေတာ ဖရင့်၊ ကျွန်မ ရှင့်ကို ပျက်စီးသွားစေချင်တယ်၊ ဒါပေမဲ့ ဆက်ကက်ဆီတော့ ကျွန်မ မသွားနိုင်ဘူး ဖြစ်နေတယ်၊ ရှင်က တစ်ချိန်လုံး စောင့်ကြည့်ခံနေရလို့ မဟုတ်ဘူး၊ ရှင် ဘယ်လိုပဲ စောင့်ကြည့်ကြည့် ကျွန်မ ထွက်ပြေးပြီး ဆက်ကက်ဆီ သွားမယ်ဆို သွားနိုင်တာပဲ၊ ဒါပေမဲ့ ကျွန်မ မသွားနိုင်ခဲ့ပါဘူး၊ ကျွန်မမှာ အခွင့်အရေး ရှိရက်နဲ့၊ ကျွန်မမှာ အကြောင်းခံတရားလည်း ခိုင်ခိုင်လုံလုံ ရှိပါလျက်နဲ့ ကျွန်မ ဆက်ကက်ဆီကို မသွားနိုင်ခဲ့ဘူး၊ ဒီတော့ ဆေတန် ဆိုတဲ့ နတ်ဆိုးဟာ ကျွန်မဆီက ထွက်သွားခဲ့ပါပြီ။ ဒါပေမဲ့ ရှင့်ဆီကရော ထွက်သွားရဲ့လား''

''နတ်ဆိုးက ကိုရာဆီက ထွက်သွားပြီ ဆိုမှတော့ ကျုပ်ကရော ဘာလို့ သူ့ကို ထားနေရဦးမှာလဲ''

''တကယ်တမ်း ကျွန်မတို့ နှစ်ယောက်စလုံးအတွက် မသေချာသေးဘူး နော်၊ ကျွန်မ လုပ်နိုင်ခွင့် ဆိုတဲ့ အခွင့်အရေးမျိုး ရှင် ရရင် ရှင် မလုပ်ဘဲ နေနိုင်ပါ့မလား ဟင်''

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က-

"ကျုပ် ပြောပါ့မယ် ကိုရာ၊ ကျုပ်ဆီမှာ နတ်ဆိုး တကယ် မရှိတော့ပါဘူး"

"ရှင်က ကျွန်မကို သတ်ဖို့ နည်းလမ်းရှာဖို့ စဉ်းစားနေသလို ကျွန်မကလည်း အတူတူပါပဲ၊ အဲဒီလိုပဲ ရှင့်ကို ဘယ်လို သတ်ရမလဲ ဆိုတဲ့ နည်းလမ်း စဉ်းစားနေမိတာပဲ၊ ရှင် မှတ်မိမှာပေါ့၊ ကျွန်မတို့ ရေကူးကြတုန်းကလို ရေကူးထွက်ချင်ပါတယ်၊ ဟိုအဝေးကြီးထိ ကူးသွားချင်တာ၊ အရင် တစ်ခါတုန်းက ရေကူးတုန်းက ရှင် ကျွန်မကို သတ်မယ်ဆိုရင် သတ်လို့ ရတာယ်လေ၊ ဒီအတိုင်း လွှတ်ထားလိုက်ရုံနဲ့ ကျွန်မ သေဆုံးသွားနိုင်တာပဲ၊ ဘယ်သူမှလည်း ဘာမှ သိကြမှာ မဟုတ်ဘူးလေ၊ အဲဒါမျိုးက ကမ်းခြေတိုင်းမှာ ဖြစ်နေကျ သဘာဝပဲ ဟာ၊ နက်ဖြန် မနက်ကျရင် ကျွန်မတို့ ကမ်းခြေ သွားကြမယ်"

"နက်ဖြန် မနက်ကျရင် ပထမဆုံး လုပ်မယ့် အလုပ်ဟာ ကျုပ်တို့ လက်ထပ်ကြဖို့ပဲ"

"ရှင်က လက်ထပ်ချင်တယ် ဆိုရင်လည်း လက်ထပ်ကြတာပေါ့၊ ပြီးရင် ကမ်းခြေ သွားပြီး ရေတော့ကူးမှာပဲ"

"ရေကူးတာတွေ အခု ဘေးချိတ်ထားလိုက်စမ်းပါ၊ ကျုပ်ကို နမ်းလှည့်ပါဦး"

"နက်ဖြန်ည ပြန်ရောက်လာရင် အနမ်းတွေ အများကြီး ရမယ်၊ အချစ်အနမ်းတွေ ရပါမယ်၊ မူးမူးပြီး နမ်းတဲ့ အနမ်းမျိုး မဟုတ်ပါဘူး၊ အိပ်မက် လှလှလေးတွေ မက်စေတဲ့ အချစ်အနမ်းတွေ ဖြစ်မှာပါ၊ သေခြင်းတရားက လာတဲ့ အနမ်းမျိုး မဟုတ်ဘဲ ဘဝရှင်သန်ခြင်းက မွေးဖွားစေလိုက်တဲ့ အနမ်းတွေ ဖြစ်မှာပါ"

"ကောင်းပါပြီဗျာ... ကောင်းပါပြီ"

❑

ကိုရာနှင့် ကျုပ်ဟာ မြို့တော်ခန်းမမှာ လက်ထပ်ကြပါတယ်။ ပြီးတော့မှ ကမ်းခြေကို ထွက်လာခဲ့ကြပါတယ်။ ကိုရာဟာ သိပ်ကို လှနေပါတယ်။ ကျုပ်က သဲသောင်ပြင်ပေါ်မှာပဲ ကိုရာနှင့် ဆော့ကစားနေချင်တာပါ။ ဒါပေမဲ့



ကိုရာ့ မျက်နှာပေါ်မှာ ပြုံးစစနဲ့လေ။ ခဏနေတော့ ကိုရာဟာ ပင်လယ်လှိုင်းတွေ ရှိရာကို ပြေးထွက်သွားပါတော့တယ်။

"ကျွန်မတော့ သွားပြီနော်"

ကိုရာဟာ ရေထဲ ရောက်တာနဲ့ စ ကူးပါတယ်။ ကျုပ်ကလည်း နောက်က လိုက်ပြီးကူးရတာပေါ့။ ကိုရာဟာ တကယ်ပဲ အဝေးကြီး ရောက်အောင် ကူးပါတယ်။ ခါတိုင်း ကူးနေကျထက် ပိုဝေးဝေး ကူးပါတယ်။ အဲဒီတော့မှ ကိုရာက ရေကူး ရပ်ပါတယ်။ အဲဒီအချိန်မှာ ကျုပ်က ကိုရာကို မှီလာပါတယ်။ ကိုရာက ကျုပ်ဘေးမှာ ကူးပါတယ်။ ပြီးတော့ ကျုပ်လက်ကို ကိုင်ပါတယ်။ ကျုပ်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ကြတယ်။ အဲဒီမှာတင် ကိုရာ သိသွားပါတယ်။ ကျုပ်တို့ ကိုယ်တွင်း စိတ်တွင်းမှာ ရှိတဲ့ နတ်ဆိုးဟာ မရှိတော့ဘူးလို့။ ကျုပ် ကိုရာကို ချစ်တယ်။

ကိုရာက-

"ကျွန်မ ခြေထောက်တွေ တုတ်ခိုင်စေချင်တဲ့ အကြောင်း ရှင့်ကို ပြောဖူးလား"

"မပြောဖူးပါဘူး"

"ဒါမှ ကျွန်မရဲ့ ကိုယ်ခန္ဓာ ကြီးထွားလာရင် ထိန်းနိုင် မနိုင်အောင်လို့ပဲ၊ ဒါပေမဲ့ ကျွန်မရဲ့ ရင်သားတွေကော ဟင်... ကြီးမလာဘူးလား ဖရင့်"

"ညကျရင် ပြောမယ်"

"ကျွန်မ ရင်သားတွေ ကြီးလာတယ်လို့ ခံစားရတယ်၊ အဲဒါ မိခင်လောင်းရဲ့ လက္ခဏာပဲ၊ နောက်ဆိုရင် ကျွန်မရဲ့ ဝမ်းဗိုက်ကလည်း ကြီးကြီးလာဦးမယ်လေ၊ ကျွန်မ သိပ်သဘောကျတာပဲ၊ လူတိုင်း လူတိုင်းပဲ ကျွန်မရဲ့ ကိုယ်ဝန်၊ ကျွန်မရဲ့ ဗိုက်ကို မြင်စေချင်တယ်လေ၊ ဒါ 'အသက်တရား'ပဲ၊ အဲဒီ အသက်တရားလေး ဝမ်းဗိုက်ထဲမှာ ရှိနေရတာ၊ လွယ်ထားရတာကို ကျွန်မ သိနေရတယ်၊ ဒါဟာ ကျွန်မတို့ နှစ်ယောက်စလုံးအတွက် ရှင်သန်မှု အသစ်ပါပဲ ဖရင့်"

နောက်... ကျုပ်တို့ ပြန်ကူးလာကြတယ်။ ၉ ပေ အနက်လောက်မှာ ကျုပ်က ရေအောက်ကို ငုပ်လိုက်တယ်။ ကျုပ်က ဆက်ဆက်ပြီး ငုပ်တယ်။ ကျုပ် နားတွေ အူလာပြီး ပေါက်ကွဲတော့မယ် ထင်နေတဲ့အထိပေါ့။ ဒါပေမဲ့ ကျုပ် ပြန်မတက်ဘူး။ ဖိနှိပ်အားက အဆုတ်ကို ဖိထားလို့ နောက်ဆိုရင်က သွေးထဲ ရောက်သွားတယ်။ အသက်ရှူဖို့ မလိုသလို ဖြစ်နေပါတယ်။ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



ရေစိမ်းစိမ်းတွေကို ကြည့်နေလိုက်တယ်။ နားတွေက အူနေပြီ။ ရင်ဘတ်တစ်ခုလုံးလည်း ကျပ်နေတယ်။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ခိုအောင်းနေတဲ့ တစ်ကိုယ်ကောင်းစိတ်တွေ၊ ဆိုးသွမ်းစိတ်တွေဟာ အဲဒီအချိန်မှာ ကုန်ဆုံး ပျောက်ကွယ်သွားပါတော့တယ်၊ ကျုပ် ရေအောက်မှာ ဒီအတိုင်း မလှုပ်မယှက်နဲ့ နေလိုက်တယ်၊ ကျုပ်စိတ်တွေ သန့်ရှင်းသွားပြီး ကိုရာနှင့်အတူ ဘဝအသစ်ကို ပြန်စကြမယ်။ ကိုရာ ပြောသလိုပဲ ဘဝအသစ်တစ်ဖန် မွေးဖွားတည်ဆောက်ကြမယ်။

ကျုပ် ရေပေါ် တက်လာတော့ ကိုရာက ချောင်းဆိုးနေတယ်။

ကျုပ်က-

''ဘာဖြစ်နေတာလဲ'' ဆိုတော့…

''များချင်ချင် ဖြစ်တဲ့ သဘောပါပဲ၊ ရှင် ဖြစ်ဖူးသားပဲ''

''နေကော တကယ်ကောင်းရဲ့လား''

''ရပါတယ်၊ ခဏနေ ပျောက်သွားမှာပါ''

''မင်း… ပင်လယ်ရေငန်တွေများ မျိုမိသေးသလား''

''ဟင့်အင်း…''

ကျုပ်တို့ ဆက်ကူးလာကြတယ်။ အဲဒီမှာ ကိုရာက ရပ်လိုက်တယ်။

''ဖရင့်… ကျွန်မ ဗိုက်ထဲက တစ်ခုခု လှုပ်သလိုလို ဖြစ်သလိုလိုပဲ''

''ဟုတ်လား… ဒါဆို ကျုပ်ကို အသာမှီထား''

''အို… ဖရင့်၊ ကျွန်မကိုယ် ကျွန်မ အပင်ပန်းခံလိုက်တာများ များသွားပြီလား မသိဘူး၊ ပင်လယ်ရေငန်တွေ ပါးစပ်ထဲ မဝင်အောင် ခေါင်းကို မတ်ထားရလို့''

''သက်သက်သာသာ နေပါ''

''ကိုယ်ဝန်ဆောင် မိန်းမတွေဟာ ပင်ပင်ပန်းပန်း လုပ်ရင် သူတို့ရဲ့ ကိုယ်ဝန် ပျက်ကြတတ်တယ်လို့ ကြားဖူးတယ်၊ အဲဒါများ…''

''စိတ်ကို လျှော့ထား ကိုရာ၊ ရေထဲမှာ ငြိမ်ငြိမ်လေးပဲ နေလိုက်၊ ရေလည်း မကူးနဲ့၊ ကျုပ် မင်းကို ဆွဲပြီး ခေါ်သွားမယ်''

''ကမ်းခြေစောင့် တစ်ယောက်ယောက်ကို အော်ခေါ်လိုက်ပါလား''

''မလိုပါဘူးကွာ၊ အဲဒီငနဲက မင်းတို့ ကျောကို နှိပ်ပြီး ရေတွေ အန်ခိုင်းနေဦးမယ်၊ ကျုပ် အဲဒီငနဲတွေထက် မြန်မြန်ကူးသွားနိုင်ပါတယ်''



ကိုရာက ငြိမ်ငြိမ်လေး နေပါတယ်။ ကျုပ်က ကိုရာရဲ့ ရေကူးဝတ်စုံ နောက်ကျောကနေ သိုင်းကြိုးကို ဆွဲပြီး ကူးခဲ့ပါတယ်။ ကျုပ်… ကျုပ်စိတ်ထဲမှာ တွေးနေမိတာကတော့ ကိုရာကို ဆေးရုံ အမြန်ပို့ချင်နေတာ ဖြစ်ပါတယ်။ ဒီတော့ တက်သုတ်ရိုက်ရတာပေါ့။ ရေထဲမှာ တက်သုတ်ရိုက်ချင်၊ အမြန်ရောက်ချင်ရင် ရေအောက် မြုပ်သွားတတ်တယ်။ ရေအောက် မြုပ်ပေမဲ့ ချက်ချင်းပဲ ကျုပ် ရေပေါ် ပြန်တက်၊ ကိုရာကို လက်တစ်ဖက်နဲ့ ပွေ့ပြီး လှိုင်းတွေ ဖြတ်၊ ကမ်းစပ်ကို ကူးပါတယ်။ တစ်ချိန်တည်းမှာပဲ ကိုရာကို-

''ဘာမှ မလှုပ်နဲ့ ကိုရာ… ကျုပ် ကူးမယ်''

''ရပါတယ်၊ ကျွန်မ ဘာမှ မလုပ်ပါဘူး''

ကမ်းခြေ ရောက်တာနဲ့ အဝတ်အစားတွေ ချွတ်ထားခဲ့တဲ့ နေရာကို အပြေးအလွှား သွားပါတယ်။ ကိုရာကို ဆွယ်တာတွေနဲ့ အမြန်ပတ်။ ကျုပ် အင်္ကျီအိတ်ထဲက ကားသော့ကို နှိုက်။ ပြီးတော့ ကိုရာကို ပွေ့ပြီး ကားဆီ လာခဲ့ရပါတယ်။ မော်တော်ကားက ကမ်းခြေနံဘေးမှာ ရပ်ထားတာမို့ ကားရှိရာတော့ မနီးလှဘူး။ ကျုပ် ခြေထောက်တွေက လေးလံလှပြီး လှုပ်တောင် မလှုပ်ချင်ဘူး။ ဒါပေမဲ့ ကျုပ်ဟာ ကိုရာကို ပွေ့ချီထားတာ မချပါဘူး။ မော်တော်ကားဆီ ရောက်တော့ ကားပေါ်မှာ ကိုရာကို တင်၊ ကားစက်နှိုးပြီး စက်ကုန်ဖွင့် မောင်းလိုက်ပါတော့တယ်။

၂

စန်တာမော်နီကာနှင့် သုံး လေးမိုင်လောက်မှာ ဆေးရုံ ရှိတယ်။ ကျုပ်တို့ ကမ်းခြေကို ရေကူးလာတဲ့ အခါတိုင်း မြင်တွေ့ဖူးပြီးသားပါ။ အဲဒီဆေးရုံကို အမြန် ရောက်ချင်တာ။ ထရပ်ကားကြီး တစ်စင်းက လမ်းကို အပြည့်မောင်းပြီး ပိတ်နေတယ်။ ကားနောက်မြီးမှာ ဟွန်းတီးပါ၊ လမ်းဖယ်ပေးမယ်လို့ စာရေးထားတယ်။ ကျုပ်လည်း ဟွန်းတအားတီးတာပေါ့၊ ထရပ်ကားက လမ်းမ,လယ်က မဖယ်ဘူး ခင်ဗျ။ ထရပ်ကားကြီး ဘယ်ဘက်က ကျော်ဖို့ကလည်း မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ဖက်က လာတဲ့ ကားတန်းတွေက ရှိနေ[illegible] ကျုပ်က ထရပ်ကားကြီးရဲ့ ညာဘက်ကို ဆွဲပြီး ကားကြီးကို [illegible] ကြိုးစားပါတယ်။ ကိုရာက သံကုန်အော်တယ်။ ကျုပ်က ဘာမှ မပြောင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘွားခန် တွေ့လိုက်ရတာက ရေမြောင်း ကာထားတဲ့ အုတ်ထရံကြီးနဲ့ ဝုန်းခနဲ တိုက်မိသွားပြီး အရာရာ အားလုံး မည်းမှောင်သွားပါတော့တယ်။

❑

ကျုပ် သတိပြန်ရတော့ ကျုပ်က စတီယာရင်ကြားမှာ ညပ်နေတယ်။ ကျုပ်လည်း ကြိုးစား လှုပ်ရှားပါတယ်။ ကျုပ် ဘာလုပ်ရမှန်း မသိဘူး။ ကျုပ်ပေါ်မှာ မိုးရွာချနေသလို ခံစားရတယ်။ မိုးရေတွေမှ မဟုတ်ဘဲ။ သွေးတွေပဲ… ကိုရာဆီက ထွက်လာတဲ့ သွေးတွေ။ ကိုရာဟာ ကားရှေ့မှန်ကို ဖောက်ထွက်ပြီး ကားစက်ခေါင်း ဘောနက်ပေါ် ရောက်သွားတာ။ ကားဟွန်းသံတွေ အများကြီး ကြားရတယ်။ လူတွေက အပြေးအလွှား ရောက်လာပြီး ကူညီဖို့ ပြေးလာကြတယ်။ ကျုပ်က ကိုရာကို မီးသလောက် ဖက်ထား၊ သွေးမထွက်အောင် တားဖို့ လုပ်ပါတယ်။ တစ်ချိန်တည်းမှာလည်း ပါးစပ်က တတွတ်တွတ်နဲ့ ကိုရာကို စကားပြောပါတယ်။ ပြီးတော့ ငိုလည်း ငိုတယ်။ ပြီးတော့ ကိုရာကိုလည်း နမ်းပါတယ်။ အဲဒီအနမ်းတွေက ကိုရာ့ဆီ မရောက်တော့ပါဘူး။ ကိုရာဟာ သေဆုံးသွားပြီ ဖြစ်လို့ပါပဲ။

BURMESE CLASSIC .com

❑

## - ၁၆ -

သူတို့က ကျုပ်ကို အဲဒီအမှုနဲ့ ဖွင့်ကြတာပေါ့ဗျာ။ သည်တစ်ကြိမ်မှာတော့ ကက်စ်က ပိုက်ဆံတွေ အကုန်ယူပါတယ်။ ကျုပ်တို့ကို ပေးဖို့ဆိုတဲ့ ဒေါ်လာ တစ်သောင်း သူ ယူတယ်။ နောက်ပြီး ကျုပ်တို့ ရှာဖွေစုဆောင်းထားသမျှ ပိုက်ဆံတွေရော၊ တခြား ပိုင်ရာဆိုင်ရာတွေအတွက် ရသင့်ရထိုက်တဲ့ ပိုက်ဆံတွေပါ အကုန်ယူပါတယ်။ ကက်စ်ဟာ ကျုပ်အတွက် အစွမ်းကုန် ကြိုးစားပေးရှာပါတယ်။ ဒါပေမဲ့ အစကတည်းက သူက ရှုံးနေပြီလေ။ သည့်တစ်ကြိမ်မှာလည်း တရားလို ဆွဲချ ဖြစ်တဲ့ ဆက်ကက်က ကျုပ်ဟာ ခွေးရူးတစ်ကောင်လိုပဲ၊ အပြင်မှာ ထားရင်၊ လောကကြီးထဲမှာ ထားရင် နောက်ထပ် လူတစ်ယောက် ယောက်အတွက် အန္တရာယ် ရှိနိုင်တယ်ပေါ့၊ ကျုပ်နဲ့ ကိုရာဟာ နှစ်ယောက်ပူးပေါင်းပြီး ဂရိကြီး ပါပါဒါကစ်ကို သူ့ပိုက်ဆံ၊ သူ့ဆိုင်တွေကို လိုချင်လို့ သတ်ကြတယ်။ ဂရိ သေဆုံးသွားတဲ့အခါမှာ ကျုပ်က ကိုရာကို လက်ထပ်တယ်။ ကျုပ်က ငွေတွေနှင့်တကွ ပိုင်ဆိုင်မှု အားလုံးကို ကျုပ် တစ်ယောက်တည်း ရအောင် ကိုရာကို သတ်တယ်။ ကျုပ် မက္ကဆီကို ကို သွားခဲ့တဲ့ ကိစ္စ ကိုလည်း သိသွားတော့ ကျုပ်က မြန်မြန်ဆန်ဆန်ကြီး သတ်ဖြစ်သွားတယ်ပေါ့။ ဆေးကော်က ကိုရာရဲ့ ရုပ်ကလာပ်ကို ဆေးစစ်ဆေးကြည့်တော့ ကိုရာဟာ ကိုယ်ဝန် ရှိနေကြောင်း တွေ့ရတယ်။ အဲဒါဟာလည်း ကျုပ်က ကိုရာကို ရှင်းပစ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အကြောင်းတစ်ခုပဲတဲ့။ ဆက်ကက်ဟာ မက်ဂျုကို တရားလိုပြ သက်သေအဖြစ် ရုံးတော်မှာ ဆင့်ခေါ်ပြီး ထွက်ဆိုစေပါတယ်။ မက်ဂျုနဲ့ ကျုပ် မဂ္ဂဆီကို ကို သွားခဲ့တဲ့ အကြောင်းပေါ့။ မက်ဂျုကတော့ မထွက်ဆိုချင် ရှာပါဘူး။ ဒါပေမဲ့ ဘာတတ်နိုင်လဲ။ သွားခဲ့တာ··· သွားခဲ့တာပဲဟာ။ မက်ဂျု က ထွက်ဆိုရပါတယ်။ ဆက်ကက်က တရားခွင်မှာ မက်ဂျု ပေးခဲ့တဲ့ ပူးမား ကျားသစ်ကလေးတောင် တင်ပြပါတယ်။ ကျားသစ်လေးဟာ အတော်ကိုကြီး နေပါပြီ၊ ဒါပေမဲ့ ကောင်းကောင်း ပြုစုစောင့်ရှောက်တဲ့သူ မရှိတော့ မကျန်းမာ နေပုံပါပဲ။ တခွီးခွီး အော်ပြီး သူ့ကို ကိုင်လာတဲ့သူရဲ့ လက်ကို ကိုက်ဖို့ ကြိုးစား နေပါတယ်။ အဲဒါကလည်း ကျုပ်အတွက်တော့ မကောင်းဘူးပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်ကို စုံးစုံးမြုပ်သွားစေခဲ့တာကတော့ ကိုရာတစ်ယောက် အငှားကား တက္ကစီကား ဖုန်းဆက် မခေါ်ခင် ရေးထားတဲ့ စာပဲ။ အဲဒီစာက ရက်ဂျစ်စတာ ထည့်ထားတာလေ။ ကျုပ် နောက်နေ့ မနက် ဆိုင်ဖွင့်လို့ ရက်ဂျစ်စတာ ဖွင့် လိုက်ရင် တွေ့အောင် ကိုရာက ရေးထားခဲ့တာပေါ့။ နောက်ပြီး တခြားပြဿနာ တွေ ဖြစ်လာပြီး ကိုရာကလည်း မေ့သွားတယ်။ ကျုပ်ကလည်း အဲဒီစာရွက်ကို မြင်တောင် မမြင်ဖူးဘူး။ အဲဒီနေ့နောက် ကျုပ်တို့က ဆိုင်လည်း မဖွင့်တော့တာ။ ရက်ဂျစ်စတာလည်း ဖွင့်မကြည့်မိကြတော့ဘူးပေ့ါ။ အဲဒီစာ ထဲမှာ ပါတာပေါ့။ ကျုပ်တို့နှစ်ယောက် ပူးပေါင်းပြီး ဂရိကြီးကို သတ်ကြတဲ့အကြောင်း ရေးထား တာလေ။ အဲဒီမှာ ပွဲသိမ်းတော့တာပါပဲ။

တရားရုံးတော်မှာ ဆက်ကက်နဲ့ ကက်ဇ်တို့ အပြန်အလှန် စကားစစ်ထိုး တိုက်ပွဲဝင်ကြတာ သုံးရက်တိတိ ကြာပါတယ်။ ကက်ဇ်ကလည်း ရှိသမျှ တရားဥပဒေ စာအုပ်တွေကို ကိုးကားပြီး ခုခံကာကွယ်ရှာတာပါပဲ။ တရားသူကြီး က နားထောင်ရုံပဲ နားထောင်နေပုံပဲ။ ဒါပေမဲ့ ကျုပ်တို့ နှစ်ယောက် ပူးပေါင်း ပြီး ဂရိကြီးကို လုပ်ကြံခဲ့တယ် ဆိုတာက အထင်အရှား ဝန်ခံထားပြီးလို ဖြစ်နေတယ်လေ။ အဲဒီအချက်ကပဲ ကျုပ်က ကိုရာကို ရှင်းပစ်၊ သတ်ပစ်ဖို့ နိုင်လုံတဲ့ အချက်အလက်ပဲလို့ ဆက်ကက်က တင်ပြတယ်။ ဒါတွေ အားလုံး ပေါင်းလိုက်ရင် ကျုပ်က ခွေးရူးတစ်ကောင်ပဲတဲ့၊ လူ့လောကအတွက် အန္တရာယ် ရှိတယ်ပေါ့။

ကက်ဇ်ဟာ ကျုပ်ကို တရားခွင်မှာ ထွက်ဆိုဖို့တောင် မခေါ်ရှာဘူး။ ကျုပ်က ဘာများ ပြောနိုင်မှာလဲ။ ကျုပ် မလုပ်ပါဘူး၊ မသတ်ပါဘူး။ ဘာဖြစ်



လို့လဲဆိုတော့ ကျုပ်နဲ့ ကိုရာတို့ဟာ တစ်ယောက်ကို တစ်ယောက် နားလည် သွားကြပါပြီ။ ဂရိကို သတ်ခဲ့ကြတာလည်း မေ့ပျောက်ထားလိုက်ပါပြီ။ ဘဝ အသစ် စဖို့ လုပ်နေပါပြီ··· စတာတွေ။ ကျုပ်က ဘယ်လိုပြောရမှာလဲ။ ဘာမှ ထွက်ဆိုစရာ မရှိပါဘူး။

ဂျူရီလူကြီးတွေက ငါးမိနစ်လောက် အစည်းအဝေး ထိုင်ပါတယ်။

တရားသူကြီးကတော့ ကျုပ်ကို ခွေးရူးတစ်ကောင်အပေါ်မှာ စဉ်းစား သလိုမျိုး စဉ်းစားမှာပါလို့ ဆိုပါတယ်။

အဲ··· ဒါနဲ့ပဲ အခုတော့ ကျုပ်ဟာ သေဒဏ်ကျပြီး ကြိုးတိုက်ထဲမှာ ရောက်နေပါပြီ။ ပြီးတော့ ဒီအကြောင်းတွေကို ရေးနေတာပါ။ ဘုန်းတော်ကြီး ဖာသာမက်ကော်နဲလ်၊ ဖတ်ပြီး နားထောင်စရာ ရှိတာ၊ ကျုပ်အတွက် ပြောပေး နိုင်တာ ရှိရင် ဖြေပေးနိုင်အောင်ပေါ့လေ။ ကျုပ် နေခွင့်ရဦးမယ်ဆိုရင်လည်း ဒီစာမူကို ကိုင်ထားပြီး စောင့်ကြည့်ပေါ့။ ကျုပ်ကို သေဒဏ် မချမှတ်ဘဲ လျှော့ပေါ့ပြီး တစ်သက်တစ်ကျွန်းလို့ ပြစ်ဒဏ် ချမှတ်ခဲ့ရင်တော့ ဒီစာမူကို ဘုန်းတော်ကြီးက မီးရှို့ ဖျက်ဆီးပစ်လိုက်ပေါ့။ ဒါမှ ဒီအမှုကိစ္စမှာ 'လူသတ် ခြင်း' ဆိုတာ ရှိသလား၊ မရှိခဲ့ဘူးလား ဆိုတာ ဘယ်သူမှ ရေရေရာရာ မပြောနိုင်တော့ဘူးပေါ့။

ဒါပေမဲ့ ကျုပ် ပြစ်ဒဏ် အပေါ့ခံရရင်တော့ ဘုန်းတော်ကြီးဟာ ဒီစာမူ ကို ယူသွားပြီး တစ်ယောက်ကနေ စာအုပ်အဖြစ် ထုတ်ဝေဖို့ စီစဉ်ပေးဖို့ပါ။

ပြစ်ဒဏ် လျှော့ပေးတာလည်း မရှိဘူး ဆိုရင်လည်း ကျုပ်ကတော့ ဒီနေရာ ရောက်နေမှ ဘာမှ ဝန်မခံနိုင်ဘူး။ ဒီကြိုးတိုက်ထဲ ရောက်နေမှတော့ မျှော်လင့်ချက် မျှော်လင့်ခြင်း ဆိုတာ မျှော်လင့်စရာ မရှိဘူး ဆိုရင်လည်း မျှော်လင့်နေရတာပဲ။ ဒါပဲ လုပ်နိုင်တာပဲလေ။ ဘာတတ်နိုင်တာ မှတ်လို့ ကျုပ်ကတော့ ဘာဖြောင့်ချက်မှ မပေးနိုင်ဘူး။ အဲဒါက အသေအချာပဲ။ ဒီ ကြိုးတိုက်မှာ ကြိုးသားတစ်ယောက်က ပြောတယ်။ ကိုယ်တိုင် ဖြောင့်ချက် ဝန်ခံချက် မလာရင် ဘယ်သူ့ကိုမှ ကြိုးမပေးနိုင်ဘူးတဲ့။ ကျုပ်လည်း မသေဘူး လေ။ ဘုန်းတော်ကြီးက ကျုပ်ဆီကို နောက်ဆုံး ဆုတောင်းခြင်း မလုပ်သရွေ့ တော့ ကျုပ်ဆီက ဘာဖြောင့်ချက်မှ ရမှာ မဟုတ်ဘူး။ မပြောတော့ဘူးလေ။ ကျုပ် နေချင် နေရမှာပဲပေါ့။

❑

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကျုပ် ရင်တွေ တင်းကျပ်ပြီး နေပါတယ်။ ကျုပ်က 'ကိုရာ' အကြောင်းကို တွေးနေမိတာကိုး။

ဒီမယ်… ခင်ဗျားကော ကျုပ် မသတ်ပါဘူး ဆိုတာ ကိုရာ သိသွားတယ်လို့ ထင်ပါသလား။ ကျုပ်တို့ နှစ်ယောက် ရေထဲမှာ ကျုပ်တို့ ပြောခဲ့ကြ ဆိုခဲ့ကြတာ သိပြီးမို့ ကိုရာဟာ ကျုပ် မသတ်ဘူး၊ မလုပ်ဘူး ဆိုတာ သိမှာပါ။ သိလောက်ပါတယ်နော်။ ဒါပေမဲ့ အဲဒီနေရာမှာ အခက်ခဲဆုံးပဲ၊ အဆိုးဆုံးပဲ။ လူသတ်ခြင်းနဲ့ သွားပြီး ဆောကစားမိတဲ့ လူတစ်ယောက်ဟာ အဲဒီအတွေးမျိုး ကိုရာ ခေါင်းထဲ မရောက်ဘူးလို့လည်း မပြောနိုင်ဘူးလေ။ အုတ်ထရံကြီးကို ကားနဲ့ တိုက်မိသွားတာက ကျုပ်လေ။ ဒါကြောင့် ကျုပ်က ဒီဘဝအပြင် နောက်ဘဝတစ်ခု ရှိစေချင်နေတာပေါ့။ ဘုန်းတော်ကြီး ဖာသာ မက်ဂုကော်နဲလ်က ကျုပ်မှာ ရှိတယ်လို့ ပြောပါတယ်။ ကျုပ်က ကိုရာကို တွေ့ချင်လို့ပါ။ ကျုပ်နဲ့ ကိုရာတို့ နှစ်ယောက်သား ပြောခဲ့ ဆိုခဲ့ကြတာတွေ၊ နတ်ဆိုးကို ရင်ထဲက မောင်းထုတ်နိုင်ခဲ့ကြတာဟာ တကယ်ပါလို့ ကိုရာ သိစေချင်တာပါ။ ကျုပ် ကိုရာကို သတ်တာ မဟုတ်ပါဘူး ဆိုတာ ကိုရာ သိစေချင်တာပါ။

ကိုရာနဲ့ ပတ်သက်ပြီး ဘာကြောင့် ဘာဖြစ်လို့ ဒီလို တွေးမိနေတာလဲ ဆိုတာတော့ ကျုပ်လည်း မသိဘူး။ ကိုရာဟာ တစ်ခုခု လိုချင်တယ်၊ အဲဒါကို ရအောင် လုပ်တယ်၊ ကိုရာ လုပ်ခဲ့တဲ့ နည်းတွေဟာ တလွဲတချော် အမှားအယွင်း နည်းလမ်းတွေနဲ့ လုပ်မိတယ်။ ဒါပေမဲ့ ကိုရာ ကြိုးစားခဲ့တာ အမှန်ပါပဲ။ ကိုရာက ကျုပ်အပေါ်မှာ ဘယ်လိုမျိုး ဘယ်လိုနည်းနဲ့မျိုး ခံစား နားလည်သွားတယ် ဆိုတာ ကျုပ် မသိဘူး။ အမှန်တော့ ကိုရာဟာ ကျုပ်ကို သိပါတယ်။ ကျုပ်ကို ကောင်းကောင်းကြီး သိတဲ့ အကြောင်းကိုလည်း အကြိမ်ပေါင်းများစွာ ပြောဖူးပါတယ်။ ကျုပ်ဟာ လူကောင်းသူကောင်း တစ်ယောက် မဟုတ်ဘူး။ ကျုပ်က ဘာဆိုဘာမှ လိုချင်တာ မရှိဘူး။ ကျုပ် လိုချင်တာက ကိုရာကိုသာပါပဲ။ ဒီလိုအင်ဆန္ဒကလည်း အများကြီး ဖြစ်နေတာပဲလေ။ အမျိုးသမီးတစ်ယောက်မှာ အဲဒီလောက် ရိုးစင်းတဲ့ ပေးဆပ်နိုင်ခြင်းကော ရှိပါရဲ့လား။

❑



ကြိုးတိုက် အခန်းနံပါတ် ၇ မှာ ငနဲတစ်ကောင် ရှိတယ်။ ညီအစ်ကို အရင်းခေါက်ခေါက်ကို သတ်တဲ့ အမှုနဲ့ပဲ။ ငနဲသားက သူ မလုပ်ပါဘူး။ သူ မသတ်ပါဘူး။ သူ့ရဲ့ မသိစိတ်က သတ်တာပါတဲ့။ အဲဒါကို ကျုပ်က မရှင်းလို့ သူ ဘာကို ဆိုလိုတာလဲလို့ မေးပါတယ်။ ဒီတော့ သူက ရှင်းပြတယ်။ လူတိုင်းမှာ သိစိတ်နဲ့ မသိစိတ် ဆိုတာ နှစ်မျိုး ရှိသတဲ့။ သိစိတ်က လုပ်ကိုင်နေတဲ့ အလုပ်တွေ အားလုံးကို သိတယ်။ မသိစိတ်ကတော့ လုပ်ကိုင်နေတာတွေ အားလုံးကို မသိဘူးတဲ့။ အဲဒါ မသိစိတ်ဘဲတဲ့။ ကျုပ် အကြီးအကျယ် တုန်လှုပ်သွားပါတယ်။ ကျုပ်များ ဒီအမှုကြီးကို မသိစိတ်နဲ့ ကျူးလွန်မိလေရောသလား။ ကိုယ်တိုင် ကျူးလွန်ပြီး ကိုယ်က မသိဘဲ ဖြစ်နေတာလား။

ဘုရားသခင်… ကယ်ပါ။

ကျုပ် အဲဒီလို မယုံကြည်နိုင်ပါဘူး။ ကျုပ် မကျူးလွန်ခဲ့ပါဘူး။ ကျုပ် ကိုရာကို ချစ်တယ်။ သိပ်ချစ်တယ်။ အဲဒီနောက်ဆုံး အချိန်မှာ ကျုပ် ခင်ဗျားကို ပြောမယ်။ ကျုပ် ကိုရာအတွက် အသက်ပေးရဲတယ်။ ကိုရာအတွက် သေပေးရဲပါတယ်။ 'မသိစိတ်' ဆိုတာ အလကားပါ။ သွားစမ်းပါ။ ကျုပ် မယုံပါဘူး။ အဲဒီငနဲသားက တရားသူကြီးကို သူ့အမှု လွတ်ရာလွတ်ကြောင်း ကြံဖန်ပြီး ပြောနေတာပဲ။ တရားသူကြီးကို ပတ်ဖို့၊ လိမ်ဖို့ ကြိုးစားနေတာပါပဲ။ လူဆိုတာ ကိုယ် လုပ်တာ ကိုယ် သိပါတယ်။ ကျုပ်လည်း သိတယ်။ ကျုပ် မလုပ်ဘူး။ ကျုပ် မကျူးလွန်ဘူး။ အဲဒါ အခိုင်အမာ အတိအကျပါပဲ။ အဲဒါကို နောက်ဘဝဆိုတာ ရှိရင် ကိုရာကို တွေ့ပြီး ကျုပ်က ပြောချင်နေတာ။ ပြောဖြစ်မှာလေ။ နောက်တစ်ကြိမ် နောက်တစ်ခါ ကိုရာနဲ့ ပြန်ဆုံခွင့်ရရင်ပေါ့။

❑

ခုတော့ ကျုပ်ဟာ အရက်မူးနေသလို ဖြစ်နေပါတယ်။ သူတို့က ကျုပ် စားတဲ့ အထဲမှာ မူးယစ်ဆေး တစ်မျိုးမျိုး ခတ်ထားသလားမှ မသိတာ။ ကျုပ် ဘာမှ စဉ်းစားမနေမိအောင်၊ တွေးမနေမိအောင်ပေါ့။ ကျုပ်ကလည်း မတွေးဘဲ မစဉ်းစားဘဲ နေမိအောင် ကြိုးစားပါတယ်။ ကျုပ် တွေးဖို့ စဉ်းစားဖို့ ကြိုးစားတာက ကျုပ်က အဲဒီအရပ်မှာ ကိုရာနဲ့ အတူ ရှိနေတယ်။ ကျောင်းကင်ပြာပြာကြီး အောက်မှာ… ရေပြာပြာတွေရဲ့ အလယ်မှာ… နှစ်ယောက်သား ဘယ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လောက် ပျော်စရာ ကောင်းလိုက်သလဲလို့ ပြောဆိုနေကြတယ်လေ။ အဲဒီလို နေထိုင်ကြရတာ၊ ပျော်ကြရတာဟာ တစ်ခဏ မဟုတ်ပါဘူး။ ထာဝရ… အမြဲတမ်းပါပဲလို့။ ကျုပ်ဟာ မြစ်ကြီးတစ်စင်းကို ကျော်ဖြတ်ခဲ့ပါပြီ။ ကျုပ် ကိုရာနဲ့ အတူ ရှိနေပါတယ်။ ဒါဟာ အစစ်အမှန်ပါပဲ။ ဒါဆိုရင် နောင်ဘဝ ဆိုတာ တကယ်ပဲပေါ့။ ဘုန်းတော်ကြီး ပြောသလိုမျိုး မဟုတ်ဘူးလေ။ ကျုပ် ကိုရာနဲ့အတူ ရှိနေရင် ယုံကြည်မှုက ရှိပြီးသားပါ။ ကျုပ် သေသေချာချာ ဆန်းစစ်ကြည့်လိုက်တော့ အားလုံး နီရဲရဲတွေပါကလား။

❑

ဘာမှ ပြောစရာ မရှိပါ။

❑

သူတို့ လာကြပြီ။ ဘုန်းတော်ကြီး မက်ကောနဲလ်က ဆုတောင်းပေးပါတယ်။ ဘုရားသခင်ကို ပြောပေးပါ။ ကျုပ်ကို တစ်ခုခု ပေးသနားပါ။ ကိုရာကိုလည်း တစ်ခုခု ပေးသနားပါ။ ကျုပ်နဲ့ ကိုရာ အတူရှိနေကြဖို့ ပေးသနားပါ။ ဘယ် နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်အချိန်မှာပဲ ဖြစ်ဖြစ်ပေါ့… ။

❑

မောင်မိုးသူ

၄-၇-၂၀၀၉

ညနေ ၇ နာရီတိတိ

BURMESE CLASSIC .com

www.burmeseclassic.com